

# မေ့လျော့ခံခရီးသွားများ

နှင့်

အခြားသောဝတ္ထုတိုများ

ခင်မြဇင်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျက်နှာဖုံး/အတွင်းဒီဇိုင်း
မြတ်သန္တာဦး

အုပ်ရေ
၁၀၀၀

တန်ဖိုး
၂၅၀၀

မိုးဟိန်းပုံနှိပ်တိုက်
အမှတ် (၃၇၀)၊ စက္ကဝင် ၁ လမ်း။
(ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးနေမျိုး(နေမျိုးစာပဒေသာ)၊ အမှတ်(၁)၊ သုမင်္ဂလာလမ်း။
(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ရွှေမြစ်မခပီဒီယာဂရု
တိုက် ၁၇၊ အခန်း – (၇၉၊၈၀)၊ ပြည်ရိပ်မွန်အိမ်ယာ၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၅၃၈၂၈၄၊ ၀၉ ၇၃၀၇၆၅၇၅
၀၉ ၇၃၂၀၁၃၂၇၊ ၀၉၄၉၂၈၄၇၅၇

# မာတိကာ

၂။ ပန်းတစ်ပွင့်၏အရောင်အသွေး ၉
၃။ ရွှေဝါမရဲ့နှလုံးသား ၂၉
၄။ ဆောင်းနှောင်းရွက်ကျင် ၄၇
၅။ ညရဲ့အလင်း ၆၀
၆။ တံတား ၇၁
၇။ သံသရာ၏ဤမှာဘက်ကမ်း ၈၁
၈။ အနိုင်နဲ့အရှုံး ၉၅
၉။ သံစဉ်မဲ့ ၁၁၁
၁၀။ ၂၃ ဒီဂရီ ၁၂၀
၁၁။ သူ့အပင်နှင့်သူ့အဖူး ၁၂၇
၁၂။ လွမ်းအောင်ကူခဲ့ ၁၃၄
၁၃။ စောင့်ပါဦးချို ၁၃၉
၁၄။ အပူရောင်အရိပ် ၁၅၅
၁၅။ ရှက်သူ ၁၆၇

၁၆။ ရေမဲ့အိုင် ၁၇၅

၁၇။ ယတြာနှင့်မိန်းမ ၁၇၉

၁၈။ မိန်းမနှင့် ဆေးလိပ် ၁၉၂

၁၉။ ဖျားသွေး ၂၀၃

၂၀။ နံရံတစ်ဖက်က ၂၁၀

၂၁။ မေ့လျော့ခံခရီးသွားများ ၂၁၉

၂၂။ အစိမ်းရောင်ည ၂၃၀

၂၃။ နှလုံးသားထဲက ဗိုင်းရပ်များ ၂၄၄

၂၄။ရွှေလျားတန်ဖိုး ၂၅၉

၂၅။ မဒ္ဒီဒေဝီ ဝေဿန်ထုံးလို ၂၇၃

၂၆။သံသရာခရီးသွား အမေနဲ့သားများ ၂၇၉

၂၇။မြောက်ပြန်လေနှင့် အတွေးများ ၂၉၁

၂၈။ ငန်းငှက်နှင့်သူ၏တောင်ပံ ၂၉၉


## ပန်းတစ်ပွင့်၏အကြောင်းအသွေး

❀ ❀ ❀ ❀ ❀

(၁)

မိန်းကလေးတစ်ယောက် ဖြစ်လာရခြင်းအတွက် ဝမ်းနည်းသောအခါ ထွေးငယ်မျက်ရည်ဝဲမိလေသည်။ ပြူတင်းပေါက်မှ ကြည့်လိုက်လျှင် အောက်ဖက်ရှိလမ်းတစ်ခုလုံး ဆူဆူညံညံနှင့် လှုပ်ရှားသွားလာကြသူတွေကို မြင်ရစမြဲ။ ဆိပ်ကမ်းမှဝင်လာသော မော်တော်သံ၊ တကျောက်ကျောက် တဂျက်ဂျက် မြင်းလှည်းသံတွေကြားတိုင်း ခရီးတခုခုကို သွားချင်မိတတ်သည်။ အဝေးမြစ်ပြင်ဆီမှာ မီးခိုးတလူလူနှင့် သင်္ဘောတစ်စင်းတလေ ရွှေလျားပျောက်ကွယ်သွားတာမြင်ရတိုင်း ငှက်ကလေးလိုပျံဝဲပြီး လိုက်ပါသွားချင်သည်။

မရောက်ဘူးသော ကမ်းခြေတွေ၊ အရပ်ဒေသတွေ၊ သူမသိသောနေရာတွေကို တခါတခါစိတ်ကူးယဉ်မိသည်။

မေမေက 'သမီးလေးရေ' လှမ်းမခေါ်မချင်း ပြူတင်းဝမှာထိုင်ပြီးအကြာကြီး ငေးနေတတ်သည်။ အစ်ကို(၂)ယောက်နှင့် အစ်မ(၃)ယောက်ကြားက အထွေးဆုံးသမီးကလေးမို့ ဖေဖေနဲ့မေမေက အချစ်ပိုလှသည်။ ဖေဖေကတော့ သမီးငယ်ကို အစ်ကိုတွေ အစ်မတွေထက် အလိမ္မာဆုံး၊ အတော်ဆုံး သမီးကလေး ဖြစ်စေ့ချင်လှသည်။ မေမေကလည်းသည်အရွယ်တိုင် ပွေ့ပွေ့ပိုက်ပိုက်နှင့် ကြင်နာသည်။ ထွေးငယ်ကလဲမေမေ့ရင်ခွင်မှာ ခေါင်းခွေ့ဆိုးနွဲ့ဆဲ။ ကတ်တီးကပ်ဖဲ့လည်း မေးတတ်သည်။

'မေမေသမီးကို ဘာဖြစ်လို့ မိန်းကလေးဖြစ်အောင် မွေးခဲ့တာလဲဟင်၊ ရဲလင်းတို့လို ယောကျ်ားလေး ဖြစ်ရရင်သိပ်ကောင်းမှာဘဲ'

မေမေက သူ့လက်မောင်း ညိုညိုတွေကြားမှာ သမီးခေါင်းကို ဆွဲယူထွေးပွေ့ပြီး ဟက်ဟက်ပက်ပက် ရယ်သည်။ ရဲလင်းသူက မျက်စောင်းထိုးအိမ်က သူ့ကစားဖေါ်ဖြစ်သည်။ အစ်ကိုတွေမှာ ဖေဖေကကျောင်းထားသော်လည်း စာဘက်ကိုစိတ်မသန်။ မိဖရိုးရာ လက်သမားအလုပ်ကိုလဲ ဝါသနာမပါကြ။ တစ်ယောက်က စစ်ထဲဝင်သည်။ တစ်ယောက်က(၇)တန်းနှင့် ကျောင်းထွက်ကာ ကောက်ပဲသီးနှံရုံးမှာ ရုံးအကူဝင်လုပ်သည်။ ခုတော့သူတို့အိမ်ထောင်နှင့်သူတို့ ရှုန်းကန်နေကြပြီ။

ထွေးငယ်က သူ့အစ်မတွေလို အပျိုမလုပ်တတ်သေး။ စာကျက်ဖို့လဲ စိတ်မဝင်စားလှဘဲ သူငယ်ချင်းကောင်လေးတွေ တရှုန်းရှုန်းနှင့် ကျောက်ဒိုးထုကြ၊ ဘောလုံးပစ်ကြနှင့် ညနေတိုင်လျှင် တစ်လမ်းလုံး စီစီညံအောင် ဆော့တတ်သည်။ အနီးအနား မိန်းကလေးအဖေါ်လဲမရှိပေ။ ဘောလုံးအမှုန်ခံရပြီး ကျယ်ကျယ်လောင်လောင် ငိုပြန်လာလျှင် မလေးက အမေမသိအောင် အိမ်ပေါက်ဝက ဆီးပြီးခေါင်းခေါက်တတ်သည်။

နောက်တော့ အစ်မတွေက သနပ်ခါးလိမ်းပေး၊ ပန်းပန်ပေးကာ မိန်းကလေးဘဝကို ခုံမင်စေကြသည်။ သို့သော် ထွေးငယ်က အိမ်တွင်းပုန်းကလေးလို အခန်းအောင်းတတ်တာကလွဲ၍ မိန်းကလေး



ပီသစွာ မနေလှ။

သူ့စိတ်သူ့ ဝိညာဉ်ကို စကြဝဠာ အပြင်ဘက်ထိ ခြေဆန့်ချင်ဆန့်နေတတ်သည်။ မိုးကုတ်စက်ဝိုင်းအစွန်ထိ ပြေးလွှားချင်ပြေးလွှားနေတတ်သည်။ ရံဖန်ရံခါ မျက်လုံးကလေးများ မှိုင်းညို့ဝေသီရာ ကရုတ်တရက် ကမ္ဘာသစ်တစ်ခုကို ရှေ့မှာတွေ့လိုက်ရသလို တဖြုတ်ဖြုတ်တလက်လက် တောက်ပလာသည်။

ခဏအတွင်း ပင့်သက်ရှိုက်သံနှင့်အတူ မျက်ရည်စတို့ရစ်ဝဲဝေ့လည်လာကာ. . .

'ငါ ဘာလို့ မိန်းကလေးတစ်ယောက် ဖြစ်လာပါလိမ့်'

နှလုံးသားထဲမှာ အနှစ်တည်စွဲမြဲလာသော အမေးပုစ္ဆာကို ထပ်ခါမေးမိပြန်သည်။ ရင်ထဲမှာနင့်ကနဲ စူးစူးရှရှခံစားလိုက်ရပြီး နှုတ်ခမ်းကိုကိုက်ကာ မှန်ထဲက သူ့ပုံရိပ်ကို အမှတ်တမဲ့စိုက်ကြည့်နေသည်။ ထိုအခါမျိုးတွင် ထွေးငယ်မှာလှောင်အိမ်ထဲတွင် မပျော်နိုင်ဘဲ နှုတ်သီးသွေးနေသော ငှက်ကလေးနှင့်တူသည်။

## (၂)

'ငါမေးတာ ၃ ခါရှိပြီ၊ မကြားဘူးလား ထွေးငယ် ဟင်'

ရဲလင်းက လက်ထဲက ဂျီဩမေတြီ စာအုပ်ကို စားပွဲပေါ် ဗုန်းကနဲ ပစ်ချလိုက်သည်။ ထွေးငယ်က စာအုပ်ကလေးကို ကပြာကရာ ကောက်ကိုင်ရင်း . . .

'နင်ကလဲ စိတ်တိုလိုက်တာ'

'မတွက်တတ်ရင်လဲ ငါတွက်ပေးမှာဘဲ။ ဒါပေမယ့် ပြတာတော့ သေသေချာချာ နားထောင်ဟ၊ ပြီးတော့မေးတာလဲဖြေအုံး၊ သိပ်မထွေးနဲ့ ပေါက်သွားမယ်'

ထွေးငယ်ကရှက်ကိုးရှက်ကန်း ပြုံးပြသည်။ သချာနှင့် ပတ်သက်လျှင် ဘယ်တုန်းကမှ သူစိတ်မဝင်စား။ ရဲလင်းသူက ယောကျာ်းလေးမို့ သူ့ထက်ဉာဏ်ထက်သည် ထင်သည်။

ဖေဖေ ရွှေဘော်ထိုးနေသံ တရှဲရှဲကြားရသည်။ သစ်တိုသစ်စ နံ့များပျံ့လွင့်လာသည်။ စောစောကသည်အသံမှာ သူအာရုံရောက်နေခဲ့သည်။ မကြီးကအိမ်ထောင်ကျသွားပြီ။ မလေးက တက္ကသိုလ်မှာ။ မသေးနဲ့သူက ဆယ်တန်းမအောင်ကြသေး။ သည်အိမ်ထောင်ဝန်တာ အတွက် ဆံဖြူဖွေးလွလွဖြစ်သည့်တိုင် အားသွန်နေရသော ဖေဖေ့ကိုသနားသည်။ ပြန်ပြီး မှိုင်းညို့သွားသော ထွေးငယ်မျက်လုံးများကို စူးစမ်းရင်း ရဲလင်းကဂရုဏာဖြစ်မိသည်။ နှစ်သိမ့်သံဖြင့်. . .

'ဒီနှစ်အောင်မှာပါဟာ . . . စိတ်ကိုမလျှော့စမ်းပါနဲ့ ၊ သချာနဲ့ ဓါတုဗေဒကို ဖိဖိစီးစီးတွက်ဖို့ ပဲလိုတယ်'

'အေးဟယ် . . . နင့်ကျလဲ ကံကောင်းလိုက်တာနော်၊ နှစ်ချင်းပေါက်ပဲ၊ ငါတော့ဖြေသာဖြေရမှာ၊ စိတ်ကုန်တယ်။ ဖေဖေသာမဆူရင် မသေး လိုမြောက်ပိုင်းမှာ ဆေးလိပ်သွားလိပ်ဖြစ်မှာ'

'ထားလိုက်ပါ ခုတို့သင်ရမှာက သီအိုရမ်(၄၉)၊ ပုံအရင်ရှင်းပြမယ်'

'အေးပါ. . . သင်သာသင်ပါဟယ်၊ ဒါပေမယ့် ဒီသီအိုရမ်တွေ နီယာမတွေက ငါ့ဘဝအတွက် ဘာမှထူးခြားလာမယ် မထင်ပေါင်'

'ဘာပြောတယ်'

'အော် . . . နင်စာသင်စရာရှိတာ ဆက်သင်ပါပြောတာ'

'နင်နော် . . . သိပ်လည်ပါးတယ်။'

ရဲလင်း စကားကြောင့် ထွေးငယ်ကရဲလင်းမမြင်ခင် ဖြတ်ကနဲ မျက်စောင်းထိုးလိုက်သည်။ ပြီးတော့ ထွေးငယ်က သူ့အမြစ် သူဝန်ခံ



ကာခေါင်းငုံ့ပြုံးသည်။ တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့် ရဲလင်းကို မော့ကြည့်သည်။ထိုခဏတွင် ဝံ့ဝံ့စားစားစိုက်ကြည့်နေသော ရဲလင်းမျက်လုံးအစုံနှင့်ဒက်ထိတိုးမိကာပါးပြင်မှာ ပန်းသွေးယှက်ဖြာသွားသည်။

## (၃)

ရဲလင်းက ရုတ်တရက် အဖြေတောင်းလာတော့ ထွေးငယ် အံ့ဩမိသည်။ သချာပုစ္ဆာတွေလောက်ခေါင်းပူအောင် မခက်ခဲသော် လည်းသည်ပုစ္ဆာကနက်နဲလှသည်။ သူ့နှလုံးသားမှာ ခိုင်မာစွာအမြစ် တည်စွဲနေသော အကြောက်တရားက သူ့တကိုယ်လုံး လွှမ်းခြုံသွားကာ လက်ဖျားများအေးစက်လာသည်။

'နင်က ငါ့ကို ဘယ်လိုပြောလိုက်တာလဲဟင်'

ရန်ထောင်မည်ပြင်ပြီးမှ ရှက်ရွံ့စိတ်ဖြင့် မျက်ရည်ဝဲလာသည်။

'ဟင့်အင်း . . . ငါမသိဘူး'

ခေါင်းကိုတွင်တွင်ခါရမ်းရင်း လက်ထဲက စဥ့်ပန်းအိုးကိုသဲဆပ်ပြာဖြင့် တကျိကျိ ပွတ်တိုက်မိသည်။ ရဲလင်းကရေစက်တွေ စိုရွှဲနေသော မေမြို့ပန်းစည်းများဆီ မျက်နှာလွှဲကာ. . .

'ငါက တစ်ရက်နှစ်ရက်ဆို ကျောင်းကိုပြန်ရတော့မှာထွေးငယ်၊ ပြောပါဟာ။ မုန်းရင်လဲ မုန်းတယ်ပေါ့။ နင့်နှုတ်ဖျားက တခုခုကြားရရင် တော်ပါပြီ'

ထွေးငယ် လက်ချောင်းကလေးများမှာ တုန်ရီနေသည်။ ပန်းစည်းမှလျှော်ကြိုးစကို အနိုင်နိုင်ဖြည်ရင်း ခေါင်းငုံ့ငြိမ်သက်နေသည်။

'ထွေးငယ်က စိတ်ဆိုးလို့လား၊ တို့ကို စကားတောင်မပြောချင်တော့ဘူးလား'

ထွေးငယ်က ခွန်းတုန့်မပြန်။ သလဲပင်များပေါ်မှ ရှဉ့်က

လေးတွေ ကွဲကွဲအော်မြည်ကာ ခုန်ပေါက်ပြေးလွှားနေကြသည်။ သလဲစေ့ နီနီတချို့ထွေးငယ်တို့အနားမှာကျလာသည်။ ထွေးငယ်က ပန်းစည်းကို ခဲခဲယဉ်းယဉ်း ဆက်ဖြည်နေသည်။ နှစ်ယောက်စလုံး ငြိမ်နေကြသည်မှာ စက္ကန့်အနည်းငယ်မျှသာ ကြာသော်လည်း ထွေးငယ်က တမ္ဘောကမ္ဘာမကကြာခဲ့ပြီထင်သည်။ ရဲလင်းကသလဲစေ့ နီနီကလေးများကို ကောက်ယူကာ ရေအိုင်ကွက်ကလေးထဲ ပစ်ပေါက်ပြီး. . .

'ရှဉ့်ကလေးတွေ ဘဝကမှ ကောင်းသေးတယ်၊ တစ်ကောင်နဲ့တစ်ကောင် အခွင့်အရေးသမားလို့ထင်စရာမရှိဘူး၊ လွတ်လပ်လိုက်တာ၊ ပြောပါထွေးငယ်. . . နင်ငါ့ကို အထင်လွဲနေသလား၊ နင့်ကို ငါ တကယ်ချစ်တာပါဟာ၊ ဒါတော့ ယုံပါ'

ရဲလင်းအသံက တုန်ရင်လှိုက်လှဲနေသည်။ မျက်နှာညိုးနေသည်။ ထိုစဉ်ထွေးငယ်က အမှတ်မဲ့ပြုံးမိသည်။ နှုတ်ခမ်းကလေးများတုန်ရီကာ အပြုံးမှာလမ်းခုလပ်တွင် ရပ်တန့်သွားသည်။ ခေါင်းမော့သည့်အခိုက်မှာပင် ဈေးတောင်းကိုရွက်ကာ လက်တဖက်က ဈေးခြင်းနှင့်မနိုင်မနင်း ခြံဝမှဝင်လာသော မသေးကိုလှမ်းမြင်သည်။ ရဲလင်းဖက်ကိုတချက်မှ လှည့်မကြည့်ဘဲ . . .

'ဟင့်အင်း . . . နင့်ကို ငါချစ်လို့မရဘူး၊ ပြန်ပါ ရဲလင်းရယ်၊ ငါ့အစ်မလာနေပြီ'

ရဲလင်းက . . . 'နင်စဉ်းစား. . .'

'အို . . . ဘယ်တော့မှ မစဉ်းစားဘူး'

ထွေးငယ်ကပြောရင်း ခလုတ် တိုက်လုမတတ်ပြေးသွားကာ မသေးကို ဆီးကြိုသည်။ ရဲလင်းက ရေတိုင်ကီနားမှာ ငြိမ်သက်စွာ ရပ်လျက် ကျန်ခဲ့သည်။



(၄).

ဆယ်တန်းကို လေးကြိမ်မြောက် ရှုံးပြီးသောအခါ ထွေးငယ်မှာ မိန်းမကြီးတစ်ယောက်လို ရင့်ကျက်လာသည်။ သူ့ဘဝကို မကြီးတို့မသေးတို့ ကလေးတွေကူထိန်းရင်း ကုန်ဆုံးစေမည်ထင်လာသည်။ ရဲလင်းနှင့်လည်း သိပ်မဆုံတော့။ တစ်ယောက်ကိုတစ်ယောက် ရှောင်နေကြသည်။ ရဲလင်းကတော့ ထွေးငယ်ကို စိတ်နာသည်ဆိုသည်။

ထွေးငယ်ကတော့ မိန်းကလေးဘဝကို စိတ်နာသည်ပြောရင်း အိမ်ထောင်သားမွေးမှုတွေကို စက်ဆုတ်ဟန်ပြုသည်။

'ကြည့်ပါလား ၊မကြီးတို့ မသေးတို့ဆို အမေ့အိမ်ပဲ ပြန်ကပ်ရတာဘဲ၊ ကလေးတွေကျ ထွေးငယ်ပဲ ထိန်းရတာ'

ထိုနှစ်မှာပင် ဖေဖေ့လက်ထောက် ကိုမြင့်ဆွေနှင့် တွေ့ဆုံခဲ့လေသည်။ အိမ်မှာအနေများသော ထွေးငယ်နှင့် အိမ်ကိုအလုပ်လာလုပ်သော ကိုမြင့်ဆွေတို့ တွေ့ဆုံသည်မှာ မဆန်း။ ဖေဖေက အထွေးဆုံးသမီးကိုဖြင့် သူ့အလုပ်ဝိုင်းက သာမန်လက်သမား ဆရာကလေးနှင့် သဘောမတူနိုင်ပါလေ။ ထွေးငယ်ကလည်း အမေတွေ ဘယ်လိုတားသော်လည်း သည်လက်သမား ဆရာကလေးပေါ်မှ မေတ္တာပိုမိသည်။

(၅)

မော်တော်စက်သံက တဂျုန်းဂျုန်းနဲ့ ဆူညံနေသည်။ မီးခိုးတန်းများမှာ ဆိပ်ကမ်းဆီသို့ လွင့်မျောကျန်ရစ်သည်။ ဦးခန်းဖက်မှ ခေါင်းလောင်းသံက ဒေါင်ဒေါင်ဒင်ဒင် မြည်နေသည်။

ထွေးငယ်နှင့် ကိုမြင့်ဆွေက ခရီးသွားဖော်တွေကြားမှာ ခပ်လျှိုလျှို ထိုင်နေကြသည်။ ကိုမြင့်ဆွေကမှ အသိတွေနှင့် တိုးလေမလားစောင်းငဲ့ကြည့်ဖော်ရသေးသည်။ ထွေးငယ်က နေခြည်လက်ဖြာနေ

သော လှိုင်းကြက်ခွပ်ငယ်တို့ကို ငေးနေသည်။ နှုတ်ခမ်းအစုံကို တင်းတင်းစေ့ထားသည်။ လေကြောင့် ဆံစများ ဝဲဖြာနေသည်။ ခဏကြာမှ. . .

'ညောင်ဦးမှာ ကိုမြင့်ဆွေ အသိတွေရှိပါတယ်နော်'

ထွေးထွေးဆဆဆိုသည်။ ကိုမြင့်ဆွေက ခေါင်းကိုခပ်သွက်သွက်ညိတ်သည်။ သူ့ရင်ထဲမှာလည်း ဧရာဝတီထဲက တဖြတ်ဖြတ်တလက်လက် လှိုင်းကြက်ခွပ်တွေလို တုန်ရင်ရှိုက်ခတ်နေသည်။ နှလုံးခုန်သံက မော်တော်စက်သံနှင့် အပြိုင်တဒုန်းဒုန်း မြည်ဟီးသည်။ ကိုမြင့်ဆွေက အိပ်မက်ထဲမှာလေလား ဝိုးတဝါးတွေးသည်။ ထွေးငယ်အပြုံးတွေမြင်ရတော့ အားတက်ရှင်ပြလာသည်။

'အထွေး အရင်က ဟိုဟိုဒီဒီသွားဖူးလား'

'ဟင့်အင်း'

'မော်တော်တောင် ခုမှစီးဖူးတာ'

'ရေလမ်းက သွားစလာစမရှိရင် ကြောက်တတ်ကြတယ်'

'ထွေးတော့ မကြောက်ပေါင်'

ထွေးငယ်က ကလေးတစ်ယောက်လို နူးညံ့ချိုသာစွာ ရယ်မောလိုက်သည်။ ကိုမြင့်ဆွေ လက်တွေကနွေးနေသည်။

ထွေးငယ်ဆီက မေတ္တာတောင်းခံစဉ်က ကြမ်းထရော်သော သူ့လက်တွေကို ဖြန့်ပြပြီး. . .

'အထွေးအချစ်ကို ရမယ်လို့တော့ ကျနော်မမျှော်လင့်ရဲပါဘူး။ ဆောက်သွားကိုကိုင်တဲ့ ကျွန်တော်လက်တွေကို အထွေးလက် တွဲနိုင်ပါ့မလား။ အထွေးက နုနုနယ်နယ်နဲ့ ဆယ်တန်းဖြေထားတာ။ ကျွန်တော်က ခြောက်တန်းတောင် အောင်တဲ့ကောင် မဟုတ်ဘူး'

ထွေးငယ်က ရှုတ်တရက် အံ့ဩသွားပြီးမှ မျက်စောင်းထိုး



ကာ. . .

'ပြောပြော. . ကိုမြင့်ဆွေ . . ရှင့်ဘာသာ ဆုံးဖြတ်တော့၊ ဒါပေမယ့် ထွေးကဘုရင့်သမီး မဟုတ်ဘူးရှင့်. . ရှင့်လိုပဲဆောက်သွား ကိုင်တဲ့လက်သမားဆရာသမီး'

ကိုမြင့်ဆွေက ကြောင်အမ်းအမ်းဖြစ်သွားကာ

'ဟာဗျာ . . . အထွေးရယ်'

ထွေးငယ် နောက်နေသည်ထင်သည်။ ထွေးငယ်က ခေါင်းကိုခါရမ်းကာ. . .

'ထွေးငယ်နောက်တာ မဟုတ်ပါဘူး။ ဒါပေမယ့် အောင်စာရင်းထွက်တဲ့အထိတော့ စောင့်ပါ၊ ခုတော့ ထွေးငယ်ခေါင်းတွေ နောက်နေတယ် ကိုမြင့်ဆွေ၊ စာမေးပွဲအောင်ရင်ဆိုပြီး ထွေးငယ်မျှော်လင့်ခဲ့တာ အများကြီးပဲ၊ ဘာမှဖြစ်မလာတော့ သစ်ရွက်ကလေး တစ်ရွက်လို လေတိုက်ရာမှာ လွင့်သွားချင်တယ်'

ကိုမြင့်ဆွေက ပြန်တွေးရင်း ထွေးငယ်ကို ကြင်နာစွာ ငုံ့ကြည့်သည်။ သူ့ရင်မှာ ကြည်နူးစိတ်တဝတ် စိုးရွံ့စိတ်တဝတ်နှင့် သက်ပြင်းညင်သာစွာချသည်။

(၆)

ပြူတင်းပေါက်မှ ကြည့်လိုက်လျှင် ဆေးရုံအပြင်ဖက် ပန်းခြံထဲက နှင်းဆီပင်တွေကို လှမ်းမြင်ရသည်။ အပင်တွေမှာ အပြုအပြင်ကင်းမဲ့သဖြင့် ရိုင်းနေကြသည်။ နေခြည်ကိုငံ့လင့်ကာ ရှည်လျားကျူလှီသော ကိုင်းတို့သည် သူ့ထက်ငါမိုးသို့ ထိုးတက်ကြသည်။ ကိုင်းအချို့က မြက်ပင်ရှည်များကြားတွင် တွားသွားနေကြသည်။ ရှေ့လမ်းမမှာတော့ သွားသူလာသူမစဲ။ ဆေးရုံတက်လာသူတွေ၊ ပြန်ဆင်းသွားသူတွေမျက်နှာပေါ်က ပျော်ရွှင်မှုနှင့် ပူဆွေးမှုတို့ကို အတိုင်းသားမြင်

ရသည်။

သည်တော့ ဟိုတုန်းကနှစ်တွေကို သတိရလာသည်။ ပြူတင်းပေါက်တစ်ခုကနေ အောက်ကလူတွေကိုငုံ့ကြည့်ရင်း ဆိတ်ဆိတ်ငြိမ်ငြိမ်တွေးခဲ့ရသော ရက်များ၊ စိတ်မောခဲ့ရသော အချိန်များ၊ သူမသိသော တမ်းခြေမြို့ရွာတွေကို စိတ်ကူးယဉ်ခဲ့ရသော အချိန်များ၊ အခန်းကျဉ်းကလေးထဲက အတွေးဝတ်ရုံကြီးအောက်မှာ ကလေးဘဝကိုနှစ်မြုပ်ကုန်ဆုံးစေရင်း စိတ်ညစ်ညူးနောက်ကျိခဲ့သော အချိန်များအားလုံးကုန်ဆုံးခဲ့ပြီ။

ညဥ့်ဦးက နှင်းဆီဖူးများ ပွင့်အာလာသော မနက်ခင်းမှာပင် သမီးငယ်ကို သူ မွေးဖွားခဲ့လေသည်။

ထွေးငယ်မျက်နှာမှာ ချောင်ကျလျက် ပါးရိုးတွေငေါထွက်နေသည်။ အသက်ကို ခဲခဲယဉ်းယဉ်းရှူရင်းက ဖြူဆွတ်ချိနဲ့သော လက်ချောင်းများဖြင့် နဘေးရှိကလေးကို စမ်းသည်။

‘သမီး ဒီမှာလေအထွေး၊ ကလေးကြည့်ချင်လို့လား’

ကိုမြင့်ဆွေအသံက တိုးတိတ်ညင်သာသော်လည်း တစုံတရာကိုမျိုသိပ်ထားရသလို ဆို့နစ်တုန်ရီနေသည်။ နှင်းဆီပန်းရနံ့များ ကိုလေကခုန်ပေါက်သယ်ယူလာသည်။ ထွေးငယ်က မျက်လုံးများဖြင့် ကိုမြင့်ဆွေကို အားတင်းပြုံးပြဖို့ ကြိုးစားသည်။

‘အထွေး. . . နေကောင်းရဲ့လား၊ ကိုယ်တံခါးပိတ်လိုက်မယ်လေ။ အပြင်က နဲနဲအေးတယ်’

ထွေးငယ်က မျက်လုံးများဖြင့် တားဆီးသည်။ အသက်ကို အမောတကော ရှူရှိုက်လိုက်ရသဖြင့် ရင်မှာလှိုက်ဖိုသွားသည်။အေးကနဲ ဟာကနဲ ဖြစ်သွားသည်။ ကိုမြင့်ဆွေက သူ့ရင်ဝကို ဖိပေးရင်း ခေါင်းကို မထူကာ . . .



‘နေသာရဲ့လား အထွေး’

ထွေးငယ်က နှင်းဆီပွင့်ဖတ်ကလေးလို နူးညံ့နီရဲသော ပါးပြင်နှင့် ကလေးငယ်ကို အားယူငဲ့ကြည့်သည်။ သမီးကလေးက ‘အင့်တနဲ့’ လှုပ်ရှားရင်းနိုးလာသည်။ မိခင်ကို လဲ့ရွှမ်းနက်မှောင်သော မျက်ဝန်းကလေးများဖြင့် မော့ကြည့်ကာ ကျောကော့ငိုယိုသည်။ ထွေးငယ်နှုတ်ခမ်းများနှင့် မျက်လုံးများမှာ အပြုံးရိပ်သန်းလာသည်။ ထွေးငယ်က တုန်ရင်သော လက်ချောင်းများဖြင့် သမီးငယ်ကို ကိုင်တွယ်ရင်းပွေ့ချီမလို့ဟန်ပြသည်။ ကိုမြင့်ဆွေကသမီးကို မအေ့ရင်ခွင်နားသို့ တိုးကပ်ပေးသည်။

ထွေးငယ်ပါးပြင်မှာ နေခြည်ဟပ်၍ သွေးရောင်ရွှမ်းစိုလာသည်။ တခဏချင်းပင် သွေးဆုတ်ဖြူယော်သွားကာ လေသံသဲ့သဲ့ဖြင့်. . .

‘ထွေးငယ်သမီးကလေးလေ . . . ဘယ်လောက်ကျက်သရေရှိလိုက်သလဲလို့’

ထို့နောက် မျက်ဝန်းများမှာ မလှုပ်မယှက် ငြိမ်သက်သွားသည်။ လက်ချောင်းများမှာ လျော့ပြေသွားသည်။ နှုတ်ခမ်းအစုံတွင်မူ ခပ်ယဲ့ယဲ့ အပြုံးတို့ထင်ကျန်ရစ်ခဲ့သည်။ စူးရှမွှေးကြိုင်သော နှင်းဆီပန်းရနံ့များကို သယ်လာသောလေက ဆံစတို့ကို လွင့်ဖြာလှုပ်ရှားစေလေသည်။

မေလ၊ ၁၉၈၀၊

မိုးဝေစာပေမဂ္ဂဇင်း

## ရွှေဝါမရဲ့နှလုံးသား

●●●●●

ဝါးထရံကွက်ကြားက နေရောင်တွေ ပြောက်တိပြောက်ကျား ဝင်လာတာနဲ့ ခြံဝင်တံခါးကို တယောက်ယောက်က ဝုန်းကနဲ့ဆွဲဖွင့်လိုက်တယ်။ ဖိုးနီတာရဲ့ ခပ်ကြောင်ကြောင် တွန်သံကြောင့် နိုးနေကြတဲ့ ကျုပ်တို့တတွေဟာ တောင်ပံတွေကို ဖလပ်ဖလပ်နဲ့ ခတ်လိုက်ကြတယ်။ ပွင့်သွားတဲ့ ခြံတံခါးကနေ အပြင်ဘက်ကို အလုအယက်တိုးထွက်ကြတယ်။

ကျုပ်. . . ရွှေဝါလေးနဲ့ ဗျောက်မရယ် ဖိုးနီတာရယ် တအုပ်စုပေါ့။ တိုး ငယ်ငယ် မီးအုပ်ဆောင်းတွေအောက်မှာ ပြေးလွှားခဲ့ကြ၊ အစာလုခဲ့ကြကတည်းက အတူအိပ်၊ အတူစား၊ အတူသွား ဆိုသလိုပဲ။ ဖိုးနီတာခမျာကတော့ ကျုပ်တို့လို အမတွေကြားမှာ ကြီးပြင်း လာရတော့ သူ့အသံတောင်မှ ကြက်ဖတွန်သံလို ပီပီပြင်ပြင် ကျယ်ကျယ်လောင်လောင် မဟုတ်တော့ပဲ ညောင်နာနာ ဖြစ်နေရှာတယ်။



ခုရက်အတွင်းဒီကောင်လဲ အမောက်ကလေးတကားကား၊ အမြီး ကလေးတဖားဖား ဖြစ်လာခဲ့တယ်။ အယင်ကဆို သိမ်သိမ်လှိုလှိုနဲ့မို့ အဖတကောင်ဖြစ်လာလိမ့်မယ်လို့ မတွေးမိခဲ့ကြဘူး။ ကျုပ်တို့တတွေ အမြီးဆိတ်လိုက် ခေါင်းဆိတ်လိုက်နဲ့ ကြီးပြင်းလာကြတော့ အဖဖြစ်ဖြစ်၊ အမဖြစ်ဖြစ် မထူးလှပါဘူး။

မိုးငွေ့ကြောင့် မြေပြင်ဟာနွေးနေတယ်။ သစ်ရွက်ကလေးတွေကလဲ နေရောင်မှာတပြောင်ပြောင် တလက်လက်နဲ့ ကျုပ်တို့က ခြေစည်းရိုးတွေကို ငုံ့လျှိုးပြီး ပိုးကောင်မွှားကောင် ကလေးတွေလိုက်ဖမ်းကြတယ်။ ပဲပန်း ပြာပြာလေးတွေပေါ်ဝဲနေတဲ့ လိပ်ပြာကလေးတွေက ကျုပ်တို့ကို စိမ်ခေါ်နေကြသလို၊ တောင်ပံကလေးတွေ ဖြန့်ကာဝဲ ကာနဲ့ လှည့်ပတ်ပြေးလွှားနေကြတယ်။

နေရောင်အောက်မှာ သန့်ရှင်လတ်ဆတ်ပြီး မြေသင်းနံ့မွှေးနေတဲ့လေကို တဝကြီးရှူ တောင်ပံတွေ ဖလပ်ဖလပ်ခတ်၊ ခြေတချောင်းကိုနောက်ပစ်ပြီး ကိုယ်အမြီးကလေးကို ဆိတ်ပြီးပြင်လိုက်၊ အမွှေးဖွားတွေ ပွလာအောင်ခါလိုက်နဲ့ ကျုပ်တို့အလွတ်လပ်ကြီး လွတ်လပ်နေကြနေကြတယ် အပျော်ကြီးပျော်နေကြတယ်။

တမိုးတွင်းလုံး ကျုပ်တို့ဟာ ခပ်မှောင်မှောင် အခန်းကျဉ်းကလေးထဲမှာ မွန်းသိပ်ကြပ်ညပ်ပြီး နေခဲ့ရတယ်။ ပူးပူးကပ်ကပ် တိုးတိုးခွေ့ခွေ့နဲ့ ချေးနံ့သေးနံ့တွေ လှောင်နေတဲ့အောက်သိုးသိုးဝါး တန်းတွေပေါ်မှာ အိပ်စက်ခဲ့ကြရတယ်။ ဝါးဆစ်ခွက်တွေထဲက ခြောက်သွေ့ပြီးမာနေတဲ့ ပြောင်းစေ့ထောင်းတွေကို ဇလုံး ဇခုနဲ့မျိုချခဲ့ရတယ်။ ခုတော့ ကျုပ်တို့လဲ အရွယ်ရောက်လာပြီး တံစက်မြိတ်က မိုးစက်တွေကိုငေးယင်း ရှုံ့ကြောက်စွာနဲ့ တကောင်နဲ့တကောင် တိုးယင်းဝှေ့ယင်းနေရာလုခဲ့ကြတဲ့ အချိန်တွေလဲကုန်ခဲ့ပြီ။

လေကိုရှူရတာနဲ့ ညောင်းညာနေတဲ့ တကိုယ်လုံးဟာ လန်းဆန်းသွားတယ်။ သွေးသစ်လောင်းလိုက် သလိုခံစားရတယ်။

ခါတိုင်း နဝင်ဝိယံမဖြစ်လှတဲ့ ဖိုးနီတာရဲ့ တွန်သံတောင်မှ အောင်မြင် ဝံ့ကြွားလာတယ် ထင်မိသေး။

'အွတ်. . . . အွတ်. . . အောက်အီးအီးအွတ်'

ကျုပ်တို့ချင်း အားရပါးရ စကားပြောလိုက် အစာကောက် လိုက်နဲ့ ။

' ကလွတ် ကလွတ် ကလောက် ကလောက်'

ကြည့်စမ်း နေရောင်ထဲမှာ ရွှေဝါလေးက တောင်ပံကိုခါလိုက် တော့ ပြိုးပြိုးပြတ်ပြတ် တောက်ပသွားတဲ့ နူးနူးညံ့ညံ့အမွေးအမျှင်က လေးတွေ ဖွာသွားလိုက်တာ အင်မတန်မှ ကြက်သရေရှိလိုက်တာ။ အလို မျက်စိအောက်မှာပင် ကြီးပြင်းလာတဲ့ ရွှေဝါမလေးဟာ ကျစ်လစ်ဖြိုး ပြည့်တဲ့ ခန္ဓာကိုယ်ကလေးကို တောင်ပံတွေခါပြီး ဝံ့ကြွားပြလိုက်သလို ပါပဲ။

ဖိုးနီတာက ရွှေဝါကလေးအတွက် တီကောင်ကလေး တစ် ကောင်ချီလာတယ်။ ရွှေဝါကလေးက နှုတ်သီးကလေး တွန့်သွားပြီး တောင်ပံတဘက်ကို ခါပြလိုက်သည်။ ဂရုမစိုက်သလိုနဲ့ ခြေတဘက် နောက်ကိုခပ်ကွေးကွေးဆုတ်ပြီး နေခြည်ထဲမှာ လှဲလျောင်းနေလိုက် တယ်။

ကျုပ်နဲ့ဖျောက်မက ဖိုးနီတာကို နောက်ပြောင်နေကြတယ်။ ဖိုးနီတာက လိပ်ပြာကလေးတွေ ဖမ်းမယ်ဆိုပြီး လှည့်ထွက်သွားသည်။ ဗြုန်းကနဲဝုန်းကနဲ အသံတွေကြောင့် ကျုပ်တို့လန့်ဖြန့်သွားတယ်။ ဖျောက်ကြီးနှင့် မျက်ဆံပြာအချင်းချင်း ခွပ်နေကြတာကိုး ဘာကြောင့် များခွပ်နေကြပါလိမ့်။

ရွှေဝါလေးကကြောက်လန့်ပြီး ကျုပ်အနားတိုးကပ်လာ တယ်။

'အမ မွေးနု. . . သူတို့ဘာဖြစ်သလဲဟင်၊ ကလောက် က



လောက်'

'အစာလုကြတာပေါ့ ကလေး'

'အချင်းချင်းတွေပဲတော်' လို့ စကားနည်းတဲ့ ဖျောက်မက ပြောပြီး မနှစ်မြို့သလို စိုက်ကြည့်နေတယ်။ တစ်ကောင်နဲ့ တစ်ကောင် သဲသဲမဲမဲခွပ်ယင်း ခြံစည်းရိုးဝင်းတိုင်တွေနဲ့ တိုက်ကုန်ကြပြီ။ ဖျောက် ကြီးက မျက်ဆံပြာကလည်း ကြောက်ကန်ကန်ပြီး ပြန်ဆိတ်လိုက်တယ်။ လေထဲမှာလွင့်လာတဲ့ဖျောက်ကြီးရဲ့ အမွေးတစ်စကို နောက်တတ် ပြောင်တတ်တဲ့ ပုလုံးမကလေးမှာ မှုတ်ထုတ်လိုက်တယ်။ မျက်ဆံပြာက ဝန်းထရံကြားက အတင်းတိုးပြီး အပြင်ကိုထွက်ပြေးသွားတော့ ကျုပ်တို့ဝိုင်းရယ် လိုက်ကြတယ်။ ဖျောက်ကြီးကတော့ မကျေနိုင် မချမ်းနိုင်နဲ့ အတင်းပြေးလိုက်သွားတယ်။

"ခဏကြာတော့ နေရိပ်ထဲမှာ ကျုပ်တို့အားလုံး လျောင်းသူ ကလျောင်း၊ အိပ်သူကအိပ်နဲ့အမောဖြေနေကြတယ်။ နေအပြင်ဘက်မှာ နေကတစ်စတစ်စပူကျက်လာပြန်သည်။ နေခြည်ကျတဲ့ သစ်ရွက်ရိပ် ကွက်ကွက်ကလေးတွေ လှုပ်ရှားနေဟာ ပိုးကောင်မွှားကောင်ကလေးတွေ ရွှေ့လျားနေသလိုပဲ။

သစ်ရိပ်တွေအောက်မှာ ဖြူဖြူလုံးလုံးကလေးတွေ မဲမဲလုံး ကလေးတွေ ရွေ့လျားလာကြတယ်။ ' ကလောက်၊ ကလောက် အသံနဲ့ ကြက်နက်မတစ်ကောင်က သူတို့နောက်မှာ။

ကျုပ်တို့က သူကို စိုက်ကြည့်နေကြတယ်။ "မဲလိုက်တဲ့ကောင်မ ရှုံ့စော်ကလည်းနံသေး "

ကျုပ်တို့က နှာခေါင်းရှုံ့လိုက်ကြတယ်။ ကျုပ်တို့က ဝါး တန်းတွေကာရံထားတဲ့ခြံထဲမှာ အဆင့်သင့်ရောစပ်ပြုပြင်ထားတဲ့ အစာကိုစားလာကြသူတွေဆိုတော့ မြေပေါ်မှာ မည်းမည်းမြင်ရာ ကောက်စားတတ်တဲ့ ဒီကောင်မနဲ့မရောချင်တာမဆန်းပါဘူး။ ကောင်မက မြေပွပွကို ခြေနဲ့နှစ်ခါသုံးခါယက်ဖွလိုက်တယ်။ မြေစတွေကို နှုတ်သီးနဲ့

တို့နမ်းကြည့်ပြီး ‘ ကလော၊ ကလော ’ရော့ရော့နဲ့ သူကလေးတွေကို ခေါ်ကျွေးနေတယ်။ အဖြူလုံးအနက်ကလေးတွေက နှုတ်သီးကလေးတွေနဲ့ မြင်ရာရာကို လိုက်ဆိတ်နေကြတယ်။ ခြေထောက်မှာ ရွှံ့တွေပေနေတဲ့ နက်မကစော့ ကျုပ်တို့ကိုဂရုထားပုံမရ၊ သူ့ကလေးတွေကိုသာ မျက်စိအောက်က အပျောက်မခံပဲ စောင့်ကြည့်နေတယ်။ အကောင်သေးသေးကလေးတွေက နေပြောက်ကလေးကိုတွေ လိုက်ဆိတ်ပြီး တီတီတာတာပြောနေကြတယ်။

ကျုပ်ဘေးမှာ လဲလျောင်းနေတဲ့ ရွှေဝါကလေးက ရုတ်တရက်ထရပ်လိုက်တယ်။ တောင်ပံကလေးကိုဖြန့်ပြီး ကြက်ပေါက်ကလေးတွေကို. .

“ ကလောက်၊ ကလောက်” လာလာနဲ့လှမ်းခေါ်လိုက်တယ်။ သူ့အသံက ချိုချိုသာသာနဲ့ မြူးမြူးရွှင်ရွှင် ။

ကြက်နက်မက ကျုပ်တို့ဘက်စောင့်ငဲ့ကြည့်တယ်။ ခြံစည်းရိုးပေါက်တွေကြား တိုးဝင်နေတဲ့သူ့ကလေးတွေကို ပြန်ခေါ်လိုက်တယ်။ ပြီးတော့သူ့အတောင်တွေ တဖွားဖွားဖြန့်ပြီး သူ့ကလေးတွေကို ပိုက်ကွန်နဲ့အုပ်သလို။

ရွှေဝါလေးမျက်လုံးတွေ ညိုရော်သွားတယ်။ စည်းရိုးတန်းအပြင်ဘက်ကို ငေးမျှော်ရင်း. . . ။

‘ကျုပ်မှာ အကောင်သေးသေးလေးတွေရှိရင် သိပ်ကောင်းမှာပဲနော် အစ်မ’

ကျုပ်ကသူ့တောင်ပံလေးကို ညင်ညင်သာသာ ဖွပေးလိုက်တယ်။ ‘တစ်နေ့ကျ ရှိလာမှာပေါ့ကလေးရယ်’

ရေတိုင်ကီကလေးဆီကို တဲရဲ့အရိပ် ထိုးကျလာတဲ့အခါ မျက်ဆံပြာ၊ ဖိုးနီတာ၊ ပျောက်ကြီးတို့ သုံးကောင်က ရှေ့ဆင့်နောက်ဆင့် တွန်လိုက်ကြတယ်။

* * *

ခုတလော ကျုပ်တို့တတွေ ညညဆို ကောင်းကောင်းမအိပ် နိုင်ဘူး။



မှောင်ထဲမှာ အိပ်တစ်ဝက် နိုးတစ်ဝက်မျက်လုံးတွေနဲ့စောင့် ကြည့်နေကြရတယ်။ နှစ်ညသုံးညရှိပြီ၊ တောကြောင်တစ်ကောင်ဟာ ညလယ်ရောက်တာနဲ့ အမိုးကနေခြံထဲကို ခုန်ဆင်းပြီး ဝရုန်းသုန်းကားဖြစ်အောင် လုပ်လေ့ရှိတယ်။ ကြောက်လန့်ပြီးမမြင်မကန်းနဲ့ တစ်ကောင်နဲ့တစ်ကောင် တိုးမိတိုက်မိနဲ့ပေါ့ ကံဆိုးတဲ့အကောင်ကတော့ ကြောင်ပါးစပ်ထဲရောက်ရတာပဲ။ မှောင်ရီပြီးလာတာနဲ့ ရင်ထဲမှာ အုံကြွပြီး ဖိုလှိုက်လာအောင် ကြောက်ရွံ့စိုးရိမ်စိတ်တွေ ဖုံးလွှမ်းသွားတယ်။ ညဝက်လောက်ဆိုရင် ဖြိုးဖြိုးချွတ်ချွတ် အသံကလေးတစ်ခု ကြားရတာနဲ့ ကျုပ်တို့မှာ ပြေးလိုက်လွှားလိုက်ရတာ။

ဟိုးငယ်ငယ်တုန်းက ညညတွေမှာ ထိတ်လန့်ကြောက်ရွံ့ခဲ့ရတာတွေ ပြန်တွေးမိတယ်။ အကောင်ရှည်ရှည်ကြီးက ကျုပ်တို့အဖော်တလေးတွေကိုမြိုပြီး ကျုပ်တို့ကြားမှာ မလှုပ်မယှက်ခွေခွေနေတာသွားသတိရတယ်။ ကျုပ်တို့တတွေပူးကပ်ပြီး နောက်တစ်ခါကိုအလှည့်ရောက်လာမှာလားလို့ သွေးပျက်မတက်ခံစားခဲ့ရတာတွေ ခြောက်အိမ်မက်တွေလို ပြိုပြိုပျက်ပျက်သတိရလာတယ်။

တညမှာတော့ သိပ်ညဥ့်မနက်ခင်ကပဲ ကျုပ်မှေးကနဲ့အိပ်ပျော်သွားတယ်။ ဆက်ကနဲ့နိုးလာတော့ တန်းပေါ်က လိမ့်ကျလုမတတ် တန်းတစ်ခုလုံးလှုပ်ခါနေတယ်။ တစ်ကောင်နဲ့တစ်ကောင်အတင်းတိုးနေကြတယ်။ တချို့ကောင်တွေလည်း အောက်ကိုပြုတ်ကျသွားတယ်။

ဝုန်းကနဲ ခုန်ဆင်းလာတဲ့အသံ၊ တောကြောင်ရဲ့မာန်ဖီသံ၊ တောင်ပံတဖျက်ဖျက်ခတ်သံ ရုန်းရင်းဆန်ခတ်အသံတွေ၊ ။

ခွီးကနဲ ခွီးကနဲ အော်သံ၊ တဂွတ်ဂွတ်မြည်သံ၊

“ ဖိုးနီတာ၊ ဖိုးနီတာ” ရွှေဝါလေးက လေသံတုန်တုန်ယင်ယင်နဲ့ တိုးတိုးတလေးခေါ်တယ်။

ဖိုးနီတာက တန်းပေါ်ဝုန်းကနဲခုန်တက်လိုက်တယ်။ ရွှေဝါလေးက ဖိုးနီတာတောင်ပံတွေကြားမှာ ဝပ်နေလိုက်တယ်။ ကျုပ်တို့သုံးကောင်ဟာ တုပ်တုပ်မှမလှုပ်ရဲပဲ ဖိုးနီတာဘေးမှာပူးကပ်ပြီး

ငြိမ်သက်နေကြတယ်။

ကြည့်စမ်း။ မှောင်ထဲမှာ မျက်ဆံပြာကို တောကြောင်ကြီးက အတင်းဆွဲနေတယ်။ မျက်ဆံပြာက တောင်ပံကိုအတင်းခါရမ်းပြီး ပြန်ခွပ်တယ်။ ဆိတ်တယ်။ ကြောင်က လက်သည်းတွေနဲ့မျက်ဆံပြာရဲ့ မျက်လုံးတွေကို ထိုးဖေါက်လိုက်တယ်။ ဝုန်းကနဲ့ခုန်ပြီး လည်ပင်းကို လှမ်းကိုက်တယ်။ ခဏကြာတော့ မျက်ဆံပြာတောင်ပံတွေ ငြိမ်ကျသွားတယ်။ တောကြောင်ကြီးက အားရမြူးတူးသံနဲ့ ဂီးကနဲမြည်ပြီး အမိုးဆီခုန်လိုက်တယ်။ မျက်ဆံပြာကို ပါးစပ်မှာ ချီပြီး ခုန် ထွက်သွားတယ်။

ကျုပ်တို့အသားတွေ တစ်ဆက်ဆက်တုန်နေတယ်။ ရင်ထဲမှာ နာပြီး ဆူးစူးသလိုအောင့်နေတယ်။ မျက်ဆံပြာနဲ့ ရန်ဖြစ်ခဲ့ဖူးတဲ့ဗျောက်ကြီးတောင်မှ လည်ပင်းကြီးလိမ်ပြီးငိုင်နေတယ်။

လေက တောကြောင်ကြီးရဲ့ အရိုးကိုက်သံ အောင်သေအောင်သားစားသံ၊ စားရင်းမြူးတူးသံတွေကို သယ်လာတယ်။ ဒီအသံတွေကြားတော့ ကျုပ်တို့အရိုးထဲက တစစ်စစ်နာလာတယ်။ ခြေမှာအတက်လည်းမပါ အမောက်လည်းမရဲတဲ့ ကျုပ်တို့အမတွေအားလုံး ကြောက်ရွံ့လို့ မုန်းစိတ်နာစိတ်တွေနဲ့ တဆက်ဆက်တုန်နေတယ်။

ရွှေဝါလေးက ဖိုးနီတာတောင်ပံလေးကို ဆိတ်ပြီး ‘ ဖိုးနီတာငါသိပ်ကြောက်တာပဲ နင်ငါ့အနားမှာအမြဲနေပါနော်’ ဖိုးနီတာက စိတ်မချမ်းသာသံနဲ့ ညည်းညူနေရာက ရွှေဝါလေးကို သူ့အတောင်ပံတွေအောက်မှာ ဝှက်ထားလိုက်တယ်။ နေရောင်လင်းလာတဲ့အထိ တမှေးမှမအိပ်နိုင်ကြတော့ဘူး။ ညကအကြောင်းတွေကိုသာ ထပ်တလဲလဲ ပြောနေဖြစ်ကြတယ်။ မိုးစင်စင်လင်းတာနဲ့ လက်ကြမ်းကြီးတွေက ကျုပ်တို့ခြံထဲလိုက်ကြည့်ပြီး အမိုးပေါက်တွေကိုဖာလိုက်ကြတယ်။

နေ့ခင်းရောက်တော့ ဖွဲကြမ်းတွေခင်းထားတဲ့ ထင်းရှူးသေတ္တာဖုံးခွံတွေကို ကျုပ်တို့ကြားထဲမှာ လာထားကြတယ်။ ဒီပုံးတွေဟာ အထူးအဆန်းတွေပါပဲ။ ဗျောက်ကြီးကတော့ သေတ္တာခွံတစ်လုံးထဲ ဝင်ဝပ်ပြီး။



‘ အွတ် အွတ် သိပ်ဇိမ်ကျတာပဲကွာ ’ နဲ့ပြောလိုက်တယ်။

* * *

ကျုပ်တို့ခန္ဓာကိုယ်တွေဟာ တစ်နေ့တခြားလေးလံလာတယ်။ လှုပ်ရှားရတာ သွားလာရတာ အဆုံးစွန်းပြောရရင် အတောင်ပံခက်ရတာတောင်မှ ခါတိုင်းလိုမပေါ့ပါး မသွက်လပ်တော့ဘူး။ ကျွေးသမျှအစာတွေကိုတော့ ကောင်းကောင်းဆိုးဆိုး စားပြီးရင်း အေးချင်ရင်းပါပဲ။

ကျုပ်တို့အထဲမှာ ကျုပ်တို့လိုမဖြစ်တာဆိုလို့ ဗျောက်ကြီးနဲ့ ဖိုးနီတာ နှစ်ကောင်ပဲရှိတယ်။ သူတို့က ငယ်ငယ်တုန်းကတော့ ကျုပ်တို့လိုပါပဲတော် အခုတော့ ကျုပ်တို့အမတွေမှာ လေးလံတဲ့ခန္ဓာကိုယ်ကြောင့် ထိတ်ထိတ်ပြာပြာဖြစ်နေကြပေမယ့် သူတို့အဖတွေကတော့ လေးလံတာလည်း ဘာမှမရှိဘူး။ တစ်ကောင်နဲ့တစ်ကောင်ခွပ်လိုက်၊ ဆိတ်လိုက် ဇိမ်ကျပြီး ဝလို့ဖီးလို့။

ကျုပ်တို့မှသာ လေးလေးကန်ကန် မလှုပ်ချင်မရှားချင်နဲ့ ညှိုးလို့လာတယ်။ အားရင်တန်းပေါ်မှာ မအိပ်ချင်ပဲထင်းရှူးပုံးခွံ အလေးတွေထဲမှာ ဝပ်ပြီးနားနေချင် တော့တာပဲ။ ရွှေဝါလေးလဲ ကျုပ်တို့လိုပဲ တစ်နေ့တခြား ဝလာတယ်။ ဝသမှ သူ့အလှတာပိုပြီးပြည့်စုံလာသလိုပဲ။ ဖိုးနီတာက အစာခွက်ထဲက သစ်ရွက်စိမ်းအညွန့်တလေးတွေဆိတ်ဆွဲကျွေးတာကို မျက်စိကလေးမှေးပြီး တမြုံ့မြုံ့ ဝါးနေတယ်။ သူဟာ ကျုပ်တို့မျက်စိ အောက်မှာမို့ ပါးမို့နီရဲပြီးအမြဲရှက်သွေးဖြန်းနေသလိုပဲ။

နေ့ခင်းရောက်တာနဲ့ လက်ကြမ်းကြီးတွေက အပြင်ကဝါးကပ်တွေကို အပေါ်ပြန်တင်ထားလိုက်ကြတယ်။ ဝါးလုံးတန်းတွေကြား ကနေပြီး အပြင်ဝါးပိုးခွက်ထဲက ရေတွေကိုသောက်ရင်း ကျုပ်တို့ ကိုယ်တွင်းက မအီမသာတဲ့ ဝေဒနာတွေအကြောင်း ပြောဖြစ်ကြတယ်။

ဘာများဖြစ်ပါလိမ့်နော်။ ဘယ်သူများသိပါမတဲ့လဲ။

အပြင်စည်းရိုးတွေကြားက အနက်ပြောက်အဖြူပြောက်ကလေးတွေကို လှမ်းမြင်လိုက်ရတယ်။ ဟော . . . ဟိုကောင်မလာပြန်ပြီ။ ကျုပ်တို့က အနက်ပြောက် အဖြူပြောက်ကလေးတွေကို စိုက်ကြည့်နေလိုက်ကြတယ်။ ကြည့်ရင်းကြည့်ရင်းနဲ့ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသလိုပဲ။ အနက်မက သူ့ကလေးတွေကို ကော်ကော်နဲ့ ပြန်ခေါ်နေတယ်။ ခြံထဲမှာ တရုန်းရုန်းလုပ်နေကြတဲ့ ကျုပ်တို့ အသံတွေကြားတော့ မော့ကြည့်တယ်။

သူက ခြံစည်းရိုးအပြင်ဘက်ကဆိုတော့ ကျုပ်တို့နဲ့ အတော်လှမ်းနေတယ်။ သူ့ကလေးတွေက ကျုပ်တို့ခြံအောက် ရောက်လာကြတယ်။ ကျုပ်တို့က ဝါးကြမ်းအပေါက်ကြားတွေထဲက ငုံ့ကြည့်ပြီး ဖွဲနုမှုန့်ကလေးတွေကို ခြေနဲ့ယက်ချပေးလိုက်ကြတယ်။ အကောင်ကလေးတွေက တစ်ကောင်နှင့်တစ်ကောင် တိုးတိုးဝှေ့ဝှေ့နဲ့ အစာလုနေကြတယ်။ ကလိကလိ ကျီကျီတွတ်တီးစွတ်တာ မြည်သံကလေးတွေဟာ ကျုပ်တို့ရင်ထဲ ဒိုင်းကနဲ ဒိုင်းကနဲ ဆောင့်ဝင်လာတယ်။

ဘာကြောင့်များ ခုမှ ဒီလိုဖြစ်ရတာလဲတော်။ ကြက်နက်မကို တစက်ကလေးမှ သဘောမကျပါပဲနဲ့ ဒီအမဲပြောက်၊ အဖြူပြောက်ကလေးတွေက ကျုပ်တို့စိတ်ကို ဒီလောက်လှုပ်ရှားစေရသလား။ ရွှေဝါမက အကဲဆုံးပါပဲ။ နုပေ့ညှပ်ပေ့ဆိုတဲ့ ဖွဲမှုန့်တွေကို ယက်ခါယက်ခါ ချလိုက်တာ သူ့အနားမှာ ဖွဲခိုးတွေထကုန်တော့တာပဲ။ ကျုပ်တို့တွေ ဟက်ချိုး ဟက်ချိုးနဲ့ နှာစေးကုန်ကြတာပေါ့။

အနက်မကတော့ အကဲပါပါနဲ့ သူ့ကလေးတွေကို အတင်းခေါ်နေတယ်။ ဒေါသတကြီးနဲ့ ကျုပ်တို့ကို မော့ကြည့်တယ်။

ရွှေဝါမက မျက်နှာချိုသွေးပြီး

' အမကြီးရေ . . . ကလောက် ကလောက် ဖွဲကလေးတွေ စားလှည့်ပါလား ' လို့ဖိတ်ခေါ်လိုက်တယ်။ ကြက်နက်မက ဝမ်းသာအားရနဲ့ ခြံစည်းရိုးပေါက်ကနေ ကျုပ်တို့ခြံအောက်ပြေးဝင်လာတယ်။ သူကလေးတွေနဲ့အတူ ဖွဲမှုန့်တွေကို နှုတ်သီးနဲ့ လိုက်ဆိတ်တယ်။ ချက်ချင်း ထွီကနဲထွေးပြီး။

' မကောင်းဘူး ကလော့ ကလော့ လာ လာပြန်မယ် '

သူ့ကလေးတွေကို ရှေ့ဆောင်ခေါ်တယ်။

' နေပါအုံး အမကြီးရဲ့ ကျုပ်တို့ စိတ်ထဲလေးလေးနေတာ ဘာဖြစ်တာလဲတော် သိလားဟင် '

ပုလုံးမက နှုတ်သွက်လျှာသွက်နဲ့ မေးလိုက်တယ်။ ခြံ အောက်က နက်မကမျက်မှောင်ကြုပ်ပြီး

' ညည်းတို့ဗိုက်ထဲကဟာ လေဥနေမှာပေါ့အေ။ လေဥတွေပေါ့ '

' လေဥ '

ကျုပ်တို့စဉ်းစားလို့မရပဲ ငိုင်နေကြတယ်။ ကျုပ်က . . .

' ဘာလဲ လေဥဆိုတာ'

' အ ပါအေ၊ လေဥဆိုတာအမြုံဥပေါ့အေ့၊ အမြုံဥဆိုတာ ဘယ်တော့မှ အကောင်အပေါက်ဘူး။ ' ခြံထဲက ပုလုံးမက မခံမရပ်နိုင်၊ ခုန်စွခုန်စွလုပ်ယင်း၊

' ဘယ်ကလာ အကောင်မပေါက်ရမှာလဲ၊ ပေါက်ပြလိုက်ချင်စမ်းတယ်၊ ဟောတစ်ကောင် . . . ဟောတစ်ကောင် '

ကြက်နက်မက ခေါင်းငုံ့ပြီး' ကလောက် ကလောက် 'မြည်လိုက်တယ်။ ပြန်မော့ပြီး လှောင်လိုက်တယ်။

' ကလော့ ကလော့ ညည်းတို့မှာ အသည်းနှလုံးမှမရှိပဲ၊ ဘယ်အကောင်ပေါက်ပါ့မလဲ။

ကျုပ်တ မျက်မှန်းကျိုးလာပြီ။ သည်ကောင်မက ‘ အသည်းနှလုံး’ တဲ့၊ ဘာလဲ ‘ အသည်းနှလုံး’ ဆိုတာ။

‘ ညည်းတောကလဲအေ ဘာမှန်းမသိ အသည်းနှလုံးတဲ့ ’

‘ အသည်းနှလုံးဆိုတာ ငါတို့ဗိုက်ထဲမှာရှိတဲ့ အဖနဲ့အမ ရဲ့ချစ်ခြင်း မျိုးတူချင်း ရှိုင်းပင်းချင်းပဲပေါ့အေ ’

‘ ဗိုက်ထဲမှာ ’

ကျုပ်တို့ နားရှုပ်သွားတယ်။ တကောင်နဲ့တကောင်ပြန်ကြည့်လိုက်ကြတယ်။ ကြက်နက်မ မျက်လုံးတွေက ဝင်းဝင်းတောက်တောက်နဲ့ကျုပ်တို့ကို ရှုတ်ချဟန်နဲ့. . .

‘ငါပြောတာ ညည်းတို့ နားမလည်ပါဘူး။ ညည်းတို့မှာ အဖလဲ မရှိတော့ ချစ်ခြင်းဆိုတာလဲနားလည်မှာ မဟုတ်ဘူး။ အမျိုးတူချင်း ရှိုင်းပင်းဖို့ဆိုတာလဲ တောကြောင်ကိုက်တုန်းကတောင် ကိုယ်နဲ့မဆိုင်သလို ငြိမ်ကြည့်နေကြတာမို့လား။ ညည်းတို့ကို ပြောလို့အပိုပဲ အမြုံမတွေ ’

အနက်မရဲ့ ရင့်ရင့်သီးသီးစကားကြောင့် ကျုပ်တို့တခြလုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြတယ်။ အတောင်တွေခပ်ပြီး ခြေတွေဆောင့်ပြီး ဝိုင်းခွပ်ဖို့ ဟန်ပြင်လိုက်ကြတယ်။ တောက်သောက်ကောင်မ ဝါးခြမ်းတွေသာ ခင်းမထားယင် ကျုပ်တို့ကြားမှာ သင်းပြားသွားပြီပဲ။ သူပြောတာတွေကို ကျုပ်တို့ဘယ်ကောင်ကမှ မယုံကြဘူး။ ဖိုးနီတာက တော့ သူကိုယ်သူ အဖဖြစ်ကြောင်း ကြွားချင်လို့ထင်ရဲ့။ အတောင်တဖြန်းဖြန်းခပ်ပြီး ‘ အောက် အီးအီး အွတ် ’လို့အကျယ်ကြီးတွန်ပြလိုက်တယ်။ ဗျောက်ကြီးကတော့ သူနဲ့မဆိုင်သလို ငိုက်မြည်းလို့။

ကြက်နက်မက ကျုပ်တို့ကို အနိုင်နဲ့ပိုင်းလိုက်ရတဲ့ ဟန်မျိုးနဲ့ သူ့သားလေးတွေကို ဝင်းထရံပေါက်ကနေ စောင့်ခေါ်ပြီးထွက်သွားတယ်။ ‘ အမြုံမတွေ အမြုံမတွေ ’ ဆိုတဲ့အသံဟာ ကျုပ်တို့ရင်ထဲပဲ့တင်



ထပ်ကျန်ရစ်ခဲ့တယ်။ ရွှေဝါလေးကတော့ ဝါးကပ်ကြားကနေ ကြက်နက်မနဲ့ သူ့ကလေးတွေနောက်ပိုင်းကို ငေးကြည့်နေရာက တွေးတွေးဆဆဆိုတယ်။

‘ဖိုးနီတာ ငါ့ကိုအကောင်ပေါက်ကလေးတွေပေးပါနော် ’

ဖိုးနီတာက ရွှေဝါလေးရဲ့ ခေါင်းထိပ်က အမွေးနုကလေးတွေကို သပ်ပြီး နှစ်သိမ့်လိုက်တယ်။

ကျုပ်ကကြောက်လန့်တကြားနဲ့ ထင်းရှူးသေတ္တာပုံးခွဲ နှုတ်ခမ်းပေါ် ဝုန်းကနဲခုန်လိုက်တယ်။ တစ်ခြလုံးလန့်ဖြန့် ကုန်ကြပေါ့။

‘ကြည့်စမ်း ကြည့်စမ်း။ ဖြူဖြူလုံးလုံးကလေးတော် ’

‘ အေးဟဲ့ ကျောက်ခဲလုံးလေးလား ’

‘ ကျုပ်က ထိတ်ထိတ်ပျာပျာနဲ့ပဲ ကျုပ်ဗိုက်ထဲက ပြုတ်ထွက်သွားတဲ့ ခပ်လုံးလုံးသေးသေးလေးကို စိုက်ကြည့်မိပြန်တယ်။

ကောင့်မှုတွေက အလုံးကလေးကိုကြည့်ပြီး တစ်ကောင်တစ်မျိုးစီ ကြွက်စီကြွက်စီပြောကြတယ်။

‘ နက်မပြောတဲ့ အသည်းနှလုံးဆိုတာများလား ’

ကျုပ်အသည်းတုန် အူတုန်ဖြစ်သွားတယ်။ ငိုင်နေမိတယ်။ ပုလုံးမက အလုံးကလေးကိုနှုတ်သီးနဲ့ ဆိတ်ကြည့်မယ်လုပ်လို့ ဟန့်ထားလိုက်ရတယ်။

ကျုပ်လဲ ဘာလုပ်လို့ လုပ်ရမှန်းမသိပဲ ဖြူဖြူအလုံးကလေးကို စိုက်ကြည့်နေမိတယ်။ ထင်းရှူးပုံးထဲပြန်ဝင်ရမှာလဲ စိတ်မရဲဘူး ။ သို့ပေမဲ့ အနားကလည်းမခွာရဲဘူးလေ။

ရွှေဝါလေးက ကျုပ်အနားရောက်လာတယ်။ ကျုပ်အမြီးကို နှုတ်သီးနဲ့ လှမ်းဆွဲပြီး. . .

‘ အမမွေးနု အလုံးကလေးဆို ’

‘ အေးဟဲ့ လာလာ ကြည့်စမ်း ’

‘ ကလော့ ကလော့ အမမှာ အဖရှိလားဟင်’

‘အိုဟဲ့ ဘယ်ရှိမလဲ ’

‘ဒါဆို အနက်မပြောတဲ့ လေဥဆိုတာများလားတော် ’

အနားကအမတွေကရော ကျုပ်ကရော ကလောက်ကလောက် ဝိုင်းအော်ပြီး သူ့စကားကို သရော်ပစ်လိုက်ကြတယ်။ လာပြန်ပြီ လေဥတဲ့။ ကျုပ်စိတ်တွေ ညှိုးငယ်လွန်းလို့ အစားမှကောင်းကောင်း မစားနိုင်တော့ဘူး။ နောက်နှစ်ရက်လောက် ကျုပ်လဲအဖြူလုံးကလေး ပြုတ်ကျမလာပြန်တော့မှ စိတ်ချမ်းသာတော့တယ်။

သည်ကြားထဲ စိတ်မချမ်းမြေ့စရာ အဖြစ်ဆိုးတခုက ပေါ်လာပြန်တယ်။ ဝုန်းကနဲဒိုင်းကနဲ ခြံတံခါးကိုဆွဲဖွင့်လိုက်ကြတယ်။ ကျုပ်တို့လည်း ‘ခုမှ တောင်ပံတွေအညောင်းဆန့်ရတော့မယ်’ ပြောလို့မှမဆုံးခင် လက်ကြမ်းကြီးတွေက ကျုပ်တို့ကို ခြောက်လိုက်လှန့်လိုက်လုပ်တာနဲ့ ခါတိုင်းလို ပြောင်းဆန်ကုန်တော့တာပဲ။ ကျုပ်တို့အမွေးဖွေးတွေ လေမှာလွင့်ကုန်တယ်။

ရွှေဝါလေးက ဖိုးနီတာနားမှာ ကြောက်ကြောက်လန့်လန့် တိုးကပ်နေပြန်တယ်။ လက်ကြမ်းကြီး တစ်ခုကဗျောက်ကြီးကို ခြေထောက်တဆွဲလိုက်တယ်၊ ကြမ်းပေါ်မှာဆွဲလှဲပြီး ခြေနှစ်ချောင်းကို ကြိုးနဲ့စုစည်းလိုက်တယ်။ ဗျောက်ကြီးက အတောင်တဖြတ်ဖြတ်နဲ့ အတင်းရုန်းကန်းနေတယ်။

‘ဟာ. . . ဒီမှာ အဖတကောင် ရှိသေးတယ်ဟေ့ ကြည့်စမ်း’

လက်ကြမ်းကြီးတဘက်က ဖိုးနီတာကို လှမ်းဆွဲလိုက်တယ်။ ဖိုးနီတာက ရုတ်တရက်ရှောင်လိုက်တော့ ရွှေဝါလေးကလက်ကြမ်း



ကြီးကို လှမ်းဆိတ်လိုက်တယ်။ ဖိုးနီတာကတန်းပေါ်ခုန်တတ်သွားတယ်။ လက်ကြမ်းကြီးက အတင်းမရမက ဆွဲဖမ်းလိုက်တယ်။ ဖိုးနီတာက လက်ကြမ်းကြီးရဲ့ မျက်နှာကိုတောင်ပံနဲ့ အတင်းခပ်ပစ် ပြီးခြံတစ်ဘက်စွန်းကို ခုန်ပျံလိုက်တယ်။ အခြားလက်ကြမ်းကြီးက ဖိုးနီတာကို ဆီးဖမ်းလိုက်တယ်။ မြန်းဆိုကြမ်းပြင်ပေါ်ပြုတ်ကျလာတယ်။ တစ်ခြံလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ကြတယ်။

ရွှေဝါလေးက အသည်းတုန်အူတုန်နဲ့ အသံကုန်ခြစ်အော်လိုက်တယ်။ ဖိုးနီတာရဲ့စူးစူးရှရှအော်သံ။ အမတွေရဲ့ ကြောက်လွန်းလို့ငိုကြွေးသံ၊ လက်ကြမ်းကြီးတွေရဲ့ ဆဲဆိုရေရွတ်သံ။ ဆူညံရှုတ်ထွေးသွားတယ်။ မရဲတရဲ လှမ်းကြည့်လိုက်တော့ ဖိုးနီတာရဲ့ ခြေနှစ်ချောင်းကိုပူးပြီး လက်ကြမ်းကြီးက ကြိုးနဲ့တင်းတင်းချည်ပြီးပြီ။ ဖိုးနီတာက နာနာကျည်းကျည်းအော်ပြီး ဟစ်ယင်းရုန်းယင်းနဲ့ပါသွားတယ်။ တံခါးဟာ ဝုန်းကနဲပြန်ပိတ်သွားတယ်။ ကလစ်ကနဲအသံနဲ့အတူ တိတ်ဆိတ်သွားသည်။

အကြာကြီး ငြိမ်ကျသွားပြီးတဲ့နောက် ကျုပ်တို့အမတွေတီးတိုးတီးတိုး ပြောကြပြန်တယ်။ အဖတွေကိုဘယ်ခေါ်သွားမှာလဲ အဖတွေဘယ်မှာလဲ။ ကျုပ်တို့အမတွေကိုရော သည်လိုပဲလာခေါ် အုံးမှာလား။ တောကြောင်ကြီးနောက်ပါသွားတဲ့ မျက်ဆံပြာရဲ့ ကံကြမ္မာကို ပြန်တွေးမိတယ်။ မျက်ဆံပြာလိုပဲ သူတို့လဲ ဘုရား. . . ဘုရား ကျုပ်ဆက်မတွေးဝံ့တော့ဘူး။ ရွှေဝါလေးရဲ့ အသည်းကွဲ လူမတတ်နာကျင်စူးရှတဲ့ အော်သံတွေသာ ပဲ့တင်ထပ်လို့နေတယ်။

‘ဖိုးနီတာရေ. . . ဖိုးနီတာရေ ကလော့ ကလော့ ’

* * *

ခုအခါမှာတော့ ဖြူဖြူအလုံးကလေးတွေ ဗိုက်ထဲက ထွက်လာတတ်တာ မဆန်းတော့ပါဘူး။ ပြီးတော့ ဒါတွေကို ‘လေဥတွေ’ လို့ပဲကျုပ်

တို့လဲနောက်ပြောင်ရယ်မောယင်း ခေါ် လိုက်ကြတယ်။ အားလုံးအတူတူတွေပဲဆိုတော့ အမြှုမဆိုတာ၊ အသည်းနှလုံးဆိုတာတွေပဲဆိုတာတွေဟာ ကျုပ်တို့အတွက် အရေးမကြီးလှပါဘူး။

သည်ကိစ္စကို နေရာတကာစပ်စုတဲ့ ပုလုံးမကာစတယ်။ ဖိုးနီတာတို့ပါသွားပြီး နှစ်ရက်လောက်ကြာတော့ ပုလုံးလေ ကျုပ်လိုပဲအဖြူလုံးကလေး တလုံးဥလာတယ်။ ပုလုံးမက ဘယ်သူကိုမှ မပြောပဲ ဥကလေးကိုဖောက်ခွဲကြည့်လိုက်တယ်။ အထဲမှာ အကောင်ပေါက် ကလေးတွေရှိယင် ကျုပ်တို့ကို ကြွားမယ်ပေါ့။ ခုတော့ ဘာမှမရှိပဲ ဝါဝါအရည်တွေသာရွှံ့စရာ စီးထွက်လာတယ်။

ပုလုံးမက နှုတ်သီးကိုသပ်ယင်း၊

‘ သိပ်ချိုတာပဲတော်စားကြည့်ကြစမ်း ’

လို့ပြောလိုက်တယ်။ ညီစို့စို့အနံ့ကြောင့်ကျုပ်တို့တွန့်နေကြတယ်။ ခပ်ရဲရဲကောင်မနှစ်ကောင်လောက်က စဆိတ်ကြည့်တယ် ဆိုရင်းပဲကျန်တဲ့အကောင်တွေက လိုက်ဆိတ်ကြ၊ ဖွဲကြ၊ စားကြတယ်။

ကျုပ် ရွှေဝါလေးနဲ့ ဗျောက်မကတော့ စက်ဆုပ်ရွံ့ရှာလွန်းလို့သူတို့ကိုကြည့်ပြီး အချင်းချင်းခေါင်းယမ်းပြမိကြတယ်။ ခုတလော ရွှေဝါမလေးအလွန်မှ အားငယ်ညှိုးနွမ်းနေရှာတယ်။ နေထိလို့ ညှိုးခွေနွမ်းသွားတဲ့ ပဲနွယ်ပန်းကလေးလိုပဲ၊ နောက်ရက်တွေ မကြာခင်မှာ ရွှေဝါမကလေးလဲ အဖြူလုံးသေးသေးကလေးတွေ စဥတယ်။ သူက ဘယ်သူ့ကိုမှ မပြောပဲ ကျုပ်တို့သာ တိတ်တိတ်ကလေး ပြောပြတယ်။

ဒါပေမယ့် ကျုပ်တို့ရဲ့ တစ်နေ့လုံးဥနေကျ ဥဖြူဖြူကလေးတွေ နေ့စဥ်သမျှဟာ ကျုပ်တို့ဗိုက်အောက်မှတင် ပျောက်သွားတယ်။ တကယ်တော့ ကျုပ်တို့အချင်းချင်းစားလို့မဟုတ်။ လက် ကြမ်းကြီးတွေက ကျုပ်တို့ကျောကို ညင်ညင်သာသာသပ်ပြီး လုယူသွားတာကို။

ကျုပ်နဲ့ဗျောက်မက လေဥတွေအပေါ်အစွဲအလန်း သိပ်မထား



ပေမယ့်၊ ရွှေဝါမလေးကသူ့ဥတွေကို သူ့ရင်ခွင်အောက်မှာ အတင်းယက်ထားတယ်။ ကျောသပ်တဲ့ လက်ကြမ်းတွေကို အတင်းဆိတ်လွှတ်တယ်။ အယူမခံဘူး။ လက်ကြမ်းကြီးတွေက ရွှေဝါမလေးကို ဝပ်ကျင်းထဲကအတင်းဆွဲထုတ်ပြီး ဥတွေကိုလုယူ ဖို့ကြိုးစားပေမယ့် ရွှေဝါမလေးအတင်းဆိတ်၊ သူ့တောင်ပံတွေနဲ့ အတင်းရိုက်ပစ်တတ်တယ်။ နှုတ်သီးနဲ့ဆိတ်ပြီး တိုက်ခိုက်တယ်။

ကျုပ်တို့ဟာ နေ့တိုင်းရွှေဝါလေးနဲ့ လက်ကြမ်းကြီးတွေ တိုက်ပွဲဆင်တာကို စိတ်မချမ်းမသာ စောင့်ကြည့်ခဲ့ရတယ်။ ရွှေဝါမလေးဟာသူ့ဥတွေကို လေဥမဟုတ်ဘူးလို့ အစွဲအလမ်းကြီး နေတယ်။ သူ့မှာအဖရှိခဲ့လို့ သည်ဥတွေက အကောင်ပေါက်လာမှာပဲလို့ တထစ်ချတွေးတယ်။ သူ့ခမျာဝပ်ကျင်းထဲက ဘယ်မှလဲမဆင်းတော့ဘူး၊ အစာလဲမစားတော့ဘူး။

ပုလုံးမနဲ့ ခပ်ကဲကဲတွေကတော့ လက်ကြမ်းကြီးတွေ လစ်ယင်လစ်သလိုဥတွေကို ဖောက်ခွဲပြီး အရည်တွေသောက်ကြတယ်။ အကာတွေဝါးစားကြတယ်။ ဥအသစ်တလုံးအုပြီဆိုယင် လုကြဆိတ်ကြနဲ့ပေါ့။ ပုလုံးမက ဗျောက်မကိုတောင် လာပြီးပြောသေးတယ်။

‘ ဥတွေသောက်တာ ပိုပြီးဝတယ် လှတယ်၊ အတောင်ပံတွေအရောင်စိုလာတာပဲ။ သောက်ကြည့်စမ်းဟယ် တို့မသောက်လဲ လက်ကြမ်းကြီးတွေက ယူသွားမှာပဲ မဟုတ်လား’

ဗျောက်မက မကြားသလိုနေလိုက်တယ်။

ကျုပ်နဲ့ ဗျောက်မကတော့ ကိုယ့်ဗိုက်ထဲက ထွက်လာတာလည်း တစ်ကြောင်း၊ ညီစို့စို့အနံ့ကြောင့်လည်း တစ်ကြောင်းလေဥတွေကိုဘယ်တော့မှ ဖောက်မသောက်ကြဘူး။ ရွှေဝါမလေးကတော့ မရတာတောင်မှ ဆင်းမသောက်နိုင်ပဲ သူ့ဥတွေကို စောင့်နေရတယ်။ သူခမျာဘယ်သူ့ကိုမှစိတ်မချဘူး၊ လက်ကြမ်းကြီးတွေကိုရော ပုလုံးမတို့အသိုက်

ကိုရောပေါ့။

သူ့ခမျာ ပိုလို့ပိန်လာတယ်။ ခပ်ကြဲကြဲအတောင်ပံတွေဟာ ပြားကပ်နေတဲ့ ရင်အုပ်ကို အနိုင်နိုင်ဖုံးလို့ထားတယ်။ အစာကို ကျွပ်တို့ တလှည့်စီ ယူပေးနိုင်ပေမယ့် ရေက ဝါးထရံကြားကနေပြီး ဝါးဆစ်ခွက်ထဲကို ငုံ့လျှိုသောက်ရတာဆိုတော့ ကိုယ်တိုင်သောက်မှဖြစ်တာ။

' ရွှေဝါမရယ် ရေလေးဘာလေးလဲသောက်အုံးမှပေါ့။ ညည်း မလဲ အညောင်းမိလိုက်တာအေ '

ကျွပ်တို့က ကရုဏာဒေါသနဲ့ပြောယင် ရွှေဝါမကခပ်ကြောင်ကြောင် မျက်လုံးတွေနဲ့ ကျွပ်တို့ကိုစိုက်ကြည့်ပြီး . . .

'ကျွပ်အကောင်ကလေးတွေပေါက်မှပဲ ရေသောက်မယ်အမရယ်၊ နေပါစေတော် '

လို့ပြန်ပြောတတ်တယ်၊ သူ့ကိုမြင်တိုင်း ဖိုးနီတာကို သတိရစရာပဲ၊ သူ့ခမျာ အနက်မလို အဖြူလုံးအနက်လုံးကလေးတွေ ပေါက်လာဖို့ စိတ်ကူးယဉ်နေတယ်။

' ဖိုးနီတာနဲ့တူတဲ့ အကောင်ပေါက်လာယင် ကျွပ်ဝပ်ရကျိုးနပ်ပါပြီ အမရယ် '

ကျွပ်နဲ့ ဖျောက်မဟာသူ့ကို သနားရုံကလွဲလို့ ဘာမှမတတ်နိုင်ကြဘူး။ လက်ကြမ်းကြီးတွေက သူ့ဥတွေကို အလစ်အလစ်မှာ လုယူခိုး ယူတာနဲ့ သူ့ဥတွေနေ့စဉ် လျော့လျော့သွားတာကို စိတ်မချမ်းသာပဲ မြင်နေရတယ်။

ပုလုံးမတို့ တစ်သိုက်ကလဲ တစ်နေ့တစ်ခြားဆိုးဝါးလာတယ်။ လစ်ယင်လစ်သလို ကိုယ့်ဥကိုယ်ဖောက်သောက်ရုံမကဘူး၊ သူများဥကိုပါ လိုက်နှိုက်လာတယ်။ အချင်းချင်းလုကြ၊ ရန်ဖြစ်ကြနဲ့ ဆူလို့ညံ့လို့ ကမ္ဘာပျက်သလို ငရဲပွက်သလိုပါပဲ။



ဥတွေလိုက်လုလို့ မရတော့ တစ်ကောင်ရဲ့ဖင်စီဘူးကို တစ်ကောင်က ဆိတ်စားကြတယ်။တောင်ပံတွေလေမှာ လွင့်ကုန်တယ်။ အဆီစုနေတဲ့ နေရာကအသားဟာ လေဥလိုပဲ အားပြည့်စေတယ်။ အမွေးအတောင်တွေစိုပြေစေတယ်လို့ ဆိုကြပြန်တယ်။

အမတွေမှာ ခါတိုင်းလိုယဉ်စစ အမြီးဝိုင်းဝိုင်းကလေးတွေမရှိတော့ပဲ ဖင်ပြောင်ကြီးတွေနဲ့ ပုံဆိုးပန်းဆိုးဖြစ်နေကြတယ်။ ဆိတ်စားထားတဲ့ ဒဏ်ရာတွေက အခွက်ကြီးတွေဖြစ်ပြီး၊ တညီညီ တစော်စော်နံနေကြပြန်သည်။

ကျွပ်နဲ့ ဖျောက်မကတော့ ကိုယ့်ကိုအဆိတ်မခံရအောင် နှုတ်သီးသွေးထားကြတယ်။ ဇာတ်တူသားစားတဲ့ အကျင့်ဆိုးဟာ တစ်ခြံလုံးကို တမြေ့မြေ့လှိုက်စားနေတယ်။

* * *

နှင်းငွေ့တွေကြောင့် ရုတ်တရက်အိပ်တန်းကမဆင်းချင် ဖြစ်မိတယ်။ နိုးလာတာနဲ့ ပုလုံးမတို့တသိုက်ဟာ ကျွတ်စီကျွတ်စီနဲ့ ဆူညံအော်ဟစ်နေကြပြန်တယ်။ နေခြည်နွေးနွေးက ဝါးထရံကပ်ကြားတွေက ဝင်လာပြီ။

အဖတွေရဲ့တွန်သံကို မကြားရတာ ဘယ်လောက်ကြာသွားပြီလဲ၊ ကျွပ်မမှတ်မိတော့။ ဖိုးနီတာ၊ မျက်ဆံပြာတို့က အဖတွေအကြောင်း ရွှေဝါမလေးရှေ့မှာမပြောချင်လို့ ရှောင်ခဲ့ယင်းနဲ့ ကြာတော့မေ့သွားတာဖြစ်မှာပါပဲ။

ရွှေဝါမလေးခမြာ ဝပ်ကျင်းထဲမှာ ခပ်ကွေးကွေးအိပ်နေရှာလိမ့်မယ်။ သူ့တောင်ပံတွေ သိပ်ပြီးညောင်းညာ အားနည်းနေမှာပဲ။ သူ့ကို ခဏတဖြုတ်ဖြစ်ဖြစ် ဝပ်ကျင်းထဲကထွက်ဖို့ အတောင်ဆန့်ဖို့ တိုက်တွန်းအုံးမှလို့ ကျွပ်စိတ်ကူးရလာတယ်။ သူ့ခမျာ တစ်နေ့ကစလို့ ဥတလေးတလုံးထဲပဲ ဝပ်စရာကျန်တော့တယ်။ အရင်ဥသမျှတွေကို

လက်ကြမ်းကြီးတွေက လုယူသွားခဲ့ကြပြီ။

မှိုင်တွေညှိုးငယ်ယင်း တိုက်ခိုက်ကာကွယ်ယင်းနဲ့ တလုံးတည်းသော ဥကလေးကိုမျှော်လင့်ချက်ကြီးကြီးနဲ့ သူဝပ်နေတယ်။

ကျုပ်က ကျုပ်အေးမှာ အိပ်ပျော်နေတဲ့ ဗျောက်မကို တွန်းနှိုးလိုက်တယ်။

' ဗျောက်မ. . . ထ. . . ထ၊ ကလောက်. . ကလောက် '

ဗျောက်မက ဆတ်ကနဲ နိုးလာတာနဲ့ အတောင်တွေခါပြီးအညောင်းဆန့်လိုက်တယ်။

' ရွှေဝါမလေးဆီသွားရအောင်၊ သူသိပ်ညောင်းနေရှာမှာ '

ကျုပ်နဲ့ ဗျောက်မက တန်းပေါ်က ခုန်ဆင်းလိုက်ကြတယ်။

' ကလောက် ကလောက် ရွှေဝါမလေးရေ '

ရွှေဝါမလေးဝပ်ကျင်းထဲက ဘာသံမှမကြားရဘူး၊ နေ့တိုင်းညတိုင်း မအိပ်နိုင် မစားနိုင်စောင့်ခဲ့ရလို့ ပင်ပန်းပြီး အိပ်ပျော်နေရှာပြီလား။ ငြိမ်ငြိမ်ဆိတ်ဆိတ်နဲ့ သူ့ဝပ်ကျင်းနား သွားကြည့်ကြတယ်။

အရိုးပေါ်အရေတင်ပြီး ကျုံလှီနေတဲ့ ရွှေဝါမကလေးဟာ လည်ပင်းကလေးတစောင်းလိမ်ပြီး ဝပ်ကျင်းထဲမှာ မှေးနေတယ်။ ကျုပ်က ဝပ်ကျင်းနှုတ်ခမ်းပေါ်တက်ပြီးခေါင်းကလေးကို နှုတ်သီးနဲ့အသာတို့ လိုက်တယ်။

' ရွှေဝါမလေး ထထကလေး '

ရွှေဝါမလေးမျက်လုံးတွေကြားက စိမ့်ယိုတဲ့သွေးစေးခြောက်တွေကို တွေ့လိုက်တယ်။ ပုရွက်ဆိတ်တွေဟာ ရွှေဝါမလေးမျက်လုံးတွေကို ထိုးဖောက်စားသောက်နေကြတယ်။

' အလို ဘုရားရေ ရွှေဝါမကလေးသေရှာပြီ'



ဗျောက်မက အနားတိုးလာကြည့်တယ်။

'ကျွတ်ကျွတ်သနားစရာ ကလေးရယ်'

ရွှေဝါမကလေးဟာ သေတဲ့တိုင်သူ့ဥကို သူကာကွယ်သွားတယ်။ ကျုပ်နဲ့ဗျောက်မက ရွှေဝါမလေးရဲ့ တောင်ပံကြားကဥကို ဝှက်ထားဖို့အတော်ကြိုးစားရတယ်။ ထင်းရှူးသေတ္တာပုံးကို စောင်းငဲ့အောင်လုပ် ကျုပ်တို့ တောင်ပံကြားမှာ တိတ်တိတ်ကလေး သိမ်းထားလိုက်တယ်။ သည်ဥကိုကျုပ်တို့လည်း ကာကွယ်ရမှာပဲ။ ရွှေဝါမကလေးကို ကြင်နာစိတ်နဲ့ ကျုပ်တို့ဖာသာ တွေးမိလိုက်ကြတယ်။

လက်ကြမ်းကြီးတွေလာမယူခင်၊ ကျုပ်တို့ကိုယ်အောက်မှာဥကို ဝှက်ထားလိုက်တယ်။ ကျုပ်တို့အလုပ်များနေကြတုန်း ပုလုံးမတို့တစ်သိုက်ဟာ တစ်ကောင်နဲ့တစ်ကောင်ရန်ဖြစ်နေကြပြန်တယ်။ နှုတ်သီးထက်ထက် ကောင်မတစ်ကောင်ကြောင့် ပုလုံးမရဲ့ ဖင်ပေါက်သွားပြီးအူတွေအထွေးလိုက်ထွက်လာတယ်။ ညနေမှာ လက်ကြမ်းကြီးတွေက မသေမရှင်ဖြစ်နေတဲ့ ပုလုံးမနဲ့သေနေပြီဖြစ်တဲ့ ရွှေဝါမလေးကိုလာယူသွားကြတယ်။

ဒီလိုနဲ့ ရက်တွေကုန်ဆုံးလာတယ်။ နှုတ်သီးထက်တဲ့ ကောင်မတွေကို လက်ကြမ်းကြီးတွေက နှုတ်သီးဖြတ်ပစ်လိုက်ကြတယ်။ သူတို့မှာအလုပ်တွေရှုပ်နေလို့ ကျုပ်ရင်ခွင်ထဲက ဥကလေးတလုံးကို ဂရုမပြုအားကြဘူး။

ကျုပ်နဲ့ ဗျောက်မဟာ သည်ဥကိုတလှည့်စီစောင့်ကြရတယ်။ ဝါကပ်တွေကြားထဲကနေ အပြင်ဖက်ဝင်းခြံမှာ လှုပ်ရှားသွားလာနေတဲ့ ကြက်နက်မကိုမြင်တိုင်း ကျုပ်တို့ချင်း ပြန်ကြည့်ကြတယ်။

' လေဥ . . . အမြုံမ '

ဆိုတဲ့စကားတွေ နားထဲမှာပဲ့တင်ထပ်လာပြန်ပြီ။ ကြက်နက်မရဲ့ကြီးပြင်းလာတဲ့ သားငယ်တွေဟာ တောင်ပံကလေးတွေ ထိုးထိုး

ထောင်ထောင်ထွက်စပြုပြီ။ ကျုပ်တို့ဥငယ်ကရော ဘယ်လိုချစ်စရာ လေးမွေးလာမှာလဲ။

* * *

တမနက်မှာ ကျုပ်ဟာခွေးနေတဲ့ အလုံးကလေးထဲမှာ နူးညံ့တဲ့ တစ်စုံတစ်ရာကြောင့် လန့်နိုးလာတယ်။ နိုးတာနဲ့ ရင်ဟာတဒိတ်ဒိတ်ခုန်လှုပ်ရှားလာတယ်။ အထဲက တစ်စုံတစ်ရာလေးက တိုးနေလို့ အလုံးကလေးဟာ လှုပ်ရှားလှုပ်ရှားသွားတယ်။ တဒေါက်ဒေါက်အသံကို နှလုံးခုန်သံနဲ့ နီးကပ်နွေးထွေးစွာ ကြားလိုက်ရတယ်။ ကျုပ်ဝမ်းသာအားရနဲ့ . . . . ။

' ကလောက်' . . . ကလောက်၊ ဗျောက်မ ဗျောက်မ'

ဗျောက်မကို တီးတိုးနှိုးလိုက်တယ်။ သည်ကောင်မက ကျုပ်အသံမကြားလေ ကျုပ်ရင်မှာ တဒိတ်ဒိတ်နဲ့ လှုပ်ရှားလေပဲ။

နောက်ဆုံးတော့ ဗျောက်မနိုးလာတယ်။ သူနဲ့ ကျုပ်ဟာဝပ်ကျင်းထဲက ဖြူဖွေးသေးငယ်တဲ့ ဥနွေးနွေးကလေးကို စိုက်ကြည့်နေကြတယ်။ ဥခွံကလေး တစတစ အက်ကွဲကြောင်းထင်လာတယ်။ တစုံတခုသော သတ္တဝါကလေးဟာ နွေးတဲ့ဥခွံအောက်က ပေါက်ဖွားလာတော့မှာပါလား။ ကျုပ်တို့ရင်ထဲက ဝမ်းသာကြည်နူးမှုတွေ တစိမ့်စိမ့် လှိမ့်တက်လာတယ်။ 'ကလောက် ကလောက်' ကျိတ်ရယ်မိကြပြီ။

' ရွှေဝါမလေးရေ မင့်သွေးတွေ နွေးနေသေးရဲ့၊ အကောင်ကလေး တခုခု'

ကျုပ်တို့ဟာ မမှိတ်မသုန်မျက်လုံးတွေနဲ့ စောင့်ကြည့်နေကြတယ်။ တစုံတစ်ခုသော အရာကလေးဟာ ကြာလှချည်လား။ ရုတ်ချည်ဖောက်ခွဲပြီးထွက်လာပါတော့လား။ အလွန်မှ နှေးကွေးလေးလံစွာရွေ့လျားနေတဲ့ အချိန်တွေကို အဆုံးစွန်သည်းခံခြင်းနဲ့ စောင့်ဆိုင်းနေမိကြတယ်။ တစက်ကလေးမှ အသက်မရှူဝံ့ကြ။



ကျုပ်က အက်ကွဲကြောင်း အစကလေးကို ကြည့်ယင်းကြည့်ယင်း မချင့်မရဲဖြစ်လာတယ်။ ဖြူဖွေးတဲ့ ဥခွံကလေးဟာ တစတစနဲ့ သေးငယ်တဲ့အပေါက်ကလေးတခု ဖြစ်လာတယ်။ နှုတ်သီးသေးသေးကလေးတစ်ခုပြူထွက်လာတယ်။ လှုပ်ရှားနေတဲ့ အလုံးကလေးထဲက ' ပိကျိ ပိကျိ' အော်သံသေးသေးကလေး။

ကျုပ်နဲ့ ဗျောက်မက ဥခွံအက်ကြောင်းကလေးတွေကို ညင်ညင်သာသာ ဆွဲခွာပစ်လိုက်ကြတယ်။ သွေးညှီနံ့ကစူးကနဲ သင်းပျံ့လာတယ်။ သွေးနီနီတွေက ဖွဲကြမ်းတွေပေါ် ပေကျံကုန်တယ်။ အရိအရွဲတွေနဲ့ စိုရွှဲမောပန်းနေတဲ့ ခပ်သေးသေး သတ္တဝါကလေးတကောင်။ နှုတ်သီးနုကလေးကို ဟစိ ဟစိ ပိကျိ ပိကျိမြည်နေတယ်။

' အို ကလေးရယ် ရွှေဝါမရဲ့ သားလေးရယ် '

ကျုပ်ရဲ့ တောင်ပံတွေကြားမှာ ဝှက်ထားလိုက်တယ်။ ရင်ခွင်အနွေ့ငွေ့ကြားမှာ နွေးနွေးထွေးထွေးနဲ့ ကြီးပြင်းလာပါတော့လို့ ဗျောက်မက ဥခွံတွေကို လက်ကြမ်းကြီးတွေတွေ့သွားမှာစိုးလို့ အစအနမ ကျန်အောင်ကောက်ဖူးပစ်လိုက်တယ်။ သည်အကောင် ပေါက်ကလေးကို ချစ်တဲ့ဇောကြောင့် ရွံရှာရမှန်းမသိရှာဘူး။

ကျုပ်တို့ ပျော်နေတယ်။ ဂုဏ်ယူနေတယ်။ သို့ပေတဲ့ ဒါကို ဘယ်သူ့ကိုမှ မပြောရဲကြဘူး။ ပြောပြလိုက်ရင် တခြားအကောင် တွေက ဝိုင်းအုံလို့ကြည့်ကြမယ်။ ဆိတ်ကြမယ်။ ဒါမှမဟုတ် လက်ကြမ်းကြီးတွေတွေ့သွားယင် လုယူသွားယင်၊ အို . . . တွေးတောင်မှ မတွေးစတောင်းပါဘူး။

ကျုပ်နဲ့ ဗျောက်မဟာ ဝမ်းမနာသားအတွက် စိုးရိမ်ပူပန်နေကြတယ်။ သူ့ရဲ့ ပိကျိကျိအသံကလေးက ကျုပ်ရင်ကို ညွတ်နူးစေတယ်။

နောက်တနေ့ နေ့ခင်းမှာတော့ ကျုပ်တို့ခြံအောက်ကို အနက်

မတစ်ကောင်ထဲယောင်ခြာခြာ ရောက်လာတယ်။ နေ့ခင်းနေက အပြင်မှာ ကြဲကြဲတောက်ပူနေတယ်။ သစ်ရွက်ရိပ်တွေကတော့ ခါ တိုင်းလို လှုပ်ရှားနေကြတယ်။ အနက်ပြောက်ကလေးတွေ အဖြူ ပြောက်ကလေးတွေကို ကျုပ်လိုက်ရှာကြည့်မိတယ်။

ကြည့်စမ်း။ ကျုပ်ရင်ခွင်ထဲက နီနီထွေးထွေး အကောင်ပေါက်ကလေးဟာ သူတို့ထက် အဆထောင်းရာလှပါပေ့။ ခုတော့ အဖြူပြောဖက်ကလေးတွေရော၊ အနက်ပြောက်ကလေးတွေရော တစ်ကောင်မှမတွေ့။ သူတို့ရဲ့တီတီတာတာ အသံကလေးတွေကို မကြားရ။ ကျုပ်နှလုံး သားထဲက အော်မြည်နေကြတဲ့ တီတီတာတာ အသံကလေးတခုကိုပဲ အဆက်မပြတ်ကြားနေရတယ်။ ခုတော့ နက်မပြောတဲ့ နှလုံးသားဆိုတဲ့ အမိပွါယ်ကို ကျုပ်ဝိုးတဝါးနားလည် စပြုခဲ့ပြီး ကျုပ်ကခြေအောက်က နက်မကို ငုံ့ကြည့်လိုက်တယ်။

'ဘယ်လိုလဲနက်မ၊ တကောင်ထဲလား ကလော့ ကလော့'

ကျုပ်အသံက လှောင်ပြောင်သရော်သံ ပေါက်နေပေမယ့် ညိုးငယ်နေတဲ့ မျက်လုံးတွေနဲ့ အနက်မကကျုပ်ကို မော့ကြည့်တယ်။ သူပူဆွေးနေရှာပုံပဲ။ ချမ်းမြေ့ပုံမရကြတဲ့ သူ့မျက်နှာကို ကျုပ်တအံ့တသြစိုက်ကြည့်မိတယ်။ ကြက်ပေါက်ကလေးတွေနဲ့ ဂုဏ်မာနတက်ခဲ့တဲ့ မိခင်မျက်နှာမှာ သောကတွေစွန်းပေနေတယ်။

' ဟင်. . . ဘယ်လိုဖြစ်တာလဲ အနက်မ၊ နင့်ကလေးတွေကော '

' မပြောပါနဲ့တော် '

' နင့်ကလေးတွေ စွန်ချီသွားလို့လား'

အနက်မက ဖွဲ့ကြမ်းစကလေးတွေကို စိတ်မပါလက်မပါ ဆိတ်ဆွနေပြီးမှ . . .



' စွန်ချီယင် တော်သေးတယ်။ အတောင်စုံတော့ အမေ့ရင်ခွင်ကခွာပြီလေ၊ ကျုပ်မှာသာလွမ်းနာကျပြီ ကျန်ခဲ့တာပေါ့။ ကျုပ်သားလေးတွေလောက်လှတာ လောကမှာ မရှိပါဘူးတော်'

သူ့ စကားကြောင့် ကျုပ်နဲ့ ဖျောက်မကရယ်လိုက်ကြတယ်။ ကျုပ်ရင်ခွင်ထဲက အသံစူးစူးလေးမြည်လာပြန်တယ်။ သည်အသံကိုရုတ်တရက်ကြားသွားတဲ့ နက်မက နားစွင့်တယ်။

' ကျုပ်စိတ်ထင်လို့ ကြားနေတာလား၊ ကျုပ်ကလေး အသံလား '

'ဘယ်ကလာ၊ အဲဒါ ငါတို့ကလေးရဲ့အသံပေါ့ဟဲ့ '

ကျုပ်တို့က ဝံ့ဝံ့ကြွားကြွား ပြောလိုက်တယ်။ အနက်မက မယုံသင်္ကာပြန်ကြည့်တယ်။ ကျုပ်က ရင်ခွင်ထဲက အမွေးဖွားဖွားနီနီကလေးကို ထုတ်ပြလိုက်တယ်။

' ဟယ် လှလိုက်တာ '

အနက်ဖျော်မျက်လုံးတွေတောက်ပြောင်လာတယ်။

' ဘယ်လို ဥတာလဲဟင်၊ အံ့သြစရာ ကောင်းလိုက်တာ'

' နင်. . . ဘယ်သူ့ကိုမှ ပြန်မပြောနဲ့နော် '

ကျုပ်နဲ့ ဖျောက်မက အချီအချနဲ့ ဇာတ်စုံခင်းပြလိုက်တယ်။ အနက်မက အကြာကြီးငေးနေတယ်။ ကျုပ်က သားငယ်ကို အတောင်ကြားမှာ ပြန်ဝှက်ထားလိုက်တယ်။

' တခုခက်တာကဟာဒီမှာ ငါတို့ငယ်ငယ်ကလို မီးအုပ်ဆောင်းလဲမရှိ ကလေးအစာလဲမရှိဘူး။ သူ့ကိုငါတို့ ဘာကျွေးရမှန်းမသိဘူး။ ပြီးတော့ လက်ကြမ်းကြီးတွေရန်ကလဲ ရှိသေးတယ်။ ငါတို့မှာတော့ နင့်လိုလွတ်လွတ်လပ်လပ် မသွားနိုင်မလာနိုင်ဘူးမို့လား။

ကျုပ်တို့သုံးယောက် [illegible] ငြိမ်နေကြတယ်။ အနက်မက ရွှေဝါ

မလေးအကြောင်း ပြောပြတော့သူ့ရင်ထဲမှာ အတော်ထိခိုက်သွားတယ်။ ပြီးတော့ မြေကြီးပေါ်မှာ သူဘာမဆို ရှာကျွေးနိုင်တယ်။ လက်ကြမ်းကြီးနဲ့ သိမ်းစွန်ငှက်တွေရန်ကလဲ ကာကွယ်ပေးမယ့်လို့ ကတိပြုတယ်။

ကျုပ်တို့နှစ်ကောင်သား တိုင်ပင်ကြရပြန်တယ်။ ဗျောက်မကတော့ ကျုပ်တို့ဆီမှာ ထားရတာမလုံခြုံ၊ စိတ်မချရဘူးလို့ ပြောပြတယ်။ ဟုတ်တယ် ကျုပ်တို့ကိုယ်တိုင်လဲသည်အကောင် ပေါက်ကလေးကို ကြီးပြင်းအောင်ဘယ်လိုမွေးရမယ်မသိဘူး။ ရင်ထဲက နက်ရှိုင်းခိုင်မာတဲ့ သံယောဇဉ်ကြောင့် ပေးလဲမပေးရက်ဘူး။

မတော်လို့များ ဖိုးတွက်နီတို့လို ဖိုးနီတာနဲ့ဗျောက်ကြီးတို့လို ကျုပ်တို့ တခုခုဖြစ်သွားယင်ကော ဒီသားငယ်ကို ဘယ်သူထိန်းနိုင်မလဲ။ သူ့ရဲ့ကံကြမ္မာကို ကျုပ်တို့မတွေးဝံ့။

မှောင်မဲနေတဲ့ ကျုပ်တို့လှောင်အိမ်ထဲမှာ ထက်နေခြည် ဝင်းပန္ဒွေးထွေးတဲ့ သစ်ရိပ်တွေအောက်မှာ သူကိုကြီးပြင်းလာစေချင်တယ်။ နောက်ဆုံးတော့ ကျုပ်နဲ့ ဗျောက်မဟာနာကျင်ထိခိုက်တဲ့ နှလုံးသားနဲ့ သားငယ်ကို အတောင်ပံဖျားမှာ ပွေ့ချီလိုက်တယ်။ ဝါးကြမ်းအပေါက်ကနေ အောက်ကဖြန့်ခံနေတဲ့ အနက်မတောင်ပံတွေပေါ် ညင်ညင်သာသာလျှော့ချလိုက်တယ်။ သားငယ်ဟာ နီနီထွေးထွေး ကတ္တီပါလုံးကလေးလို အနက်မတောင်ပံပေါ်မှာ လိမ့်ပြီးသွားတင်နေတယ်။ ကြောက်လန့်လို့စူးရှရှ အော်သံကလေးဟာ ကျုပ်တို့ရင်ထဲ ပြင်းပြင်းထန်ထန် စူးဝင်သွားတယ်။

' အနက်မ တို့သားငယ်ကို နှလုံးသားရှိတဲ့ အကောင်ပေါက်ကလေးဖြစ်အောင် လုပ်ပေးပါကွယ်၊ နင်အိုမင်းတဲ့အခါ သားငယ်ရဲ့မိဘတွေဟာ ဒီခြံထဲကဆိုတာရယ် ရွှေဝါမနဲ့ဖိုးနီတာတို့ ကံကြမ္မာကိုပါပြောပြလိုက်ပါ '

ဗျောက်မနဲ့ ကျုပ်တစ်ကောင်နဲ့တစ်ကောင် စိုက်ကြည့်ယင်း



မျက်ရည်တွေတွေကျမိပြီ။ သားငယ်ရဲ့ တီတီတာတာ အသံကလေးဟာ အနက်မရဲ့အစာကောက်ပေးသံ တတောက်တောက်နဲ့အတူ သံပြိုင်ထွက်လာပြန်တယ်။ အနက်မရဲ့ မျက်နှာကပြုံးရွှင်နေတယ်။ ဝင်းပနေတယ်။

ကျုပ်တို့ တခြံလုံး ငြိမ်ဆိတ်သထက် ငြိမ်ဆိတ်လို့နေတယ်။ နေ့လည်ခင်းအပျင်းအရိတွေနဲ့ တခြားကောင်မတွေ မှေးစက်နေကြလို့သာ။ ကျုပ်တို့ တိတ်တဆိတ်လုပ်ဆောင်နိုင်ခဲ့တာပဲ။ လက်ကြမ်းကြီးတွေရော၊ ကောင်မတွေရော မသိပဲနဲ့ပေါ့။

နေရောင်ကြောင့် တဲအမိုးစွန်းရဲ့အရိပ်ဟာ ရေတိုင်ကီကလေးနားဆီ တိုးကပ်သွားပြီ။ အနက်မနဲ့ကတ္တီပါလုံး နီနီကလေးဟာ နေခြည်ကျနေတဲ့ သစ်ရိပ်တွေကြားမှာ လှုပ်ရှားနေတယ်။ သေးသေးစူးစူးအသံကလေးက ကျုပ်တို့ကို နှုတ်ဆက်နေတဲ့အလား။

' ပီကျ . . . ပီပီ . . . ပီကျိ . . ပီကျိ . . . ကျိ . . . ကျိ'

ပြာလဲ့လဲ့ ကောင်းကင် ပြင်ပေါ်မှာ မဲနက်နက်သိမ်းစွန်ငှက်တကောင်ရဲ့ အရိပ်ကိုတွေ့လိုက်တဲ့အခါ ကျုပ်နဲ့ဗျောက်မထိတ်လန့်ထခုန်မိတယ်။ စွန်ဟာပျံဝဲယင်း နိမ့်ဆင်းလာပြီ။ ဘာမှမသိရှာတဲ့ သားငယ်ဟာ နေပြောက်ကလေးတွေနဲ့ ကစားနေတယ်။ ခြံထဲက ကျုပ်တို့ကတောင်ပံတွေခပ်ယင်း 'ရွှေး ရွှေး' နဲ့ အော်လိုက်ကြတယ်။ အနက်မကြားပုံမပေါ်။

သစ်ရိပ်တွေကြားမှာ အရိပ်မဲတခု ဖုံးလွှမ်းသွားတယ်။ ပီကျိပီကျိအသံစူးစူးလေးက ကြောက်လန့်တကြား ဟစ်အော်သံ။ အနက်မကနောက်ကိုဖြတ်ကနဲ လှည့်လာပြီး တောင်ပံတွေ ကြားမှာ သားငယ်ကိုသိမ်းဆည်းဝှက်ထားလိုက်တယ်။ လည်ဆံမွေး တွေ ထောင်ထအောင်သိမ်းစွန်ကို အမျက်ဒေါသနဲ့ကြည့်တယ်။

စွန်ရဲ့ အရိပ်ဟာ ကောင်းကင်ပြာဆီတစတစ မြင့်တက်သွား

ငြိုး နေခြည်အောက်က သစ်ရွက်ရိပ်တွေဟာလေကြောင့် အရွက်တွေလှုပ်ရှားသလို လိုက်ပြီးလှုပ်ရှား ကခုန်လို့နေတယ်။ သစ်ရိပ်တွေအောက်မှာတော့ အလင်းပြောက်ကလေးတစ်ခုလို နီထွေးတဲ့ ကတ္တီပါလုံးလေးဟာ တကျိကျိအော်ယင်း လှုပ်ရှားပျော်ရွှင်လို့နေတယ်။ ပြီးတော့ ကျုပ်တို့ရဲ့ မျက်စိအောက်က တဖြည်းဖြည်း ဝေးလို့ဝေးလို့သွားတယ်။

၁၉၈၁။ မတ်လ

မိုးဝေမဂ္ဂဇင်း



## ဆောင်းနှောင်းရွက်ကျင်

ဆောင်းနှောင်း သစ်ရွက်တို့သည် ဝါရွှေသောအရောင်သို့ ပြောင်းကြလေသည်။ ထို့နောက် လေအဝှေ့မှာရင့်ရော်သောအ ရွက်တို့ မြေပေါ်သို့ကြွေဆင်းကြသည်။ အမေနှင်းမှာ အဘခိုင်ဆုံးပြီး ကတည်းက အထီးတည်းပင်ရှိခဲ့သည်။ ဆောင်းနှောင်းလေရူးကလေးဝှေ့၍ ချမ်းအေးလာပြီဆိုလျှင် အမေနှင်းရင်မှာကျဉ်ခနဲ၊ စစ်ခနဲ ကိုက်ခဲလာမြဲဖြစ်သည်။ ကိုခိုင်မင်းသာရှိခဲ့လျှင် မြေပေါ်မှာ ကြွေကျနေသော သစ်ရွက်တို့ကို လှည်းကျင်းကာ၊ ဗာဒံပင်အိုများ၏ ခြေရင်း၌ အမှိုက်တို့ကို စုပုံမီးရှို့ဖြစ်ကြပေလိမ့်မည်။ မီးဖိုကလေး၏ အနွေးဓါတ် ဘေးမှာထိုင်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြမည်။ သူတို့မှာတော့ ပြောစရာတွေ မရေမတွက်နိုင်အောင် ရှိခဲ့ကြသည်။ ဆောင်း၏ နှင်းငွေ့နှင်းရည်ဖြင့် စိုစွတ်သော ရော်ရွက်တို့ကြောင့် မီးခိုးအူလျှင် အမေနှင်းချောင်းတဟွတ်ဟွတ် ဆိုးတော့သည်။

"မနှင်းနှယ်ညဉ်းညော်လှသယ်"

သစ်ရွက်မှိုက်များကို တံမြက်စည်းရိုးဖြင့် မီးတောက်ညီအောင် ထိုးဆွကာ သူ့အဘွားအိုထံသို့ မီးခိုးများမလာစေရန် ကာကွယ်သည်။ အမေနှင်းကတော့ မှုန်ရီမှုန်ဝါး မျက်လုံးများဖြင့် မီးတောက်နီကြင်ကြင်ထဲမှခြောက်သွေ့မွဲရော်ကာလွင့်ကြွေလိမ် ကောက်သွားသော အရွက်များကို ငေးနေသည်။

"ကိုခိုင်မင်းရဲ့ . . . တော့်တူလေးလဲ ပေါ်မလာပြန်ဘူး"

"အေးကွယ်၊ လုပ်ခင်းကိုင်းခင်း အတန်ဟန်ကျထင်ရဲ့"

အဘခိုင်ပြောလည်းပြောစရာပင်။ အဘခိုင်တူလေး မောင်ပန်းလှ (ခုတော့ အသက်လေးဆယ်ကျော်လို့ ငါးဆယ်တွင်းမှာပါ) ကျပ်တည်းကျဉ်းမြောင်းမှ၊ လုပ်ခင်းကိုင်ခင်း အဆင်မပြေပါမှ လူအိုလူမင်းတွေကို သတိရတတ်သည်။

"အမေနှင်းရဲ့ ကျွန်တော့်မြေကလေးအပေါင်နဲ့ ဆုံးတော့မှာ မို့ရွေးပေးစမ်းပါဦး၊ ကျွန်တော့်သမီးကလေး အလှူသွား စရာရှိလို့ ကြိုးတစ်ကုံးလောက် ငှားပါဦး" ဆိုကာ ပေါက်ချလာတတ်သည်။ အမေနှင်းကတော့ ဆွေမျိုးသားချင်းနည်းပါးသူပီပီ သည်တူကလေးကို ခင်တွယ်သည်။ မြေကလေးများ အလည်လာလျှင်လည်း ပေါက်ပေါက်ဆုပ်၊ မုန့်ဩဇာချကျွေးရသည်မှာ အမော။ အင်း. . . ခုတော့ ဖိုးခိုင်မင်းမရှိမှ သူတို့ချူချလို့ ဖြူကာပြာကာလည်း ကျပေါ့။"

အမေနှင်းက ဗာဒံပင်အိုကြီး နှစ်ပင်အောက်က ရွက်ခြောက်တွေကို တန့်ကျွဲတံမြက်စည်းဖြင့် တဖြည်းဖြည်းချင်း လှည်းထုတ်ရင်း အတွေးတွေ/စီနေသည်။ သူ့ဘေးမှာတော့ ကြောင်ကလေးနက်မှောင်က တညောင်ညောင် အော်နေသည်။

"ဩော် . . . သူ့ခမျာ ဆာရှာပေါ့လေ၊ ငါ့မလဲ တမေ့တမြော"



အမေနှင်းက အမှိုက်လှည်းခြင်းကိုလက်စသိမ်းကာ၊ ကြောင်နက်ကလေးကို ယုယစွာပွေ့သည်။ လေရူးတစ်ချက် ဝှေ့လိုက်ရာ၊ သစ်ရွက်တို့ ရုတ်ရုတ်သဲသဲ လွင့်သည်။

"ရော်. . . ကမြင်းမ. . . လေနှယ်. ."

လေကို ကျိန်ဆဲသည်။ ကြောင်ကလေးနက်မှောင်မှာ သူမွေးမထားဘဲ သံယောဇဉ် တွယ်နေရသော ကြောင်ဖြစ်သည်။ ဖိုးခိုင်မင်းရှိစဉ်ကတော့ သူသည် သတ္တဝါတွေ သည်းညည်းခံခဲ့သည်။ ခွေးမွေးဖို့ဝါသနာပါသော ဖိုးခိုင်မင်းက သဘော်ခွေး၊ ချင်းခွေး၊ အင်းခွေး စုံအောင်ယူလာလေသမျှ . . .။

"ပြန်ပေးလိုက်စမ်းပါတော်. . . ဘယ်နှယ်အိမ်ခေါ်လာ ပြန်ပြီ"

တဆူဆူတပူပူ လုပ်တတ်သည်။ ခုတော့ မောင်ပန်းလှတို့ လင်မယား အစာဝဝကျွေးထားလို့ မျက်ခမ်းကလေး ပေးမှေးနှင့် မွေးရာပါ ဒုက္ခိတာကြောင်ပိန်ကလေးတစ်ကောင် သူ့အိမ်ပေါ်သို့ မခေါ်ပင့်ချေရောက်လာခဲ့သည်။ ငါးကလေး၊ သားကလေးပင် ကိုယ့်တစ်ကိုယ် မစားရက်လို့ ချွေတာတာသာရှိမည်။ နက်မှောင်ကလေးကိုတော့ ကျွေးရသည်ပင်။

နက်မှောင်ပေမှေးက ခေါင်းကလေးထောင်ပြီး အမေအိုလက်ထဲက ဆင်းပြေးလေသည်။ ထို့နောက် အမေနှင်း၏ အိုးမည်းခွက်မည်းကလေးများဗုံစီသလို စီထားရာ၊ မီးဖိုချောင်ကလေးထဲမှ ပိုးဟပ်များကို လိုက်ဖမ်းပြီး စားသည်။

"ဟဲ့ကောင် အနှံ့စပ်ကရာစားလို့ နင် ပိန်နေသာဟဲ့"

အမေနှင်းက ကြုံးဝါးရင်း သူ့ကြောင်ကလေးလည်ပင်းမှ ချူသတလေးကို ခေါင်းတညိတ်ညိတ် နားထောင်ကာ. . .

"ပူစီ. . . မီမီ. . . မီမီ. . . လာလာ"

ငါးကျပ်တင် ပေါက်စကလေးတစ်ကောင်ဖြုတ်ကာ ကျွေးသည်။ မီးဖိုထောင့်မှ သစ်သားငရုတ်ဆုံကြီးကို သယ်ကာ သူ့အတွက် ငါးကျပ်တင်တစ်ကောင်ကို အရိုးသင်ပြီး ထောင်းသည်။ တစ်ဘက်က ထောင်းရင်း လက်တစ်ဘက်က ကျပ်ခိုးစင်နိမ့်နိမ့်ပေါ်မှ ကြက်သွန်တောင်းကို လှမ်းဆွဲသည်။ ကြက်သွန်များ မှောက်ကျပြန့်ကျဲကုန်သည်။

ကြက်သွန်တွေက အတက်အစို့တွေ ထွက်ပြီ။ မနှစ်က မောင်ပန်းလှတို့လင်မယား ကြက်သွန်ခင်းစိုက်လို့ တစ်တောင်းပေးထားသာပေါ့။ ကြက်သွန်အူပွ တစ်လုံးကို ဓားမခပ်တုံးတုံးဖြင့် အခွံသင်သည်။ ကြက်သွန်သင်နေစဉ် နက်မှောင် မောင်မင်းကြီးသားက နှုတ် ခမ်းပါးနားသပ်ကာ ကျောဆန့်လာရာက အမေနှင်းဆုံထဲမှ ငါးဖတ် တစ်စကိုနှိုက်ဖို့ ကြိုးစားသည်။ အမေနှင်းက ဓါးအမြီးဖျားလေးဖြင့် မရိုက်ရက်ရိုက်ရက် ရွယ်ရင်း

"ဟင်းနော် . . . ဟင်းနော်. . . မင်းကြီးဘုရားက မျိုလို့စားလို့မဝနိုင်ပေဘူးနော. . ."

ကြောင်က ညောင်ခနဲမြည်သည်။ အမေနှင်း ခြေဖမိုးကို ပွတ်သပ်ကာ တအီအီ လုပ်သည်။ သည်လိုချွဲပြလိုက်တော့ တင်းထားသောမာန်ကလေး လျှော့ကျသွားကာ

"ဟဲ့. . . ငါ့သား ဝပြီလားဟဲ့၊ ငနက်ကြီးရဲ့"

ငါးအမြီးကို ဖဲ့ကာကျွေးလေသည်။

(၂)

နေခြည်က ဝင်းဝင်းလင်းလာလျှင် အရှေ့ဘက် တောအုပ်၌ သစ်ပင်တို့၏ အနားစွန်းဝယ် နေခြည်၏ရောင်လျှံဖြင့် တဝင်းဝင်း



တလျှံလျှံတောက်ပလာသည်။ အမေနှင်း၏ အိမ်ခန်းထဲသို့ နွေးသော နေခြည်ပေါက်များ ပြောက်ကျားပြောက်ကျား ခုန်ဝင်လာသည်။ မနက်ခင်း၏လင်းခြင်း၊ သန့်ရှင်းခြင်းနှင့်အတူ ဆိတ်ဖလူးပင်နှင့် ကရမက်ပန်းချုံမှ ပန်းနံ့တို့သန့်ခနဲဝင်လာသည်။မေတ္တာပို့၊ ပုတီးစိပ်ပြီး မနက်ခင်း ဝမ်းမီးကို ထမင်းရည်ဖြင့် ဖြည့်တင်းပြီးသော အမေနှင်းသည် ပြတင်းတံခါးများကို လိုက်လံဖွင့်လေသည်။ အမေနှင်း၏ နှလုံးသားတွင်လည်း ပေါ့ပါးလျက် ဟောင်မြင်းသောကြိမ်ခြင်း ဝိုင်းဝိုင်းကလေးကို ဆွဲကာ ဈေးသွားဖို့ပြင်သည်။

"မမယ်သင်တို့ မထားမြင့်တို့၊ ဟဲ့. . . ဈေးလိုက်ကြဦးမလား"

အိမ်ရှေ့ဝင်းခြံအနီးမှာ ထူထပ်စွာပွင့်နေသော ကရမက်နွယ်ပင်မှ အခက်တို့ကိုချိုးကာ အိမ်နီးချင်းများကို ခေါ်ငင်နေသည်။

"သွားနှင့်အရီးရေ၊ သွားနှင့်"

အရီးမှာ မသွားနိုင်သေးပါ။ ပန်းရနံ့များက အေးသော ဆောင်းလေထဲတွင် သင်းကြိုင်ပျံ့မွှေးနေသည်။ ပန်းအခက်အခက် အဆုပ်ဆုပ်နှင့် ပန်းချုံကြီးမှာ နှင်းပွင့်ဖြူတွေ သီးနေသည့်နှယ်။ ခိုင်မာသော နွယ်များက ဆီးချုံကိုယှက်ဖြန့်အုပ်မိုးကာ ပိန်းထီးဖြန့်ထျက်သလို နွယ်တွေတခွေခွေ၊ ပန်းခိုင်အသွယ်သွယ် နွယ်ကျနေသည်။ သည်ပန်းရနံ့ကား အမေနှင်းယနေ့တိုင် မြတ်နိုးစွာ လိမ်းကျံဆဲဖြစ်သော တရမက်သနပ်ခါး၏ ရနံ့မျိုးဖြစ်သည်။ ရင်ထဲလှိုက်အောင် တသင်းသင်းရှိုက်ငင်မွှေးသည်။

ကိုခိုင်မင်း ရှိစဉ်ကပေါ့။ သည်ကရမက်ပင်ကလေးကို တခုတ်တရ ရှာကြံတောင်းလာပြီး၊ အိမ်ရှေ့ဝင်းခြံနားမှာ ပျိုးပေးသည်။ပန်းပင်ပေါက်ကလေး သွားတောင်းရင်း ဘုန်းကြီးလူထွက် ကိုစံခအိမ်ကခွေးကြီး တိုက်လွှတ်လိုက်သမို့လား။ သင်းခြေထောက်မှာ ခွေးစွယ်ရာကြီး နတ်ရှိုင်းလျက်၊ သွေးခြင်းခြင်း နီရဲလျက်။ သို့ပေတဲ့ သင်းကအပြုံး

မပျက်။

"နည်းနည်းလေးသာပ. . .၊ အစွယ်နဲ့ခြစ်သာပါ၊ ကျား စွယ်သွေးလိမ်းရင် ပျောက်မှာပဲ"

အမေနှင်းမတော့ ဘုန်းကြီးဦးရေဝတ ရေမန်းလည်းတိုက်ရ၊ အညှော်မဝင်အောင် အုပ်ဆေးလိမ်းပေးရနှင့် ပူပင်ခဲ့ရသည်။

"ရှင်နှင်းရ. . . သည်အပင်မျိုးက တစ်ရှုံကြီးပွားမှာပ၊ မင်းမြေး တွေ တစ်ဝကြီးပန်ပေရော့"

အင်း. . . သင်းရော ငါရော ရယ်လိုက်ကြရတာလေ။ ဂျပန် သတ်တာက တစ်ယောက်၊ ကုန်ဝယ်ရင်း လှေမှောက်တာက အငယ် ကောင်၊ စစ်တွင်းက ငါ့သားနှစ်ယောက်လုံး ဆုံးခဲ့ပါရော့လား။ သည် ကတည်းက ငါ့မှာ ကလေးသားမြေးမရှိ။ သင်းမို့ ပြောရက်ပေသည်။

"ဘွားလေး. . . ပန်းတစ်မတ်ဖိုးပေးပါ ဘွားလေး"

တံချူကလေးကို လက်တစ်ဘက်က ကိုင်ရင်း ၊ ပန်းများနှင့် ပီတိဖြစ်နေသော အဘွား၏ ပါးခွက်ခွက်ကြီး ချိုင့်ဝင်သွားအောင် ပြုံး လိုက်ပုံကို ကလေးမငယ်က နားမလည်သလို တွင်တွင်ခေါ်နေသည်။

"ဟဲ့ . . . အို. . . ကြည်ကြည်တင်လေးပါလား၊ အေး. . . အေး အဘွားခူးလိုက်ဦးမယ်။"

အဘွားက ကလေးမအတွက် ပန်းများကို ခူးပေးရင်းမျက်ရည် စို့ချင်လာသည်။

"အင်း. . . သင်းကတော့ ငါ့တစ်သက်စာ စားရော့စိုက်ပေး သွားတာပဲ"

ပန်းရနံ့က သင်းပျံ့နေသည်။ ဆယ့်နှစ်နှစ်သမီးကလေးက တော့အမေနှင်း၏ တုန်ချည့်တုန်ချည့်လှုပ်ရှားကာ တံချူဖြင့် တစမ်းစမ်း ပန်းခူးနေသောလက်များကို အားမလိုအားမရ မော့ကြည့်နေသည်။



(၃)

နေမွန်းတည့်လုပြီ။ သည်ကနေ့တော့ ဆွမ်းမီဖို့မလွယ် တော့။ ဆွမ်းခံပြန်ချိန်လည်း တန်ပါပြီ။ ပန်းရောင်းပြီး ဈေးဝယ်ပြန်ခဲ့ သော အမေနှင်း၏ ခြင်းအိုကလေးထဲတွင်အကောင်းဆုံးအစားအစာများပါပါ သည်။ နက်မှောင်အတွက် ငါးစိုငါးစိမ်း ကလေးများရယ်ပါ။

ကြက်တွေက စည်းရိုးမလုံသော သူ့ခြံထဲသို့တိုးဝင်ကာ မြေ စမ်းမရမ်းပျိုး စိုက်ထားသော သစ္စာပန်းပင်ကလေးများကို ဆိတ်ဆွကြ သည်။ နှီးရေပုံးစုတ်ထဲမှာ ပျိုးထားသော ဒန်းကြီးပင်ပေါက်ကလေး များ၊ သလဲပင်ပေါက်ကလေးများကိုလည်း ဆိတ်ဖွဲ့စားကြသည်။

အမေနှင်းမှာ လက်ထဲက ခြင်းကလေးကို အိမ်အောက်ကွပ် ပျစ်မှာတင်ကာ ခေါင်းပေါ်မှ ပဝါကိုပင် မဖြုတ်နိုင်သေးပဲ

"ရှူး. . . . ရှူး"

ကြက် ခြောက်ရပါသည်။ လူအိုတော့ ကြက်ကမလေးပါ။ ကြက်သားအမိသားအဖ တစ်သိုက်သည် လည်တညိတ်ညိတ် ခေါင်းတ ခါခါနှင့် ကလွတ်ကလွတ်မြည်ကာ အစာရှာနေကြဆဲ ဖြစ်ပါသည်။ အမေနှင်းက ခဲလုံးသေးသေးလေးများနှင့် ပေါက်မှ ခြေဦးတည့်ရာ ပြေးကြသည်။ ခြေနာနေသော ကြက်ပေါက်စကလေး တစ်ကောင်မှာ အဖေနှင့် အမေကိုမမီဘဲ တကျည်ကျည်အော်ကာ ကျန်ခဲ့သည်။ နက်မှောင်က မီးဖိုချောင်ပြာပုံမှာ ကွေးရာက ပြေးထွက်လာပြီး ကြက် ကလေးနောက်က လိုက်သည်။ ကြက်ကလေးက စူးစူးဝါးဝါး အော် သည်။ နက်မှောင်မာန်ဖီနေစဉ် အမေနှင်းက နက်မှောင်ကို ပွေ့ချီလိုက် ရသည်။

"အင်း. . . သင်းကလေးလဲ ငါ့လိုပဲ ထော့နင်းထော့နင်းနဲ့သေ မင်းနဲ့တွေ့ဖို့ ကျန်ခဲ့သလိုပဲ၊ သွားပါစေသားရယ်"

"မောင်ပန်းလှတို့ လင်မယားကတော့ ဒီအိမ်ကြီးကိုရောင်းပြီး

သူတို့နဲ့ လာနေဖို့ခေါ်ပါတယ်။ ကျုပ်မှာက မရောင်းရက်လို့သာ၊ အငှား ထားဖို့ကြံရသာ။ လူလေးလို့ မိန်းကလေးတို့ ကြည့်ကြပါ။ လသာဆောင်နဲ့ အတွင်းခန်းတွေကလဲ အကျယ်ကြီးပါပဲ။ အပေါ်ထပ် အောက်ထပ် ကိုယ်လုံးပေါ်မှန်ကြီးလည်း နှစ်စုံတောင်ရှိပါတယ်၊ အင်း . . . ဖိုးခိုင်မှင်းရှိစဉ်ကတည်းက ဒီမှန်ကြီးတွေ ဘုန်းကြီးကျောင်း လှူကြမလို့၊ မလှူဖြစ်သေးလို့ပဲ၊ ခုတော့မိန်းကလေး သဘောရှိကြည့်ရသာပေါ့။ ဘုရားစင်က ဘုရားကလည်း ဒက္ခိဏသာခါ ရုပ်ပွားတော်ပါ၊ တစ်မြို့လုံး မီးကြီးနှစ်ခါလောင်တာတောင် ကွင်းခဲ့ပါတယ်။ ကျုပ်လဲ တစ်ကိုယ်ရေ တစ်ကာယသမား၊ အေးအေးနေတယ်။ လူကလေးတို့ မိန်းကလေးတို့လဲ ဒီကလေးသုံးယောက် မဟုတ်လား။ အခန်းတွေက အကျယ်ကြီးပါ။ စိတ်ချမ်းသာသလိုသာ နေကြပေရော့။ ကျုပ်တော့ မီးဖိုနားက အဖီကလေးထဲမှာ နေမယ်။ လောလောဆယ်တော့ တစ်မီးဖိုတည်း အတူတူချက်ကြတာပေါ့"

မြို့သိမ်မြို့ငယ်ကလေးသို့ ရာထူးတိုးပြီး ပြောင်းရွှေ့လာရသည့် အရာရှိငယ်ကလေးသည် ကြုံလိုသောအဘွားအိုနှင့် မလိုက်အောင်ကြီးမားခန့်ထည်သော ဝါးကပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ အဖီသွပ်ဘန်းချအိမ်ကြီးကို အားရကျေနပ်စွာ ကြည့်သည်။ ဇနီးသည် ကလေးကတော့ အိမ်ပေါ်မှာ တဒုန်းဒုန်း ပြေးလွှားဆော့ကစားနေကြသည့် ကလေးများကိုထိန်းရင်း . . .

"အမေရယ် . . . ရှစ်ဆယ်ဆိုတာတော့လျှော့ပါ၊ သမီးတို့လဲ သူ့တစ်ယောက်လုပ်စာနဲ့ ၊ ဒီကလေးတွေနဲ့စားရတာ ဆိုတော့"

ချွဲသံကလေးဖြင့် တောင်းပန်သည်။ စိတ်ထဲမှာတော့ တစ်ရာမကတန်သည်ဟု လက်ခံယုံကြည်ပြီးဖြစ်သည်။

အမေနှင်းပါးပြင်မှာ တင်းသွားသည်။ နေခြည်ဝင်းဝင်းက သူ့နားပေါက်ကျယ်ကြီးများမှ တွဲကျနေသော တစ်ဖက်ပိတ်နားတောင်းအစုံကို ရွှေရည်ဝင်းစေသည်။ သို့သော် သူ့မှာ ရင်ထဲက မချိလှ။



ဘိုစဉ်က လင်စုံမယားဖက် တပည့်တွေတစ်လှေကြီးနှင့် စားသောက်ဝိုင်းဖွဲ့ရာ အိမ်ကြီးပေါ်မှာ သူစိမ်းပြင်ပြင်တွေ တင်ရဦးမည်။ ဈေးစကားပြောနေရသေးသည်ဆိုတော့ ရင်ထဲမှာ အနင့်သား။ သို့သော် သူ့မှာက ပန်းကလေးရောင်းလိုက်၊ ရာသီပေါ်အသီးအနှံကလေး ဖလှယ်လိုက်နှင့်၊ လူပေးသူပေးစား နေသည့်ဘဝ၊ ရှိခဲ့သမျှလဲ လှူတာရော၊ ဆေးဖိုးဝါးခရော၊ အလိမ်ခံရတာရော ကုန်သလောက် ရှိခဲ့ပြီမို့ ရွှေနားတောင်းဝင်းဝင်းနှင့် မပြေင်းသာတော့။လေသံပျော့ကလေးနှင့် . . .

"အင်း . . . ဒါဆိုလည်း ခုနှစ်ဆယ်တော့ထားပေါ့ သမီးတို့ရယ်၊ အမေ့မလဲ လှူရေးတန်းရေးနဲ့ "

"ဟုတ်ပါတယ်ကွာ၊ မင်းကလဲ ပေးလိုက်ပါ"

"ကဲ . . . ညနေကျ တစ်ခါတည်းပြောင်းလာမယ်နော် . . . အမေ"

အမေနှင်းက ခေါင်းကို လေးလေးညိတ်သည်။ ကလေးတစ်ယောက်က ပြတင်းပေါက်မှနေပြီး ဆိတ်ဖလူးကိုင်းကို လှမ်းဆွဲသည်။

သူ့အဖေက "ဟဲ့ကောင်၊ သေတော့မှာပဲ"

အော်ကာပြေးသွားသည်။ အမေနှင်းက ဘုရားတသည်။

(၄)

ရွက်ခြောက်ရွက်အိုတို့ကို လှည်းကြကျင်းကြသံများ ကြားနေရသည်။ သစ်ရွက်များအသံက တကျွမ်းကျွမ်းမြည်သည်။ ကလေးအဖေက ထံမြက်စည်းလှည်းရင်း သီချင်းတစ်ပုဒ် ဆိုသည်။ သားများက လိုက်ဆိုကြသည်။ ထိုသီချင်းသံကို အမေနှင်း နားမလည်ပါ။

ထို့နောက် ညော်နံ့စူးစူးရှရှ နှာခေါင်းထဲသို့ တိုးဝင်လာသည်။ ကြွက်သွန်ဖြူ ဆီသတ်သော ညော်နံ့ဖြစ်သည်။ အမေနှင်းက ချောင်းတ

ဟွတ်ဟွတ် ဆိုးသည်။ ခြင်ထောင်ကလေးထဲသို့ ကပျာကယာဝင်သည်။

"ဟဲ့ကြောင်. . . ကြောင်စုတ်၊ ငါ့ ငါးကြော်တွေ ခိုးစားပြန်ပြီ"

မီးဖိုထဲမှ ကြူးဝါးသံ၊ ရိုက်နှက်သံ၊ ကြောင်တစ်ကောင်၏ နာနာကျည်းကျည်းအော်သံများ ထွက်ပေါ်လာသည်။ အမေနှင်းစိတ်မှာ ထောင်းခနဲဖြစ်သွားကာ 'အုပ်ဆိုင်းမှ မထားတာ၊ ခိုးစားတာတောင် နည်းသေး'ဟု တွေးလိုက်သည်။ နက်မှောင်က ထုပ်တန်းမှ ဝုန်းခနဲခုန်ဆင်းလာပြီး အမေနှင်း ခြင်ထောင်ဘေးမှာ တညောင်ညောင်မြည်သည်။ အမေနှင်းက နက်မှောင်အမြီးကို ဆွဲကာခြင်ထောင်ထဲသို့ ဆွဲသွင်းသည်။ ခြင်ထောင်ဖွင့်စဉ်၊ လေအပင့်မှာ သစ်ရွက်ညှော်နံ့က ကြက်သွန်ဖြူညှော်နံ့နှင့်အတူ လုံးခနဲခဲခနဲ တူးတူးခါးခါးကြီး ဝင်လာသည်။ ကြောင်က တအင်အင်ညည်းကာ အဘွားကိုယ်ငွေ့လှုံသည်။

အမေနှင်းက နက်မှောင်ကို စမ်းကာ. . .

"သား . . . သားကို နှိပ်စက်ကြပြန်ပလား"

ကြောင်က နားမလည်သော်လည်း တအင်အင် မြည်ကာတိုင်တန်းနေသည်။ အမေနှင်းက နက်မှောင်ကျောပြင်ကို ပွတ်သပ်ရင်း မီးလောင်၍ အမွေးစားသွားသော အနာရွတ်ကို စမ်းသပ်ကာ. . .

"သင်းတို့ ငရဲလားမယ့်ဟာတွေပါ သားရယ်၊ အကုသိုလ်များလိုက်ကြသာ"

ပြီးခဲ့သည့် တစ်ရက်နှစ်ရက်က နက်မှောင်မီးဖိုဘေးမှာ ခွေနေစဉ် အလတ်ကောင်က မီးစနှင့် ကောက်ထိုးသဖြင့်သည် ဒဏ်ရာရခဲ့သည်။ အမေနှင်း မျက်ရည်ကျရသည်။ အမေနှင်းကိုယ်တိုင် အားကိုးရာမဲ့မှတော့ သူ့ကြောင်မှာလည်း သည်လိုဖြစ်ရပေါ့။ တရားနှင့်ဖြေသည်။

"အိမ်ကြီးရောင်းပြီး မောင်ပန်းလှတို့လင်မယားဆီ သွားနေလဲသင်းတို့က ပိုက်ဆံကလေး လက်ထဲရှိတုန်း ကြည်ဖြူကြမှာပဲ၊ အင်း



. . . ဒီအိမ်ကြီးငှားတာတောင် သင်းတို့မတိုင်ပင်ကောင်းလားလို့ တဖုံဖျစ်၊ ငါက ခုလိုပြောရင် ငါ့ကိုပဲ ဝိုင်းအပြစ်တင်ကြမှာ၊ သူ့မယားမိန္မကလဲ စွာစွာနဲ့၊ ယော်. . . ကိုခိုင်မင်းရေ. . . ရှင်မရှိလို့သာနော်၊ ဘေးဒုံရှင်ကြီးရဲ့"

မျက်ရည်မကျတော့သော်လည်း တမ်းတမိသည်။ နက်မှောင်ဘဘညောင်ညောင် တကျည်ကျည် လုပ်လာပြန်သည်။ လူအိုနံ့၊ ဆေးလိပ်နံ့နှင့် မွန်းပိတ်နေသော ခြင်ထောင်အိုကြီးထဲမှာ နေလိုဟန်မရှိပါ။ အမေနှင်းလက်ကို ကိုက်သည်။

"သင်းကလဲလေ. . ."

အမေနှင်းက ခြင်ထောင်ကိုဖွင့်ကာ ကြောင်ကိုထုတ်သည်။ မီးခိုးများက အပေါ်ဆင့် ဝါးကပ်ကွက်ထဲမှ လုံးခနဲဝင်လာသည်။

"ရော်. . . အိမ်ကို မီးတင်ရှို့တော့မယ်ထင်ရဲ့"

ညှော်နံ့ကို ဂရုမပြုနိုင်ဘဲ ထထိုင်သည်။ ချောင်းတဟွတ်ဟွတ်ဆိုးသည်။ သစ်ရွက်တို့ တဖျစ်ဖျစ် မြည်သံကြားရသည်။

"အဖေကြီးတို့. . . ပြီးရင် လာကြတော့၊ ထမင်းစားမယ်"

"ခဏနေဦးဟေ့၊ အမှိုက်မကုန်သေးလို့"

ခါတိုင်းတော့ အမှိုက်ရှင်းသည့်အလုပ်ကို အမေနှင်းကိုယ်တိုင်လုပ်ခဲ့သည်။ ခုတော့ အမြင်မတော်လို့ထင့်။ ကလေးအဖေ အခွန်ဦးစီးမှူးကလေးက. . .

"ကျွန်တော်တို့ လှည်းပါမယ်ဗျာ"ဟု ဆိုသည်။

အမေနှင်းကိုယ်တိုင် အပူပြန်လိုက်၊ အချမ်းပေါ်လိုက်နှင့် ကိုယ်တွင်းဓါတ်တွေ ဖောက်ပြန်နေချိန်မို့သင်းတို့ကို ခွင့်ပြုလိုက်ရသည်။

"အင်း. . . သင်းမိန်းမကလဲ ထမင်းစားအတင်းခေါ်၊ မီးတန်း

လန်းနဲ့ ထသွားရင်တော့ အမှိုက်တွေကလဲ ကျွတ်ရွလို့၊ ဖိုးခိုင်မင်း ဆောက်သွားတဲ့ အိမ်ကြီးပေါ် မီးပွားကျရင်တော့ ဘုရား . . . ဘုရား . . .”

အမေနှင်းက တောင်ဝှေးကို အားပြုကာလှေကားမှ ဆင်းသည်။ မပြုံးချင်ဘဲ ပါးချိုင့်ကြီးခွက်အောင် ပြုံးလိုက်ပြီး

“ဟဲ့. . . သားအဖတစ်တွေ မပြီးကြသေးဘူးလား”

သူ့အမေးကို ကြားကြဟန်မတူ။ ကလေးများသည် မီးဖိုဘေးမှာ ဝိုင်းထိုင်ကာ၊ မီးစများကို ထိုးဆွကစားနေကြသည်။ စိမ်းဝါပြာလဲ့နီရွှေသော မီးတောက်ထဲမှာ ပျော်စရာကမ္ဘာကလေးတစ်ခုရှိသည့်နှယ်။ မီးပွားမီးစများက လေရူးအဝှေ့မှာ တဖျစ်ဖျစ် တဖြောက်ဖြောက်မြည်ကာ ဝဲပျံကြသည်။ ကလေးအဖေက ရေတွင်းမှာရေချင်နေသည်။

အမေနှင်းက မီးဖိုနားသို့သွားကာ. . .

“ဟဲ့. . . ဟဲ့. . . မဆော့ကြနဲ့”

နက်မှောင်က သူ့ခြေထောက်ကို တိုးဝှေ့လျက်၊ တညောင်ညောင်မြည်ပြန်သည်။ အမှတ်တမဲ့မို့ လဲမလိုဖြစ်သွားကာ. . .

“ဟဲ့. . . ပလုတ်တုတ်”

ယောင်လိုက်သည်။ ကလေးများက အမေနှင်းကို ကြည့်ကာရယ်လိုက်သည်။ အမေနှင်းက နက်မှောင်ကို ပွေ့ချီလိုက်သည်။

ဆောင်းနှောင်းရွက်ကျင်များက မီးထဲမှာတွန့်လိပ်ကာ မည်းနက်ကြေမွသွားကြသည်။ နီရဲသော မီးပွားကလေးများ တဖျပ်ဖျပ်လွန့်လူးပြီး ရွက်အိုဘဝကို အဆုံးသတ်သွားကြသည်။ ညနေ၏ နီရဲသော ကောင်းကင်တိမ်တိုက်များသည် နေရောင်ကို ပွေ့ပိုက်လျက်မည်းမှောင်သော အိမ်ကြီးပေါ်၌ လှပစွာကွန့်မြူးနေကြ သည်။

ကလေးငယ်တစ်ယောက်က ဖာဒံပင်အိုပေါ်မှ ရွက်ခြောက်



နီကြင်ကြင်ကိုကောက်ကာ မီးထဲသို့ပစ်ထည့်လိုက်သည်။ နီရဲငြိမ်း သေစမီးထဲတွင် ရွက်အိုကလေးသည် ခဏမျှတည်ငြိမ်နေသေးသည်။ ပြီးတော့တဖျစ်ဖျစ်မြည်ကာတွန့်လိမ်လာသည်။ နောက်တော့မည်းမှောင်လောင်ကျွမ်းသွားသည်။ မီးပွား အမှုန်အစကလေးများ မြေပေါ်သို့လွင့်စဉ်သွားပြီး ပြာစကလေးများအဖြစ် ဘဝပြောင်းသွားသည်။

အမေနှင်းက ငြိမ်းသေသွားသော မီးဖွားမီးစကလေးများကို စိုက်ကြည့်နေစဉ် ကြောင်ကလေးနက်မှောင်က တအင်အင်မြည်လေသည်။

၁၉၈၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊

ရှုမဝမဂ္ဂဇင်း

ညရဲ့အလင်း

၄ ၄ ၄ ၄ ၄

လူသားတစ်ယောက်အနေဖြင့် သူသည် လှပသောဘဝအိမ်မက်များကို မက်ဖူးခဲ့ပေလိမ့်မည်။ ခုတော့ ဆုံးရှာပြီ။ သူ့အမိ၊ သူ့အဖ၊ သူ့အိမ်သူနှင့် သားငယ်တို့ နှလုံးအိမ်ကြားမှ သူ့ကို လောက၏ သဘာဝတရားက ထာဝရနှုတ်ယူသွားခဲ့ပြီ။ သူ့မိတ်ဆွေအပေါင်းအသင်းများမှာလည်း သတင်းစာထဲတွင်ကြေငြာ မပြုနိုင်သော်လည်း ရိုးသားတိတ်ဆိတ်စွာပူဆွေး ဝမ်းနည်းကြသည်။

တကယ်တော့ သူသည်သာမန် လူတစ်ယောက်မျှသာ။ ဘဝမှာလည်း ဘာတစ်ခုမျှ ထူးထူးခြားခြား လုပ်ပြမသွား နိုင်ခဲ့။ရှိပါစေ။ မည်သို့ဖြစ်စေ တကယ်ဆိုလျှင် လူသာမန်မျှဖြစ်သော သူအားလူ့ဘဝထဲမှာ ပျော်ရွှင်စွာ နေခွင့်ပေးစေချင်သေးသည်။ သူ၏ သားငယ်အတွက် မျှော်လင့်ခြင်း၊ အိပ်မက်တို့ တောက်ပလင်းလက်မက်စေဖို့ရာ အိပ်ရာဝင်ပုံပြင်တွေ ပြောပြမည့် ဖခင်အဖြစ်ရှိခွင့်ပေးသင့်သည်။ သူ၏



အရိုးအရေတို့မှာ ရိုးမတောင်ရိပ်မိုးသောမြို့ကလေးတစ်မြို့မှ သချိုင်းမြေပုံထဲတွင် ဆွေးမြေ့ကာဖုန်မှုန့်မြေသားနှင့် ရောထွေးသွားလောက်ပြီ။

နောင် နှစ်နှစ်သုံးနှစ်ရှိလျှင် သားကလေးက ဖေဖေ့ကိုမေးတော့မည်။ သားငယ်၏ ကြည်လင်သော မျက်ဝန်းများက "ဖေဖေ ဘယ်မှာပါလိမ့်"ဟု ဖခင်၏ မေတ္တာကို ရှာဖွေလိမ့်မည်။

"ဒါ. . . မင်း ဖေဖေလေ"

သူ့မိခင်က ဓါတ်ပုံကို ပြမည်။

ဓါတ်ပုံထဲမှာ ဖခင်၏ ရွှမ်းမြသော အပြုံးကို တွေ့လိမ့်မည်။

သို့သော် လူကလေးအတွက် မနွေးထွေးစေတော့။"

(၂)

ရံဖန်ရံခါတော့ အမေက ညာလိမ့်မည်။ မျက်ရည်စနှင့် အမိညာလျှင် မသိသေးသောသားငယ်က "ဖေဖေ ဟိုအဝေးကြီး မှာ"သူမသိသော တစ်နေရာမှာရှိသည် ထင်မည်။

"သားလေး ဖေဖေက ဟိုအဝေးကြီးကိုခရီး ထွက်သွားတယ်သားရဲ့"

ညဦးနက်နက်တွင် တလက်လက်တောက်ပသော ကြယ်စင်များကို ကြည့်ကာ လေကြောင့် လှုပ်ရှားသော နွေဦးသစ်ကိုင်း များကိုကြည့်ကာ ပျံသန်းသောညဌက်များကို ကြည့်ကာ ဖခင်ကိုရှာဖွေသိမ့်မည်။

"ကျွန်တော့် ဖေဖေကို ပြန်ခေါ်ခဲ့ပါနော်။"

ညဌက်တွေကို သူမှာလိမ့်မည်။ သစ်ကိုင်းထောင့်ကွေးမှာ အရွက်လိပ်၍ ကွေးအိပ်နေသော ပေါက်ဖတ်ကလေးက မိခင်လိပ်ပြာကို နှလုံးအသိစိတ်ဖြင့် တောင့်တသလို သူသည် ငိုရှုံ့မသိပဲ။ ဖခင်ကို

တောင့်တမိလိမ့်မည်။

သည်အခါတွင် မိခင်ကဖြစ်စေ၊ အဘိုးအဘွားနှင့် သားချင်းများက ဖြစ်စေ၊ သူ့ဖခင်၏ပေါင်းဖော် သင်းဖော်တွေ ကဖြစ်စေ၊ ဖခင်ဖြတ်သန်းခဲ့သော ခရီးလမ်းမှာ တွေ့သိကြုံမိသမျှပြောပြကာ အဖေ့ဘဝကို ပုံဖော်ကြလိမ့်မည်။

"ကလေး ဖေဖေဟာ သည်လို လူကွယ့်"

အတွေးဖြင့် မှေးမှေးမှိန်မှိန်ရေးဆွဲခဲ့သော ဆေးစက်ကောက်ကြောင်းတို့ အရိပ်ထင်ရာ ဖခင်၏ ကိုယ်ပွားသဏ္ဍာန်များစွာ သားလေးတွေးမိခဲ့မည်။

ဒါသည်ပင် သူ့အတွက် ဂုဏ်ယူစရာဖြစ်ကာ ကြည်နူးစွာပြုံးမိလိမ့်မည်။ မျက်ဝန်းထဲတွင် အဖေ့အရိပ်တို့ထင်လျှင် သူ့ဖခင်ငယ်စဉ်က ပြုံးခဲ့ဖူးသော ရိုးသားသန့်ရှင်းမှုဖြင့် ဝင်းလျှံကာ နှလုံးအိမ်မှ စိမ့်ကျသည့် ပီတိအပြည့် မျှော်လင့်ခြင်းအပြည့် အပြုံးမျိုးဖြစ်သည်။

(၃)

ဖေဖေ့တကယ့်ဘဝကမူ သားကလေး မှန်းဆသလောက် တောင့်တနှစ်လိုဖွယ်ဘဝမျိုး မဟုတ်ခဲ့ပေ။ သို့ရာတွင် ဖေဖေငယ်စဉ်ကတော့အခု သားလေးဘဝထက်ပင် လိုတရ၍ ပျော်ရွှင်စရာကောင်းခဲ့သည်။ ဖေဖေ့ဖခင်မှာ မိဝိုင်းဆိုသည့် ဆင်မကြီးတစ်ကောင်ပိုင်ခဲ့သည်။ ရိုးမထဲမှ သစ်များကို ထိုဆင်မကြီးဖြင့် ဆွဲသယ်ပို့ပေးခြင်းဖြင့် စီးပွားရေးပြေလည်ခဲ့သည်။ ဖေဖေတို့အိမ်ကြီးမှာ ဧရာကျွန်းလုံးတိုင်များဖြင့် ဆောက်ထားပြီးရေနံရောင် ညိုမှောင်လျက် မြင့်မားကျယ်ဝန်းသော တစ်ထပ်အိမ်ကြီးဖြစ်သည်။ ဖေဖေ၏အဖေနှင့် အမေမှာစီးပွားရေးရာ နားလည်ပါးနပ်သူများ၊ မဟုတ်ကြသော်လည်း မိဝိုင်း၏လုပ်အားကြောင့် ရွှေနှင့်ငွေနှင့် တောင့်တောင့်တင်းတင်း နေနိုင်ခဲ့ကြသည်။



သို့ကြောင့်ပင် ဖေဖေကို တက္ကသိုလ်ပို့နိုင်ခဲ့ကြသည်။ ဖေဖေ စီးပွားရေး တက္ကသိုလ် တတိယနှစ်လောက်မှာပင် ကြမ္မာဆိုးကစဝင်ခဲ့သည်။ ပထမ မိဝိုင်းဆုံးသည်။ နောက်တော့ မလုပ်တတ် မကိုင်တတ်နှင့်မို့ ဆင်းရဲခြင်း ကစတင်ခဲ့သည်။ ဖေဖေ အမေ့၏ ဖိုးနွယ်ကြိုးနှင့် စတီလက်ကောက်များမှာ သူ့ကျောင်းစရိတ်နှင့် အခြေတကျမခိုင်သေးသော မိသားစု စားဝတ်နေရေးစရိတ်များကြောင့် တစတစပြုတ်ခဲ့သည်။ အဖေရော အမေရော မပါးမနပ် နုမလေးကလည်း ထမင်းဟင်းချက်တတ်ရုံ၊ အရောင်းအဝယ် ကျင်လည်သူမဟုတ်၍ ကုန်ကလေး စမ်းလှောင် ရောင်းဝယ်ကြည့်သမျှ ရှုံးခဲ့ကြသည်။ လှုပ်လေမြုပ်လေမို့ နောက်ဆုံးတော့ ကျောက်ချကာဘိုး ဘွားအမွေ ဥယျာဉ်တစ်ခုသာ လက်ငုတ်ချန် လျက်ဖြစ်သလို ကြံဖန်လုပ်ကိုင်စားခဲ့ကြသည်။

တက္ကသိုလ်မှာ ထူးချွန်စွာအောင်ခဲ့ပြီး ပြည်သူ့စာရင်းကိုင် သင်တန်း(C.P.A)ဝင်ခွင့် ရွေးချယ်ခံရသော်လည်း မတက်ဖြစ်တော့။ ဗဟိုစာရင်းရုံးမှာပင် အလုပ်ဝင်ကာစာရင်းစစ်အဖြစ်ဖြင့် ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာခဲ့ရသည်။

ခင်လေးနှင့် လက်ထပ်ကြတော့လည်း သူ့ဘဝမှာဘာတစ်ခုမှ ပြည့်ပြည့်စုံစုံ မရှိခဲ့ပေ။ လခလေး တစ်ရာငါးဆယ်လောက်နှင့် မိသားစုမျှတ စားသောက်ကြခိုက်တွင် မြေပြန့်သူခင်လေးကို သူသွားခိုးကာ အိမ်ပေါ်တင်လာတော့၊ အမေက မျက်နှာမကြည်လင်နိုင်ခဲ့။ အထူးသဖြင့်ခင်လေးက ဆယ်တန်းမအောင်သေးခြင်း၊ သူတို့လိုပင် ဆင်းရဲနွမ်းပါးခြင်းနှင့် အေးတိအေးစက် နိုင်လှခြင်းတို့က ယောက္ခမရင်ကို ဆို့စေခဲ့သည်။

ခင်လေးနှင့် သူကတော့ ငယ်ချစ်များ ဖြစ်ခဲ့ကြသည်။

ရွှေရင်သိမ်းစ လှသွေးမကြွယ်ဝစဉ်ကပင် သူ ခင်လေးကိုစ တင်မြတ်နိုးခဲ့သည်။ သူ့အထက်တန်းကျောင်းသားဘဝက ခင်လေးတို့မြို့မှ ဘုန်းကြီးကျောင်းမှာ နေထိုင်ကျောင်းတက်ခဲ့ရသည်။ ညနေတိုင်

၌ ခင်လေးတို့ညီမတစ်စု ကျောင်းဝင်းထဲ ရေခပ်လာကြလျှင် သူရင်ခုန်သည်။ ခင်လေးတစ်ယောက်တည်းဆိုလျှင် ရေပုံးကိုကူပင့်ပေးပြီး တရုတ်စကားပွင့်ကြွေများကို ကောက်ကာ ပုံးထဲပစ်ထည့်ပေးတတ်သည်။ ခင်လေးက မျက်လုံးညိုညိုလေးများဖြင့် ကျေးဇူးတင်ကြောင်းကြည့်လျှင် သူ့ရင်မှာ"ချမ်းမြေ့စွာနှင့် အကြာကြီးငိုင်နေတတ်သည်။

ရေညိတက်နေသည့် အုတ်ရေတွင်းညိုညိုကြီးဘေးမှ တရုတ်စကားပွင့် ဖွေးဖွေးတွေ ချွေချတတ်သည့် ပင်အိုကြီး၏ ဖုထစ်ကိုင်းများပေါ်မှာ 'မောင့်ခင်လေး'ဟု ဓားတစ်လက်နှင့် ထွင်းခဲ့ဖူးသည်။

ခင်လေး၏ တုံ့ပြန်အချစ်ကိုတော့ သူတက္ကသိုလ်ကျောင်းသားဘဝပထမနှစ်မှာ ရရှိခဲ့သည်။

ခင်လေးက စာရေးတိုင်း သူ့ဘဝသူမယုံရဲ အားငယ်ကာ သူ့အပေါ်မှာ အထင်ကြီးကိုးစားလှသော မေတ္တာတရားတွေကို ဖွင့်လှစ်ပြတတ်သည်။ ခင်လေးက ဝတ္ထုတွေဖတ်လေ့ရှိသလောက် အရေးအသားညက်ညောလှသည်။ ခင်လေး၏ ညှိုးငယ်သော မျက်နှာကလေးကို မြင်ယောင်တိုင်း ကြင်နာစိတ်တို့ဖြင့် ရင်မှာဆို့ကာ ကျောင်းဆက်နေချင်စိတ်တွေပင် ကုန်းခန်းသွားတတ်သည်။ တတိယနှစ်မှာ အိမ်ကငွေမှန်မှန်မပို့နိုင်တော့ ကျောင်းဆောင်ပင် မနေနိုင်တော့ပဲ အပြင်ဆောင်မှ သူငယ်ချင်းတစ်ယောက်ထံမှာ ကပ်နေကာ ညဘက်မှာ ထိုသူငယ်ချင်းနှင့်အတူ စာအုပ်အဟောင်းဆိုင် ထွက်ကြသည်။ ထိုအလုပ်က လည်းကြာကြာသက်ဆိုးမရှည်ခဲ့။ နောက်အချိန်ပိုင်းကျူရှင် ဆရာလုပ်ခဲ့သည်။ လုပ်သမျှ အဆင်မပြေလှသော်လည်း ဘွဲ့တစ်ခုတော့ရခဲ့သည်။ အလုပ်ထဲမှာ တစ်နှစ်မပြည့်မီ မိန်းမယူရမလားဟု မိခင်က ဆူပူတိုင်းခင်လေးဆော သူ့ရောခေါင်းငုံ့ခံခဲ့ရသည်။

ခင်လေးက အေးအေးကြော့ကြော့ကလေး။ စကားလည်းဖွယ်ဖွယ်ရာရာ မပြောတတ်၊ သူ့ကို ချစ်တတ်သည်က လွဲ၍ထမင်းဟင်းလည်း မချက်တတ်ခဲ့။



"ဘာမှ အသုံးမကျတဲ့ ကောင်မ"

အမေကမကြားနိုး ကြားနိုးဆိုလျှင် သူ့ရင်ခွင်ကို တိုးဝင်ကာ ငိုဖို့သာ တတ်ခဲ့သည်။ အမေ့အိမ်မှာ အဆင်မပြေကြတော့။ သည်လိုနှင့်အိမ်ခွဲခဲ့ကြသည်။ အိမ်ခွဲပြီး တစ်နှစ်မျှမကြာမီ သားကလေးတစ်ယောက်ရသည်။

(၄)

မိုးရိပ်တိမ်ညိုတို့လည်း မည်းမှောင်ဆဲဖြစ်သည်။ ခင်လေးသည် ခေါင်းပေါ်က ထင်းစည်းကို မနိုင်မနင်းရွက်ယင်း စီးသန်လှသော ရေစီးကိုဖြတ်ကျော်နေသည်။

အစ်ကို ရှိစဉ်ကတော့ ခင်လေးထင်းရွက်ရသည့်တိုင် အစ်ကိုလက်ကို မြဲမြဲတွဲဖက် ချောင်းရေစီးကို ဖြတ်ကျော်ခဲ့သည်။ သည်စဉ်ကကျောက်စရစ်ခဲများ ထိရှ၍ပင် နာကျင်ရမှန်းမသိခဲ့။ ခုတော့ ခင်လေးကို နောက်သို့ပြန်၍စောင်းငဲ့ကြည့်မည့်သူ မရှိတော့။ စီးသန်သည့်ရေစီးကို ကျော်လွန်နိုင်အောင် လက်တွဲခေါ်ငင်မည့်သူ မရှိတော့။

ယောက်မတို့ လင်မယားက ရှေ့ကသွားနှင့်ကြပြီ။ ပြန်စောင်းမျှပင် မကြည့်ကြ။

ကျောက်တုံး ကျောက်ခဲများကို ဖြတ်ကျော် စီးဆင်းသွားသော ရေသံကတဝေါဝေါ ဆူညံနေသည်။ ခြေမခိုင်၍ ရေထဲမှာလဲပြိုမတတ်ယိမ်းယိုင်သွားလျှင် 'ဘုရား' တမိသည်။

ရင်ဘက်မှာ နို့ရည်ကွက်တို့ ဝိုင်းဝိုင်းစက်စက် ထင်နေပြီ။ ရင်အုံမှာ တင်းကျပ်ကာနာကျင်လှပြီ။

လူကလေး နို့ဆာရှာမည်။ အဘွားလက်မှာ တစာစာ ငိုကြွေးရှာမည် မဆီမဆိုင် မပဋ္ဌာဇာတ်ကို အမှတ်ရသည်။ ခင်လေး ဘဝမှာသားရှိ၍သာ။ သားသာမရှိလျှင် သည်အရပ်မှာ သည်လောဂ်ဆင်းရဲပင်

ပန်းခံနေဖြစ်မည်မထင်။ ဖြစ်လိုရာဖြစ် နှစ်လိုက်တော့မည်။

မိုးတွေညိုတိုင်း အနောက်ဘက်တောင်ရိုးပေါ်မှ မိုးချုန်းသံနှင့် လျှပ်စီးဝင်းဝင်းကိုမြင်တိုင်း ရင်မှာမဆို့ပဲမနေနိုင်။ မျက်ရည်မဝိုင်းပဲ မနေနိုင်။ အစ်ကို့အလောင်းကိုသာ သူကိုယ်တိုင် မြေမှာမမြုပ်ခဲ့ရလျှင် ဆုံးပြီဟုပင် ယုံနိုင်မည်မသိ။ ရံဖန်ရံခါကြည့်တိ ကြောင်တောင်နှင့် သူများတကာ ရှုံးဆင်းချိန်ရောက်လျှင် ပြန်လာလိမ့်ဦးမည်ထင်သည်။

သူ့ရင်ခွင်ထဲက သားကိုငုံ့နမ်းကာ

"ဟော့ ဘာချက်သလဲကွ"အသံဝါဝါနှင့် မေးလိမ့်ဦးမည်ထင်သည်။

အခုတော့ အဖေမရှိသော သားငယ်နှင့် တွယ်မှီရာမဲ့သော မိန်းမသားဘဝတွင် မရှိမဲ့ရှိမဲ့ ယောက္ခမများကို ဆွေမျိုးရင်းချာလို မှီခိုတွယ်ကပ်၍ နေခဲ့ခြင်းမှာ သည်ရပ်သည်ရွာသည် အစ်ကို့ရပ်ရွာ ဖြစ်ခဲ့ပြီး သူခေါင်းချရာဖြစ်၍တည်း။ တောင်ရိုးပေါ်က ကျောက်စရစ် ထူသော မြေနီကမူထက်မှာ အစ်ကို့မှတ်တိုင်ငယ် ထူထားခဲ့သည်။ ကာလကြာလျှင် သည်မှတ်တိုင်ငယ်လည်း အို၍ မြေသားမြေမှုန်ဖြစ် လိမ့်ဦးမည်မို့ တတ်များတတ်နိုင်လျှင် ကျောက်သားတိုင်ထူချင်သည်။ သားငယ်ကို 'ဒါ မင်းအဖေလဲလျောင်းတဲ့နေရာ' ဟု အမှတ်တရ ပြောပြချင်လှသည်။

လူကလေး၏ စိတ်မျက်စိအစုံထဲတွင် အဖေ့ပုံရိပ်တို့ထင်လာကာ အားငယ်စိတ်တွေ ညှိုးပါးစိတ်တွေ ပြေပျောက်စေချင်လှသည်။

ပြီးတော့ ထိုအုတ်ဂူသည် သူ့အချစ်တို့ မြုပ်နှံသင်္ချိုလ်ရာဂူလည်းဖြစ်မည် ထင်သည်။ ပြာမှိုင်းမှိုင်းပန်းတမာရိပ်တို့ အုပ်ဆိုင်းရာ တောင်ရိုးညို့ညို့ပေါ်မှ မှတ်တိုင်အိုကလေးအောက်မှာ တခါကသူ့ဘဝ၏ ကိုးစားမြတ်နိုးရာ ချစ်လင်ရှိခဲ့ပါသည်။ ခုနေခါတွင် အရိုးပင်ဆွေးချင်ဆွေးရော့မည် ဖြစ်သော်လည်း ခင်လေး၏အချစ်နှင့် သစ္စာတို့မှာ



မြေကမူပေါ်တွင် အုပ်ဆိုင်းသော ပြာရီမှိုင်းမှိုင်း ပန်းတမာတို့နှယ် မညှိုးတမ်းလန်းဆန်း အုပ်ဆိုင်းလျက်ရှိခဲ့ပါသည်။ ဘာကြောင့်ရယ် မသိပါ။ တနေ့တွင် သည်သို့ ကံကြမ္မာဆိုးကြုံ လာမည်လည်း မထင်မိ ပါ။ သူငယ်စဉ်ကပင်လျှင် သည်လူတစ်ယောက်တည်းကို စွဲစွဲမြဲမြဲ ချစ်မြတ်နိုးခဲ့ပြီး အထင်ကြီး ကိုးစားခြင်းကလည်း ဖြစ်ခဲ့ရပါသည်။

ခုနေခါတွင် သူ့ဘဝသည် ကြမ်းတမ်း ပင်ပန်းလှသော်လည်း အတိတ်၏ နှစ်လိုကြည်နူးဖွယ် အရိပ်များကြောင့် မျက်လုံးအိမ်မှာ ပီတိရည်ကြည်တို့ ဖိတ်လျှံလာတတ်ပါသည်။ မျက်ရည်လို့လည်း ဆိုရပါမည်။ တရုတ်စကားပွင့် ကြွေများဖြင့် စတင်ခဲ့ကြသော သူတို့ငယ်ဘဝ၊ ပြီးတော့ ညားခါစက အိမ်ရှေ့ကပြင်လေးမှာ နှစ်ယောက်သားလဲလျောင်းကာ ကြယ်စင်များကို အပြိုင်ရေတွက်ကြယင်း တိမ်ဆိုင်ကြားမှ စီးလာသော လမင်းကို ကြည့်ခဲ့ကြသည်များ။ ဖိုးလမင်းသည် သူ့ရင်ခွင်သို့တိုးဝင်လာကာ သားဦး၊ သမီးဦးလေးပေးပါဟု ရှုမူးတောင့်တခဲ့ကြသည်များ။ အိမ်ခွဲကြပြီးနောက် အစ်ကို့လခကလေးနှင့် မလောက်၍ ကြက်နှင့်ဝက်များ စုဆောင်မွေးခဲ့ကြသည်များ။

ဝက်စာအိုးကို အစ်ကိုကထမ်းကာ တအိမ်တက်ဆင်းထမင်းရည်လိုက်တောင်းစဉ် သူကတံစဉ်တလက်ဖြင့် ဝက်စာဟင်းရွက်ရိတ်ခဲ့ရသည်များ၊ သည်စဉ်က ကိုယ်ဝန်ကြီး တကားကားနှင့်မို့ ယောက္ခမအမေကြီးက တိရိစ္ဆာန်များကို အကျဉ်းထောင်ထဲထည့်သလို လှောင်မွေးလျှင် ဝဋ်လိုက်တတ်တယ်ဟု ပြောခဲ့သည်များ၊ တရိပ်ရိပ်မြင်ယောင်လာမိသည်။ ခုထိလည်း ဆင်းရဲတွင်းနက်ဆဲပါ။ ကောက်စိုက်ပျိုးနှုတ်အလုပ်ကြမ်းလည်း မလုပ်နိုင်သည်မို့ ယောက္ခမပေးသည့် မြေကွက်သပ်ကလေးမှာသီးပင် စားပင်ကလေးများစိုက်ခြင်း၊ ဝက်သုံးကောင်နှင့်ကြက်ကလေး ဆယ်လေးငါးကောင် မွေးခြင်းဖြင့် အသက်မွေးနေရပါသည်။ အပ်ချုပ်စက် ကလေးတစ်လုံးရှိလျှင် ဣန္ဒြေရမည်ဖြစ်သော်လည်း သူကချုပ်တာလုပ်တာဝါ သနာမပါခဲ့ပေ။ မြေပြန့်မြို့ကလေးမှာ

ကွမ်းယာဆိုင်ထွက်နေကြသော အဖေနှင့်အမေ့ထံ ပြန်လျှင်လည်း မသေထမင်းစားရရုံထက်ပို၍ စိတ်ဆင်းရဲရမည်မို့ မပြန်လိုပါ။

သူတို့ထံသို့ပြန်လျှင် ဟိုမုဆိုးဖိုကြီးနှင့်ပင် အိမ်ထောင်ချပေးကြလိမ့်ဦးမည်။ စားရေး၊ နေရေးနှင့်လူမှုရေး အခက်ခဲများကြောင့် နောက်အိမ်ထောင်ပြုသူတွေ ရှိကြပါလိမ့်မည်။ မည်သို့ရှိစေသူ့ အနေနှင့်မူ ငြိမ်းသေသွားပြီဖြစ်သော ချစ်ခြင်းမီးတိုင်တို့ ပြန်လည်မညှိထွန်းလို့တော့ပါ။ ရင်ထဲအသည်းကြားမှ နှလုံးသွေးအဆီဖြင့် ကြည်လင်စွာထွန်းတောက်ပခဲ့သော အလှဆုံးအချိန်က လွန်ခဲ့ပြီမို့။

နေရီ မှိုင်းမှုန်၍ တိမ်ရိပ်တို့ညို့လေလျှင် မြို့ကလေး၏ အဝင်အုန်းပင်ထန်းပင်တို့မှာ လေတိုးသံနှင့်အတူ သောသောညံ့ညံ့ ဆူညံမြည်ကြွေးကြပါသည်။ ကျီးငှက်များ၏ တစာစာအာသံလည်းကြားရပါသည်။ သားကလေးကတော့ လာကြိုနိုင်ဦးမည် မဟုတ်ပါ။ လူကလေးမှာ စကားတီတာ ပြောမည်ပြင်စတန်းမှ လွတ်ကာ မြေပြင်ပေါ်မှာစမ်း၍ လျှောက်တတ်ကာစမို့လာကြို လာနိုင်မည်မထင်ပါ။

ရင်မှစိမ့်ယိုသော နို့ချိုများကို နမြောရသည်။ နှာခေါင်းထဲမှာ နို့ညီနံ့ရသည်။ ရင်အစုံမှာ တင်းကျပ်ကာ နာကျင်လှသဖြင့် မျက်ရည်ဝိုင်းလျက်က တနင့်တပိုးကြီးရွက်လာသော ထင်းစည်းကြောင့် ဇက်တွေကြောတွေအောင့်လျက်က နူတ်ခမ်းစွန်းမှာပမာမ ခန့်ပြုံးမပြန်ပါပြီ။

ကောင်းကင်တွင် နေခြည်အလင်းက တမျှင်မျှမမြင်ရပဲ မိုးတိမ်ရိပ်တို့ မည်းမှောင်ပြည့်သိပ် ထင်လေသမျှ နွမ်းပါးညိုးငယ် ရသောဘဝဆင်းရဲကို အံကြိတ်ခါးစည်းခံရပါဦးမည်။ သူ့ရင်ခွင်မှာ လမင်းငယ်တစင်း ထွန်းလင်းသာနေသေးသည်မို့ အားမွေးရှင်သန်ရပါဦးမည်။ သားလေးကြီးပြင်လာလျှင်တော့. . . ။

(၅)



ဖေဖေ၏ဓါတ်ပုံများကို မှန်ဘောင်သွင်းပြီး၊ ထရံမှာကပ်ချိတ်ထားပါသည်။

ဖေဖေသည်ပြုံးလျက်။ ဖေဖေ့ပခုံးပေါ်မှာ လက်တင်ကာတစ်ယောက်ပခုံးတစ်ယောက် ဖက်ထားကြသော လူငယ်ကလေး ၅ ယောက်သည်လည်း ပြုံးလျက်။ ဖေဖေနှင့် သူငယ်ချင်းများဟု လူကလေးသိတတ်လျှင် မေမေက ပြောပါလိမ့်မည်။ လူကလေးကို ဖေဖေ့လို တက္ကသိုလ်ပို့နိုင်ဖို့ ဖေဖေ့ပင်စင်နှင့် လုပ်သက်ဆုငွေများကို မေမေကအတက်နိုင်ဆုံး စုထားပါသည်။ လူကလေးကို ဖေဖေ့လို ပြုံးရွှင်ရယ်မောတတ်ကာ သူငယ်ချင်းမိတ်ရင်းပေါသော လူကြီးတစ်ယောက်ဖြစ်လာအောင်အမေက ပြုစုပျိုးထောင်ရပါလိမ့်မည်။

အမေ၏ အိမ်ကလေးထဲတွင် ခုနေခါ သားကလေးငိုသံနှင့်အိမ်မြှောင်စုပ်ထိုးသံမှတပါး တိတ်ဆိတ်နေသော်လည်း တခါကမူ အဖေ၏ရယ်သံများ၊ နောက်ပြောင်ကျီစယ်သံများဖြင့်၊ ဖုံးလွှမ်းနေခဲ့ပါသည်။

အခုတော့ အမေသည် ငါးဖမ်းပိုက်ကလေးများကို တခုလျှင်အစိတ်နှုန်းဖြင့် အငှားရက်ကာ လက်တဘက်က သားလေး၏မျက်နှာပေါ်မှခြင်တို့ကို မောင်းနှင်ဖွေ့ယမ်းရင်း အလင်းရောင်မှိန်မှိန်အောက်မှာ ငြိမ်ဆိပ်စွာရှိနေတတ်ပါသည်။ တစ်ယောက်တည်း စကားပြောလျှင်ရယ်လျှင် ရူးသွပ်ပြီဟု ဆိုကြပါလိမ့်မည်။ သားကလေးက တော့ငယ်ပင်ငယ်သေးသော်လည်း အမေ၏အပြုံးများ တည်ငြိမ်မှုများနှင့် ယဉ်ပါးနေသားကျခဲ့ပါပြီ။ အမေ့ပါးပြင်ပေါ်မှ မျက်ရည်စများ လိမ့်စီးကျလာသည်မြင်တိုင်း ‘ငိုနဲ့နော်’ဟု နို့အပ်စော်နံသော 'ပါးစပ်ဖြင့် ပြောတတ်နေပါပြီ။ သားလေးမျက်နှာလေးပါ မဲ့ယောင်ပြုလာလျှင်မိခင်က အလိုလိုပြုံးတာ. . .

“အော် ငါ့ဘဝမှာ လူကလေးရှိပေလို့”အားတင်းရမြဲဖြစ်ပါသည်။ ညဥ့်နက်နက်တွင် တလက်လက်တောက်ပနေသော ကြယ်စင်များကြားလေကြောင့် လှုပ်ရှားနေသော နွေဦးသစ်ကိုင်းတို့ကြားပျံသန်း

သော ညည့်ငှက်များ အလယ်ဘယ်အရပ် ဘယ်ဆီတွင် သူ့ဝိညာဉ်ရွေ့လျားလွင့်ပျံမည် အမေမသိတတ်ပါ။ သို့ရာတွင် ဟိုဆီမှာ ရှိကောင်းရဲ့ သည်ဆီမှာ နေကောင်းရဲ့ဟု အောက်မေ့ကောင်း အောက်မေ့ပါဦးမည်။

သို့ဖြင့် သားငယ်ကိုလည်း "ဟိုးအဝေးတနေရာမှာ မင်းအဖေရှိလေရဲ့"ဟု ဖြေသိမ့်စရာ ပြောကောင်းပြောမိပါလိမ့်မည်။ မည်သို့ရှိစေ သားလေးမေးတတ်လာလျှင် အဖေ့ကိုမေးတော့မည်။ ခုနေခါတွင် အဖေ ဘယ်မှာရှိမည် အမိလည်း မသိတတ်နိုင်ခဲ့ပါ။ သူ့ဝိညာဉ်သူ့နှလုံးသားကြားတွင် အင်အားတခုအဖြစ်မှ ထွန်းလင်းကျန်ရစ်ခဲ့သော လမင်း သားငယ်အား နှုတ်စကားအပိုမဆိုပဲ အဖေ့ဓါတ်ပုံကို ပြဖြစ်ပါလိမ့်မည်။

သည်အခါတွင် သားကအဖေ့ကို ကြည့်မည်။ ပြုံးနေသော အဖေက ထာဝစဉ်မပျောက်ဆုံးသော အပြုံးများဖြင့်သားကို ပြန်ကြည့်မည်။ သို့သော် အဖေနှင့်သားကြားမှာ စကားသံတို့ တိတ်ဆိတ်၍နေပါလိမ့်မည်။

"ဖေဖေ ဘယ်သွားနေတာလဲဟင်"သားကမေးမည်။

အဖေက အဖြေပေးမည်မဟုတ်တော့ပါ။ မေး၍မရလျှင် မျက်ရည်ဖြင့် ရွှမ်းလက်သော မျက်လုံးများဖြင့်ဖေဖေ့ကို မချင့်မရဲကြည့်ကာ၊ ဓါတ်ပုံမှန်ကိုစမ်းသပ်မည်။ မှန်သားအတွေ့က အေးစက်နေသည်။

လူ့ကလေး၏ ပါးပြင်ပေါ်သို့ နွေးသောမျက်ရည်ပူများ စီးကျလာလိမ့်မည်။

သို့သော်ဘယ်အရာကမှ အဖနှင့်သားကို ခြားနားစေမည်မဟုတ်ပါ။ ဖေဖေ့ငွေလမင်းသည် တိမ်မည်းတိမ်ပုပ်တို့ကြားမှပင် စိုးရွံ့အားငယ်တတ်သောသား၏ နုနယ်သော နှလုံးအိမ်တွင်းသို့ မမြင်နိုင်သောအလင်းဖြင့် ထာဝစဉ်ထွန်းလင်းစေမည် ဖြစ်သောကြောင့်တည်း။

မေလ/၁၉၈၅ ကလျာမဂ္ဂဇင်း



* * * * *

သူဆုံးသွားပြီဆိုတော့ သူ့ကုတင်ပေါ်ကအိပ်ယာကို သိမ်းလိုက်ကြတယ်။ သူ့အလောင်းကိုလည်း ရင်ခွဲရုံထဲယူသွားကြပြီ။ ပန်းပွင့်အစက်အပြောက်ကလေးတွေဖော်ထားတဲ့ ပလပ်စတစ်စားပွဲခင်းနဲ့ ဓါတ်ဗူးကိုလည်း သိမ်းဆည်းခဲ့ပြီးပြီ။ မျက်ရည်စက်လက်နဲ့ သူ့အစ်မ ရယ်လေ။

သူကတော့ ခုနေခါမှာ ဒါတွေကို သိမှာလည်းမဟုတ်ဘူး။ ဂရုပြုသွားနိုင်ရှာမှာတောင် မဟုတ်ဘူးလေ။ ညက သူမိခင်မေးကနဲ အိပ်ပျော်ခိုက်မှာ သွေးသွင်းတဲ့ပိုက်ကို သူဖြုတ်ပစ်လိုက်ခဲ့တယ်။

"မသေသင့်ပဲ သေရတယ်"လို့ စုတ်သပ်သူက သပ်ကြတယ်။ တချို့ကလည်း "ငယ်ငယ်ရွယ်ရွယ်"နဲ့တဲ့။ သူ့သူငယ်ချင်းဖြစ်တဲ့ ကျွန်မဟာ ထောင့်နားမှာငြိမ်နေတယ်။ သူစိတ်ညစ်တဲ့ အခါတိုင်း အလင်းရောင်ကင်းမဲ့တဲ့ မျက်ဝန်းမှိန်မှိန်နဲ့ ကျွန်မကို ကြည့်ပြီး။

"ငါသေချင်ပါတယ်။ ငါသေချင်တယ်"လို့ညည်းခဲ့တာတွေပဲ ပြန်ကြားနေမိတယ်။ သည်စဉ်ကတော့ သူတစ်နေ့မှာ တကယ်လုပ်လိမ့်မယ်လို့ ဘယ်တွေးမိပါ့မလဲ။ တစ်ခုတော့ရှိပါရဲ့။

တစ်ညနေမှာပေါ့၊ သူနဲ့ကျွန်မ ကန်ဘေးက ရေဆင်းတံတားအိုကလေးပေါ်မှာ အတူထိုင်ကြယင်း မှိန်ဖျော့ဖျော့ မှုန်ရီဝေတဲ့ ဆည်းဆာရဲ့မြူငွေ့တွေကို စောင့်ကြည့်ခဲ့ကြတယ်။ ကောင်းကင်နဲ့ရေပြင်ဟာလည်း တသားတည်းလို့ ထင်မှတ်လောက်အောင် ငြိမ်နေပြီး ဆည်းဆာရဲ့ပြာမြတဲ့ ကောင်းကင်ရိပ်တွေရေထဲမှာ ထိုးကျနေခဲ့တယ်။ ရေကလည်း တံတားအိုကလေးအစွန်းမှာ မေးတင်ပြီးလှုပ် တယ်ဆိုရုံလေး ဘောင်ဘင်ခတ်နေတယ်။ သူ့မျက်လုံးတွေက ရေပြင်ကျယ်ကို စိုက်ကြည့်နေခဲ့တယ်။ သူသေချင်ပြန်ပြီတဲ့။ သူ့ရဲ့ကောင်လေးဟာလေ သူ့အပေါ်မကြင်နာခဲ့ဘူးတဲ့။ သူက ကျွန်မလက်ကို ဆုပ်ထားရာကဖြေပြီး "ငါ ရေထဲခုန်ချလိုက်တော့မယ်နော်" ကျွန်မက ထိတ်လန့်တကြားနဲ့ သူ့လက်တွေကို ပြန်ဆုပ်ခဲ့တယ်။ အေးစက်နေတဲ့ လက်တွေရဲ့အတွေ့ကို ခံစားရင်း "မလုပ်ပါနဲ့ဟယ်၊ သေချင် သေရင် အတူတူသေကြပါစို့"

ဟုတ်တယ်။ သည်စဉ်က ကျွန်မတကယ်ပဲ သေချင်ခဲ့တာပါ။ ဘာလုပ်လုပ် အဆင်မပြေလှလို့ လောကကိုငြီးငွေ့ခဲ့ပြီ။ ကျွန်မအသက်က (၃၀)ထဲမှာ။ ကျွန်မမိဘလည်းမရှိဘူး။ ဆွေမတော် မျိုးမစပ်ခဲ့တဲ့ အဘွားနဲ့ပဲနေခဲ့ရတယ်လေ။ အဘွားနဲ့ ကျွန်မဟာလည်း အသက်ချင်းကွာခြားတာနဲ့အမျှ နားလည်မှုတွေ လွဲမှားနေခဲ့တယ်။ အထီးကျန်စိတ်နဲ့ အားငယ်နေတဲ့ ကျွန်မမှာ ချစ်ခင်ရင်းနှီးတဲ့ အပေါင်းအသင်းဆိုလို့ သူတစ်ယောက်ပဲရှိတယ်လေ။ သူ့မှာက မိဘရှိတယ်။ မွေးချင်းညီအစ်မတွေရှိတယ်။

တူတွေ တူမတွေရှိတယ်။ ပြီးတော့ သူ့ဘက်ကချည်း အပေးအယူမမျှစွာ သိပ်ချစ်နေရတဲ့ ချစ်သူလည်းရှိတယ်လေ။ သည်ကောင်လေးကို သူမချစ်ခဲ့သင့်ဘူး။ ကောင်လေးက သူ့ထက်(၁၀)နှစ်နီးပါးငယ်



တယ်။ ခုတော့ သူ့ကိုစွန့်သွားပြီ။ တခြားကောင်မလေး တစ်ယောက်နဲ့လည်း သတင်းကြားရဲ့။

ခုနေခါမှာတော့ သူသေတာ ဒီကောင်လေးကြောင့်ချည်းတော့ဟုတ်မယ်မထင်ပါဘူး။ လူတွေကတော့ "သည်ကောင်လေး " ကြောင့်လို့ပဲပြောကြတယ်။ ဒါပေမယ့် ကျွန်မသိတယ်။ သူအလုပ်ထဲမှာ အဆင်မပြေတာ အတော်ကြာပြီ။ အထက်အရာရှိက ဗျူရိုကရက်ဆန်တော့ သူ့ရဲ့ကျိုးနွံတတ်တဲ့ ခလေ့အပေါ်မှာ အသာစီးယူခဲ့တာကြာပြီ။ ကြာတော့သည်းမခံနိုင်ပေါက်ကွဲပြီး အတော်လေးလည်း စိတ်ဆင်းရဲလိုက်ရသေးတယ်။ ပြီးတော့ အချင်းချင်းတွေကလည်း ကောင်လေးနဲ့ပတ်သက်ပြီး သူ့သတင်းတွေ ရေရေလည်လည် ပြောကြတယ်လေ။ သူ့မိသားစုနားပြန်ကြားပြန်တော့လည်း သူ့အစ်မတွေက "ညည်းမှာသည်လောက်တောင် ယူစရာလင်ရှားနေသလား" လို့ပက်ပက်စက်စက်ဆိုကြတယ်။ သည်အသိုင်းအဝိုင်းတွေကြားမှာ သူ့ကောင်လေးကို လက်မတွဲရပါဘူး။ ခွာလည်းမခွာရဲဘူးလေ။ သူ့ဘဝမှာအတွယ်တာ မြတ်နိုးဆုံးဟာ ကောင်လေးပါပဲတဲ့။ သည်စိတ် ပဋိပက္ခတွေကလည်း သူ့ဘဝကို ဆုံးရှုံးစွန့်လွှတ်စေတဲ့ အုတ်မြစ်တွေပါပဲ။ ကောင်လေးရဲ့ အကြင်နာကင်းမဲ့တဲ့ ဒဏ်ကိုခံလိုက်ရတော့ ပိုဆိုးသွားတာပေါ့လေ။ သေခြင်းကို သူဖက်ပွေ့ခဲ့တယ်။

မသေခင်မှာလည်း သည်စိတ်ဒဏ်တွေကြောင့် သူအတော်ခံခဲ့ရတယ်။ အိပ်ပျက်ညတွေများလွန်းလို့ နှလုံးအားနည်းပြီ ရုံးခန်းထဲမှာ မူးလဲခဲ့တာလည်း ခဏခဏပါပဲ။ ကျွန်မသူ့ကို "စိတ်လျှော့ပြီး နားလိုက်ပါတော့ "ဆိုတော့သူပြုံးခဲ့တယ်။ အပြုံးကလည်း ကြည်ကြည်လင်လင်တောက်တောက်ပပ တစက်မှမရှိတဲ့မချိတဲ့အပြုံး။

"အလုပ်မလုပ်ပဲနေယင် ငါသေမှာပေါ့၊ ခုတောင် အလုပ်ထဲမှာ စိတ်နှစ်ထားလို့အတော်ခံသာနေတာ"

ကျွန်မနဲ့သူအတူ တာဝန်ကျနေတော့ ခွဲဝေလုပ်ရမယ့်အ လုပ်

တွေတောင်မှ ညညအိမ်သယ်သွားတယ်။ အိပ်မရတာ ကြာပြီတဲ့။ အိပ်ဆေးစားပေါ့ဆိုတော့လည်း။

"အို စားနေလဲ အပိုပါပဲဟာ "တဲ့။ တကယ်တော့ ကျွန်မက သူနဲ့အနီးကပ်ဆုံးလူပါပဲ။ အားပေးဖို့ နှစ်သိမ့်ဖို့ကောင်းတဲ့ အချိန်မှာမှ ကျွန်မလည်း ခွင့်ရက်ရှည်ယူလိုက်ရတယ်လေ။ ကျွန်မဘွားအေကြီးဆုံးလို့ပဲ။ ကျွန်မဘဝမှာ တွယ်တာမှီခိုစရာ မိုးကောင်းကင်ပြိုကျသွားသလိုပါပဲ။ သိပ်လည်းအားငယ်မိတယ်။ အဘွားရှိစဉ်က ဗျစ်တောက်ဗျစ်တောက်လုပ်တတ်တာက လွဲရင်ကျွန်မကို မြေးရင်းသမီးရင်းနဲ့မခြားချစ်ခဲ့တယ်။ ကျွန်မရှေ့မှာ သူရပ်ခဲ့တယ်။ ကျွန်မဘေးမှာ သူရှိခဲ့တယ်။ ကျွန်မရဲ့ နဖူးဆံစတွေမြေချပြီး ဦးညွှတ်ဖို့ရာ အမိပမာလည်း ဖြစ်ခဲ့ပါတယ်။ အဘွားဆုံးမှ ကျွန်မသိခဲ့တယ်။ သူ့အရိပ်ဟာ ကျွန်မဘဝကို ဘယ်လောက် နှစ်သိမ့်လုံခြုံမှုပေးသလဲဆိုတာကို။

ခုတော့ကျွန်မသူ့ရင်ခွင်ကို လှုံလို့မရတော့ဘူး။ သူကဆူလိုက်၊ ကျွန်မကစိတ်ကောက်လိုက် ဆိုတဲ့ နားလည်မှုလွဲမှားခဲ့ကြတဲ့ ယာယီကာလကလေးတွေကိုလည်း ပြန်ပြီးနှမြောရမှန်းသိလာတော့ ရင်ထဲမှာမချိခဲ့ဘူး။ ကျွန်မထက်စာရင် သူ့မှာက မိနဲ့ဖနဲ့အစစပြည့်စုံတဲ့သူ။ တူတွေ၊ တူမတွေနဲ့ ဖြေသိမ့်စရာတွေကလည်း အများကြီးပါပဲ။ သည်လောက်ထိ စိတ်တွေနိမ့်ကျဆင်း သွားရမယ်လို့ ကျွန်မမထင်မိဘူး။ လောလောဆယ်မှာ ကိုယ်အပူသာ ငရဲမီးပွက်ပွက်ဆူတဲ့ အပူလို့ ထင်မိခဲ့တယ်လေ။ အဘွားမရှိတော့ အဘွားရဲ့ခြံထဲက သီးပင်စားပင်တွေနဲ့ မြေချရတော့မယ့် နှင်းဆီအိုးတွေကြားမှာ အဘွားလက်ငုတ်တွေကို ဆက်လုပ်နေခဲ့ရတယ်။

အသုဘ ကိစ္စနဲ့မေးမြန်းလာကြသူတွေကို ဧည့်ခံခဲ့ရတယ်။ အဘွားအသုဘမှာ လာကြတဲ့ အဘွားရဲ့အမျိုးတွေက ကျွန်မဟာ တစိမ်းတရံစာသာဖြစ်လို့ သည်အိမ်သည်မြေနဲ့ ဘာမှမဆိုင်ခဲ့လို့ ဖယ်ပေးဖို့ ပြောလာကြပြီလေ။ အဘွားဟာ ကျွန်မကို တရားဝင်မွေးစားခဲ့တာ



မဟုတ်လို့သည်ခြံနဲ့အိမ်ကို သူတို့ပိုင်တယ်ဆိုပြီး တရားစွဲဖို့ပြင်ကြတယ်။ ကျွန်မလည်း အားလုံးကို စိတ်နာမိတယ်။ အဘွားရှိစဉ်က သီတင်းကျွတ်ရင် မုန့်ကလေးတစ် ဖုံနဲ့တောင် မကန်တော့ခဲ့ဘူးသူတွေ၊ အဘွားနေမကောင်းစဉ်မှာ နွားရူဆေးဗူးတောင် မပေးခဲ့ဘူးသူတွေက အဘွားမြေဟာ သူတို့မြေ၊ အဘွားအိမ်ကို သူတို့သာပိုင်တယ်လို့ ဆိုလာကြပြီ။ ရင်ထဲမှာ ကျဉ်နေအောင် နာလည်းနာတယ်။ မခံချင်လည်း ဖြစ်မိတယ်။ အဘွားမသေခင်က နေ့ညမအိပ် ကျွန်မပြုစုခဲ့တာကိုလည်း သည်အခွင့်အရေးတွေရဖို့ပဲလို့ စွပ်စွဲလာကြတယ်။ ကျွန်မအဘွားလက်ငုတ်လက်ရင်းဖြစ်လို့ လွမ်းဆွတ်မိမှာက လွဲလို့ဘာမှ ကျွန်မမမက်ပါဘူး။ ကျွန်မဘဝမှာ ကိုယ့်လစာကလေးနဲ့ ကိုယ်အေးအေးနေလို့ရတာပါပဲ။ မတရားလွန်းတော့လည်း မခံချင်ဖြစ်မိတယ်။ ကျွန်မ မဆင်းနိုင်ဘူး။

ကျွန်မတစ်ယောက်တည်း ပြဿနာပေါင်းစုံနဲ့ အလူးအလဲဖြစ်နေချိန်မှာ၊ သူဒီလိုလုပ်လိုက်လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ။

သူ ဆေးရုံတတ်နေတာတော့ ကျွန်မသိတယ်၊ မသွားဖြစ်ခဲ့ဘူး။ ကျွန်မရောက်သွားတဲ့အခါကျတော့လည်း သူ့အသက်မရှိတော့ဘူးလေ။ မျက်လုံးတွေနဲ့ ကျွန်မမကြည့်နိုင်တော့ဘူး။ လက်အေးအေးကို နွေးအောင်ဆုပ်ပြီး အားမပေးနိုင်တော့ဘူး။ အို . . . ဘာဆိုဘာမှလည်း တိုင်ပင်ပြောဆိုလို့ မရတော့ဘူးလေ။

ကောင်လေးတာ သူ့ခုတင်ခြေရင်းမှာ မျက်လုံးတွေနီပြီး ငိုင်နေတယ်။ သူ့အမေက ကျွန်မလက်ကို အတင်းဖမ်းဆွဲပြီးငိုတယ်။

"ညည်းသူငယ်ချင်း မိုက်လုံးကြီးမကို ကြည့်ပါအုံးအေ။ အို . . . သမီးရဲ့၊ ညည်းသူငယ်ချင်း လာပြီလေ၊ ထကြည့်လှည့်ပါအုံး"

သူရှိစဉ်က မရရှိခဲ့တဲ့ ကောင်လေးရဲ့ အကြင်နာတွေလည်း ခုတော့ရပြီလေ။ ကောင်လေးမျက်လုံးတွေ စွတ်စိုနေတယ်။ ဒါပေမယ့် နောက်ကျခဲ့ပြီ။

သူ့ကို ရင်ခွဲရုံထဲပို့ကြတာနဲ့ ကျွန်မလည်းပြန်လာခဲ့တယ်။ ကျွန်မရင်ထဲမှာတော့ ဟာလာဟင်းလင်းပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ဟင်းလင်းပြင်ထဲ လွင့်မြောသွားသလို ခံစားနေရတယ်။ သူစိတ်ကြည်လင်ဖို့ခူးလာခဲ့တဲ့ ပန်းတွေဟာလည်း ခုတော့သူ့အတွက်ပန်းခွေပဲ ဖြစ်ရတော့မယ်လေ။ သူမသေခင်က ပြောဖူးတယ်။ "နှင်းဆီပန်း နီနီဆိုယင် သူသိပ်ကြောက်တာပဲ"တဲ့။ ခုတော့ ကျွန်မခူးလာတဲ့ အဖြူဆွတ်ဆွတ် နှင်းဆီတွေမှာလည်း သွေးရဲစွန်းပေခဲ့ပြီ။

အစွဲအလန်းကြီးတတ်တဲ့သူ့မှာ အနီရင့်ရင့် နှင်းဆီပွင့်ပုံပြင်လည်းရှိခဲ့ဖူးသည်သတဲ့။ အလျှင်လူနဲ့ လွဲခဲ့ဖူးတော့ နှင်းဆီနီကိုမြင်ရင် မကောင်းတာတစ်ခုခု ဖြစ်တော့မလောက် သူထင်ခဲ့တယ်။

ပြီးတော့ ခရမ်းရင့်ရောင်လည်းသူကြောက်တတ်တယ်။ ကျွန်မ ခရမ်းပြာဝတ်စုံဝတ်လာခဲ့ နေ့ကဆိုလျှင် တစ္ဆေသရဲတွေ့တာ ကျနေတာပဲ။

"နင်- ငါ့အနားမလာနဲ့နော်"တဲ့။

ခုတော့ သူ့အစွဲ၊ သူ့ဥပဒါန်တွေကလည်းသေသူ ဝိညာဉ်ထိ ကပ်ညိစွဲပါဦးမလားပဲ။ ကောင်လေးကတော့ သူ အလိုလိုက်မှန်းသိလို့ ဆိုးနေတာပါ။ သူ့အဆင့်အတန်းနဲ့ဆို ကောင်လေးထက်သာတဲ့ သူတွေရနိုင်ပါတယ်လို့ ကျွန်မပြောတော့ သူရယ်မောနေတယ်။ ပြီးတော့

"ယဉ်ယဉ်ရေ၊ တို့အသက်က ၃၅ နှစ်ရှိပြီလေ"တဲ့။

ဘာပဲဖြစ်ဖြစ် ကောင်လေးကို သူဒီလောက်ချစ်ဖို့ မကောင်းဘူးလို့ ကျွန်မတို့တွေးမိတယ်။ အလုပ်အကိုင်လည်း မည်မည်ရရမရှိသေးဘူးလေ။ စာပေးစာယူ တက်တာလည်း ၂နှစ်ဆက်တိုက်ကျပြီး ဆက်မဖြေတော့ဘူး။ သည်ကောင်လေးကို သူက စာသင်ပေးယင်းဖြစ်ခဲ့ရတဲ့ ဇာတ်လမ်းကလေးတစ်ပုဒ်ပေါ့။ ဝတ္ထုတစ်ပုဒ်သာဆို လှပကြေကွဲစွာ ရှိခဲ့မှာပဲ။ ဒါပေမယ့် . . .



ကျွန်မဘဝမှာတော့ လေနီကြမ်းတွေ၊ မုန်တိုင်းတွေ ခဏခဏမွှေခဲ့လို့လားမသိဘူး။ သေချင်တယ် ညည်းပေမယ့် မသေဖြစ်ခဲ့ဘူး။ မုန်တိုင်းလွန်တာနဲ့ ကျိုးတဲ့ကိုင်းက ပြန်မတ်ပြီး ရွက်နုရွက်သစ်တွေဝေပြီး ခံနိုင်ရည်ရှိသွားတာမျိုးပဲ ဆိုရမလားပဲ။

ကျွန်မ ၁၀နှစ်သမီးအရွယ်မှာ အဖေနဲ့အမေကွဲသွားကြတယ်။ အမေဟာ နောက်အိမ်ထောင်ပြုသွားတဲ့ အဖေ့ကို မာနကြီးစွာနဲ့ စွန့်ပစ်ခဲ့ပြီး (အဖေကတော့ နှစ်ယောက်စလုံး ပေါင်းမယ်ဆိုသတဲ့) ကျွန်မလက်ကိုဆွဲလို့၊ သူ့အမေအရင်း မဟုတ်ပေမယ့် ငယ်ငယ်ကတည်းက ချစ်ခင်ရင်းနှီးပြီး အဒေါ်လိုအားကိုးနေတဲ့ အဘွားဆီပြန်လာခဲ့တယ်။ အဘွားက ကျွန်မတို့သားအမိကို လိုလိုလားလားရှိခဲ့ပါတယ်။ အမေကစက်ချုပ်တယ်။ ကျွန်မလည်း ဆယ်တန်းအောင်အောင် မနည်းကြိုးစားရတယ်။ သုံးနှစ်လောက်ဖြေမှ ကျွန်မလည်းအောင်တယ်။

ကျွန်မအောင်တဲ့နှစ်မှာပဲ အမေဆုံးသွားတယ်၊ အဖေလည်း နောက်အိမ်ထောင်နဲ့ အဆင်မပြေလို့ ဘုန်းကြီးဝတ်သွားသတဲ့။ အဖေလည်း မရောက်လှသလို၊ ဘယ်မှာရှိတယ်ရယ်လည်း ကျွန်မ မစုံစမ်းမိခဲ့ဘူး။ အဘွားသာ ကျွန်မရဲ့အားကိုးရာလုံးလုံး ဖြစ်လာခဲ့တယ်။ ပညာရေးနဲ့ ပတ်သက်လို့တော့ ကျွန်မမျှော်လင့်သမျှတွေ ဆုံးရှုံးခဲ့ရတယ်။ အဘွားကကျွန်မကို တက္ကသိုလ်မပို့နိုင်တော့ဘူး။ ကျွန်မလည်း ကိုယ့်ဝမ်းကိုယ်ကျောင်းရတော့တယ်။

အဘွားက အပျိုကြီးပေတဲ့ အဘွားညီမရဲ့ သားသမီးတွေက ခုတော့ အဘွားမြေနဲ့အိမ်ကိုလည်း မျက်စောင်းထိုးလာကြပြန်ပြီလေ။ ကျွန်မဘက်မှာမားမားမတ်မတ် ရပ်မည့်သူလည်းတစ်ယောက်မှမရှိဘူး။

လွန်ခဲ့တဲ့(၅)နှစ်လောက်က လူတစ်ယောက်ကို သတိရတယ်။ အောက်မေ့တသတဲ့ သတိရခြင်းတော့ မဟုတ်ပါဘူး။ သူ ကျွန်မကို ချစ်တယ်တဲ့။ ကျွန်မကလည်း ရှည်ရှည်ဝေးဝေး တွေးပူတတ်သူဆိုတော့ အဖေ့လိုလူဖြစ်မှာကိုကြောက်တာနဲ့ ငြင်းလိုက်ခဲ့တယ်။ သူလည်း ဆက်

[illegible]တော့ဘူး။ ကျွန်မလည်း တရားအားထုတ်ရမလို၊ စိတ်ပုတီး ကိုင်ရမလိုနဲ့ အပျိုကြီးပဲလုပ်တော့မယ်လို့ တွေးခဲ့ပြီလေ။ ဘယ်သူပါ [illegible] သူပဲလား မသိပါဘူး။ မသေခင်က ပြောခဲ့တာ။

"အပျိုကြီးတွေသေယင် ဖြဟ္မာပြည်ရောက်သတဲ့။"

သူကတော့ ဖြဟ္မာပြည်လည်း မရောက်ချင်ပါဘူး။ ကောင်လေးနဲ့ပဲ ချစ်ချစ်ခင်ခင် နေချင်ပါသတဲ့။ ကျွန်မကလည်း လူတွေ ခလုတ်တိုက်ကြလွန်းလို့ မခံချင်တာကလွဲယင် ဒီဘဝမှာပဲ အေးအေးနေချင် ပါတယ်လေ။ ဖြဟ္မာပြည်ရောက်တာ မရောက်တာ အကြောင်း မဟုတ်ပါဘူး။ တစ်ခါတစ်လေတော့လည်း စိတ်ကူးတော့ ယဉ်တာပေါ့လေ။ သိပ်မျှော်လင့်ကြီးတော့လည်း မဟုတ်ပါဘူး။ ကိုယ်ရှေ့က ရပ်မယ့် လူတစ်ယောက်တော့ ရှိစေချင်တာပေါ့။ သို့ပေမယ့် ဟိုစကားပုံ ထဲကလိုဖြစ်နေမှာလည်း စိုးရသေးတယ်။ မပူလိုလို့ ယောက်မရှာ ဘာ ဖြစ်ဆိုတုန်း။

ထားပါလေ။ အခု သူသေတော့ ကျွန်မ မငိုမိဘူး။ ရင်ထဲမှာ ငိုစရာမျက်ရည်လည်း မရှိတော့ဘူးလေ။ အဖေမရှိလို့ မျက်ရည်ကျရ၊ အမေသေလို့ငိုရ၊ အဘွားဆုံးလို့ပူရ၊ ကျွန်မမျက်ရည်စမ်းတွေလည်း နှလုံးအိမ်မှာ ခမ်းခဲ့ပြီထင်ပါရဲ့။ သူ့အသုဘလည်း ကျွန်မမသွားတော့ဘူး။ ရင်ထဲမှာဟာလွန်းလို့ ကျွန်မခြေလှမ်းတွေတောင် ဘယ်ဦးတည်လို့ ဦးတည်ရမှန်းမသိတဲ့ အခါမှာဆေးရုံကို နောက်တစ်ခေါက်ပြန်သွားဖို့ ရာမလွယ်ဘူးလေ၊ ပြီးတော့ သူ့အမေရယ်၊ သူ့အစ်မရယ်၊ သူ့ ကောင်လေးရယ် မြင်ရပြန်ရင်လည်း ဒေါသဖြစ်ရပြန်ဦးမယ်။

သူမရှိတော့ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့မယ်ဆိုတာ သူမသိရှာသလား။ ကောင်းပါတယ်လေ။ အသက်ရှည်ရှည် နေယင် သံယောဇဉ် ပိုပြီးအမြစ်တွယ်မှာပဲ။ ကျွန်မလည်း တစ်ယောက်တည်းပဲ နေတော့မယ်။ ရုံးမှာလည်း ခင်စရာမှမရှိပဲ။ သူ သေပြီဆိုပြီး ရေလှိုင်း ဂယက်ထသလို စုအုံပြောကြမယ့် သူ့အတင်းကိုလည်း ကျွန်မနားမ



ထောင်ချင်ဘူးလေ။

ခုတော့ ကောင်လေးရဲ့ မျက်ရည်စတွေလည်း အလဟသ ဖြစ်ကုန်တာပေါ့။ လူတွေဟာ ဘာလို့သေမှ ပိုကြင်နာကြသလဲမသိဘူး။ ဘကယ်လို့ ကောင်လေးဟာ သူ့အပေါ် နည်းနည်းလေး ကြင်ကြင်နာနာ နေပြရင် သူသေဖြစ်မှာမဟုတ်ဘူး။ အရာရှိကလည်းသူ့အလုပ်တွေကို နည်းနည်းပါးပါး အသိအမှတ်ပြုလိုက်ယင် လူ့ဘဝကိုခင်တွယ်နေဦးမှာ ပဲ။ သူ့မိဘတွေကလည်း အရွယ်ရောက်နေပြီဖြစ်တဲ့ မိန်းမတစ်ယောက် အပေါ်မှာ သည်လောက်မချုပ်ချယ်ခဲ့ယင် လူ့ဘဝမှာ သူပျော်ရွှင်ဦး မှာပဲ။

အင်းလေ. . . ကံဆိုတာကလည်း ကြိုမြင်ရတာမှမဟုတ်ပဲ။ ပြီးတော့ကျွန်မ။ ကျွန်မကလည်း သူ့အနားမှာ အမြဲမရှိနိုင်ဘူးလေ။ သူ စိတ်ဓာတ်ကျနေတာ ကြာပြီဆိုတာသိပေမယ့် ကျွန်မအဘွားဆုံးတာ သူမလာလို့ စိတ်ဆိုးခဲ့သေးတာပဲ။ သူဆေးရုံတက်ရတာမသိခင် ကျွန်မ တစ်ယောက်တည်း တစ်လောကလုံးနဲ့ရန်ဖြစ်၊ စိတ်ညစ်နေစဉ်မှာ သူ ရောက်မလာလို့။

"ငါ့မှာ မိတ်ဆွေရင်းခြာလဲ မရှိပါဘူး" လို့ သူ့ကိုတောင်မှ မကျေမနပ်နဲ့ ဧယ်စာရင်းဖျက်ခဲ့သေးတာပဲ။"

လူတွေဟာ သည်လိုပါပဲလေ။

ကိုယ့်အလိုဆန္ဒပဲ ကြည့်နေကြတာပဲ။

ခုတော့ ကန်ရေပြင်ကို ကျွန်မတစ်ယောက်တည်း ကြည့်နေရတော့တယ်။ ရောက်မှန်းမသိရောက်လာယင်း၊ ရေဆင်း တံတားပေါ်မှာထိုင်လို့ ကျွန်မငယ်ငယ်က "နွမ်းလျအိမ်ပြန်" ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ဖတ်ခဲ့ရတယ်။

ခုတော့ ကျွန်မအဖော်လည်းဆုံးခဲ့ရပြီ။

ကျွန်မတို့ဘယ်တော့မှ စကားပြောခွင့် မရတော့ဘူး။

သူကတော့ အားလုံးကို ခေါင်းငုံ့အရှုံးပေးခဲ့သတဲ့။

ကျွန်မတစ်ယောက်တည်း ထိုင်နေတဲ့ သစ်သားတံတားအိုကလေးက တကျိကျိမြည်နေတယ်။

မှောင်မှန်းမသိ မှောင်လာပြီ။

ကျွန်မ ပြန်ရဦးမယ်။

အဘွားအမျိုးတွေနဲ့ ရင်ဆိုင်ရဦးမယ်။ အဘွားအမွေကို လိုချင်လို့မဟုတ်ပေမယ့် တရားမျှတမှုအတွက် ကျွန်မရန်ဘက်ပြုရဦးမယ်၊ သူကတော့ အားလုံးကို ခေါင်းငုံ့အရှုံးပေးခဲ့သတဲ့။

ကျွန်မဘေးမှာ ဘယ်သူမှမရှိဘူး။ ဒါပေမယ့် ကျွန်မတွေးတယ်၊ နှုတ်ခမ်းကိုကိုက်ရင်း သွေးရဲ့ငံကျိကျိ အရသာကို ခံစားရင်း တလောကလုံးကမေ့လျော့ပစ်ပယ်ကြယင်တောင်မှ ကျွန်မနေရာကလေးမှာ၊ ကျွန်မဘာသာ ရှိနေတော့မယ်လို့။ ဘာကြောင့်လည်းဆိုတော့ ကျွန်မကဘဝကို မုန်းတီးမှုများစွာနဲ့ တွယ်တာသူဖြစ်လို့ပါပဲ။

၉/၁၉၈၅-ခုနှစ်

ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း



သံသရာ၏ဤမှာဘက်ကမ်း

၏ ၏ ၏ ၏ ၏

(၁)

တရားစခန်းသို့ဝင်ခဲ့သည့်တိုင် သူ့စိတ်ရေအလျဉ်က တသွင်သွင်စီးဆင်းဆဲဖြစ်သည်။ ဝိပဿနာရှုမှတ်ဆဲကပင်၊ ဈေးတန်းထဲက ကုန်ခြောက်ဆိုင်ကလေးဆီသို့လူးလာတုန့်တင် သွားနေသည်။

လျှော့ပြေပြေဘီးဆံပတ်ဆံထုံးနှင့်ပခုံးပေါ်မှလျှော့ကျနေသော ယောဂီရောင်တဘက်တို့မှာ ပါးလျားသော သူ့ခန္ဓာကိုယ်နှင့်လိုက်လျောညီထွေရှိသည်။ ပိပိရိရိစေ့ထားသော နှုတ်ခမ်းများ၊ နှာသီးဖျားမှ တိုးဝင်လာသော ထွက်သက်ဝင်သက်ကို မှတ်နေသောသတိ။

နဖူးပေါ်တွင် အရေးအကြောင်း အနည်းငယ်ရှိလာသည့်တိုင် ဖြူစင်သော အသားအရေနှင့်သေးသွယ်သော ကိုယ်ဟန်ကြောင့် ဒေါ်ခင်ချိုမှာ အသက် (၅၀)သို့ ချဉ်းကပ်သည့်တိုင် ကျက်သရေရှိဆဲ။

ရိပ်သာအပြင်ဘက် သီးပင်အုပ်များပေါ်မှ စာကလေးများ အော်မြည်သံကြားနေရသည်။ သူ့ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်လျက်။ ရင်မှာအေးချမ်းသော၊ နက်ရှိုင်းချမ်းမြေ့သော အရသာသည် တစ်စတစ်စ ထိုးဖောက်ဝင်ရောက်လာပြန်သည်။ စိတ်ကိုတည့်တည့်ရှုသည်။ ထွက်သက်၊ ဝင်သက် ရှူခြင်းထုတ်ခြင်းမှတပါး အခြားအာရုံမရှိ။

ထိုသို့ယူဆခိုက်မှာပင် ခြင်တစ်ကောင်က သူ့ပါးပြင်ကို စစ်ကနဲလာခဲသည်။ ယားတားတား စပ်ဖျဉ်းဖျဉ်းနာကျင်ခြင်း။ လက်ဖြင့် ပုတ်ထုတ်လိုက်ချင်သည်မရ။ မဖြစ်။ ခြင်ကသဲကြီးမဲကြီး အမြီးထောင်ပြီးကိုက်နေသည်။ သူက အမှတ်မထင် အံကြိတ်လိုက်မိသည်။

ဘုရားဆောင်ရှေ့ နံရံမှနာရီကြီးက တစ်ချက်ချက်မြည်ကာ ရွေ့လျားနေသည်။ ပါးပေါ်မှ နာကျင်ယားစပ်သော ဝေဒနာ။

'နာတယ် ယားတယ်

ယားတယ် နာတယ် ' မှတ်။ မှတ်။ မှတ်။

စိတ်က မှတ်ယင်း မှတ်ယင်းကပင် နက်ဖြန်မနက် ဒေါ်စိမ်းရင်သို့ ငါးခြောက်ဖိုးပေးရမည်ကို အမှတ်ရလာသည်။

ဒေါ်ခင်ချိုက တန်ခြောက်ရောင်းသည်ဆိုသော်လည်း ဆိုင်ကြီးကန္တားကြီးမဟုတ်။ ခြောက်တိခြောက်ချက် ဆိုင်ကလေး အယင်က နှစ်ခန်းတွဲ ဆိုင်ခန်းနှင့်အပြည့် ရောင်းနိုင်ဝယ်နိုင်ခဲ့သည်။ ခုတော့ ရောင်းလို့ဝယ်လို့ကလည်း မကောင်း။ အိမ်မှာလည်း ညီမကမွေးသည့် သားသမီးတွေက တလှေကြီး။ စားအိုးကြီးလာသလောက် အရင်းထဲက ဖဲ့ဖဲ့စားလာရသည်။ ကြာတော့ လုံးပါးပါးကာ ဆိုင်ခန်းတစ်ခန်းစာပင် အနိုင်နိုင်ကြဲဖန် ရောင်းနိုင်တော့သည်။ ဆိုင်မှာတင်ထားသည့် ငါးပိကလေး၊ ငါးခြောက်ကလေး ကလည်း လက်ငင်းဝယ် နိုင်သည်မဟုတ်။ တစ်ဘက်ကရောင်းယင်း တစ်ဘက်က ဖဲ့ဖဲ့ဆပ်ရသည်။



သည်ကြားထဲ အိမ်ကကလေးတွေကလည်း ဆိုင်ကပစ္စည်းဆိုလျှင် အလကားရသည့် သဘော။ စည်းကမ်းမရှိ ဘုံးဘောလအော နှိုက်ကြစားကြသည်။ ဈေးရောက်လျှင် ပုစွန်ခြောက်တွေ လက်ထဲဆုပ်ပြီး ဝါးချင်ဝါးသည်။ အိမ်မှာရေနွေးကြမ်းမြည်းဖို့ ငါးရံ့ခြောက်ထုပြားခိုးချင်ခိုးသွားသည်။ ပိုက်ဆံအသုံးကျပ်လျှင် သူ့ညီမကပင် ဈေးသေတ္တာထဲက နှိုက်နှိုက်ပြီး ကလေးတွေကို မုန့်ဖိုးပေးတတ်သည်။

သည်ညီမနှင့်ကလေးများက ဒေါ်ခင်ချိုခေါင်းမှာ ဆံဖြူမျှင်တွေတစ်ပင်ပြီးတစ်ပင် တိုးပွားစေသည်။ ညီမကယောကျ်ားနှင့် ကွဲသည်မှာ(၃)နှစ်ရှိပြီး ကလေး ၅ ယောက်ကလည်း တစ်ယောက်မှအရွယ်မရောက်ကြသေး။ အမေအို၊ အဖေအိုကြီးနှင့် သည်ကလေးများတာဝန်ကို ဒေါ်ခင်ချိုပဲခါးစည်းယူရသည်။ သူကအပျိုကြီး။ မပူလို၍ ယောင်းမရှာပါမှ ပတ်ထမ်းနှင့် တွေ့ရသည့်အဖြစ်မျိုး။ သည်တော့ သူ့ခမျာ နာမည်နှင့်လိုက်အောင် မျက်နှာမချိုနိုင်ပဲ အမြဲတမ်းပင် မျက်နှာတည်ညိုနှင့် တဆိုဆိုတဆဲဆဲ ရှိတတ်လာခဲ့သည်။

(၂)

အိမ်က သံယောဇဉ်အမျှင်အတန်းများကြောင့် တရားဇရပ်သို့ ရောက်နိုင်ခဲခဲ့သည်။

သူဖောက်သည် လက်ကားကုန်သည်ကြီး ဒေါ်စိမ်းရင်ကခေါ်လွန်းမကခေါ်၍သာ နောက်ဆံတငင်ငင်နှင့် လိုက်လာခဲ့သည်။ စိတ်ကမဖြောင့် လိုက်ခဲ့သလောက်တော့ အကျိုးရှိသည်။ အိမ်ကကလေးများနှင့် ကလေးအမေ၏အဘိဓာန်သံ၊ မိစ္ဆာသံတွေမှ နားချမ်းသာခွင့်ရသည်။ သူ့မှာလည်း အမြင်မတော်တိုင်း ပတ်ကြမ်းတိုက်ကာ မိန်းမကြမ်းဆိုင်းနှင့် ထွက်ရသည့် အကုသိုလ် လှိုင်းစုယက်မှ နာရီပက်၊ တစ်နာရီသက်သာလျှင်မနည်း။

ဒေါ်စိမ်းရင်ကသူ့ဆိုင်သို့ ကုန်ကြွေးလာတောင်းတိုင်း 'မခင်ချိုရယ်တော့မလဲ တရားမှန်းမသိ ဘုရားမှန်းမသိဖြစ်နေရပြီနော်။ တစ်ခါတစ်လေများ ကျုပ်တို့ဇရပ်လိုက်ခဲ့ပါဦး။ ဆရာတော် ဦးကောသလက တရားပြအင်မတန်ကောင်းတာ၊ ကျုပ်တော့ ညနေတိုင်းတရားထိုင်တာပဲ ရှေ့လထဲမှာ ၇ ရက်တရားပတ်ရှိတယ်။ ကျုပ်တော့ မနှစ်ကလဲ ၁ လတရားစခန်းဝင်ပြီးပြီ။ သိပ်အေးချမ်းတာပဲ ဒီနှစ်တော့ အိမ်ကချွေးမကလည်း ကလေးအငယ်နဲ့မို့ သီတင်းတစ်ပတ်ပဲ တရားစခန်းဝင်မယ်။ တော်လဲတစ်ခါလောက် လိုက်ကြည့်စေချင်တယ်။

"ဟုတ်ပ မမရင်ရယ် ကျွန်မလဲ ဒီသောက်ကလေးတွေနဲ့ အကုသိုလ်တုံး ငရဲတုံးဖြစ်နေတာနဲ့ တစ်ခါတစ်လေများတော့ သူများတွေတရားနာတာလဲ အားကျပါရဲ့၊ ခုတော ဥပုဒ်တောင်မစောင့်နိုင်ပါဘူး။ ဥပုဒ်နေ့လဲ ဈေးမထွက်မဖြစ်တော့ အပြင်တန်းမှာထိုင်ရတာပဲ။ ဒီဟာတွေက တစ်နေ့အပင်းမရှိပဲနေနိုင်တာ မဟုတ်ဘူး"

ဒေါ်ခင်ချိုပြောနေခိုက်မှာ ဈေးဗန်းထဲက ငါးကျည်းခြောက်တစ်ကောင်ကို လှမ်းဆွဲလိုက်သော သူ့တူအကြီးကောင်လက်ကို ဖြတ်ကနဲ ရိုက်ထည့်လိုက်သည်။

"ကြည့်ကြည့် မျက်စိအောက်တွင်ပဲ တယ်လေ. . ငါ"

သူ နှုတ်ဖျားမှ ရင့်ရင့်သီးသီး စကားတွေထွက်ရန် ပြင်ပြီးမှ ဒေါ်စိမ်းရင်ကိုအားနာစွာကြည့်သည်။

"အဲ့ဒါသာကြည့် မမရင် ကျုပ်တော့ ဒီကလေးတွေနဲ့ ခေါင်းမွှေးပြောင်မှာပဲ၊ အဖေအမေလက်ထက်က ရွှေလဲကုန်ပြီ၊ ဆိုင်လဲတစ်ဝက်ပြုတ်ပြီ၊ နားလည်အောင်ပြောလဲ ရပါဘူးတော်၊ ဈေးကလဲရောင်းမကောင်းဘူး။ မမရင်ကြွေးတွေလဲ ထပ်နေမှာစိုးလို့သာ ဖျစ်ညှစ်ဆပ်နေရတာ မိုးကခေါင်တော့ပေါ်ချိန်ရမ်းချိန်တောင်မှ ရောင်းရပါဘူး။ ရစရာကြွေးလဲ ဆုံးတာပါပဲ"



"အေးပေါ့အေ သူများဒုက္ခကိုယ်ဒုက္ခဆိုသလို ဖြစ်နေတော့တာပေါ့၊ နေပါဦး မခင်ချိုရဲ့ခင်ပိုက သူ့ယောက်ျားနဲ့ ပြန်မပေါင်းတော့ဘူးလား။ စပ်စုတယ်လဲ မထင်နဲ့နော်၊ တကယ်ဆိုကလေးတွေလဲရှိသေးမို့လား"

ဒေါ်စိမ်းရင်က ရင်ဘက်မှအမ်စီဆွဲကြိုး အပြားကြီးကို ရှေ့သို့တွဲရရွဲကျအောင်ကုန်းကာ လက်ဖက်ခွက်မှ လက်ဖက်ကိုနှိုက်သည်။ တမြုံ့မြုံ့ဝါးသည်။

"ပေါင်းလို့ဖြစ်မလား မမရင် ဒင်းနဲ့ပြန်ပေါင်းလဲ ခင်ပိုကလေးတပြွတ်ပြွတ် မွေးရုံရှိမှာပဲ။ ခင်ပို ကုန်စိမ်ရောင်းကျွေးတော့ ဒင်းကဒူးတနန့်နန့်နဲ့လေ။ အိမ်ဦးခန်းမှာ ထရေ သောက်နေပါပကော၊ ပြောချင်ပါဘူးတော် ဒင်းတို့အကြောင်းတွေ ဒါကြောင့် ခင်ပိုကိုပြောရတယ်၊ ညည်းလင်နဲ့ညည်း ပြတ်နိုင်ရင် ငါနဲ့နေလှည့်လို့ ၊ မပြတ်နိုင်ရင်လဲ မျက်ရည်စမ်းစမ်းနဲ့ နားလာမနှိုက်နဲ့လို့၊ နှိပ်စက်တယ် မမရင်ရဲ့ နှိပ်စက်ကြတယ်"

ဒေါ်ခင်ချိုကပြောရင်း မျက်လုံးတို့ အရောင်မှိန်သွားသည်။ သူ့ညီမ မခင်ပိုယောက်ျား သန်းတိုးသည် သူ့ကိုပင်ပြီတီတီနှင့် မထီတထီစခဲ့ဖူးသည်။ မျက်နှာကြောမတည့်၊ ထို့သော် ဒါတွေထည့် ပြောလို့ဖြစ်ပါ့မလား။

"ကျွန်မကိုက ကံဆိုးပါတယ် မမရင် ဘဝဘဝက ဝဋ်ကြွေးပေါ့"

တူကလေးက သူတို့နှစ်ယောက်ကို မျက်လုံးအကြောင်းသားနှင့် ငေးကြည့်နေသည်။ ဒေါ်ခင်ချိုက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ တစ်ဘက်ကအုန်းသီးငှက်ပျောသီးဆိုင်မှာ လူအုံသလောက်သူတို့ ငါးခြောက်ငါးခြမ်းဆိုင်မှာ လူပါးလှသည်။ အုန်းပွဲငှက်ပျောပွဲတွေက ရာချီရောင်းရသည်။ သူက အားကျစွာငေးနေမိသည်။

ဒေါ်စိမ်းရင်က သူကြည့်သည့်ဘက် လိုက်ကြည့်ရင်း. . . "မသိန်းမျှင်တို့တော့ တယ်ရောင်းကောင်းတာပဲ ကဲလဲကံပဲထင်ပါရဲ့၊ အရင်က ဒီမိန်းမညိုးညိုးငယ်ငယ်ရယ်၊ ခုများဆို လက်ကောက်ကြီးတွေများဝင်းနေတာပဲ ကျုပ်လဲသွားမယ် မခင်ချို၊ ညည်းဒီနေ့ ရှင်းနိုင်သလောက် ကလေးတော့-"

"ဩော် ဟုတ်ပါရဲ့ မမရင်ရယ် ၊ မေ့လို့နော် မေ့လို့"

ဒေါ်ခင်ချိုက ဈေးသေတ္တာကလေးထဲမှ အစိတ်တန်နှစ်ရွက်ကိုနှိုက်ကာ ဒေါ်စိမ်းရင်လက်ထဲ ထည့်လိုက်သည်။

ဒေါ်စိမ်းရင်က . . .

"အေးပေါ့အေ အေးပေါ့၊ ဒါပေမယ့် တရားစခန်းလဲ တစ်ခါလောက်လိုက်ကြည့်ပါဦး၊သောကတွေကလဲ ခေါင်းထဲမှာ သိပ်မထားနဲ့ပေါ့အေ၊ ကျုပ်က ညီမချင်းလိုခင်လို့ပြောတာပါ၊ ဒါတွေချည်းလုပ်နေလို့ ကိုယ့်အတွက်မကျန်ဘူး၊ မသေခင်ကိုယ့်အတွက်ကလေး ကျန်အောင်လုပ်ဦး"

ဒေါ်စိမ်းရင် ထွက်သွားသောအခါ ဒေါ်ခင်ချိုက သက်ပြင်းတစ်ချက်ချရင်း ဆံထုံးကို ထိုးထားသော ခဲတန်ကို ဖြုတ်ကာ စာရင်းစာအုပ်ကလေးထဲမှာ ဆပ်ပြီးကြွေးကိုမှတ်ရသည်။

(၃)

"ဒေါ်ကြီးရှိပန်လာဘီ ဒေါ်ကြီးရှိပန်လာဘီ"

၃ နှစ်အရွယ် တူကလေးက လမ်းပေါ်မှာ ခလုတ်တိုက်လဲမတတ်ပြေးလာကြိုသည်။ ဒေါ်ခင်ချိုက ခေါင်းပေါ်မှ ဈေးတောင်းကို လက်တစ်ဘက်နှင့်ထိန်းရင်း တူကလေးကို ကောက်ချီလိုက်သည်။ သည်လိုဆိုတော့ သူ့အပူသောကမှန်သမျှ လျော့ကျပျောက် ကွယ်ရသည်။



မျက်နှာမှာ အပြုံးဖြင့် လန်းဆန်းလာပြန်သည်။

"တားဖို့ မုန့်ပါရား"

"ပါပါ့တော် ပါပါ့"

"အညားကျီးရား"

"အညားကြီး"

"အခုသားလေးဘာစားထားသလဲ ဗိုက်ကြီးကိုပူနေပါလားဟေ့"

မခင်ပိုက ဈေးတောင်းကို ကူချရန် အိမ်ဝင်းဝမှ စောင့်နေသည်။ ဈေးတောင်းကို ချပေးရင်း. . .

"သူတို့ကို မုန့်လက်ဆောင်း တိုက်ထားတာလေ၊ ပိုက်ပိုက် က ၂ ခွက်တောင်သောက်တာ၊ ဒါကြောင့် ဗိုက်ကြီး ပူနေတာ"

"ဟုတ်လား ပိုက်ကလေး ဒါဆိုဗိုက်ကြီးပေါက်ထွက်လိမ့် မယ်"

"ဟင့်အင့်း ပေါက်ဖူး။"

"တယ်သိတတ် ကောင်စုတ်လေး ဒေါ်ကြီးချို ငှက်ပျောသီးဝယ်လာတာ ကျွေးဘူး"

"ဟင့်အင်း ထုကျွေး ထုကျွေးဒေါ်ကျီးကိုခေါ်ဘူး"

ကလေးက သူ့ရင်ဘတ်ကို ထုကာပြောလျှင် ချစ်ခြင်းပီတိအဟုန်ဖြင့် ကလေးကို မြှောက်ချီကာ ဗယ်ပြန်ညာပြန်နမ်းသည်။

"ဟ ငါ့တူကြီးဟ ငါ့သား ပိုက်ပိုက်ကြီးလားဟေ့- အညာအိုးကြီး အမွှေးတုံးကြီး"

တူလေး တူမလေးများကလည်း အနားမှာဝိုင်းရံလာကြသည်။

"ဒေါ်ကြီးချို မုန့်ပေး မုန့်ပေး"

ဈေးတောင်းထဲမှ ခုန်ထွက်သွားသော ငှက်ပျောတဖီးသည် ၂ စက္ကန့်ပင်မကြာလိုက်၊ ပြုက်ကနဲပြောင်သွားသည်။

"အစ်မကလဲလေ စည်းမရှိကမ်းမရှိ စောစောကတင် မုန့်လက်ဆောင်း တိုက်ထားတာ"

"အိုအေ အဒေါ်ပြန်လာတော့လဲ မျှော်ကြမှာပဲ၊ မျှော်တုန်းမ ကျွေးရရင် ငါ့စိတ်ကကိုမဖြောင့်ဘူး။ သွားရည်စာသမောစာတော့ စားစမ်းပါစေအေ ဝမ်းအပြင်အိတ်မရှိပါဘူး။ ဆိုင်ကကုန် စည်းကမ်းမဲ့နိုက်ရင်သာ ငါမကြိုက်တာ အဲဒါကထမင်းအိုးကွဲမှာ"

မခင်ပိုကအစ်မလက်ထဲမှ သားငယ်ကိုလှမ်းယူလိုက်လေသည်။

ဒေါ်ခင်ချိုကပြောရင်း ဆိုရင်းကဈေးတောင်းထဲမှ ထန်းသီးမုန့်ထုပ်ကို ထုတ်ကာ ၊ ဆီချိုင့်ထဲမှ နှမ်းဆီတမှုတ်ဆမ်း လိုက်သည်။

"ဒါက အဖေနဲ့ အမေဖို့ ဘယ်သွားကြလဲ"

"အဖေတော့ စောစောက အိမ်ရှေ့ကွပ်ပျစ်မှာလှဲနေတာပဲ ဘယ်ထသွားပါလိမ့်၊ အမေကတော့ နောက်ဖေးမှာ"

"ဒေါ်ကြီးချို ဒေါ်ကြီးချို အမေကြီးလေ ဆေးလိပ်တွေခိုးသောက်နေတယ်ဗျား၊ ဒေါ်ကြီးပြန်လာသံကြားလို့ဖွက်လိုက်တာ"

"ဟဲ့ကောင်"

မခင်ပိုက သားအလတ်ကောင် စကားကိုဟန့်သည်။ ဒေါ်ခင်ချိုမျက်နှာမဲသွားသည်။

"အဲဒါကြောင့် ခက်တာပဲ အမေ့မလဲ နေ့စဉ်ညခံဆိုသလိုဖြစ်နေတာ၊ နေ့ကျဆေးပေါ့လိပ်က တထောင်းထောင်း ညကျချောင်းက တဟွတ်ဟွတ် ဒါကြောင့်မျက်စိကလဲ ပိုဆိုးတာ"

အမေအိုကြီးက မျက်စိတဘက်တိမ်စွဲ၍ခွဲထားသည်မှာ မကြာ



သေး။ တဘက်ကတော့ လုံးလုံးကွယ်သွားခဲ့ပြီ။ အမေကြီးက အိမ်နောက်ဖေးမှ တလှုပ်လှုပ်ထွက်လာသည်။

"ငါ၀ယ်သောက်တာ မဟုတ်ပါဘူးအေ။ မလှကွန့်အိမ်သွားဘုန်းက တည်လိုက်လို့ပါ"

"သောက်သောက်အမေ တဘက်မဟုတ်ဘူး၊ စုံလုံးကန်းလိမ့်မယ်"

သူက ကရုဏာဒေါသောဖြင့် ကြိမ်းမောင်းလိုက်မိသည်။ လက်ထဲမှ ထန်းသီးမုန့်ထုပ်ကို ကွပ်ပျစ်ပေါ်ဆောင့်ချသည်။ ပြီးလျှင်အကျီချွတ်ကာ ထဘီရင်လျားနှင့် ငါးပိအိတ်များကိုဆေးရန် မြောင်းဆီသို့ သွားသည်။ နှုတ်ကလည်း မကျေမချမ်း တဖြစ်တောက်တောက်။ ...တွက်တွတ်။

(၄)

ဟိုတုန်းကတော့ မခင်ချိုသည် နှုတ်ကြမ်းအာကြမ်း မိန်းမကြမ်းကြီးတစ်ယောက် မဟုတ်ခဲ့ပေ။ ပန်းကလေးလိုနုနယ်ကာ ပျားပိတုန်းတွေ တရုန်းရုန်းရှိခဲ့သည်။ ပြည်တွင်းစစ်မီးတောက်တွင် ဓါးမြရန်ကြောင့် ယာတွေ၊ ချောင်းတွေပစ်ကာ မြို့တက်ပြေးလာကြကတည်းက စုမိဆောင်းမိခဲ့သမျှ အထုပ်ကိုဖြေကာ အရောင်းအဝယ် လုပ်ခဲ့ရသည်။ ဘဝရေဆန်တွင် မိန်းမသားတစ်ယောက်တည်း ရုန်းကန်ခဲ့ရပြီး အပင်ပန်းခံရသလောက်၊ အကွက်မလည်သောအခါ သူသည်ဘဝကိုနာကျည်းလာသည်။ သူ့မိဘ၊ သူ့ညီမ၊ သူ့ပတ်ဝန်းကျင်၊ သူ့စီးပွားအားလုံးမှာ ကျေနပ်စရာရယ်လို့မရှိခဲ့ပေ။ သူကျင်လည်ရာ ဘဝစက်ဝန်းကြီးတစ်ခုလုံးကလည်း သူ့အတွက် ဒေါမနဿလှိုင်းလုံးများကို ဝုန်းကနဲဝုန်းကနဲ ခုန်ကြွစေခဲ့သည်။ အိမ်ထောင်ရေးနှင့် ပတ်သက်၍လည်း ငယ်ရွယ်နုပျိုမျစ်စက စိတ်ကူးစိတ်သန်း တစ်စတစ်လေ ရှိကောင်းရှိမည်

ဖြစ်သော်လည်း အရွယ်မတိုင်မီ အိမ်ထောင်ကျခဲ့ပြီး ဗရုတ်သုတ်ခ အိမ်ထောင်သည်ဘဝမှ ညီမကိုမြင်ရတိုင်း စိတ်ကုန်ခမ်းခဲ့သည်။ ညီမ၏ အပူမှာ သူ့ထံသို့ ကူးစက်ကာ ညီမ၏ဝန်ထုပ်ဝန်းပိုးတို့က သူ့ပခုံးကို အသားမာနှင့် အမာရွတ်တို့သာတိုးစေခဲ့သည်။ ရံဖန်ရံခါတော့ တွေးမိပါ၏။ လွတ်ရာကျွတ်ရာသို့ပြေး ကာသီလရှင်သာ ဝတ်လိုက်ချင်မိ၏။ သည်လိုဆိုလျှင် သူတစ်ယောက်တည်း လွတ်ရာလွတ်ကြောင်း ရှိမည်မှန်သော်လည်း အိုမင်းမစွမ်းတော့သော အဖေအို၊ အမေအို၊ သည်ညီမနှင့် သည်ကလေးတသိုက် တောင်းစားကြရပေလိမ့်မည်။ သည်တော့ သံသရာဂယက်မှာ ဆက်လို့သာ ငရဲခံပေဦး မိခင်ချိုဟု၊ သူ့ကိုယ်သူ အားပေးမိသည်။

ပြည့်စုံကြွယ်ဝသူများ၊ ဘုရားကျောင်းကန် မှန်မှန်သွားနိုင်သူများကို အားအကျကြီး ကျမိသော်လည်း သူနှင့်တရား ရိပ်သာမှာ၊ ယူဇနာပေါင်းများစွာ ဝေးမြဲဝေးကွာလျက်ရှိသေးသည်။ တစ်ခါတစ်လေတော့ မသိန်းမျှင်တို့အိမ်မှာ ညဦးပိုင်းကက်ဆက်ဖွင့်၍ တရားနာကြလျှင်အဖေနှင့်အတူ သူသွားနာတတ်သည်။ သို့သော်လည်း သူ့အနားတကပ်ကပ်နှင့် သူသိပ်မှအိပ်မည်ဖြစ်သော ပိုက်ကလေးက ဂျီတိုက်၍ လိုက်လိုက်လာရာ သူနာသောတရားများမှာ ဘယ်အခါမှ တစ်ပုဒ်အဆုံးနာရသည်မရှိခဲ့။

"ဒီ သောက်ကလေးဟာလေ"

ဆဲဆဲဆိုဆိုနှင့် ကလေးတင်ပါးကိုရိုက်ရင်း အိမ်ပြန်လာခဲ့ရသည်ချည်းပင်။

"ခင်ပိုရယ် တို့အေ ကက်ဆက်တစ်လုံးလောက် ဝယ်နိုင်ရင် ကောင်းမှာ၊ ညည အေးအေးလူလူ တရားနာရတာပေါ့ အဖေနဲ့ အမေလဲ သူများအိမ် သွားနာနေစရာမလိုဘူး"

ညီမလုပ်သူက၊ ခေါင်းကို တဗျင်းဗျင်း ကုတ်ကာ-



"ထိပေါက်မှ ဝယ်နိုင်မှာ အစ်မကလဲ"

သူ့နည်းသူ့ဟန်ဖြင့် အားပေးနှစ်သိမ့်လိုက်သည်။

(၅)

အတွေးအမျှင်များကား၊ ရေတံခွန်မှ သွန်ချသလို ဒလဟော အဆက်အပြတ် မရပ်မနားသွားဆဲဖြစ်၏။ အတွေးများ ကြောင့်ရှုမှတ်ဆဲသတိနှင့် စောစောက ခြင်ကိုက်၍ ယားစပ်ခြင်းပင် မေ့သွားသည်။ ဘိုင်ကပ်နာရီသံမှာ တချက်ချက်မြည်ဆဲ။ စာကလေးများမှာ တကျီကျီအော်ဆဲ။

တစ်စုံတစ်ယောက်က 'ဟွတ်ကနဲ ဟွတ်ကနဲ' ချောင်းဆိုးနေသည်။ သည်အသံကို ဒေါ်ခင်ချိုမှတ်မိသည်။ မတင်စိန်အသံ။

"ဒီမိန်းမများ တရားထိုင်လို့ ဘာတရားရမှာလဲ အလကားမိန်းမ"

စိတ်ထဲက၊ ဖြတ်ကနဲ ငရဲပွားလိုက်သည်။ ပြင်ချိန်မရလိုက်၊ မတင်စိန်က ငပိကုန်သည်ကြီး။ အလျင်ကတော့ မတင်စိန် ငပိကိုဖောက်သည် ယူရောင်းသည်။ မတင်စိန်က ငွေကိုသာ တစ်နေ့မဆိုင်းလာတောင်းတတ်သည်။ သူ့ငပိက ကျစျေးမရှိ။ ငပိစျေးကျ ရိပ်မြင်လျှင် လှည်းကြီးနှင့်တစ်စီး သူထံသို့ အိမ်တိုင်ယာရောက် ထိုးပေးတတ်သည်။ လှည်းသမားနှင့် ပေးလိုက်တတ်သော စာတိုကလေးမှာ စေတနာသံအပြည့်။

မခင်ချိုငပိက အောက်ငပိ အကောင်းစားမို့ ဦးဦးဖျားဖျားပို့လိုက်တယ်၊ နှစ်ရာဇစျေး၊ ရှင့်မို့လျှော့ယူလိုက်တာဟူသတည်း။ တစ်ပိသာ ၁၂-ကျပ်ပင် မတန်သောငပိကို သူ့ထံအတင်းထိုးကျိတ် ရောင်းလိုက်တော့ သူက မိတ်ပျက်မည်စိုး၍ တစ်ကြိမ်၊ နှစ်ကြိမ်မက သည်းခံခဲ့သည်။ သည်းမခံနိုင်သည့်အဆုံး စျေးထဲမှာ ဝက်ဝက်ကွဲအောင်ရန်

ဖြစ်ကြသည်။ မတင်စိန်က ငွေရှိသူဆိုတော့ ငွေစကားပြောနိုင်သည်။

"ကျုပ်တို့က ဖောက်သည်ပေါပါ့တော်။ ကြွေးခံချင်လွန်းလို့ သူ့ပေးပါ၊ ငါ့ပေးပါနဲ့ နွားငတ်ရေကျ တောင်းတဲ့လူတွေအပေါ် သနားလို့ လျှော့လျှော့ပေးနေတာ ကျေးဇူးမသိတော့ ခွေးကိုက်ဘက် မွေးမိသလိုပဲ"

သူကလည်း ရင့်ရင့်သီးသီးပြန်ဆဲခဲ့သည်။ အနားမှာ လူတွေသာမရှိလျှင် မတင်စိန်ကိုအရေခွံဆုတ်မိမည်။ အတွေးများကြောင့် အသက်ရှူမှားသွားသည်။

"ဘုရား၊ ဘုရား အကုသိုလ်တွေ ပွားနေလိုက်တာ၊ ကုသိုလ်တပဲ ငရဲတပိဿာဆိုတာငါမှ ငါအစစ်၊ သွားသွားမကောင်းတဲ့ အတွေးတွေသွား ထွက်တယ် ဝင်တယ် ဝင်တယ် ထွက်တယ်"

ခါးကို မသိမသာမတ်ရင်း အသက်ပြင်းပြင်းရှူကာ ထွက်လေဝင်လေမှတ်သည်။ သူ့စိတ်တို့ စုစည်းတည်ငြိမ်စပြုချိန်မှာ တစ်စုံတစ်ယောက်က ဘူကနဲလေလည်လိုက်ပြန်သည်။ သူ့နှုတ်ခမ်းများမှာ အပြုံးစတို့ဖြတ်ကနဲ ရောက်လာသည်။

"မအောင့်နိုင်မအည်းနိုင်ပဲကိုတော့"

သတိလက်လွတ်ပြီး မှတ်ချက်ချသည်။

သတိ၊ သတိ၊ သတိ၊ မှတ်၊ မှတ်၊ မှတ်။

ဆရာတော်က ကျန်းမာရေးမကောင်းသဖြင့် တရားမစစ်နိုင်၍သာ တော်တော့သည်။

"ဝင်တယ်။ ထွက်တယ်။ ထွက်တယ်။ ဝင်တယ်"

တစ်ခဏငယ်များစွာမှာ ရုပ်နှင့်နာမ်နှင့် ဖွဲ့စည်းသည့် ခန္ဓာကိုယ်ကြီး၏ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရှူသွင်းခြင်း၊ ရှူထုတ်ခြင်းတို့၌ စိတ်ကိုတည်ငြိမ်စေနိုင်လာပြန်သည်။ ထိုအခိုက်မှာပင်-



"ဒေါင်ဒင် ဒင်ဒင်၊ ဒင်ဒင် ဒေါင်ဒေါင်"

သံစုံနာရီကြီးက လေးလေးပင်ပင် တီးလိုက်သဖြင့်ဆက်ကနဲတွန့်သွားသည်။ ၆ နာရီထိုးပြီ။ တရားစခန်းသိမ်းပြီး အကြောအခြင်တွေက တောင့်တင်းနေသည်။ ခြေကို ရွှေ့သည်မရ။ သူ့ဘေးမှ လူများလည်း လှုပ်ရှားလာကြပြီ။ စကားသံ တီးတိုးထွက်လာသည်။

"ဘုရား ဘုရား ကျွတ်၊ ကျွတ်"

ခြေထောက်က ကျဉ်နေသည်လှုပ်မရ။ ဒေါ်စိမ်းရင်က သူ့အနားရွှေ့လာသည်။

"ဘယ့်နှယ်လဲ မခင်ချို၊ တရားမှတ်လို့ရလား ကျုပ်ဖြင့် စိတ်ထဲမှာလေ ပေါ့ပြီး၊ လွတ်လပ်ပြီး၊ ကြည်လင်သွားတာပဲ။ လူကလေထဲမှာ မြောက်နေသလို တငြိမ့်ငြိမ့်နဲ့ ဆရာတော်ဘုရားကို လျှောက်ရဦးမယ်"

ဒေါ်ခင်ချိုက ခြေကျဉ်သဖြင့် ရှုံ့မဲ့ရာမှ ပြုံးပြလိုက်သည်။

"ဘယ်လိုလဲ နက်ဖြန်လဲ လိုက်ခဲ့မယ်မို့လား ကျုပ်ကတော့ ဇိကုပ် နတ်ပြည်တင်ရမှာပဲ"

ဒေါ်စိမ်းရင်က မျက်စချီမေးသည်။

ဒေါ်ခင်ချိုက ပြုံးနေသည်။ ခဏကြာလျှင် ခြေနာပြေသွားသဖြင့် ထရပ်ကာလုံချည်ပြင်ဝတ်သည်။ ရေအိုးစင်မှာ တဂွတ်ဂွတ်နှင့်အသံမြည်အောင် ရေသောက်နေသော မတင်စိန်ကိုမြင်သည်။ မျက်မှောင်ကြုတ်လိုက်သည်။

"အင်း . . . တရား တရားနဲ့ မတော်လောဘသမားတွေကိုမြင်ရတာ အကုသိုလ်ဖြစ်ပါတယ် မမရင်ရယ် ကိလေသာ အညစ်အကြေးစင်မှ ဇိကုပ်နတ်ပြည်တင်ရကျိုး နပ်မပေါ့။ နို့မို့ဖြင့် အဝီစိငရဲအိုးမှာ နှစ်ပြန်တိုးပြီး ချိုးကပ်မှာ စိုးရသေးသတော်"

ဒေါ်စိမ်းရင်က အံ့ဩနှုတ်ဆွံ့ကာ ကြည့်သည်။ သူကတော့

ဖိနပ်ကလေးကို ဖုတ်ဖက်ခါကာ ဆတ်တောက်တောက် ခြေလှမ်းများဖြင့် ကျောင်းဝိုင်းအပြင်သို့ ထွက်ဖို့ပြင်သည်။ မှောင်ရီစ ညနေရီ၏ ဆည်းဆာတိမ်နီအောက်တွင် မဲနက်နေသော သီးပင်စုစုဆီမှ ပုဇဉ်းရင်ကွဲတို့ တစီစီမြည်သံကြားရသည်။ သူ ထမင်းခွံ့မကျွေးခဲ့ရသဖြင့် တစာစာ ငိုကြွေးနေမည့် တူကလေးဆီသို့ စိတ်ကပြေးလွှားနေစဉ် ဒေါ်စိမ်းရင်ကတော့ သံသရာ၏ ဤမှာဘက်ကမ်း၌ ဘယ်တော့မှ ကျွတ်တမ်းဝင်မည့်ပုံမရသည့် သူ၏ဓမ္မမိတ်ဆွေကို ကြည့်လျက်စိတ်ပျက်လက်ပျက် ခေါင်းခါနေလေသည်။

စက်တင်ဘာ / ၁၉၈၆

ရှုပ်ရှင်မျက်မှန်မဂ္ဂဇင်း



## အနိုင်နဲ့အရှုံး

✦ ✦ ✦ ✦ ✦

(၁)

ပန်းတမာတို့ ပွင့်စည‌နေဖြစ်သည်။ ကောင်းကင်လေထုထဲ ဘွင်ဖုန်ခိုး၏ရနံ့၊ ပန်းတို့၏ရနံ့၊ ဆောင်း၏ကြွင်းရစ်သော နှင်းတို့ရနံ့ဖြင့် ထုံးမွှမ်းနေသည်။ ကောင်းကင်ရောင်မှာ ကြောက်စရာတိမ်နီစွေးစွေးဖြင့် သွေးလိုသိပ်သည်း ခဲပျစ်လျက်၊ ထွက်ပြူစ လမင်းကိုမြင်သည်။

သိပ်သည်းနက်ရှိုင်းစပြုသည့် မိုးသားထုကြားထဲမှ တလုံးတလေစထွက်ပြူလာကြသည့် ကြယ်ကလေးများ တိမ်လွှိုင်းတို့ ပြာရီမှုန်မှိုင်းစပြုလျှင် တောင်ယာခင်းတို့ဆီမှ မီးရှို့သော ရိုးပြတ်နံ့သင်း လာပြန်သည်။ တငြိမ့်ငြိမ့်စီးသော ချောင်းရေပြင်မှလှည်းတို့ ဖြတ်သန်းလာကြသည်။ လှည်းဝင်ရိုးသံ တကျွီကျွီနွားအမြီးခတ်သံ တဘမ်းဘမ်း ရေတွင်နွားတို့ရှုန်းသံ တဗွမ်းဗွမ်း လှည်းသမားတို့မှာ ဆေးလိပ်ကိုယ်

စိဖြင့် မှုန်ရီစည‌နေကိုကြည့်သည်။

တစ်ကိုယ်တည်းလမ်းလျှောက်လာသူအဖို့မှာ အားလုံးသည် လွမ်းမောစရာဖြစ်သည်။ နီစွေးစွေးတိမ်များ သိပ်သည်းနက်ရှိုင်းစပြု လာသော အမှောင်ထု။ အေးစက်စက် လေညင်းနှင့်ခရမ်းပြာရောင် ပန်းတမာပွင့်များ ဖုန်ခိုးကြားမှ လမင်းနှင့် မလင်းတလှည့်လင်းတ လှည့်ကြယ်များ။

လမင်း၊ ကြယ်များနှင့်စကြဝဠာ ကမ္ဘာလောက ဓါတ်တစ်ခု လုံး၏သိပ်သည်းနက်ရှိုင်း ဆိတ်ငြိမ်မှုနှင့်အတူ မြူခိုး ဖုန်ထုထဲတွင် သူလည်းစီးမျောသွားသည်။ ချောင်းငယ်၏ ဂီတကိုကြားသည်။ ပလုံစီသော မြည်သံများ၊ မြက်ရိုင်းပင်များ၊ ပိတ်စွယ် တောများကြား တွင် ထိုင်မိပြန်သည်။ ရင်မှာ ဘာရယ်ကြောင့်မသိ၊ နှမြော တသခြင်း ကြီးစွာဖြင့် စူးအောင့်နာကျင်လာသည်။ ငှက်မည်းတစ်အုပ်က သူ့ခေါင်း ပေါ်မှဖြတ်ကျော် ပျံသန်းသွားကြသည်။ ငှက်များ. . . ။

အုပ်နဲ့သင်းနဲ့ဖွဲ့လျက် အိပ်တန်းသို့ပျံကြစဉ်တွင် အိမ်ကို မခင် တွယ်သော လူသားသူ့မှာ ရေထဲကကြယ်ကွဲနှင့် လရိပ်ကိုသာ အဖော်ပြု ရရှာသည်။

တခါကသူ့ကမ္ဘာသည် ရေထဲမှလအရိပ်လိုပင် ဖိတ်စင်ကြေမွ ခဲ့ပြီ။ မျှော်လင့်ချက်များ၊ အိပ်မက်များဖြင့် တည်ဆောက်ဆဲ သူ့ဗိမာန် ပျက် လျှင် ခြေဦးတည်ရာကို လွင့်ထွက်သွားချင်သည်။ သို့သော်နှောင် ချည် ဆဲကြိုးများမှ ရုန်းမထွက်နိုင်သရွေ့ မမကိုတွေ့နေရမည်။ မမ၏ လှပသော မျက်ဝန်းများကြားမှ နာကျည်းခါးသီးသော မျက်ရည်စတွေ ကို သူမြင်ခဲ့ရပြီးပြီ။ ပြီးတော့သားငယ် သူသွားလျှင် သားငယ်မှာ အဖေမဲ့ ရှာရော့မည်။

ပူလောင်စူးရှမှုသည် ရင်ညွန့်ဆီမှလည်ချောင်းထဲထိ တက် လာကာ သူ့မျက်လုံးအစုံကို မျက်ရည်ဝိုင်းစေပြန်သည်။ ယောကျ်ား



တန်မဲ့မူ သူမငိုပါ။ မမအပေါ်မှာတော့ သူသည်ဘယ်ခါမှ ကောင်း နိုင်မည် မဟုတ်တော့သော ယောကျ်ားတစ်ယောက်ဖြစ်သည်။ ကိုယ့်ကို ညှဉ်းဆဲယင်း မမကိုမျက်မာန်ဒေါသဖြင့် ရင်ဆိုင်ယင်း ထွက်ပေါက်ရှာမ ရသော ဘဝထဲတွင် သူ ချောင်ပိတ်မိခဲ့သည်။ မမသည် သူ့အတွက်ချို မြိန်သော ပျားရည်စက်မဟုတ်။ စီးကရက်ကို မီးညှိကာ ရှိုက်ဖွာမိပြန် သည်။

(၂)

ဇာတ်လမ်းက ရိုးရိုးစင်းစင်းကလေးပင် ဖြစ်သည်။ အစက မမသည် သူ့အတွက် လှပသော အိပ်မက်ဖြစ်ခဲ့သည်။ သည်မြို့မှာ တည်းစရာအဖြစ် သူ့မိခင်က မမတို့အိမ်သို့ညွှန်ခဲ့သည်။ မမကိုတွေ့ လျှင် သူချစ်ခဲ့သော ညို့ကိုမေ့ကာ မမ၏အယုအယမှာ သူဘာသာ နစ်မွန်းခဲ့သည်။ မမရင်မှာ သားငယ်ခိုဝင်စပြုမှလန့်ဖျပ် နောင်တရကာ မမကို ခွာမည်ပြင်ခဲ့သည်။ မရ။ ပတ်ဝန်းကျင်၏ ဖိအားထက် သူကိုယ် တိုင် အရှက်ကြီးစွာ စိတ်ထိခိုက်သည်းစွာဖြင့် မမကိုလက်ထပ်ခဲ့ရသည်။ ဒီတော့မှ သူသိလိုက်ရသည်။ မမကို မချစ်ခဲ့။

ဒီနောက်ပိုင်းတွင်တော့ သူသည် သေရည်မှာ ယစ်မူးတွေဝေ ခဲ့သည်။ လူနာတွေခွဲစိတ်လျှင်ပင် အရက်မသောက်ရလျှင် လက်တွေက ကတုန်ကယင်ဖြစ်သည်။ မနက်အစောကြီး အိပ်ရာမှနိုးကာ မမကိုအ ရက်ရှာခိုင်းတတ်သည်။

ညို့က မမလောက် လှပသူမဟုတ်ခဲ့။ သိမ်မွေ့ခြင်းနှင့် ကျက် သရေတည်ရာ အေးချမ်းသော မျက်နှာကလေးကို သူမမေ့။ အိမ်ထောင် ကျပြီးသည့်တိုင်ညိုထံသို့ စာတိုစာရှည်ရေးကာ သူညာဆဲ၊ ညိုသိတော့ သူ့ကို ရင်ဆိုင်တွေ့ခဲ့သည်။ ညိုမျက်ဝန်းများမှာ ကြင်နာဆဲအငွေ့ကို တွေ့သည်။

“ကို့ကို ညိုနားလည်ချင်ပါတယ်၊ ဒါပေမယ့် ညို့ဆီစာမရေးပါနဲ့တော့နော်”

အအေးခွက်ကို ကိုင်ထားသော သူ့လက်များမှာ သွေးခဲအေးစက်သွားသည်။ မမြင်ဖူးသော်လည်း မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်မှ သူ့ဇနီးနှင့်သားကို ညိုကစာနာသနားနေသည်။

“တကယ်ဆို ညိုဟာကို့ကို တွေ့တောင်မတွေ့သင့်ပါဘူးကိုရယ်”

ပြန်ပြောစရာ စကားလုံးများမှာ လည်ချောင်းဝတွင် ဆို့နင့်ဆဲ၊ ညို၏ငိုလုဆဲမျက်ဝန်းများကို မြင်သည်။ ခွင့်လွှတ်ပါဟုသူ မပြောလိုတော့။ နှစ်နှစ်ကျော် သုံးနှစ်နီးပါး ညိုအပေါ်လှည့်စားခဲ့သော လူသားအဖြစ် သူ့ကိုယ်သူခွင့်လွှတ်စရာမမြင်တော့။ ဆရာဝန်ဖြစ်လာပြီးနောက်ဂုဏ်နှင့်ငွေကို သူဖန်တီးလာနိုင်သောအခါ မိန်းကလေးများစွာ၏ ကြင်နာခြင်းကို ရရှိခဲ့ဖူးသည်။ သို့ရာတွင်. . .

ညိုနှင့်သိခဲ့ရစဉ်က သူသည် ဆရာဝန်တစ်ယောက်မဟုတ်ခဲ့ပေ။ တေပေဆိုးသွမ်းကာ လမ်းဘေးသို့ ရောက်လုလု သူ့မိသားစုကိုယ်တိုင်က လက်လျှော့ပစ်ပယ်ထားစ ကာလလည်းဖြစ်၏။ ညိုကို သူ့သူငယ်ချင်းမိနွယ်၏သူငယ်ချင်းအဖြစ်ဖြင့် သိခဲ့ခြင်းဖြစ်သည်။ မိနွယ်ပြောပြ၍ညိုက သူ့အကြောင်း သိနှင့်သည်။ မိနွယ်ပြောပြ၍ သူက ညိုအကြောင်း ကြားဖူးခဲ့သည်။

ညိုက သူ့အကြောင်း ကြားသိနှင့်သည်မှာ ကောင်းသတင်းနှင့်မဟုတ်။ သူကတေပေသူ၊ အချစ်ရေးမှုရော၊ စာမေးပွဲတွေမှာ ရောခဏခဏ ရှုံးနိမ့်ခဲ့သူ။ အချစ်တစ်ခုလုံးရှုံးတိုင်း စာမေးပွဲကျဆုံးသည် ဟုပြောစမှတ်ပြုခြင်းခံရသူလည်း ဖြစ်သည်။ သူ့ အိမ်ကပင် သူ့ကို ဆရာဝန်တစ်ယောက် ဖြစ်လာလိမ့်ဦးမည်ဟု မယုံရဲကြတော့သော ကာလလည်းဖြစ်သည်။ ညိုကသူ့ကို ဒီလို လျှော့တွက်ခဲ့၍ပင် ချစ်မိခဲ့ သည်



ထင်သည်ဟု ဆိုခဲ့ဖူးသည်။

သို့သော် သူကတော့ သူလုပ်ချင်တာ၊ ဖြစ်ချင်တာကလွဲလျှင် ဘာကိုမျှ ဂရုစိုက်တတ်သူတစ်ယောက် မဟုတ်ခဲ့ပေ။ညိုကို ခင်မင်ရကောင်းမှန်းသိလာချိန်မှာ မိနွယ်နည်းတူ ညိုအပေါ်မှသူငယ်ချင်းဆိုးဆိုး၍ရသောကြောင့် ဖြစ်သည်။ မိနွယ်မှာ ရက်ရော ဖော်ရွေသူဖြစ်သောကြောင့် အိမ်ကငွေမပို့ပဲ သူ့ကို ပြတ်ပြတ်စဲစဲနောင်ကြဉ်အောင်လုပ်တိုင်း မိနွယ်ဆီသွားသွား ဆွဲရသည်။ မိနွယ်က သူ့အိမ်မှ ငွေမရောက်သေးလျှင် ညိုထံက ခဏချေးသည်။ သည်သို့ အချေးအငှားတွေနှင့် စတင်ခဲ့ရသော ဘဝလည်းဖြစ်သည်။ မိနွယ်က အစ်မကြီးလိုဆုံးမကာ ဆူဆူပူပူလုပ်တိုင်း သူပြုံးနေတတ်သည်။

“နင် ရည်းစားပူမိတာပဲ၊ စာလဲမကျက်ဘူး၊ နင့်အိမ်က ပိုက်ဆံရှိလို့ထားတယ်များ ထင်နေသလား”

မိနွယ်က ပက်ပက်စက်စက်ဆိုလျှင် မိနွယ်ပါးစပ်ကို ကြောက်သဖြင့် မျက်နှာငယ်ကလေးနှင့် နေတတ်သည်။ ညိုက သူ့ကို အားနာစွာစောင့်ကြည့်နေတတ်ခဲ့သည်။

“မိနွယ်ကလဲ ဆူမနေပါနဲ့ကွာ” ကွယ်ရာမှာပြောတတ်ခဲ့သည်။

မိနွယ်ကတော့. . .

“ညိုက ဘာသိလို့လဲ၊ ဒီကောင်ဖဲရိုက်နေတာ၊ ငါတော့ အဆိပ်ပင်ရေလောင်း ဖြစ်နေပါပြီ” ထိုစဉ်ကတော့ ညိုသည် ဆရာဝန်များကိုလေးစားသော်လည်း ဈေးတွက်မေတ္တာနှင့် ရေလာမြောင်းပေးလုပ်တတ်သူ မိန်းမသားများစွာကို ရွံရှာတတ်သူလည်း ဖြစ်ခဲ့၏။ သူသည် တေပေသော ဆေးကျောင်းသားအပေါ်မှာ ကရုဏာဖြစ်ခဲ့သော်လည်း သူ့ဘဝထဲ ညစဉ်အိပ်မက်တွေထဲထိ စွဲလမ်းမိလိမ့်မည်ဟု မသိခဲ့။ ညိုမှာလည်း ချစ်သူရှိခဲ့ဖူးသည်။ ထိုချစ်သူနှင့် ကွဲပြီးနောက် ညိုသည် နောက်ထပ်မည်သူ့ကိုမျှ ချစ်ရန်မယုံရဲသော အချိန်ကာလလည်း ဖြစ်ခဲ့

သည်။ သူလည်း သူ့အပေါ်မှာ ဆူဆူပူပူ နှင့်ပင်။ အနွံအတာ ခံတတ်သော မိန္ဒယ်အဆောင်သို့ မကြာခဏရောက်လာတတ်ခြင်းမှာ ငွေရေးကြေးရေးအကြောင်းကြောင့်ချည်း မဟုတ်ခဲ့။ အအေးဆိုင်၊ လက်ဖက်ရည်ဆိုင်တွေမှာ အတူထိုင်ကြယင်း စကားဝိုင်းဖွဲ့ပြောကြတိုင်း သူ့ကို မမြင်သလို ကြည့်တတ်သော ညို့မျက်ဝန်းများ၏ နက်ရှိုင်းမှု၊ တစုံတခုသော အရာအား လွမ်းမောတသနေပုံရသော သူရှိသည်ပင် ရံခါမေ့နေတတ်သော မိန်းကလေးတစ်ယောက် အဖြစ်ကြောင့်လည်း ပါခဲ့လေသည်။ ညိုအကြည့်တွေက သူ့အတ္တကိုနှိုးဆွခဲ့သည်။ မိန္ဒယ်ဆီက ညိုအကြောင်းသိရတော့ သူ့လိုပင် အချစ်ကို ဆုံးရှုံးခဲ့ရသူ တစ်ယောက်အဖြစ် နားလည်စာနာခွင့်ရခဲ့သည်။ ပြီးတော့ ရံဖန်ရံခါတွင် ညို၏ မာန၊ ညို၏ အကြည့်များမှာ သူ့အပေါ်တွင် မတူမတန်သလို ရှိနေသလားတွေးခဲ့သည်။

ထို့ကြောင့် သူ့ကိုယ်သူ မစစ်ဆေးမိစဉ်မှာပင် ညိုကိုတွေ့တိုင်းရင်ခုန်ချင်လာသည်။ ညိုနှင့်စကားပြောရလျှင် ပျော်ရွှင်လာသည်။ ညိုက သူ့အပေါ်ဂရုတစိုက်ရှိစေချင် အလေးထားစေချင်သည်။ ညိုအချစ်ကိုရဖို့ မလွယ်ကူခဲ့ခြင်းကပင် သူ့ဘက်ကပို၍ တန်ဖိုးထားစေသလား မပြောတတ်။ ညိုက သူ့ကိုယုံစားသူမဟုတ်ခဲ့။ ချစ်သူ တွေဖြစ်လာတော့မှ ညိုကပြောဖူး သည်။

"ကိုဟာ သိပ်ကို ထူးချွန်နေတဲ့ လူတစ်ယောက်မဟုတ်တာ ကောင်းပါတယ်ကွယ်၊ နို့မို့ယင် ဆုံးရှုံးသွားရမှာကို ညိုကြောက်တယ်"

ချစ်သူတွေ ဖြစ်လာကြသည့်တိုင် ညိုနှင့်သူက နှစ်ယောက်ချင်းတွေ့ရသည့်အချိန်က နည်းလှသည်။ မိန္ဒယ်မပါလျှင် ညိုက ဘယ်နေရာမှ မလိုက်။

မိန္ဒယ်ကလည်း ဘယ်တော့မှ အားနာကာ ချန်နေရစ်မည့် မိန်းမမျိုးမဟုတ်ပါပေ။ မိန္ဒယ်သည်ပင် သူနှင့် ညိုတို့ အပြန်အလှန်



ဘိုင်တည်ရာ၊ နားလည်မှုလွဲကာ စိတ်ကောက်ကြတိုင်း ဖြန်ဖြေရာ ပုဏ္ဏားတိုင်ပမာ ဖြစ်ခဲ့ပါ၏။

နောက်တော့ သူသည် ချစ်သောညိုအတွက် စာကျက်ခဲ့ရသည်။ သူ့မှာ ကိုယ်ပိုင်ရပ်တည်နိုင်ဖို့ အလုပ်တခုရှိမှ ဖြစ်မည်။ ပြီးတော့ ညိုကို လက်ထပ်ချင်သည်။

(၃)

မထင်မှတ်သူက ဆရာဝန်ဖြစ်လာခဲ့သည်။ သူ တောင်တန်းများ ရှိရာသို့သွားရမည်ဆိုတော့ ညိုက အပြာရောင်သိုးမွေးဆွယ်တာတစ်ထည် ထိုးပေးသည်။ သည်အင်္ကျီ ညိုကို ဝတ်ပြကာ . . .

"ညိုဆွယ်တာက အရမ်းကောင်းတာပဲ၊ ကောင်မလေးတွေ ဘို့ကိုဝိုင်းနေတော့မှာပဲ"

ညိုက သူ့ရင်ဘတ်ကို ထုသည်။

"ဟင်း. . . ကိုနော်၊ မသွားခင်ကတည်းက"

သူက ညိုလက်တွေကို ဆွဲယူကာနမ်းသည်။

"စိတ်မချယင် တခါတည်း လိုက်ခဲ့လေ"

ညိုက သူ့လက်တွေကို ပါးပြင်ပေါ်သို့ ဆွဲယူကာ. . .

"လိုက်လို့ မဖြစ်သေးလို့ပါနော် ၊ ညိုကို ဒီလို မပြောနဲ့ကွာ၊ ညိုသိပ်ဝမ်းနည်းတာပဲ"

ညိုမျက်ဝန်းမှာ မျက်ရည်ကြည်လဲ့လဲ့လင်းလျက်။ ညိုမျက်လုံးလေးတွေကို ချစ်မြတ်နိုးစွာကြည့်သည်။ နှလုံးသားထဲက တစိမ့်စိမ့်သွေးစီးကျသံပင်ကြားရမည်ထင်သည်။ ညိုကိုချစ်သည်။ စကားမပြောပဲ တစ်ယောက်ကိုတစ်ယောက် အကြာကြီး ပွေ့ဖက်ထားမိကြသည်။

ညို့နှလုံးသားထဲက စကားသံတွေလည်း သူကြားနိုင်နားလည် နိုင်သည် ထင်သည့် မှာတမ်းတွေ ဝမ်းနည်းစကားတွေ ဘာကြောင့် ပြော နေကြမှာလဲ။

ညို၏ကိုယ်သင်းနံ့ မွှေးမွှေး၊ နွေးသော ကိုယ်ငွေ့တို့ကို သူ အမြဲသတိရနေတော့မည်။ ပြီးတော့ ဖျားရည်လိုချိုမြိန်သော အနမ်းတွေ လည်တိုင်ကျော့ကျော့၊ ဆံယဥ်စနုနု၊ ဖြူဥသောရင်ညွန့်၊ နီထွေးနူး ညံ့သော နှုတ်ခမ်းနှင့် ပါးပြင်များ။

သည်တော့ ညိုက သူ့ကို တွန်းဖယ်ရုန်းကန်သည်။

"လွှတ်တော့ ကိုရယ် . . . အောက်မှာ မိနွယ်စောင့်နေတယ်"

သူက ချက်ချင်းလွှတ်မပေး။

"မိနွယ် . . . ဘာလို့ ခေါ်လာရသေးတာလဲကွာ"

ညိုက သူ့ပခုံးပေါ်က ကျော်ပြီးတိုင်ကပ်နာရီကို လှမ်းကြည့် လိုက်ကာ

"ဟော . . . ကိုးနာရီ ခွဲတော့မယ်၊ ကိုလဲပြန်တော့ ၊ ညိုတို့ လဲ ပြန်တော့မယ်"

သူက ညိုလက်တွေကို လွှတ်မပေးပဲ ဆွဲထားမိသည်။

"ကိုယ် ဒီညဒီမှာပဲ အိပ်တော့မလို့၊ ညိုမိနွယ်နဲ့ ပြန်မလိုက် ပါနဲ့လားကွာ"

ညိုက သူ့လက်တွေကို ညင်သာစွာ ဖြေယူကာ . . .

"ဘယ်ဖြစ်မလဲ၊ မိနွယ်ကို မနက်ဘူတာ လိုက်ပို့ရဦးမှာ၊ ပြီး တော့ . . ."

ညိုက သူ့ မျက်နှာကို စေ့စေ့မကြည့်ရဲသလို လွှဲဖယ်ကာ ကြည့်ယင်းရှက်စနိုးဖြင့် အားယူကာပြောရသည်။



"ညိုတို့ မယူမဖြစ်လို့ ယူရတာမျိုးလဲ မဖြစ်စေချင်ဘူး ကိုရယ်၊ ကိုပြန်လာခဲ့ပါ။ ညိုစာတမ်း(Thesis) ပြီးတာနဲ့ လက်ထပ် ကြမယ်"

ကျောင်းသံယောဇဉ် မဖြတ်နိုင်သေးသော ညိုကပြောသည်။ သူက မယုံရဲစွာဖြင့် မေးသည်။

"ညိုက ကို့ကို တကယ်စောင့်မှာလား။"

"ဩော်၊ မေးစရာလိုသေးလား ကိုရယ်"

ညိုဘက်ကတော့ မေးစရာမလိုခဲ့ပါ။

သူသာ . . .။

စိတ်တွေကသာ ချည်တိုင်မဲ့၊ ထိန်းကွပ်ခြင်းကင်းမဲ့စွာ ညိုထံ သို့ လေလွင့်စီးမျောသွားလေ့ ရှိခဲ့သော်လည်း လူကိုယ်တိုင်ကမူ အိမ် ထောင်တည်းဟူသော ချည်တိုင်မှာ နှောင်ချည်မိခဲ့ပြီ။

မိနွယ်ကတော့ တကယ့်ကို စိတ်ဆိုးသည်။ လမ်းမှာတွေ့လျှင် ပင် မမြင်သလို မျက်နှာလွှဲသွားခဲ့သည်။

စိန်ဂွန်းဈေးထဲမှာ သူက ဆေးဝယ်ယင်း မိနွယ်ကိုအမှတ် မြင်လိုက်တော့ အတင်းလိုက်ခေါ်သည်။

မိနွယ်က သူ့ကိုကြည့်ပုံက ခပ်တည်တည်။

အတန်ကြာ စိမ်းစိမ်းကြည့်ပြီးမှ . . .

"မင်းလဲ ဝလို့ ဖြိုးလို့ပါလား"

သူက ကိုယ့်ကိုယ်ကိုဖော်သည်။

"အဟဲ၊ အရက်ဖောဖောနေတာထင်ရဲ့"

"မသိပါဘူးကွာ၊ ညိုကိုနှိပ်စက်လိုက်ရလို့ စိတ်ချမ်းသာပြီး နေသလားလို့"

သူ မျက်နှာပျက်သွားသည်။

"မိန္တယ် အထင်လွဲနေတာပါ။ ငါလဲမပျော်ပါဘူး။"

သူ့မျက်နှာက တကယ်ညိုးငယ်လျက်။

မိန္တယ်က ငယ်ငယ်တုန်းကလိုပင် စိုးစိုးစွာစွာ ပြောဖို့ပြင်သည်။

"မင်း သူငယ်ချင်းတစ်ယောက်အနေနဲ့ ညိုကို ကူညီစေချင်တယ်။"

"ညိုဘာဖြစ်လို့လဲ"

သူက စိုးရိမ်ထိပ်လန့်စွာမေးသည်။

"ညိုကို သူ့အိမ်က အိမ်ထောင်ချပေးချင်တယ်၊ အဲဒါ သူက မယူနိုင်ဘူး လုပ်နေလို့"

"သူမချစ်လို့ နေမှာပေါ့ဗျာ"

သူ ဝမ်းသာသွားသည်။ ညိုသူ့ကိုချစ်ဆဲ ယူဆသည်။

"ဒီအရွယ်မှာ ချစ်တာ မချစ်တာတွေမလိုတော့ပါဘူး ထွန်းဇော်၊ မင်းကိုယ်မင်းပြန်ကြည့်ပါလား မင်းကောမင်းချစ်သူကို ယူခဲ့လို့လား။ ခုဟာက ညိုအပေါ် သိပ်ကောင်းတဲ့ လူမို့လို့တို့က အဆင်ပြေစေချင်တာ၊ ညိုဘဝအထီးကျန်ဆန် လွန်းတယ်ထွန်းဇော်၊ မင်းမတရားဘူး"

မိန္တယ်နှင့် တွေ့ပြီးသည့် နောက်မှာတော့ သူ့ခေါင်းထဲမှာ အတွေးတွေဖြင့် သိပ်သည်းလာသည်။ ထွက်ပေါက်ရှာမရပဲ ငူငိုင်နေမိသည်။ ညိုကိုတွေ့ချင်စိတ်က တားမနိုင်ဆီးမရ ဖြစ်လာသည်။ ခန္ဓာကိုယ်က ခြေတလှမ်းမှ မရွေ့ရမီကပင် စိတ်တွေက ညိုထံသို့ လွန်းရှယ်သလို လူးလာယှက်တင်ပြေးသည်။

မသင့်တော်ပါလားဆိုသည့် အသိကို သွားတွေ့မှ ဖြစ်မည်။



ညိုသူ့အပေါ် ဘယ်လို သဘောထားသေးလဲဆိုသည့် အသိသညာမဲ့ နှလုံးသားစေရာ ဖြစ်ချင်ရာဖြစ်စေစိတ်က လွှမ်းဖုံးသွားပြန်သည်။

သူ့ ဘဝထဲမှာ မမနှင့် သားသာမရှိလျှင်. . .

ညိုလက်ခံမည်ဆိုလျှင် မမကို တရားဝင်ကွာရှင်းတော့မည်။ သည်လိုဆက်သွားကြလျှင် မမရောသူပါ နစ်ကြရုံသာရှိမည်။ ပြီးတော့ အပြစ်မဲ့သော သားကလေး။

သားအကြောင်းတွေးလျှင်တော့ ရင်ထဲမှာ တင်းကျပ်နာကျင်လာသည်။ သူနှင့်မမတို့ကွဲကြပါပြီတဲ့၊ သားကလေးက ဘယ်သူနှင့်နေမလဲ။

သူက ညိုရှိရာ တက္ကသိုလ်ဝန်းကျင်သို့ ရောက်ရပြန်သည်။

ညိုကို မမြင်ရမီကပင် ရင်တဒိတ်ဒိတ်ခုန်နေသည်။ လိပ်ပြာဘောင်တံခါး၏ ကွို့ကနဲ မြည်သံကြောင့် အညိုဖျော့ဖျော့ဝတ်စုံနှင့် ညိုကခေါင်းမော့ကြည့်သည်။ ကျက်သရေရှိသော ညိုမျက်နှာကလေးမှာ အတန်ငယ်သွယ်လျနေသည်မှအပ လှပဆဲ။

"ညို"

ညိုက သူ့ကို မမြင်သလို ကြည့်သည်။

"ကိုယ်ပါ။ မမှတ်မိတော့ဘူးလားညို"

သည်တော့မှ ညိုက နေရာပေးရင်း သိမ်မွေ့စွာပြုံးပြသည်။

"ကိုယ်ဝလာတယ်၊ ညိုမမှတ်မိလို့"

သူ့ရင်ထဲမှာ နင့်ကနဲ ခံစားလိုက်ရသည်။

သူ့ကို ညိုက အစဉ်သတိရနေစေချင်ခဲ့သည်။

သူ့နမ်းခဲ့ဖူးသည့် ပါးမို့မို့တွေကို ခိုးကြည့်သည်။ ပါးပေါ်မှာ သာတမျှင်တစမျှ မတွေ့ရ။ သူက သက်ပြင်းရှိုက်ယင်း. . .

"အေးအေးဆေးဆေး စကားပြောချင်တယ်ညို"

ညိုက တည်ငြိမ်စွာ ကြည့်ကာ. . .

"နက်ဖြန် အိမ်လာခဲ့လေ၊ ကျောင်းပိတ်တာပဲ၊ ခုတော့အတန်းတစ်ခုလဲ ဝင်ရဦးမယ်။ ပြီးယင် အစည်းအဝေးလဲ ရှိသေးတယ်။

"ကိုယ့်အတွက် အချိန်မပေးနိုင်တော့ဘူးလား ညိုရယ်။"

ညိုက မာနမျက်ဝန်းဖြင့် မော့ကြည့်သည်။

"ညိုမှာ ဘယ်သူ့အတွက်မှ အချိန်ပေးစရာ မရှိတော့ပါဘူး ကို၊ ညိုအသက်ရှင်နေသရွေ့ ငါရှုံးခဲ့ရပါလားဆိုတာ သတိရနေမှာပဲ။ သတိရတိုင်းလဲ ညိုဘဝဟာ အဓိပ္ပါယ်မဲ့နေမှာပဲ။"

စာအုပ်နှင့်မြေဖြူပုံးငယ်ကိုယူကာ သူ့ရှေ့က ညိုထွက်သွားတော့ မတားမိတော့။

(၄)

မမျှော်လင့်ပဲ မိန္ဒယ်ထံမှ စာရသည်။ ညိုလက်ထပ်လိုက်ပြီထွန်းဇော်။ ညိုလက်မထပ်ခင် ငါ့ဆီလာအိပ်သွားတယ်။ သူ မင်းကိုသိပ်သတိရနေရှာတယ်။ မင်းသူ့အိမ်လိုက်လာမလား စောင့်ပါသေးတယ်တဲ့။ မင်းလိုက်မလာတာကိုပဲ သူ ကျေးဇူးတင်နေတယ်လေ။ မင်းသာလာခဲ့ယင် သူ ဒီလူကို တသက်လုံးလက်ထပ်ဖြစ်တော့မှာ မဟုတ်ဘူးတဲ့။ ခုတော့သူအားလုံးရဲ့ ဆန္ဒကိုငဲ့ညှာ လိုက်ရတယ်။ ငါတော့ သိပ်စိုးရိမ်မိတယ်။ အိမ်ထောင်ရေး၊ အဆင်ပြေပါ့မလားလို့. ကိုသိန်းဆွေကလဲ မင်းလောက်သာ ဂုဏ်တွေ၊ ငွေတွေမရှိတာ လူကောင်းတစ်ယောက်ပဲ။

သူ ညိုကို တကယ်လဲချစ်ပါတယ်။ ခုတော့ သူတို့အဆင်ပြေကြတာတွေလို့. တို့သိပ်ဝမ်းသာတယ်။ မင်းနဲ့ရရင်တောင်မှ ညိုဘဝသည်လိုအဆင်ပြေချင်မှ ပြေမှာ။ ညိုကပြောတယ် ။ ကိုယ်ကပေးရတဲ့အချစ်က ပူလောင်သတဲ့။ ခုတော့ သူ့ဘဝ အေးမြနေပြီထင်တယ်။ မင်းကို အမြင်ကပ်လို့ စာရေးလိုက်တာ။ ဘာပဲဖြစ်ဖြစ်ကွာ မင်းလဲကိုယ်ဘဝနဲ့ ကိုယ်အဆင်ပြေအောင်နေပါ။ ရန်ကုန်ရောက်ယင်လဲ ညိုဆီ လုံးဝမသွားပါလေနဲ့။

အယင်တစ်ခေါက် ညိုဆီ မသွားဖြစ်ခဲ့ခြင်မှာ ကံကြမ္မာ၏ လွဲဖယ်မှုပင် ဖြစ်သည်။

ညိုနှင့်ကျောင်းမှာတွေ့ခဲ့ပြီး တည်းအိမ်သို့ပြန်ရောက်စဉ်မှာ မြို့နယ်က ကြေးနန်းစာက ရောက်နှင့်ခဲ့သည်။ ဆေးရုံကိစ္စ အမြန်လာပါဟူသတည်း။ နေ့လည်က မိန္ဒယ်စာကြောင့် စိတ်တွေနောက်ကျိခဲ့သည်။ ညိုကသူ့ကိုယ်သူ ရှုံးသည်ပြောခဲ့သည်။

ခုတော့ ရှုံးခဲ့ရသူက သူ။

အဓိပ္ပါယ်မဲ့ခဲ့ရသည်က သူ့ဘဝ။

ကြယ်ရောင်လက်သော ညိုမျက်လုံးကလေးတွေနှင့် သူ့ခင်ပွန်းသည်ကို ကြည့်နေမည်ကိုမြင်ယောင်လျှင် သဝန်တိုစိတ်ကငယ်ထိပ်ကို တက်ဆောင့်သည်။ ခုတော့ ညိုပျော်နိုင်ပြီပေါ့။ တပါးသူရဲ့ရင်ခွင်မှာ။ သစ္စာတရား၏ အမှတ်သညာ ဆွယ်တာအပြာလေးကိုလည်း သူမေ့ရော့မည်။

ညိုက ကိုယ်ကပေးရတဲ့ အချစ်ကပူလောင်တယ် ပြောခဲ့သည်။ ခုတော့ သူသာ ပြန်ပြောခွင့်ရလျှင် "အချစ်ကိုရပေ မယ့်လဲ တန်းဖိုးထားတတ်မှသာ အေးမြတာမျိုးပါညို၊ ကိုယ် မလိုချင်ပဲရတဲ့ အချစ်ဟာလဲ ပူလောင်တာပါပဲ"

အယင်ကတော့ ညိုကို သူပိုင်ဆိုင်လိုချင်လျှင် တချိန်ချိန်တကွေ့ကွေ့မှာ ပြန်တွေ့ဆုံခွင့် ရကြဦးမည် ထင်သည်။ ခုတော့ ညိုကိုထာဝရ ဆုံးရှုံးခဲ့ရပြီ။ ညိုမှာလည်း သူ့လိုသားတွေ၊ သမီးတွေနှင့် ရုန်းမထွက်နိုင်အောင် နှောင်ချည်ဦးတော့မည်။

သူက မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အံ့ကြိတ်ယင်း ပင့်သက်ရှိုက်မိသည်။

တကယ် ဆုံးရှုံးလိုက်ရပြီဆိုမှ ရင်ထဲကဟာလာသည်။

ကမ္ဘာလောက တစ်ခုလုံး မှောင်အတိကျလျက် အစိပ္ပါယ်မဲ့လာသည်။ ညိုဘာကြောင့် ဒီလူကို ယူလိုက်ရသလဲ။

သူ ဘာကြောင့် ညိုဆီ ချက်ချင်းမသွားခဲ့ရသလဲ။

ခုမှ ပြန်ပြင်လို့ရတော့မည့် အရာတွေမဟုတ်တော့။

ညိုမေတ္တာ၏ အမှတ်အသားအဖြစ်ဆွယ်တာ အပြာကိုခုံမင်စွာ ဝတ်ဆဲဖြစ်သည်။

သို့သော် ညိုအချစ်ကိုတော့ သူ့ထာဝရ ဆုံးရှုံးခဲ့ရပြီး ညိုကို ပြန်မရတော့။ သည်အတွေးကို တွေးမိလျှင် မျက်လုံးအကြည်ဓာတ်တွေမှေးမှိန်ခဲ့ပြီ။

(၅)

သူ့ကျောဘက်မှ တစ်စုံတစ်ယောက်က သူ့လည်ပင်းကို ဟီးလေးခို ဖက်လိုက်သည်။ ကြည်လင်ချိုလွင်သော ရယ်သံကလေး။

"ဖေဖေ"

သူက လက်ကလေးတွေကို လှမ်းဆွဲကာ ပြန်ဖက်လိုက်တော့ သွားကျိုးကလေးနှင့် သားက ရယ်ကျဲကျဲလုပ်ကာ သူ့ရှေ့ရောက်လာသည်။

သားကို စွေ့ကနဲ မယူကာ ရင်ခွင်ထဲမှာ ထိုင်ခိုင်းသည်။

"ဘာလို့ဖေဖေနောက် လိုက်လာတာလဲ"

သားက ဖေဖေ့ ပါးမှ ငုံးတိတိမုတ်ဆိတ်မွေးများကို ပွတ်သပ်ကြည့်ကာ. . .

"မေမေက ဖေဖေ့ကိုလိုက်ရှာခိုင်းလို့. လူနာတွေစောင့်နေကြတယ်တဲ့"

"ဘာ"

သူဒေါသ ဖြစ်သွားကာ အော်လိုက်သဖြင့် သားခမျာ လန့်ဖျတ်သွားရှာသည်။

"ဖေဖေ"

သားက ငှက်ကလေးတစ်ကောင်ပမာ ကြောက်ရွံ့စွာ ကြည့်တော့ သားအကြည့်ကြောင့် ကရုဏာသက်သွားကာ သားကို ရင်ခွင်မှာ ဖက်ထားလိုက်သည်။

"သား. . . ထမင်းစားပြီးပြီလား။"

"ဟင့်အင်း ဖေဖေ"

"ဆာပြီလားကွ"

"ချာတယ်"

သားကို သနားသည်။ ချစ်သည်။ သည်တစ်ခါ သူပေးဆပ်ရသော မေတ္တာက ညိုပြောသလို ပူလောင်မည် မဟုတ်ပါလေ။ သစ်ငုတ်ပေါ်မှ ထကာ သားလက်ကို ဆွဲခေါ်ခဲ့သည်။

"လာ သား၊ သွားကြစို့။"

သားက ဖေဖေ့ လက်ကို မြဲမြဲဆုပ်ကိုင်ကာ ဖေဖေ့မျက်နှာကို မော့ကြည့်သည်။ စောစောက မှုန်မှိုင်းနေသော ဖေဖေ့မျက်နှာပြန်လည်ကြည်လင်လာသည် မြင်မှပျော်ရွှင်ကာခုန်ဆွခုန် ဆွသွားသည်။

"သားက ယုန်ကလေးရုပ်မယ် ဖေဖေ၊ ဖေဖေက လိပ်အကြီးကြီး၊ သားတို့အပြေးပြိုင်ပွဲချမယ်"

လိပ်က ဖြည်းဖြည်းလေးသွားရသည်။ ယုန်ကလေးက ခုန်ဆွ ခုန်ဆွနှင့် ရှေ့ကရောက်နှင့်ပြီ။ သူက ရယ်လိုက်သည်။ သားက ခဏ ခဏ ရပ်စောင့်နေရသည်။ သားက ဖေဖေ့ထံသို့ ပြေးလာကာ ဖေဖေ့ဆီ လက်တွေ လှမ်းလိုက်သည်။

"ဖေဖေ၊ ညံ့ညံ့ ရောက်အောင် မြင်းကြီးလုပ်ပြီး သားကိုချီ သွားပါရား"

သူက ဆောင့်ကြောင့်ထိုင်ကာ ကျောကိုနှိမ်ပေးသည်။ သား က သူ့ကုပ်ပေါ် ခွစီးကာ သူ့ဆံပင်တွေကို ဆောင့်ဆွဲသည်။

"ဟဲ့ မြင်းကြီးသွား၊ သွား မြန်မြန်သွား။"

မြင်းကြီးက ရယ်နေသည်။

စောစောက တမ်းမောနွမ်းနယ်မှုတွေ ဘယ်ဆီလွင့်မျောပြီ မသိ။ မှောင်ရီသော ညနေခင်း၊ လေနုအေး တိုက်ခတ်လာသည်။ သူ့ စိတ်ထဲမှာ ပေါ့ပါးစပြုလာသည်။

သည်လိုဆိုတော့ ညိုကိုခွင့်လွှတ်နိုင်လာသည်။

သည်ပွဲမှာ ဘယ်သူမှ မရှုံးကြ။

မေလ/၁၉၈၆ -ခုနှစ်

ချယ်ရီ



**သံစဉ်မဲ့**

☆ ☆ ☆ ☆ ☆

နှလုံးသားထဲ ဦးနှောက်ထဲမှာ ဘာမှမရှိ။ စက်ရုပ်တစ်ခုလို နိစ္စဓူဝ လှုပ်ရှားရုန်းကန်နေရသဖြင့် ခံစားမှုတွေ ခြောက်ခမ်းခဲ့ပြီ ထင်သည်။

မည့်သည့်အရာက သူ့စိတ်ကို ပျော်ရွှင်စေပြီး မည်သည့် အရာက ငြီးငွေ့စေမှန်းပင် မသိတော့။ တစ်ခါတစ်လေတော့ ဝမ်းနည်း ညှိုးငယ်ခံစားမိချင် မိပေမည်။ ဦးနှောက်မှန်ကူကွက်ထဲမှာ ခြစ်ရာ ဖျက်ရာတွေ များလွန်းခဲ့သဖြင့် ထိုခံစားချက်တွေပင် ထုံထိုင်းကုန်ပြီ ထင်သည်။ မျက်ရည်ကျပြီးလည်း အလွယ်တကူ ငိုလို့ရတော့သည့် အရွယ်မဟုတ်သဖြင့် ငိုခြင်းရယ်ခြင်းသည်ပင် ပီပြင်နိုင်တော့မည်မ ထင်။

ဘာကြောင့်များ အသက်ရှင်လှုပ်ရှားနေခဲ့ရပါသလဲ။ လူ

တည်းဟူသော ဘဝထဲမှာ မွေးခြင်းနှင့်သေခြင်းကြားတွင် နိစ္စဓူဝ နေသားတကျဖြစ်နေသော လှုပ်ရှားမှုများကြား၌ မိမိ၏ယုံကြည်မှု ဝိညာဉ် စိတ်ဓာတ်တွေမှာ ရှာဖွေလို့မရနိုင်အောင် ရှိ၏။ ရံဖန်ရံခါ၌ မှန်ချပ်များစီထားသော တံခါးများရှေ့၌ အမှတ်တမဲ့ရပ်မိလျှင် မှန်ထဲက ပုံရိပ်သည်ပင် တစိမ်းပြင်ပြင်ဖြစ်လျက် . . .။

သူ၏ ခံစားမှုများ၊ အိပ်မက်များကို မှန်ထဲကပုံရိပ် မသိနိုင်သလို၊ သူသည်လည်း အမှတ်မထင်မျှသာဖြတ်သွား ဖြစ်ခဲ့သော မှန်ချပ်များရှေ့၌ သူ၏ဝိညာဉ်ကို ရှာဖွေလိုစိတ် မရှိခဲ့။ မရှိခြင်းမှာ ဟင်းလင်းပွင့်နေသော ကမ္ဘာလောကကြီးထဲ၌ သူ့အတ္တစီးမျောခိုက်မှာပင် သူသည် ပျောက်ကွယ်လျက် . . . လူလည်းမဟုတ် စက်ရုပ်လည်း မမည်သောခြေနှစ်ချောင်းပါ သတ္တဝါတစ်ခုသာ သူ တွေ့လိုက်ရသောကြောင့်တည်း။ ဗဟိဒ္ဓဖြစ်သော အရာများကိုသာ ခါးသီးစွာတွေ့ရ၏။ ကာလကြာခဲ့ပါပြီ။ ပျော်ရွှင်ခြင်းလည်း မပါ၊ ဝမ်းနည်းခြင်းလည်း ဗလာဖြစ်လျက် ငြီးငွေ့စိတ်ပျက်ခြင်းဖြင့်သာ ပြုမြဲဝေယျာဝစ္စတွေ လုပ်ဆောင်ခဲ့ရသည်။

ရှုံးသွားအိတ်နှင့် ဖိုင်တွဲများ၊ အိမ်ရယ်လို့မမည်သော အိမ်ကလေးထဲမှာတဗျစ် တောက်တောက် ပြောရင်း တစ်ယောက် တည်းကျန်ရစ်ခဲ့မည် ဖြစ်သောအမေအိုကို နှုတ်ဆက်ရခြင်းများ၊ မိန်းမယူဖို့၊ ကိုယ့်ကိုယ်ကို ဆင်ဖို့၊ သွားလာ ဖြုန်းတီးပစ်ဖို့သာ သိသော ညီငယ် နှင့် ကတောက်ကဆ ဖြစ်ရခြင်းများ၊ ပြီးတော့ ဘတ်စ်ကားပေါ်မှ ခြေတစ်နေရာစာအတွက် ဖြစ်ပေါ်လာရသော ဒေါသများ။ တကယ်တော့ သူက သူ့ကိုယ်သူမည်သည့် ခံစားမှုမျှ မရှိတော့ပြီထင်ခဲ့သည်။ အမှန်ဆိုလျှင် သူ့မှာမရောင့်ရဲနိုင်သော ဝေဒနာကား ဒေါသတို့သာတည်း။ မကြာခဏ မျိုမျိုချခဲ့ရသဖြင့် ရင်ထဲမှာ အေးခဲလျက် ဧရာမအကြိတ်အခဲကြီး ဖြစ်ကာ သူ့လည်ပင်းဆီသို့ပင် မကြာမကြာလာဆောင့်လျက် လည်မျိုမှာ အရိုးစူးသလိုနင်နေသည်။



သူသည် မိန်ကလေးများကို စိတ်မဝင်စားသူရယ်တော့ မဟုတ်ပါ။ ကျောင်းနေစဉ် ကာလကတော့ အချစ်ဆိုသည့် ပန်းပင်ပျိုကို သူတယုတယ မွေးမြူရှင်သန်စေခဲ့ဖူးသည်။ ကိုအောင်ရင့် လက်ဖက်ရည်ဆိုင်မှ သူကလေးလာရာ ပြန်ရာလမ်းကို မျှော်ငေးတတ်ခဲ့သည်။ စာသင်ခန်းရှေ့သို့ မယောင်မလည်သွားကြည့်ခဲ့ဖူးသည်။ ထူးခြားသော ရင်းနှီးခင်မင်မှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေခဲ့ဘဲလျက် တစ်လောကလုံးမှာ အမြတ်နိုးဆုံးအရာအဖြစ် စာဖွဲ့ဖြစ်ခဲ့သည်။ သူကလေးပင် သူ့ကို ကောင်းကောင်း မမှတ်မိလိုက်ဘူး ထင်ပါသည်။

သူ့ရင်ထဲက ပန်းကိုကောင်းကောင်းမမှတ်မိလိုက်ဘူးထင်ပါသည်။ သူ့ရင်ထဲက ပန်းဖူးပန်းညွန့် ကားရှင်သန်လျက် . . .။ ကဗျာစာအုပ်ကလေး တစ်အုပ်ပင်သူရေးဖြစ်ခဲ့သေးသည်။ ကျောင်းက ထွက်လာတော့ သူ့မှာ အဖော်ဆိုလို့ ကဗျာစာအုပ် ကလေးသာပါလာသည်။ ဒါတောင် လေးနှစ်လုံးလုံးသူမသိသော ချစ်ခြင်းဖြင့် သူ့ကောင်း ကင်သူဖန်ဆင်းဖြစ်ခဲ့သေးသည်။

ခု . . . ဓွေးကြည့်တော့ . . . ကြာလှပါပြီ။ ကုန်လွန်ခဲ့သော အချိန်ကာလတို့ကိုလည်း ပြန်လည်တသခြင်း မရှိတော့။ သူ့၌လည်း သူ့ကိုယ်ပိုင် တစ်သီးတခြားဖြစ်သော ကောင်းကင်နှင့်မြေကြီးတို့ မရှိတော့။

သူ့ ဘေးမှာတော့ မိန်းကလေးများဝိုင်းရံနေကြပါသည်။ ငွေကြေးပြေလည်ပြီး ပေးနိုင်ကမ်းနိုင်ခြင်းကြောင့် မဟုတ်ပါ။ သူတို့ ရုံးက မိန်းကလေးများပြီး စားပွဲများအနေအထားအရ သူ့ကို သူတို့ကဝိုင်းရံနေကြခြင်းသာဖြစ်ပါသည်။ သူတွေ့နေရသော မိန်းကလေးအတော်များများမှာ ဘယ်ပစ္စည်းကို ဘယ်လိုလျှော့က်ပြီး ဘယ်မှာရောင်းလျှင် ဘယ်လောက်မြတ်မည်ပဲ တွက်နေကြလေသည်။ သည်အထဲမှာ စမ်းမြကြည်လည်းပါသည်။ စမ်းမြကြည်၏ လန်းဆတ်သော အပြုံးများ၏ဖမ်းစားခြင်းတော့ အတော်အတန်ခံ ရတာတ်ပါသည်။ နှင်းရည်စွတ်သော

ပန်း၏လန်းဆန်းခြင်းနှယ်ပင်ရှံခါ ထင်မိတတ်ပါ၏။

သို့သော် စမ်းမြကြည်မှာ သူ၏လန်းဆန်းလှပနုပျိုမှုမှလွဲလျှင် အမျက်မာန်စောင်ကြီးနှင့် ဝန်တိုခြင်းဟူသော အရည်အချင်းများသာ တွေ့ရမည်။ သူသည်လည်း အခြားမိန်းကလေးများလိုပါပဲ။ ပေါက်တတ်ကရစကားများ ပြောမည်။ သူ့ကိုကြောင်နေသော သူတစ်ယောက်အဖြစ် သတ်မှတ်ကာ သူ့နောက်ကွယ်မှာ ရယ်ပွဲဖွဲ့ကြမည်။ သူတို့၏စကားများအရ သူသည်စာအုပ်ထဲက လူသာဖြစ်နေပြီး သူ့ဦးနှောက်မှာ သာမန်ထက်ပိုသော တိမ်းယိမ်းမှု တစ်စုံတစ်ရာရှိကြောင်း ဆိုကြသည်။

ထို့ကြောင့် သူ၏ ဘေးတွင်ဝိုင်းရံနေကြသော မိန်းကလေးများစွာရှိသော်လည်း သူသည်ရှံခါစိုက်ကြည့်မိသည်ကလွဲလျှင် လှိုက်လှဲနွေးထွေးမှုဖြင့် မည်သူ့ကိုမျှ တွယ်တာလို့မရခဲ့။ ထို အတွယ်အတာကင်းမဲ့ခြင်းကြောင့်ပင် သူ့ပတ်ဝန်းကျင်နှင့်သူ တဖြည်းဖြည်းဝေးစေခဲ့သည်လား မပြောတတ်။

စာအုပ်တွေကို သူဖတ်ခဲ့သည်။ ထိုကြောင့်ပင် သူ့မျက်လုံးတွေမှာ ထူထဲအားကောင်းသော မှန်ချပ်နှစ်လွှာအောက်တွင် ချိုင့်ဝင်လျက်. . . သူ့နဖူးမှာ အနည်းငယ်ပြောင်စပြုလာပြီ။ ဆံပင်တို့ပင် ဟိုတစ်ပင် သည်တစ်ပင် ဖြူလာလျက်. . .။ သူ့၌ ချစ်စရာ အဖော်ဝေးသည်မို့တစ်ခါကတော့ သူစာအုပ်များကို သူ၏ဘဝခရီးဖော် ချစ်ဖက်သက်လျာများဟု သူစွဲမှတ်ခဲ့ဖူးသည်။

ခုတော့. . . သူသည် စာအုပ်နှင့် မျက်နှာမခွာ စွဲမြဲနေလျက်ကပင် စာအုပ်တစ်ချို့ကို သူမုန်းခဲ့ပြီ။ စာအုပ်တို့သည် လူ့အတွေးအခေါ် မျှော်လင့်ချက်များ ယုံမှားခြင်းများ သိမှီးထားရာဖြစ်သည်ဟုဆိုလျှင် သည်မျှ နိမ့်ကျသိမ်ဖျင်းသော အတွေးများ၊ အရေးများ နုံ့ချာသော မျှော်လင့်မှုများအတွက် ဘာကြောင့်စာရွက်တွေ ဖြုန်းတီးနေကြပါလိမ့်။ ယင်းတို့ကို ပေါင်းစည်းကာ စာတစ်အုပ်အဖြစ် ထုတ်လုပ်လိုက်သဖြင့် လူတွေ၏နှလုံးထဲဝိညာဉ်ထဲမှာ မည်မျှအဆိပ်သင့်စေ



ခဲ့ပြီလည်း။ အချို့စာအုပ်များကို သူကြည့်ပင် မကြည့်ချင်။ စက်ဆုပ်ရွံရှာလျက် တစ်ကိုယ်တည်း ရန်ဖြစ်လို့ချည်းနေ လေတော့သည်။ ရုံဖန်ရုံခါမတော့ ကဗျာကောင်းကလေးများ ဖတ်လိုက်ရလျှင် နှစ်လိုပြုံးရွှင်နေကာ ထိုနေ့ အဖို့ကြည် သာနေတော့၏။ သို့သော်လည်း စာအုပ်ကိုသူတစ်ကိုယ် တည်း ရန်ဖြစ်ခဲ့ရသည်တော့ မဟုတ်သေး။ အမေကလည်းအရည်မရ အဖတ်မရတွေချည်း ဝယ်ဝယ်နေတာပဲ ဆူသေးဆဲသေးသည်။ ရုံဖန်ရုံခါ မတော့ ဒေါသတကြီး အော်ဟစ်ကာ. . . .

'မင်းဟာ မင်းအမေကို အသက်မှရှိသေးတယ်လို့အောက်မေ့သေးရဲ့လား၊ မင်းလခရသမျှ လက်ဖက်ရည်ဖိုး၊ စာအုပ်ဖိုးနဲ့ ကုန်တော့တာပဲ၊ ငါ့မှာ အိုစာမင်းစာတောင် မကျန်တော့ဘူးဟဲ့၊ သိရဲ့လား၊ သွားလေသူကြီးရေ၊ တော့သားတွေ ဖြုန်းတီးနေတာ လာကြည့်လှည့်ပါဦး၊ သားနှစ်ယောက်ရှိလို့ အားကိုးရပါ့မလား မှတ်တယ်၊ အငယ်က အငယ်လိုတစ်မျိုးမိုက်တယ်။ အကြီးက အကြီးမို့တစ်မျိုး'

အမေ့ဆီ့ အော်ဟစ်သည့် အချိန်မျိုးတွင် မည်သို့ပင်တားတားမရ၊ ဘေးပတ်ဝန်းကျင်ကြားမကောင်းပါဘူးဟု ပြောလျှင်ပင်. . .

"ကြားတော့ဘာဖြစ်လဲဟဲ့၊ ကြားတော့ဘာဖြစ်လဲ. . . ကျုပ်အထုပ်လေးဖြေဖြေ စားနေရပါတယ်တော်၊ သူတို့လုပ်စာ မစားရဘဲနဲ့အမာန်ခံရသတော့" ဆိုပြီး တဟီးဟီးငိုတော့သည်။

အမေကိုကြည့်ကာ သူဝမ်းနည်းစိတ်ပျက်မိသည်။ အမေပြောသလောက်တော့ မဟုတ်ပါ။ အိမ်ပြင်ဖိုး၊ အိမ်မိုးဖိုး၊ အမေ့ဆေးဖိုးစသည် စသည်များအတွက် ငွေစုငွေချေးမှာ သူချေးလိုက်ဆပ်လိုက် နှင့်လစာထဲမှာ အဖြတ်ခံရသည်မို့ အချို့လများမှာ အိမ်ပါဖို့ဝေးစွသူ့အိတ်ထဲမှာပင် လမ်းစရိတ်နှင့် လက်ဖက်ရည်ဖိုးမကျန်ကြောင်း သူသာသိသည်။ သူကလည်း သည်လိုစာရင်းတွက်ပြီး ပြတတ်သူမဟုတ်။ အမေက အထုပ်အထုပ်နှင့် အော်နေသော်လည်း အမေအထုပ်မှာ

ပြောသလောက် မဟုတ်တော့ကြောင်း သူသိသည်။

ထို့ကြောင့် နားအေးပါအေးရှိလှသော အိမ်ပြင်မှာပဲ အနေများသည်။ အိတ်ထဲမှာ လက်ဖက်ရည်ဖိုးမရှိလျှင် ရောက်တတ်ရာရာ လျှောက်သွားကာ အချိန်ဖြုန်းနေတတ်သည်။ ကားခမျှမကျန်လျှင် မည်မျှဝေးဝေး သူလမ်းလျှောက်သည်။ အိမ်ပြန်ရောက်တော့ မောမောဆာဆာနှင့် မီးဖိုထဲ သူဝင်မိပြီဆို လျှင်. . .

'ဩ. . . ဒင်းတို့က ထမင်းဆာမှ ပြန်လာကြတယ်တော့ ဟူသော အမေ့အသံကြောင့် ခြေလှမ်းတုံ့ရပြန်သည်။

အမေသည် သူတို့ကို မချစ်ဘူးတော့ မဟုတ်ပါ။ အထူးသဖြင့် ဟိုကောင့်ကို ပိုချစ်မှန်း သူသိပါသည်။ သူက ဘာသိဘာသာ နေတတ်ပြီး ညီလုပ်သူငယ်စဉ် အမေ့ရင်ခွင်ကတည်းကပင် ချွဲတတ်နွဲ့တတ်ခဲ့ခြင်းကြောင့်. . .။ ပြီးတော့ ညီကို မွေးပြီးမကြာခင်မှာပင် အဖေဆုံးခဲ့သောကြောင့် အချစ်ပိုခြင်း ဖြစ်ပါလိမ့်မည်။

မေတ္တာငွေ့တို့ဖြင့် နွေးထွေးစွာ ပွေ့ပိုက်ခြင်းမခံခဲ့ရသောကြောင့်သူသည် ဘာသိဘာသာ တွေးတောငေးမောကာ စာအုပ်များကိုသာ တွယ်တာတတ်သော လူနုံလူကြောင်ဟု အများကတင်စားကြသော လူတစ်ယောက်ဖြစ်လာခဲ့သလား မပြောတတ်ပါ။ သို့အတွက်မို့ထင်ပါသည်။ သူ့စာအုပ်စင်ကပ်ထားရာ နံရံတစ်ချပ်မှလွဲလျှင် အိမ်ဟူ၍ ခင်တွယ်စရာမရှိလှ။ မတူညီသော အတွေးစိတ်ကူးများနှင့် လူသားသုံးယောက်၊ အခန်းကျဉ်းကလေးတစ်ခု၊ တစ်မိုးတည်းအောက်မှာ ကံကြမ္မာက စေစားသဖြင့် စုဝေးနေထိုင်ကြရ ခြင်းမျှသာ။ သူ့ညီငယ်၏ ရှိုင်းပြခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း များကလည်း သူ့အား များစွာ အနေကျုံ့စေခဲ့လေသည်။

မည်မည်ရရ အကြောင်းပြချက်မရှိသော အရာများ၌ ခွင့်လွှတ်နားလည်နိုင်စွမ်းရှိသူများကို စိတ်ပျက်ကာမျိုချလိုက်ရသော ဒေါသများကို သိမ်းဆည်းလျက် ရုံးစားပွဲကို ရှင်း၏။ ပျင်းရိငြီးငွေ့ဖွယ် နေ့တစ်နေ့



ကုန်စေဖို့ စာတိုစာရှည်တွေရေးရ၏။ ထိုစာများမှာ ပုံစံတစ်ခုအတိုင်း ထပ်တလဲလဲ ရေးနေရခြင်းဖြစ်သဖြင့် သူ၏ ငြီးငွေ့မှုမှာ ပိုလို့တိုးပွားလာသည်။

အပေါင်းအသင်းတွေ ရောက်လာကြသဖြင့် လက်ဖက်ရည်ဆိုင်သွားကြသော်လည်း သူတို့နှင့်ခင်မင်ခြင်းမှာ ရေပြင်တွင်စွန်း ကွက်ပေကျံသော ဆီကွက်တွေနှင့်ပဲတူသည် ထင်မိသည်။ လူတွေကစကားတွေဟောင်ဖွာ ဟောင်ဖွာပြောနေကြ၏။ အကျိုးတစ်စုံ တစ်ရာရှိမရှိ သူမသိ။ ထိုစကားဝိုင်းထဲမှာ သူလည်းပါဝင်မိသဖြင့် သူကိုယ်တိုင်လည်း ညစ်နွမ်းသွားသည် ထင်မိသည်။ သို့သော် အထပ်ထပ်ပေကျံ စွန်းထင်းခဲ့ပြီဖြစ်သော အဝတ်ဖြူတစ်စပေါ်တွင် ထပ်မံညစ်ပေစရာဘာများကျန်ဦးမှာပါလိမ့်။ သူသည် နေရာတိုင်းမှာပင် ငါသိသည်၊ ငါတတ်သည်ထင်ပြီး အေးစက်စက်နိုင်လှသော သူ့အပေါ် လွှမ်းမိုးချုပ်ကိုင်ချင်ပုံရသော သူငယ်ချင်းဆိုသူကို ကြည့်မိ၏။

သူ့အဖြစ်က ပူပြင်းသော နွေနေ့တစ်နေ့ထဲတွင် လှောင်ပိတ်သော အခန်းကျဉ်းကလေးထဲမှာ ချွေးပြိုက်ပြိုက်ယိုစီးရင်း ငြီးငွေ့နေသူနှင့်တူ၏။ သူသည်ညစ်ပေနေသော စားပွဲမျက်နှာပြင်ပေါ်မှ ယင်ကောင်များကို ငေးနေမိသည်။ ကက်ဆက်သံက လည်းဆူညံလျက်။ သူ့ဘေးမှ သူငယ်ချင်း၏ စကားသံကလွဲလျှင် ကျန်သည့်အရာများကနားခံသာစေသေးသည် ထင်မိသည်လားမပြောတတ်။ အတန်ကြာလျှင်ထသွားကာ ဆေးလိပ်ဝယ်၍ ရှိုက်ဖွာရင်း သူ့ဒေါသတွေကို မီးခိုးငွေ့အဖြစ်သာ တလူလူလွှင့်စေရသည်။

တစ်ခါတော့ သူသည် မြစ်ဆိပ်သို့ သွားသည်။ လှေများစွာဟိုမှသည်မှ လှော်ခတ်နေကြ၏။ သင်္ဘောသံ၊ မော်တော်သံ တတူတူကြားနေရသည်။ လူတွေက ယောက်ယက်ခတ် လှုပ်ရှားနေကြကာ ကုန်သယ်သူ၊ တစ်ယောက်ကို တစ်ယောက် နှုတ်ဆက်သူ၊ ဈေးရောင်းသူများနှင့် အလုအယက် တိုးဝှေ့သွားလာနေကြသော ခရီးသည်များ ကို

မြင်ရ၏။

ထိုလူတွေ ကြားထဲမှာ သူလည်းရောထွေးလျက် အလိုက် သင့် မျောပါနေသော်လည်း ထိုသူများကဲ့သို့ သူ့မှာဦးတည်ရာ ခရီးမရှိသဖြင့် ဘယ်သဘော်ဆီမှမတက်ဘဲ လူတိုးဝှေ့ခံရင်းဒေးနေ၏။

မြစ်ဝဆီတိမ်ထုကြားမှ တိုးထွက်နေသည့် အလင်းရောင် စူးစူးကို လှမ်းကြည့်မိ၏။ထိုသို့ကြည့်နေစဉ်မှာပင် ရင်ထဲမှာဟာ လျက်. . .။ ခရီး ကင်းမဲ့သော သူ့ခန္ဓာကိုယ်၏ ခရီးတည်ရာမှာ တဒီးဒီးစီးနေသော ဝါညစ်ညစ်မြစ်ပြင်သာရှိတော့သည်ဟု စိတ်ထဲတွင် ထင်စားလာမိသည်။

မြစ်ရေမှာ ရွံ့နှစ်အတိဖြင့် နောက်ကျိလျက်. . .။

ထိုနေရာ၌သာ သူသေဆုံးခဲ့လျှင် ဘယ်ကလာ၍ ဘယ်ကိုသွားသူဟု မည်သူမျှမည်မည်ရရ ပြောနိုင်ကြမည်မထင်။

အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲကို သူကြားဖူးခဲ့သော်လည်း သေခြင်းဆင်းရဲရှိလိမ့်မည်ကိုမူ သူမယုံကြည်။ သေသည်၏ အခြားမဲ့၌ကား သူတည်းဟူသော လူသားတစ်ယောက်၏ ဘဝနှင့်ဝိညာဉ်အားလုံး ချုပ်ငြိမ်းကုန်ဆုံးစေချင်သည်။ နောက်ထပ်တစ်ဖန် ခန္ဓာတစ်ခုခုမှာ တွယ်ငြိကာ တစ်ဖန်မွေးခြင်းသေခြင်းကိုလည်း မခံစားလိုပြီ။ ရေထု၏အောက်အနက်ရှိုင်းဆုံး ထောင့်ကလေးတစ်ခုခုမှာ သူထာဝရနားခိုချင်ပြီ။ သူ ဆုံးရှုံးခဲ့သော အရာများကို သူနားမလည်နိုင်သော်လည်း ထိုသို့ ရေထုအောက် ထောင့်တစ်နေရာတွင် မွန်းကျပ်သိပ်သည်းစွာ နေရသော ဘဝကမှ လူအုပ်လူဝေးများ ကြားလေရှုမဝသော ဘဝထက်သာဦးမည် ထင်မိ၏။

အမေသည်လည်းကောင်း၊ ညီငယ်သည် လည်းကောင်း၊ စမ်းမြကြည်သည်လည်းကောင်း၊ သူ့အပေါင်းအသင်းများသည် လည်းကောင်း သူ့အားပဟေဠိဖြစ်၍ ကျန်ရစ်ခဲ့ကြမည်။



သို့သော် တွယ်တာစရာမဲ့သော ကမ္ဘာလောကကြီးတွင် ငဲ့ညှာနားလည်မှုတစ်စုံတစ်ရာ ခံစားမသွားရသော လူသားတစ်ယောက်အဖြစ် (စဉ်းစားရှုနှင့်ပင် သူ့ကိုယ်သူ သနားလိုက်ပါဘိ) စာနာမှု တစ်စုံတစ်ရာထားဖို့ သိချင်မှသိကြပေလိမ့်မည်။ ကြာတော့လည်း ဤကမ္ဘာမြေပေါ်တွင် မည်သို့ရှာဖွေသွားခဲ့ကြောင်း မည်သူမျှ ကောင်းကောင်းမှတ်မိတော့မည် မဟုတ်။

သို့သော် ဒါသည်လည်း ဝမ်းနည်းဖွယ်ရာတော့ မဟုတ်။

မြစ်ရေက နောက်ကျိလှသည်။

ကြည့်နေစဉ်မှာပင် ဒိုက်နှင့်အတူမျောလာသော ခွေးသေကောင်ကို မြင်ရသည်။ ရင်ထဲမှာ ပျို့လာသည်။ ရေဝလျက် ဖောင်းကားပုပ်ပွနေသော ခွေးသေကောင်။ နားထဲမှာ ကြားဟောင် လာသည်။

'ဒီကောင်သေတော့လဲ ခွေးလိုပါပဲ'

ဒေါသတို့ အုံကြွလာပြန်သည်။

စက်ဆုပ်ရွံရှာစွာ ထွီခနဲတံထွေး ထွေးလျက် မြစ်ပြင်ကိုသာ ခိမ်းကားစွာ သူ စိုက်ကြည့်နေမိတော့သည်။

ဖေဖော်ဝါရီလ / ၁၉၈၇

ဒဂုန်မဂ္ဂဇင်း

## ၂၄ ဒီဂရီ

ခင်စောလှိုင်အဖို့ အိမ်မက်ထဲမှာ လမ်းလျှောက်ရသူလို ဖြစ်နေသည်။ ကိုအေး၏ မျက်လုံးတွေကို သတိထားမိတာ ကြာပြီ လှိုင်အပေါ်မှာ ချစ်ခဲ့သည့် စိတ်ကတော့ အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားသည့် ကြွေရုပ်တုနှယ် ဖြစ်နေပြီလား . . . ။

တစ်ခါက ချစ်သည်ဆိုတာ ကောင်းကင်ကတိမ်လွှာထုလို လေနှင်ရာ တဖြည်းဖြည်းလျော့ပါးလွင့်မျောကာ မိုးသားလွှာ ပြင်ကြီးသာ ကျန်ရစ်ခဲ့သလိုပါပဲ။

သို့သော် ကိုအေးသည် သိက္ခာထိန်းသူမို့ ဖောက်ဖောက်ပြန်ပြန် လွဲလွဲမှားမှားလုပ်မည့်သူလည်းမဟုတ်၊ သို့သော် ဘယ်လိုပဲ ဖြစ်ဖြစ် ဆွေရည်ကိုကြည့်သော မျက်လုံးတွေကို သူအကဲမရ။

ငါးနှစ်ဆိုသော အိမ်ထောင်သက်က သူတို့၏အချစ်များကို



လျော့ရဲလျော့ပါးစေခဲ့ပြီလား။ ကလေးလည်း အဖတ်မတင် ခဲ့သည်မို့ လှိုင်အဖို့တော့ ကိုအေးကိုပဲ ပုံပြီးချစ်မိသည်။ သို့သော် ကိုအေးအချစ်ကတော့ လှိုင်အပေါ် တဖြည်းဖြည်း အေးစက်လို့လာပြီထင်သည်။ တစ်ယောက်နှင့် တစ်ယောက် စကားပြောရတာတွေလည်း အဆင်မပြေတယ်မရှိလှ။ အေးချမ်းခဲ့သော ကြင်နာသံလွှမ်းသော ကိုအေးသည် ခုတလော သူ့စကားတစ်ခွန်းအမှားမခံ၊ ဒေါသနှင့် တုံ့ပြန်တတ်လေသည်။ လှိုင်က စိတ်ကောက်ပြန်တော့ ပေယျာလကန်ပြုထားတတ်လေပြီ။

လှိုင်ကတော့ ကိုအေးကိုချစ်ဆဲ၊ တွယ်တာဆဲ ကိုအေးအပေါ်မှာသူ့ကိုယ်သူ ကလေးငယ်တစ်ယောက်လို စိတ်ထားဆဲ။ ကိုအေးနှင့် လှိုင်လက်ထပ်ကြတော့ အသက်ချင်းကလဲ ဆယ်နှစ်နီးပါး ကွာခဲ့သည်လေ။ ချစ်သူဘဝကတော့ သူ့အဆိုးအနွဲ့တွေသည် ကိုအေးအတွက် ရင်ခုန်ကြည်နူးစရာ။

ဖြတ်သန်းခဲ့ရသည့် အိမ်ထောင်သည် ဘဝနှစ်ကာလများက လွှမ်းမောဖွယ် ချစ်သူဘဝ အိပ်မက်များစွာကို ပျက်ပြယ်စေခဲ့ပြီလား။

'ကိုယ်လေ လှိုင်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး'

'မယုံပါဘူးနော်'

လှိုင်လက်ကလေးတွေကို သူ့ရင်ဘက်မှာ အပ်ကာ ကိုအေးက. . .

'စိတ်ဝင်စားတာလောက်တော့ ရှိတာပေါ့ လှိုင်လေးရယ်၊ ဘဝတစ်ခုကို အတူလက်တွဲထူထောင်ချင်စိတ်ပေါ်လာအောင် ချစ်မိတယ်ဆိုတာက လှိုင်နဲ့မှ. .

'လှိုင်နဲ့မှ' ဆိုသည့် လှပသည့် စကားလုံးတွေကို မနေ့ကမှ ကြားလိုက်ရသလို လှိုင်မေ့မရသေးပါ။

ဘဝကိုအတူလက်တွဲ ထူထောင်လာကြတော့လည်း လူမှုပတ်

ဝန်းကျင်နှင့် အလိုက်သင့်နေထိုင်ရင်း၊ အိမ်ထောင်မှု ဘဝ၏ နိစ္စဓူဝ တာဝန်တွေကို ထမ်းဆောင်ရင်း အချစ်များသည် ပျောက်ဆုံးကုန်လေပြီလား။ သမားရိုးကျ ပျင်းရိပြီးငွေ့ဖွယ်ဘဝနှင့် တာဝန်တွေကြားမှာ လှိုင်စိတ်ကောက်ကာ ချွဲနွဲ့တတ်တာတွေက ကိုအေးအဖို့ စိတ်မရှည်စရာ မူရာမာယာတွေအဖြစ် ပြောင်းလဲယူဆဖွယ်ရာ ဖြစ်ခဲ့လေပြီလား။

ကိုအေးအလုပ်က အမြဲတမ်းလိုလို နယ်ထွက်နေရသည့်မို့ အဖော်အဖြစ် ညီမဝမ်းကွဲလေးဆွေရည်ကို ခေါ်ထားရသည်။

ဆွေရည်မိဘတွေကလည်း ချမ်းချမ်းသာသာ မဟုတ်လေတော့ လှိုင်က ဆွေရည်ကိုကျောင်းထားပေးရသည်။ လှိုင်ကတော့ ဆွေရည်ကို ကလေးတစ်ယောက်လိုပဲ မြင်သည်။ ဆွေရည် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမော နေတတ်တာလေးတွေက ချစ်စရာ ဖျက်ဖျက်လတ်လတ်နှင့် လုပ်တတ်ကိုင်တတ်လဲရှိ အလိုက်လဲသိတတ်သောဆွေရည်ကို ညီမလေးလို သမီးလေးလို ချစ်ရသည်။ ကျောင်းတွေ ပိတ်ထား သော်လည်း ဆွေရည်ကမမလှိုင်မှာ အဖော်မရှိမှာ စိုးသဖြင့် အိမ်သို့ပြန်ခဲသည်။

လှိုင်ကလည်း ဆွေရည်အိမ်ပြန်သွားလျှင် မျှော်ရ တာအမော၊ ဆွေရည်သူငယ်ချင်းတွေနှင့် သွားစရာရှိလျှင်လည်း လှိုင် ကခွင့်ပြုမြဲ၊ လှိုင်တို့တုန်းကလည်း သည်လိုပဲသွားခဲ့လာခဲ့ ရယ်မော ပျော်ရွှင်ခဲ့ဖူးတာပဲ မဟုတ်လား။ လှိုင်အဒေါ်သည် ကလေးတွေအပေါ် လှိုင်လောက် အလိုမလိုက်တတ်ခဲ့။ အထူးသဖြင့် ဆွေရည်ကို နားမလည်။ သည်တော့ ဆွေရည်အတွက်မမလှိုင်သည် အမေနှယ်အစ်မနှယ်။

ကိုအေးကတော့ လူတစ်ယောက်၏ တာဝန်ကို ပိုထမ်းရမည်ကို ရင်လေးခဲ့မိသော်လဲ လှိုင်ကိုချစ်သူမို့ လှိုင်အဖော်ရလျှင်ပြီးတာပဲဟု သဘောထားခဲ့လေသည်။ ဆွေရည်က လှိုင်အတွက် မရှိမဖြစ်အရေးပါလာသည့်အခါ ကိုအေးကလည်းဆွေရည်ကို ဂရုတစိုက်ရှိလာသည်။ အပြစ်ကင်းစင်သည့် ကလေးငယ်တစ်ယောက်အပေါ်



ခင်မင်တွယ်တာမှုမျိုးထက် မပိုခဲ့။

ခုတော့. . . ခုတော့၏ ဟိုမှာဘက်ကို လှိုင်ဆက်မတွေးရဲ။

ချောက်ကမ်းပါး နက်နက်ကြီးအောက်က လှိုင်းတွေတဝုန်းဝုန်း ထန်နေသောသံသယ ပင်လယ်ပြင်ကြီးထဲမှာ လှိုင်၏အတွေးလှေကလေးသည် ပဲ့မပါဘဲ ဟိုသည်မျောနေသည်။ လှိုင်ရင်ထဲမှာလဲ ဟာလို့နေသည်။ လှိုင်သည် သူချစ်သောကိုအေး၏ စိတ်အတွေးမျှင်ကလေးတစ်ခုကိုပင် တစ်ဆံချည်မျှ အတိမ်းအစောင်းခံချင်သူ မဟုတ်၊ ကိုအေး၏ အသည်းနှလုံးထဲမှာ လူမသိသူမသိသော တိမ်းယိမ်းမှုကလေးရှိနေပြီလားဆိုသည့် အတွေးကပင် ရင်ထဲမှာ စိုးနှောင့်ပူပင်စရာ ဖြစ်လို့နေရသည်။

ကိုအေးရင်ထဲမှာ တစ်စုံတစ်ရာသိုဝှက်ကာ ခိုးဝှက်သက်ပြင်းချလိုက်တာလေးတွေ စပို့ရှပ်အရောင်နုနုကလေးများဝတ်ပြီး သူ့ကိုယ်သူ အရိပ်တကြည့်ကြည့် နုပျိုနေချင်တာလေးတွေက လှိုင်စိတ်ကိုနှိုးဆွနေသည်။ ခုတလော လှိုင်ရင်ထဲမှာ မောလို့နေသည်။

မကောင်းမှု တစ်စုံတစ်ရာဖြစ်လာမှာပဲလို့ လှိုင်မထင်ပါ။ ကိုအေးသည် ရှက်တတ်ကြောက်တတ်ပြီး ကြင်နာတတ်သော လူတစ်ယောက်၊ အချစ်ကို စိတ်ကူးထဲမှာသာ ဖွံ့ဖြိုးစေနိုင်မည့် လူတစ်ယောက်ဖြစ်မှန်း လှိုင်သိသည်ပဲလေ။

ပြီးတော့ . . . ဆွေရည်ဆိုတာကလည်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း စိတ်ရောရုပ်ပါ သန့်ရှင်းကြည်လင်သည့် မိန်းကလေးတစ်ယောက်ပါ။

လှိုင်တို့ကိုယ်စီ ရင်ထဲက ကြည်လင်သန့်စင်သည့် အတွေးအိမ်ကလေးတွေ ပြိုကွဲသွားမှာကိုမဲ လှိုင်ကစိုးရိမ်နေမိသည်။ လှိုင် သံသယစိတ်နဲ့ စိုးရိမ်လွန်နေမိသည်လား၊ မနာလိုဖြစ်နေမိသည်လား။ ဆွေရည်က 'ဦးငယ်'လို့ခေါ်တိုင်း ကိုအေးမျက်လုံးတွေက အရည်ကြည်လှိုင်း

တွေ လဲ့လက်သွားသည်ဟု သူထင်နေမိခဲ့သည်။

အိမ်မက်တွေက တောင်ရောက်မြောက်ရောက် မက်မက်နေတတ်သည်။ ကိုအေးနယ်ထွက်သွားပြန်လျှင် လှိုင်ရင်မှာ အေးလျက်ဆွေရည်နှင့် ညီအစ်မနှစ်ယောက်သား သစ်ခွစင်လေးအောက်မှာ ဝတ္ထုစာအုပ်တွေဖတ်ကာ ရယ်စရာလေးတွေ ပြောကာနေတတ်ကြသည်။

လှိုင် ပန်းလည်းမထိုးတတ်၊ တစ်ချောင်းထိုးလည်းမထိုးတတ်ခဲ့။ ဆွေရည်က သူငယ်ချင်းတွေဆီက သင်ယူလာပြီး လှိုင်အတွက် တစ်ချောင်းထိုးနှင့် ခြုံထည်တစ်ထည် ထိုးပေးနေသည်။ အနက်ထဲမှာ ဆင်စွယ်ရောင်နှင့် အဝါနုနုသိုးမွေးအပွင့် ကလေးများကချစ်စရာ ဆွေရည်၏ လက်ကလေးတွေက ဖြူဖြူစင်စင် ရှည်ရှည်သွယ်သွယ် ကလေးတွေ လက်သည်းရှည်မထားသော လက်သည်းဝိုင်းဝိုင်း ကလေးတွေက ပန်းသွေးရောင်ပြေးလျက်။ ဆံပင်တွေက ပခုံးပေါ်မှာနွှယ် ကျနေသည်။ ပုလဲဆံညှပ် ကလေးတွေအောက်က မည်းနက်ဖြောင့်စင်းသည့် ဆံပင်အုပ်အုပ် နုနယ်အပြစ်ကင်းဟန် မပျောက်သေးသည့် မျက်နှာဝိုင်းဝိုင်း မို့မို့ကလေး မျက်လုံးနက်နက် ကလေးတွေကတော့ သူ့အလုပ်ထဲမှာ စိတ်ဝင်စားနေသည်။

အသက်နှစ်ဆယ် မပြည့်သေးသည့်မိန်းကလေးရင်ထဲမှာ ဘာတွေရှိနေမလဲ။

ပါတိတ်အဆင်ဖျော့ဖျော့ဝတ်စုံကလေးက သွယ်သွယ်နွဲ့နွဲ့ ကိုယ်ဟန်ကလေးကို ထိန်းထားသည်။ ချစ်စဖွယ် မိန်းကလေး တစ်ယောက်၏သွင်ဟန်။

လှိုင်သည် အပူသောကတို့ကို မွေးဖွားစေတတ်သောအချစ်။

ချစ်မိခဲ့စဉ်က အလျှံတညီးညီး တောက်ပြောင် ဝင်းထိန်၍ လောကဓာတ် တစ်ခုလုံးကို ထိုအလင်းရောင်အောက်မှာပဲ ထာဝရတည်ရှိနေမယောင်ယောင် ထင်ယောင်ထင်မှားဖြစ်စေခဲ့ပြီး အချည်းနှီးသာ ဖြစ်စေတတ်သည့်အချစ်များနှင့် သည်မိန်းကလေးကို မဆုံစည်းစေလိုပေ။ ပန်းအိမ်ကလေးထဲမှာ နေခြည်အထိုးမခံဘဲ သူယုယထားသည့် သစ်ခွပန်းကလေးများလိုသာ အမြဲတမ်းလှပ တင့်တယ်နေစေချင်သည်။

လှိုင်က တစ်စုံတစ်ယောက်ကို ချစ်မိပြီဆိုလျှင် လှိုင်ကိုယ်တိုင်ဖြစ်စေ၊ လှိုင်၏ အချစ်ကိုဖြစ်စေ၊ စွန့်လွှတ်ရန်ဝန်မလေး။ သို့သော် လောကီသားတို့၏ ဝိုးတဝါးထင်ယောင်ရှာဖွေသော အရာအားလုံး သင်္ခါရ၏ အဆုံးနယ်နိမိတ်တွင် မက်မောစရာဆိုလို့ သုညက လွဲလို့မရှိ။

လှိုင်သိသည့် အချစ်၊ လှိုင်သိသည့် အိပ်မက်၊ လှိုင်ဆုံးရှုံးခဲ့သော နှစ်ကာကများ ဝမ်းနည်းဝမ်းသာစိတ်များ၊ အရာအားလုံးသည် အချိန်ကာလတစ်ခု၏ နယ်နိမိတ်သတ် မျဉ်းဘောင်အောက်တွင် စုန်းစုန်းမြုပ်ပျောက်ကွယ်သွားခဲ့ပြီ။ လှိုင်မှာ မာနရှိခွင့်ရှိသည့် တိုင်အောင် မာနကိုမတောင့်တချင်။ ကိုယ်ကိုယ်တိုင် စားသုံးပြီးသာ အဆိပ်သီး တစ်လုံးကို မည်သူ့ကိုမှလည်း မမျှဝေလိုတော့။ ဒါသည်ပင် လှိုင်ရင်ထဲမှာကြေကွဲနေလျက်က သန့်စင်နေသေးသည့် စေတနာပဲဖြစ်၏။

သူဆုံးရှုံးခဲ့ရပြီ ထင်ရသော ကိုအေးကိုတော့ အသစ်ပြန်ပြီး မွေးဖွား၍ ရပါဦးမလား။ သားလေးလိုချင်သော ကိုအေးကိုလဲသားလေးဖြစ်စေ၊ သမီးလေးဖြစ်စေ၊ လှိုင်မှာ မွေးဖွားပေးနိုင်စွမ်းတော့မည် မထင်။ ကလေး၏ အရိပ်အယောင်ပြတိုင်းလှိုင် ဝမ်းမြောက်ကြည်နူးခဲ့ရဖူးပါပြီ။ သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ပျက်ကျခဲ့ဖူးပြီဆိုတော့ နောက်ထပ် ကိုယ်ဝန်ဆောင်ရမှာ ကိုပင်လှိုင်ကြောက်နေခဲ့ သည်။ လှိုင်၏အချည်းနှီး ဖြစ်ခဲ့ရသည့် မျက်ရည်များကိုလဲ ကိုအေးနားလည်နိုင်ခဲ့ရဲ့လား။

တရားဖက်လျှင် အသက်ရှည်ဆိုသလို လှိုင်သည် ဘာသာတရား၌သာ စိတ်ဝင်စားလို့နေတော့သည်။ ကိုအေးသည် စိပ်ပုတီးနှင့် ရိပ်ကြီးခိုတော့ မယောင်ယောင် ပြောင်းလဲနေသောလှိုင်ကို အနည်းငယ် အံ့ဩဟန်ပြသည်။

အမျက် ဒေါသများ၊ မာန်မာနများ၊ စိတ်ခံစားမှုအညစ်အလေးများ အားလုံးချုပ်ငြိမ်ရာနိဗ္ဗာန်ကို မမှန်းနိုင်ဝံ့သည့်တိုင် ယာယီဖြစ်ဖြစ် သောကလှိုင်းများနှင့်တော့ ကင်းပြီးနေချင်သေးသည်။

သေးဆုံးခြင်း၏ ဟိုမှာဘက်မှာ နောက်တစ်ဖန် ဘဝတစ်ခုဖြစ်ခွင့်မရဘူး ဆိုလျှင်တော့ လှိုင်သေချင်ပါသည်။ သို့သော် ခုလည်း သံသယစိတ်တို့ ရစ်ပတ်မှုနှင့်ပင် အခါခါသေဆုံးနေလျက် အေးငြိမ်းလွတ်မြောက်မှု မရနိုင်ဘဲဖြစ်နေရသည်။ ပုတီးပတ်များကို အမြဲမှားလျက် အစက ပြန်ပြန်စိပ်နေရသည်။

လှိုင်နှလုံးသားထဲက အက်ကွဲကြေမွနေရသည့် အသံများကိုတော့ ကိုအေးမကြားစေလိုပါ။ အရယ်အပြုံး၊ အငိုအမဲ့များ ၌လည်း ထိုအရာများကို ဖုံးကွယ်ထားရပါဦးမည်။

တစ်ညမှာတော့ ပုတီးပတ်များကို ခါတိုင်းလိုပင် မှားစိပ်ပြီး နောက်စိတ်နောက်ကျိစွာဖြင့် ပန်းစင်အောက်မှာ လမ်းလျှောက်နေမိလေသည်။

ဆွေရည်၏ ရယ်သံကြည်ကြည်ကလေး လွင့်ပျံ့လို့လာသည်။

တီဗွီဖန်သားပြင်ရှေ့မှာ ကိုအေးနှင့်ဆွေရည်။

မေတ္တာနှင့် ကွမ်းသီးတို့၏ ပြတ်လုံးများကြောင့် ပွင့်လင်းပေါ့ပါးစွာ ရယ်မောလိုက်သော ဆွေရည်အသံကလေးကို ကြားရတော့ ရင်ထဲမှာ အေးလို့သွားသည်။ ကိုအေးတစ်ယောက်ကော ဆွေရည်လို ရယ်မှ ရယ်နိုင်ပါလေစ။

လှိုင်သည် တည်ငြိမ်အေးဆေးသော ခြေလှမ်းများဖြင့် ဧည့်ခန်းဆီသို့ လှမ်းဝင်နိုင်ခဲ့ပြီ။

ဇူလိုင်/၁၉၉၀
ကလျာမဂ္ဂဇင်း



## သူ့အပင်နှင့်သူ့အဖူး

✤ ✤ ✤ ✤ ✤

စိုးရိမ်စိတ်ကြောင့် ရင်ထဲမှာ လှိုင်းဘောင်ဘင်ခတ်နေသည်။ ဝေဒနာသစ်တစ်ခုထပ်မံလို့ မွေးဖွားလေပြီးလား။ မမွေးဖွားသေးဘူးလား တိတိကျကျမသိရသေး။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မည်။ ဖြစ်လာသမျှဒုက္ခတွေ၊ သောကတွေအားလုံး မိန်းမသားတစ်ယောက်တည်းကချည်း ခါးစည်းလို့ခံရမည်ဆိုတာ တရားမျှတမှုရှိပါလေစ။ ကံဇာတ်ဆရာကတော့ သူ့ကို ဗျာဒါကြီးသော ဇာတ်ဆောင်တစ်ယောက်အဖြစ် သရုပ်ဆောင်စေခဲ့ပြီ။

အိမ်အတွက် ပူရလည်းသူ၊ သားတွေအတွက် လင်အတွက် ပူရလည်းသူ။ သူ့မှာ နောက်တစ်ပူသာ ပူရဦးမည်ဆိုလျှင် ရှူးတောင်ရှူးချင်လာသည်။ သာကေတတံတားပေါ်က ခုန်ချလိုက်ရမှာလား။ သူမရှိလို့ယောကျ်ားဝမ်းမနည်းဘူးထား၊ သားလေးတွေမှာ အမေမဲ့ချေတော့မည်။ သည်လိုတွေးမိပြန်တော့လည်း ရင်ထဲမှာ တင်းကျပ်လို့ သွားတော့

သည်။ အမေတစ်ယောက်၏ သောကတွေကို သူတို့နားမှလည်ကြပါလေစ။

သည်မနက် သူငယ်ချင်းနှင့် တွေ့တော့ သူ့ရင်ထဲက အပူအကြောင်း တိုးတိုးကျိတ်ကျိတ် ပြောပြဖြစ်သည်။ သည်လရက်ကျော်နေသည့်အကြောင်း။ ရာသီပန်းတွေ ကြွေချိန်တန်လျက် မကြွေခဲ့သည်မှာ နှစ်လနီးပါးရှိခဲ့လေပြီ။နဂိုကလည်း အားနည်းချူချာသည်မို့ မလာသေးသလားတော့မသိ။ သားအငယ်ဆုံးကလေးကလည်း ငယ်သေးသည်။ ခုမှ တစ်နှစ်ကျော်ရုံသာမို့ သူပူပန်သည်ထပ်ပင် မူမူက ပိုလို့ပူပန်ကာ. . . .

'နင် ဒီလိုနေလို့ ဘယ်ဖြစ်မလဲ ၊ လာငါနဲ့လိုက်ခဲ့၊ ဆရာဝန်သွားပြမယ်'

ကံဆိုးချင်တော့ သူပြနေကျ ဆရာဝန်မက မရှိ။

'ခက်တာပဲ၊ နင်ဟာလေ တကယ့်ကို ပေါ့တယ်၊ ငါတုန်းက အငယ်ကောင်ကို သားကြီးတစ်နှစ်ခွဲနဲ့ ထပ်ရတာ သိပ်ကသီတာပဲ'

ခပ်ယဲ့ယဲ့ အပြုံးကလေးပဲ ပြုံးနေလိုက်ရသည်။ သူ့မှာ ပိုက်ဆံဘယ်လိုမှ မကပ်နိုင်တော့။ ဆေးကတ်စားရမည့်ရက်မှာပင် လက်ထဲမှာ ခြူးတစ်ပြားမှမရှိသည့် ရက်နှင့်ကြုံကြိုက်ရတာ ဘယ်လိုပြောရမည်မသိ။

သားလေးက ငယ်သေးသည့်မို့ချူချာ။ သားလေးဖို့ နို့မှုန့်ဖိုး၊ ဆေးဖိုး၊ အကြီးကောင်တွေဖို့မုန့်ဖိုးနှင့်ပင် သူတို့နှစ်ယောက်မှာ ရှာလို့ရသမျှ မလောက်ငသည့်ဘဝ။ ရွှေရောင်စိန်ရောင် တဝင်းဝင်းဖြစ်နေသော သူငယ်ချင်းကို ဘယ်လိုပြောပြရမလဲ။

'ဟိုလိုတော့. . . ငါ သိပ်မထင်ပါဘူးဟယ်၊ ငါက အားနည်းတဲ့ ရောဂါလဲရှိတော့. . .'

'အံမယ်လေးမမရယ်၊ သေချာအောင်တော့ ပြကြည့်ဦး



မနက်ဖြန်ကျ တစ်ခါငါဆီလာခဲ့၊ ဆေးဖိုးမရှိလို့ဆိုပြီး မလာဘဲ မနေနဲ့. နော် ရှိုးရှိုးထိန်နေတာဆိုရင် ဆေးထိုးလိုက်တာနဲ့ ပြန်လာတာပဲ'

သူက စိတ်ဆင်းရဲမှုကိုပွေ့ပိုက်ပြီး ပြန်လာခဲ့သည်။ ခါတိုင်း သားလေးတွေနှင့် ရွှင်ပျ ပြုံးရယ်နေခဲ့သော်လည်း ဒီနေ့တော့မရွှင်နိုင် မပြုံးနိုင်။ လင်သည်ကို ပြောပြတော့လည်း . . .

'မင်းက ဆေးစားပါလို့ ပြောရဲ့သားနဲ့၊ ဖြစ်လာတော့လဲ ကံတရားပေါ့'

သူ့စကားကတော့ ပေါ့ပေါ့ကလေးပင်နောက်ဆုံးတော့ အရာအားလုံးသည် မိန်းမသားတစ်ယောက် ဖြစ်ရခြင်းအတွက် အပြစ်တင်စရာချည်း ဖြစ်လို့နေ၏။

ကြည်လင်ရွှင်ပျမရှိကြခိုက်မှာ အလှူခံက လာပြန်လေသည်။ ရပ်ကွက်ထဲမှာတော့ သာရေးနာရေး အလှူတွေက ကိုယ့်မှာ ရှိရှိမရှိရှိ အမြဲလိုလို ဒါနပြုနေရသည်။ မနက်ဖြန် ဆိုသည့်အရေးကို မတွေးချင်။ ဆရာဝန်ပြလို့ ဟိုဟာဆိုပါစို့၊ ကိုယ်က ဘာလုပ်ရမှာလဲ . . . မျက်ရည်စို့ချင်သည်။

စိတ်ညစ်ပူပန်မှုတွေကြောင့် အိပ်မရ၊ အကြီးကောင်နှစ်ကောင်နှင့် သူတို့အဖေကတော့ ကုလားသေကုလားမော အိပ်နေကြပြီ။ သူနှင့်အတူအိပ်နေသော သားငယ်လေးကလည်း ခြေကားရားလက်ကားရား ကလေးနှင့် အိပ်မောကျလို့၊ ကလေးအသက်ရှူသံကလေးကို နားထောင်ကြည့်ပြန်တော့ချွဲသံတွေ ခလူးခလူးမကြားရသဖြင့် စိတ်သက်သာသွားသည်။ အိပ်မရတဲ့အတူတူ ကလေးအကျီစုတ်တွေ ထိုင်ချုပ်နေမိသည်။ မျက်လုံးတွေကလည်း အပ်ပေါက်တောင် ကောင်းကောင်း မမြင်ချင်တော့ပါလား။ မီးအားနည်းလို့ပဲလားမသိ။

မီးရောင်အောက်မှာ သားလေးမျက်နှာက ဝိုင်းဝိုင်းစက်စက် မို့မို့ကလေး။ မျက်ခုံးကလေးတွေက စိမ်းလို့ နှာခေါင်းကလေးက

ပုပုလုံးလုံးစာလေးမို့ အကြီးကောင်တွေက နှာခေါင်းလေးကို ဖျစ်ညစ်ပြီး စတတ်ကြသည်။ အထွေးဆုံးမို့ အချစ်ပိုလေသလားမသိ။ သားလေး မျက်နှာကိုကြည့်ရင်း ရင်ထဲမှာတစိမ့်စိမ့် အကြင်နာစိတ်တွေဝင်လာ သည်။ ကလေးပီပီ ဆိုးနွဲ့ချိန်မှမရလိုက်ဘဲ နောက်တစ်သား ခိုဝင် လာခဲ့လျှင်တော့ သားလေးမှာ သနားစရာနို့ ညှာလေးဖြစ်ရဦးမည်။ သူ့အပေါ် ချစ်သည့် အချစ်တွေလည်း နောက်ကလေးအပေါ် ပုံပြီးချစ်ရ ပြန်ဦးမည်။ အို. . . ဘယ်ကလေးမှ မချစ်ချင်တော့ပါ။

အထွေးဆုံးအချစ်ဆုံးလို့သူပြောပြောနေသလို လူကလေး ဖိုးလပြည့်ကိုပဲ ပုံလို့ချစ်ချင်ပါတော့သည်။

ခုတောင် သားသုံးကောင်ကို ခွဲဝေလို့ချစ်ရသည်နှင့် ပူပင်ရ သည်က မကာမိအောင်ပင် အချစ်သည် ပူပင်သောကတွေကို အမြဲလို ယူဆောင်လာတတ်ကြောင်း သူကောင်းကောင်း သိနေခဲ့လေပြီ။ဒါ ကြောင့်လဲ သမီးလေးတစ်ယောက်တော့ မွေးဦးမှပေ့ါ ပြောတိုင်း သူမ ချိုပြုံးလေးပဲပြုံးပြနေခဲ့ရသည်။

သားတွေတောင် ပြည့်စုံလောက်ငအောင် မဆင်နိုင်။ အဘိုးအ ဘွားတွေက ကြည့်ရှုပေးကမ်းထားလို့သာ လုံလုံခြုံခြုံ ဝတ်နိုင်ကြသေး သည်။ ကစားစရာဆိုလည်း သားဦးကလေးတုန်းကပဲ ဝယ်ပေးနိုင်ခဲ့ကြ သည်။ နောက်ကလေးတွေကျ အကြီးကောင် အကျတွေကိုင်။ ကစား စရာဆိုတာလည်း ယောကျ်ားလေးတွေဆိုတော့ ထုနှက်ရိုက်ဖဲ့ပြီး တစ် ခဏနှင့် ပျက်စီးတာမို့ဖျက်ဆီးမှာ အတူတူပိုက်ဆံအကုန်ခံပြီး ဝယ်ပေး ဖို့မစဉ်းစားနိုင်ခဲ့။

ဒါပေမယ့်သားတွေကလည်း စိတ်ကူးစိတ်သန်းလေးတွေ ကောင်းကြရှာပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ပစ္စည်းဖလှယ်ခြင်း အတတ်ကို တတ်နေကြပြီ။ ပလက်စတစ်နှင့် ကစားစရာလဲသည့် အလဲသည်ကြီး လာပြီဆိုလျှင် အိမ်မှာရှိသမျှ ဖိနပ်စုတ်၊ ပုလင်းလွတ်၊ ပလက်စတစ် အတိုအစတွေလိုက်ရှာပြီး ကစားစရာ ဖန်တီးတတ်ကြ၏။



ပြီးတော့ ဝါးခြမ်းပြားနှင့် သစ်သားစတွေကလည်း သူတို့အတွက် ကစား စရာလက်နက်တွေပဲ မဟုတ်ပါလား။ ဒါပေမယ့် မျောက်လောင်းလေး သုံးကောင်သည် တစ်ခုခုကိုလိုချင်တိုင်း ရန်ဖြစ်ကြ၊ ဆူကြ၊ သတ်ကြဆို လျှင်တော့ သူသည် ဒေါပွပွဖြင့်တွေ့ကရာနှင့် တွယ်ပစ်တတ် မိသည်။

သူ့မိဘတွေ လက်ထက်ကတော့ မပူမပင် မကြောင့်မကြ နေခဲ့ရပါ၏။ ကစားစရာအသစ်တွေ၊ ဘိုမရုပ်လှလှလေးတွေ သူပိုင် ဆိုင်ခဲ့ဖူးပါသည်။ သူတို့မှာ မွေးချင်းမောင်နှမများသော်လည်း ကစားစ ရာတွေထိန်းချုံယူယမည့်သူတွေက ဘေးမှာပုံနေခဲ့ကြသည်။ စိတ်၏ မလုံခြုံခြင်းကို မခံစားခဲ့ရ။ အမေ့ရင်ခွင်ကို တစ်ယောက်ပြီးတစ် ယောက် ခေါင်းဝင်တိုးဝှေ့ပြီး ဘာပဲပူဆာပူဆာ လိုတာမှန်သမျှရ တတ် ခဲ့ပေသည်။.

သည်လို အလိုလိုက်ခံရလို့လည်း သူသည်တစ်ဇွတ်ထိုး လုပ် တတ်ပြီး စဉ်းစားဉာဏ် နည်းပါးသော မိန်းမတစ်ယောက်ဖြစ်လို့လာ လေသလားမသိ။ ကိုညို့ကို ယူခဲ့မိတာကိုက သူ့အမှားဟု ဆိုရတော့ မည်။

ကိုညိုသည် လက်ကြောတင်းအောင်မလုပ်ချင်သည့် လူဟူ၍ တော့ ပြောလို့မရ။ အေးအေးဆေးဆေးသမား။ သူ့မှာ လောက် သည်ဖြစ်စေမလောက်သည်ဖြစ်စေ သည်ဝင်ငွေထက် ပိုရှာပေးဖို့လည်း မစဉ်းစား။ သူလည်း ချို့ငဲ့မှုကိုခါးစည်းခံ မည်ဆိုသည့် လူစား၊ သာမန် စာရေးကလေး တစ်ယောက်က ဂုဏ်သိက္ခာအကြောင်းပြော ပြောနေ တော့ သူနားကလောလာသည်။

သူရော မိန်းမသားတစ်ယောက် ဆိုပြီးသားမွေးရုံမျှ၊ အိမ်တွင်း မှုလုပ်သိမ်းထုပ်သေချာနေရုံမျှ နေခွင့်ရခဲ့ပါသလား။ သည်မိန်းမမှာက လေးတွေထိန်းဖို့ အိမ်မှုအလုပ်တွေကိုလုပ်ဖို့ ကူဖော်လောင်ဖက် တစ် ယောက်မှလည်းမရှိပါ။ ရုံးသွားတော့မည် ဆိုလျှင် အိမ်တံခါးပိတ်၊ ကလေးတွေအိမ်နီးချင်းအပ်၊ ဖတ်သီဖတ်သီ ပျာယီးပျာယာနှင့် ထွက်ခဲ့ရ

သည်ချည်း။

ခုနေခါမှာတော့ အိုမင်းမစွမ်းပြီးလည်းဖြစ်၊ ပင်စင် လစာက လေးနှင့် အိမ်ဆိုင်ကလေးရောင်းသည့် ဝင်ငွေနှင့် မလောက်တလောက် အလျဉ်မီရုံစားနေကြရသော မိဘများအိမ်သို့လည်း ဟင်းတစ်ခွက်ပင် မကမ်းနိုင်ခဲ့ပါ။

အတွေးတွေက သံသရာရှည်လေ စိတ်ဆင်းရဲရလေပင်။ ကံကိုပဲ ပုံလို့ထားလိုက်မည် ဆိုပြန်တော့လည်း ကံဆိုသည့် အကောင် အထည်နှင့် အရိပ်အယောင်မမြင်ရ။ ဖမ်းဆုပ်လို့လည်း ရတာမဟုတ်။

ကလေးဆိုသည့် အရာကတော့ ရောက်လာပြီဆိုလျှင် ဆီးကြို ထွေးပွေ့ရမည်။ နို့ချိုတိုက်ကျွေးရမည်။ အဝတ်အစားတွေ ဆင်ရတော့ မည်။ သူ့အရွယ်အလိုက် လိုအပ်တာတွေ၊ ပြီးတော့ ပညာသင်ပေးရ မည်။ မွေးရုံမွေး ကျွေးရုံကျွေးလို့ကတော့မရ။ သူ့ကံနှင့် သူဖြစ်လာ လိမ့်မယ်လို့ အောက်မေ့လို့ကမဖြစ်။ လူပျင်း လူပေ့ါလေး၊ လူသော့ လူသွမ်းလေးတွေ မွေးထုတ်လို့ ချည်းနေလို့ကတော့ ကလေးအတွက် ရော၊ မွေးထုတ်လိုက်သည့် အမေအတွက်ရော ဘယ်မှာကောင်းစား နိုင်ပါတော့မလဲ။ လက်ကို အပ်နှင့်ထိုးမိသွားသည်။

သားငယ်လေးက တအင့်အင့်နှင့် နိုးလာပြန်သည်။ နိုးလာ သည်နှင့် . . .။

'မေမေရေ၊ မေမေ. . . မေမေရေ. . .'

ကလေးက အသံကုန်ခြစ်ပြီး ငိုပါလေတော့သည်။

'ဟဲ့သား . . . မေမေရှိတယ် သား. . . မေမေလေ'

သူ ပျာပျာသလဲ ချော့လိုက်ရသည်။ တကျွတ်ကျွတ်စုတ် သပ်ပြီး ကလေးတင်ပါးကို အသာပုတ်သည်။ သေးစိုအဝတ်တွေ လဲပေးရသည်။ ပြီးတော့ ကလေးဘေးမှာအသာလှဲပြီး နို့တိုက်ရပြန် သည်။ နောက်တစ်သားရင်ခွင်မှာ လွယ်ရဦးမည်ဆိုလျှင်တော့ သူ့နို့ချို



တွေ ခြောက်ခန်းသွားမည်အရေး။ သားကလေးပိန်ချုံးကြုံလှီပြီး အမေ လည်း ကပ်ခွင့်မရတော့ဘဲ မေတ္တာငတ်ရရှာမည့် အရေးကိုတွေးပြီး ရင်ထဲမှာ ဆို့နင့်လို့လာသည်။

'သားငယ်လေး. . . သား ငယ်လေး'

သားလေး၏ခေါင်းလုံးလုံးလေးကို စမ်းရင်းတီးတိုးရွတ်နေ မိသည်။

တကယ်ကတော့ သူကိုယ်တိုင်၏ ပေါ့ဆမှုလည်းမကင်းခဲ့ပေ။ ဘယ်လိုပဲဖြစ်ဖြစ်ချေးလို့ငှားလို့ပဲဖြစ်ဖြစ် ဆေးဖိုးလေးတစ်ဆယ် ဆယ်ငါးကျပ်ကို တွက်နေလို့မသင့်ပေ။ ခုတော့ စိုးရိမ်ပူပန်ရတာက ရာထောင်မက တန်ဖိုးရှိလှပါသည်။ ကိုယ့်ရတနာလေးတွေ ကိုယ်တိုင် ထိန်းသိမ်းကာ အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ နေခွင့်ရလျှင်တော့ သားတစ်ရာမက ရချင်ရပါစေလေ။

သားကလေးက နို့ကိုလွှတ်ပြီး တစ်ဖက်သို့လှိမ့်ချ အိပ်ပျော် သွားသောအခါ ညောင်းညာနေသော ကိုယ်ကိုဆန့်ရင်း သောက များနှင့် ထွေးလုံးရစ်ပတ်လျက်ကပင် ကိုညို့အပေါ် ငြိုငြင်သလို မုန်းတီး သလိုလို ဖြစ်လို့လာသည်။

ချစ်ခြင်းသစ်ပင်၏ မေတ္တာရေသောက်မြစ်များသည် ကျောက် စရစ်အတိပြီးသော လွင်တီးခေါင်ပြင်၌ ကုပ်တွယ်မှီခိုရာမရဘဲ တစ်စ တစ်စ ပင်စည်ကြီးပါ သွေ့ခြောက်ညှိုးရော်လာရသည့်နှယ်။

သည်ချည့်နဲ့ချို့တဲ့သော အပင်ကြီးပေါ်မှာဖြင့် နွမ်းရော်ရော် အဖူးကလေးတစ်ဖူးထပ်မံငုံဖူး ပွင့်အာလာမည့်အရေးကို သူတွေးပင် မတွေးချင်ရက်တော့ပေ။

နို့ဝင်ဘာ/ ၁၉၉၀၊ ကလျာမဂ္ဂဇင်း

## လွမ်းအောင်ကူချွဲ

* * * * *

အင်ကြင်းကိုင်းတို့ ညိုးညိုးညံ့ညံ့ပြုသံ၊ သရဖီကိုင်းတို့ ရွက်ချင်းခတ်သံကြားလျှင် ချိုးငှက်မသည် အငြိမ်မနေနိုင်တော့ပေ။ သစ်ရွက်ကြွေများနှင့်စမ်းရေ၏ရနံ့တို့ကလည်း သူ့ကိုကူဖို့ချွဲဖို့ အသင့်ဖြစ်စေ ပြန်သည်။

ကူ. . . ကူး. . . ကူ. . . ကူး. . .

ချိုးလည်ပြောက်မလေး၏ ရင်ထဲမှလှိုက်လှဲချိုမြသော အသံကလေးသည် တောစပ်မှာပဲ့တင် ထပ်သွား ပြန်လေသည်။ တော၏ရနံ့ကြောင့် တောင်ပံကို တစ်ဖျပ်ဖျပ်ခတ်မိသည်။ လေဟုန်မှာဝဲပျံ့ဖို့ကြိုးစားပြန်လေသည်။ ခြေတစ်ဖက်မှာ ချည်ထားသောကြိုးက တင်းသွားသည်။ နာလွန်းသဖြင့် မျက်ရည်များဝေ့သွား သည်။ စူးစူးရှရှအော်ဖို့ကြိုးစားမိသော်လည်း မအော်နိုင်တော့ပြန်။



အဖော်ချင်း တစ်ကောင်၏တောင်ပံခတ်သံနှင့်ကူကူး သံကိုရုတ်တရက် ကြားလိုက်ရသည်။ သူအမြဲလို တောင့်တတတ်ခဲ့သော အမျိုးတူအဖော်ချင်း တစ်ကောင်အသံ၊ ရင်ထဲမှလှိုက်လှဲသော အသံဖြင့်ကူချွဲမိပြန်သည်။

တော၏ရနံ့များနှင့် အဖော်ချင်း၏ အသံတို့ကို အာရုံမှာနစ်မျောခိုက် တောင်ပံများ၏ ခွန်အားမဲ့သောအဖြစ် မိုးစွန်ထက်ယံသို့မပျံ့နိုင်မသန်းနိုင်တော့သော ဘဝတို့ကို မေ့လျော့သွားပြန်သည်။

လေဟုန်ထဲမှာ နှစ်ကိုယ်တူတောင်ချင်းယှဉ်ကာ ဝဲပျံနိုင်လေဦးမလားဟု စိတ်ကူးတိမ်တို့ ကြားတွင် လွင့်မျောလျက်။ ငှက်ခတ်သမားနှင့် သူ၏ ဆယ်သွယ်မှုအဖြစ်ကိုကား တစ်ချက်တစ်ချက်တင်းခနဲဘုံ့ဆွဲလိုက်သော ကြိုးကြောင့်သာ သူသတိရမိ ပြန်လေသည်။ ထိုအခါတွင်တော့ သူသည် နာကျင်စိတ်ဖြင့် မကူနိုင်တော့ပြန်။

ထိုအခိုက်မှာပင် ချိုးဖိုတစ်ကောင်သည် ရွက်ကြွေကလေးဘစ်ခုလွင့်ပျံလာသလို သူ့အနားသို့ ဝဲပျံရောက်ရှိလာလေသည်။ ချိုးဖိုသည် ချစ်ရေးကြူဖို့ အနားသို့ရောက်လာလျှင် ချိုးငှက်မ၏ စိမ်းလဲ့လဲ့မျက်လုံးများကိုကြည့်၍ အံ့ဩသွားသည်။ မျက်လုံးများကား သူမမြင်နိုင်သော ကမ္ဘာတစ်ခုဆီမှ အတိတ်၏အရိပ်များကိုသာ လိုက်လံရှာဖွေနေဟန်တကား။

စိမ်းကားသောအကြည့်ကို ရရှိသည်။

ချစ်ရမ္မက်လည်းမပါ။ ငှက်ဖို ငှက်မသတ္တဝါတစ်ကောင် ဟုပင်ခံ့မင်နှစ်လိုဟန်မပြသော မျက်လုံးများပင်တည်း။

ငှက်မ၏ အကြည့်ကို ပိုင်းပိုင်းခြားခြားမသိမီ ခြေ၌တင်းခနဲဖြစ်ပြီး ညွှတ်ကွင်းမှာ မိလေပြီ။ ချိုးဖိုသည် စူးစူးရှရှအော်၏။ ရှုန်း၏။ နာကျင်ဒေါသဖြင့် အော်သံသည် တောကိုပဲ့တင်ထပ်သွား စေပြန်သည်။

နေရောင်ပြောက်ကြားထင်သော သစ်ရိပ်များသည်လည်း ချိုးငှက်မ၏ စိတ်ကို မနူးညံ့စေတော့ပြန်။ သူသည် တိတ်ဆိတ်သော တော၏အသံကို နားစွင့်မိပြန်သည်။ စမ်းရေစီးသံသွဲ့သွဲ့ကိုကြားရ၏။

စောစောက ငှက်၏ အသံကိုတော့မကြားရတော့ပြန်။ အသံကိုမကြားရခြင်းအတွက် စူးစမ်းလိုစိတ်လည်းကင်းမဲ့လျက်။

သူ့ဝပ်လက်စ ဥကလေးများကိုသာ တမ်းတမိတော့သည်။ သူ့အသိုက်ဆီသို့ သူဘယ်တော့မှ ပြန်မရောက်နိုင်တော့ပေ။ ဥကလေးတွေကွဲ အက်ကျေမွလို့ကုန်ပြီလား။ မြွေတစ်ကောင်ကောင်ကများ မျိုပစ်လိုက်လေပြီလား။ အမေ့ရင်ငွေ့ကို မလှုံနိုင်တော့သည့် ဥများ။ ငှက်မ၏ နူးညံ့ညံ့ရင်အုံအလွှာများနှင့် တောင်ပံများအောက်မှာ မေတ္တာဓာတ်ဖြင့်သာ အသက်ဝိဉာဉ်ဝင်လာမည့် သေးသေးကွေးကွေး ဥကလေးများ အမေငှက်မတစ်ကောင်အဖြစ် သူတောင့်တမျှော်လင့်ခဲ့သော နေ့ရက်များသည် သူ့ထံသို့ဘယ်ခါမှ ရောက်ရှိမလာနိုင်တော့ပေ။ ဥပေါက်စငှက်ကလေးများ၏ မြည်သံ၊ အပျံသင်ပေးဖို့၊ အစာရှာကျွေးဖို့၊ သူအောက်မေ့ခဲ့ရသည်များ ချစ်သူချိုးဖို၏ကူသံများ၊ မိုးကောင်းကင်အောက်မှာ တောင်ချင်းယှဉ်၍ဝဲပျံကြစဉ် သဘာဝလောဓာတ်၏ သာယာမြတ်နိုးဖွယ်ကိုသာ သူသိမြင်တတ်ခဲ့သောဘဝများ။

ခုတော့ချိုးငှက်မသည် သူ့လည်ဆံမွှေး နုနုများကို ညင်သာစွာ ပွတ်သပ်ပေးနေသော လက်ကြမ်းတစ်ခုကိုလည်း အာရုံမပြုမိတော့ပေ။

"ငါ့သမီးက လိမ္မာလိုက်တာ"

နှုတ်သီးဖြင့်လည်ပြန်ဆိတ်ပစ်လိုက်ဖို့ ကြိုးစားမိသော်လည်း တကယ်တမ်းမှု တုံ့ပြန်ဆိတ်ဖို့ပင် အင်အားမရှိတော့ပေ။ ရေ. . . ရေ. . . သူရေငတ်နေခဲ့ရပြီ။

စမ်း၏ရနံ့ကို ရသော်လည်း ရေရှိရာအရပ်သို့သူမပျံနိုင်။ ငှက်ခတ်သမားက ပုလင်းတစ်လုံးထဲမှ ရေကိုငှဲ့ပြီး လက်ခုပ်ထဲမှာ၊ ထည့်



တိုက်လိုက်သည်။ ရေကို အငမ်းမရသောက်မိသည်။

တောရနံ့၏ ဖြားယောင်းမှုကို ခံရတိုင်း သူလွမ်းဆွတ်စွာ ကူချွဲမိတတ်မြဲပင်။ သူ့ကူသံကျူသံကြောင့် ဝဲပျံရောက်ရှိလာကြသော ချိုးငှက်ဖိုများ သူ့ကိုရှိုင်းပျစွာ ထိုးဆိတ်ပစ်ဖို့ သက်ဆင်းလာကြသော ချိုးငှက်မများ မည်မျှများပြားခဲ့ပြီလဲ၊ ချိုးငှက်မသည် ထိုငှက်များအကြောင်း စဉ်းလည်းမစဉ်းစားလို အမျိုးတူငှက်များ သူ့အသံကြောင့် ပျက်စီးဆုံးရှုံးသည်များကို မတွေ့လိုမမြင်လို။ အပြစ်မကင်း ခံစားရမိတိုင်း မေ့ပြီးပစ်မိသည်။ မစွမ်းသန်တော့သော တောင်ပံများကြောင့် ပြတ်လုတဲတဲဒဏ်ရာနှင့် ခြေထောက်များကြောင့် မိုးစွန်ထက်ယံမှာသာ ဝဲပျံကျက်စားတတ်ခဲ့သော မြင့်မြတ်သည့် စိတ်ဝိဉာဉ်၏ အင်အား [illegible]လျော့ပါး ပျောက်ဆုံးခဲ့ပြီ။ အသိတရားတို့ခေါင်းပါးချို့တဲ့ခဲ့ပြီ။

စူးရှတောက်ပသော နေလုံးရောင်စဉ်တို့သည် တိမ်ပင်လယ်ပြင်ကို ဆည်းဆာတို့ အရိပ်တို့ဖြင့် ထွန်းလင်းစေပြန်သည်။ လည်ပြောက်မသာ အပူဓာတ်ကြောင့် မွန်းလျက်ခါးပုံထဲမှာ ငြိမ်သက်လို့ နေပြန်၏။

ခါးပုံစထဲမှ ဆွဲထုတ်ခံရပြန်လျှင် သဲဆပ်ပြာကျင်းများ၏ အနံ့ကိုရပြန်သည်။ အင်ကြင်းပန်း၏ ရနံ့များ။

သူပျော်ရွှင် ကျက်စားခဲ့ဖူးသောနေရာများနှင့်လည်း အခါခါ ဆုံဆည်းရပြန်လေသည်။ လေပြည်လေညင်းကလေး အသွေးမှာ လွမ်းအောင်ကူချွဲလိုက်သံကလေးသည် တောကိုပဲ့တင်ထပ် သွားပြန်လေသည်။

ငှက်မ၏ မမြင်နိုင်သော မျက်လုံးများသည် ပို၍ကန်းသွားကာ စမ်းဝါးဝါးဖြင့် ဟိုလျှောက်သည်လျှောက် အစာကောက်ရင်း ကူကူးကူ ၊ ကူကူးကူ၊ ကူကူးကူ။

သူ့ဘေးမှာပဲ ပျံကျရောက်လာမည့် တောင်ပံတစ်စုံကို ရင်ထဲ

မှုလှိုက်လှဲစွာ တောင့်တမိသော်လည်း တကယ်တမ်းပျံဝဲ ရောက်လာပြန်လျှင်လည်း သူတမ်းတခဲ့ရသည့် တောင်ပံတစ်စုံ မဟုတ်နိုင်မှန်း သူသိလို့နေပါပြီ။ သူ့ဝပ်လက်စ ဥကလေးများ၏ ကံကြမ္မာကို ဘယ်ငှက်ကို မေးရပါချေမည်နည်း။

မသိသော တောင်ပံစုံများ။

သူ မသိသော တောင်ပံစုံများ၌လည်း ဝပ်လက်စဥများ ချစ်သောချိုးဖို ချိုးမများ ရှိခဲ့ကြလိမ့်မည်ကိုသူမသိလိုခဲ့ပြီ။

အင်းကြွင်းပန်းရနံ့တို့ တောလုံးပျံ့ဆဲမှာပင် နွေဦးမြူခြည်ထဲ၌ ချိုးငှက်မသည် လွမ်းအောင်ကူချွဲလို့နေလေသည်။

ဧပြီလ/ ၁၉၉၁

အလင်းရောင်မဂ္ဂဇင်း



စောင့်ပါဦးချို

+ + + + +

(၁)

နောက်ကျခြင်း၏ အပြစ်ဒဏ်ကို သည်တစ်ခါ ချိုမခံစားလိုတော့။

လှပသည့် အိပ်မက်များကိုလည်း နောက်ကျမှ ခံစားတတ်သည့် ချို။

ကလေးဘဝကိုပင် လွတ်လပ်ပွင့်လင်းစွာ ကြီးပြင်းခဲ့ရခြင်း မရှိသော ချို။

အသည်းနှလုံးထဲမှ အရာများကိုလည်း ကြောက်ရွံ့တွန့်ဆုပ်စွာ မလွဲအရှောင်သာမှသာ ထုတ်ဖော်တတ်သော ချို။

ချိုသည် ခုတော့စောင့်စားမှုများတစ်ခုနှင့်သာ နေနေရလေပြီ။

စောင့်ဆိုင်းရခြင်းတည်း ဟူသောဝေါဟာရနှင့် ဘဝတစ်လျှောက်လုံးရင်းနှီး ကျွမ်းဝင်ခဲ့ရသော ချိုသည် စောင့်ဆိုင်းရခြင်း ကို စိတ်မရှည်တော့ပြီ။ သည်လို မစောင့်ဆိုင်းချင်တော့သည့်အခါကျမှပင် 'စောင့်ပါဦး ချို'လို့ဆိုသူက ရှိလာပြီ။

'ချိုနဲ့ကိုယ့်ဘဝ ပြည့်စုံလှပစေဖို့အတွက် 'တဲ့။ စကားလုံးများဖြင့် နှောင်ချည်သည်။ ချိုသည် မေ့ပင်ကြီး တစ်ပင်အောက်တွင် ရပ်လျက်ထာဝရပျောက်ဆုံးသွားမည့် အရာများကို တပ်မက်မြတ်နိုး စွာ မျှော်လင့်စောင့်စားမိသူဖြစ်မှန်းမသိ ဖြစ်နေလေ ပြီလား။

ချစ်သူထံမှတော့'စောင့်ပါဦး ချို'ဆိုသည့် စကားကလွဲလို့ ဘာမှ ထူးခြားမလာ။ သူ့ကို ချစ်ပေမယ့် သည်စကားလုံးကို ကြောက်သည်။

မိုးမှောင်ကျခိုက် လျှပ်စီးဝင်းခနဲပြက်လိုက်စဉ် အလင်းကို မျှော်လင့်တကြီးဖြင့် ကြာရှည်လင်းလက်နိုင်လိမ့်နိုး ထင်ယောင်ဝိုးဝါး ဖြစ်ခဲ့မိလေသလား။ မယုံရဲသူအား စောင့်မျှော်ရခြင်းတည်း ဟူသော ဒုက္ခကားပင်ပန်းလွန်းလှသည်။

ချို့ ဘဝတွင် မချစ်သူနှင့် ဆုံဆည်းရခြင်းကိုလည်း ကြုံခဲ့ရဖူးပြီ။

မချစ်သူ တစ်ယောက်၏ နှောင့်ယှက်မှုမှ ချို့ကို ကာကွယ်ကူညီရင်း ချို့ချစ်သူ ဖြစ်လာသူကား အဝေးမှမဟုတ်။ သူ့ဘေးမှာ ထာဝစဉ် အမြဲရှိခဲ့ပြီး ကိုယ့်ဘာသာကိုယ် ထားထားခဲ့ကြသောစည်းများကြောင့်ဝေးနေသူသာ။

ကျောင်းနေစဉ်ငယ်ဘဝကတည်းက တွေ့ခဲ့ကြသော်လည်း ချိုတို့၏ ချစ်ခြင်းအစသည် ချို့ဘဝ၊ ချို့အစဉ်အလာအတိုင်းပင် နောက်ကျခဲ့ရလေသည်။

ဒါကြောင့်ပင် ချိုသည် စောင့်ရမည်ကို ကြောက်ရွံ့မိခြင်းပင်။



(၂)

မြူနှင်းငွေ့တွေက နေခြည်တန်းထဲမှာ လွင့်မျောဖွယ်ပင်။ ရစ်ဆိုင်းသွယ်တန်းလို နေချေပြီ။ သစ်ပင်တွေ၏ ညိုမှိုင်းမှိုင်း အရိပ်အောက်မှာ လျှောက်လာတိုင်း မင်းမင်းကို သတိရမိမြဲ။

လမ်းကလေးထဲမှာတော့ စက်ဘီးနှင့်ကလေးတွေ၊ လူသွားလူလာတွေရှုပ်ထွေးလို့နေသည်။

ချိုစိတ်နှင့် ချို့ဝိဉာဉ်ကတော့ သည်နေရာမှာမရှိ။ ရှေ့တူရူမှ လာသော စက်ဘီးတွေလည်းမမြင်၊ ကစားစရာလှည်းလေးတွေ တွန်းလာသောကလေးတွေနှင့် သူတို့အမေတွေမြူးတူးရွှင်ပျနေကြသည်ကလည်းဂရုမပြုနိုင်။ အမြင်အကြား အာရုံတွေ ပျက်စီးလောက်အောင် လွမ်းဆွတ် ရီဝေလို့စိတ်တွေထုံထိုင်းနေလေသည်။

ခုနေခါမှာတော့ ကလေးတစ်ယောက်လို ချစ်စဖွယ်အပြုံးဝင်းလက်သော မျက်နှာနှင့်ကြံ့ခိုင်သော လူငယ်တစ်ယောက်။
'ငါ နင့်ကို စောင့်နေတာကြာပြီ'

စကားသံကို ကြားယောင်လျက်ရင်ထဲမှာ ထိတ်ခနဲ တစ်ချက်ခုန်သွားပြီး သူ့မျက်နှာကိုသာ စူးစိုက်လို့ကြည့်နေချင်မိသော လူတစ်ယောက်ဖြုန်းဆို ရောက်လာစေချင်သည်။

'နင် သိပ်ပျော်နေမှာပေါ့နော်'

ခပ်ရွဲ့ရွဲ့လေး မေးလိုက်ချင်သည်။ ပြီးတော့ တုံဏှိဘာဝေနှင့် စကားမပြောလဲကို နေပစ်လိုက်ဦးမည်။

ခုတော့ သူ မရှိ။

ချို့အနားကို သူရောက်မလာတော့တာကြာခဲ့ပြီလေ။

'ချိုရေ လွမ်းတယ်ကွာ'

ကျောင်းရှေ့မှာ လာစောင့်နေပြီး တစ်နေ့နှင့်တစ်ညတာ ခွဲခဲ့ရတာလေးကိုပင် လွမ်းတယ်လို့ဆိုတတ်ခဲ့သူ။ သူဘယ်မှာလဲ။ ချို့ကို ခွဲနိုင်သွားပြီလား။

မျက်ရည်လို၊ နှင်းငွေ့မြူတွေလို၊ ဘယ်အရာကအမြင် အာရုံကို ဝေစေ မှိုင်းစေပါလိမ့်။ ဆောင်းညနေ၏ ကျနေအေးအောက်မှာ အမြဲတမ်းရောဂါထူတတ်သော ချိုကဆွယ်တာပါးလေး ကိုရင်မှာဆွဲစေ့ရင်း. . .

နင်တကယ်ပဲ ပြန်မလာတော့ဘူးလားဟင်၊ ငါ့ကို မုန်းသွားပြီးလား။ ငါက မလှတော့လှတဲ့ ကောင်မလေးတွေနဲ့ တွေ့သွားလိုလား။

ငါ့အပြစ်ပဲ ဆိုပါတော့ မင်းမင်းရာ၊ ငါ နင့်ကိုဘွဲ့မရလို့၊ ပိုက်ဆံမရှိလို့ လက်မထပ်နိုင်တာ မဟုတ်ဘူး။ ကလေးဆန်တဲ့ နင့်စိတ်ကိုပြင်စေချင်တယ်။ ငါ့အသိုင်းအဝိုင်းကြားမှာ နင့်ကိုလက်ခံလာဖို့ ကယောက်ျားပီပီတည်တည်ငြိမ်ငြိမ်နဲ့ အလုပ်တစ်ခုကို စူးစူးစိုက်စိုက်ရှိမှ ဖြစ်မှာ။ နင်ကလွယ်လွယ်ရှာ၊ လွယ်လွယ်သုံး၊ ပိုက်ဆံကုန်သွားပြန်ရင် 'ငါ့ကို ချေးပါဦး'တဲ့။ ငါ နင့်ကိုသိပ်ချစ်တယ်။ နင် ငါ့ကို 'ငွေတွေအများကြီး ရှာပေးနိုင်တဲ့တစ်နေ့ကျမှ ပြန်လာခဲ့မယ်' တဲ့။ ငါ့ စေတနာကို နင်နားမလည်ဘူး။ ဒါကြောင့် ငါ့ နင့်ကိုမုန်းတယ်။ နင့်မျက်နှာကို မကြည့်ချင်ဘူးလို့ ပြောမိတာကို နင်တကယ်မှတ်သွားတယ်နော်။ ရက်စက်ပါဟာ ရက်စက်ပါ။ ငါက နင် ရက်စက်ဖို့ မွေးလာတာပါ။

'ဘယ်က ပြန်လာတာလဲ ဆရာမ'

လူငယ်တစ်ယောက်က နှုတ်ဆက်လိုက်သဖြင့် မမြင်သလို မျက်လုံးများနှင့်ကြည့်ရင်း အတွေးစတွေပြတ်သွားသည်။ 'ဆရာမ'တဲ့။ ဘယ်သူပါလိမ့်။ ဘယ်အတန်းကပါလိမ့်။ ကျူတိုရီယယ်ကလပ်စ်ကလား။ မမှတ်မိ။ ပြုံးပြလိုက်မိပြီး. . .

'ဒီနားကပဲ'



ဒီနားကပဲ ဆိုသော စကားလုံးကဘုရားမှ ပြန်လာသော အဖြစ်ကို လွမ်းဖုံးပစ်လိုက်သည်။ မင်းမင်း အတွက် တံခွန်၊ ကုက္ကား၊ ထီး၊ ပန်း၊ ဖယောင်းတိုင်တို့ဖြင့် ဘုရားမှာ ယတြာချေသွားခဲ့သည် မဟုတ်ပါလား။ မင်းမင်း ဇာတာခွင်မှာ အပျက်ရှိသတဲ့။ မကျန်းမမာ အနာသည်းတတ်သတဲ့။ ဒါကြောင့်ပဲ တစ်နယ်တစ်ကျေးက ပြန်မလာနိုင်ရှာသလား မသိပေ။

မင်းမင်းအသည်းမှာ ဒဏ်ရာရှိခဲ့ဖူးသည်။ သူ့ရဲ့ထုံးစံအတိုင်း အငှားကားနှင့် ပြန်လာရင်း လမ်းမှာရင်ဘတ်အောင့်တယ်၊ အောင့်တယ်နှင့် အိမ်ပြန်မရောက်တော့ဘဲ ဆေးရုံကြီးရောက်သွားခဲ့သည်။ အသည်းမှ သွေးစိမ့်ယိုသည့် ဝေဒနာကြောင့် အကြာကြီးဆေးရုံတက်ခဲ့ရသည်။

သေခြင်းဆိုတာကို နီးကပ်စွာမင်းမင်း တွေ့ရှိစဉ်မှာ အနည်းငယ်တည်ငြိမ်လာသည်ထင်မိသည်။ သည်အခိုက်မှာပါပဲ ထာဝစဉ်လျှို့ဝှက်ပိတ်ဆို့ထားခဲ့သည့် သူငယ်ချင်းဆိုသည့် တံခါးကို နှလုံးသွေးစီးသံများကဖယ်ရှား[illegible]စ်ခဲ့လေသည်။

ဖြူဖျော့ဖျော့ မင်းမင်းမျက်နှာလေးကို အကြာကြီးငေးကြည့်ဖြစ်ခဲ့သည်။ ကလေးတစ်ယောက်လို အိပ်ပျော်နေလျှင်လည်း သူ့ဘေးမှာ ငြိမ်သက်စွာအကြာကြီး ထိုင်နေမိခဲ့သည်။ ဆေးရုံဆရာမကလေးတွေအကြောင်း နောက်ပြောင်ပြောနေလျှင်လည်း ချို့ ကြည်နူးစွာပြုံးလို့နားထောင်တတ်ခဲ့သည်။ ဆရာမလေးတွေ အပေါ်မှာလည်း သူကချွဲတတ်ခဲ့သည်။ ဘေးပတ်ဝန်းကျင်မှာလည်း သူ့ကို မခင်သူမရှိ။ ဖော်ရွေသော အပြုံးနှင့် ဝေဒနာသည်တွေကို အားပေးရင်း ရယ်ရယ်မောမောနေတတ်ခဲ့သူ။

သူ ခုနေ နေမကောင်းရင်တော့ သေမှာပဲ။ တစ်နယ်တစ်ကျေးမှာ မိဝေးဖဝေးမှာ ၊ သူဘာကြောင့် ပြန်မလာပါလိမ့်။

'ချိုရယ်၊ ငါ နင့်ကိုတင့်တင့်တယ်တယ်ထားနိုင်မှ လက်ထပ်မှာပါဟာ၊ နင့်ဘဝကို ငါ့ကြောင့် မနိမ့်ကျစေရပါဘူး။ ခုလောလောဆယ် ငါ့မှာမပြေလည်တာလေးတွေကြောင့် နင် ငါ့ကို မယုံရဲတာလား။ မယုံဘူးဆိုတာ မချစ်လို့ပေါ့။ ပြောစမ်းပါ။ နင် ငါ့ကို မချစ်ပါဘူး။ သနားလို့မို့လား။ နင်တကယ်ချစ်တာက ဟိုကောင်ပါ။ မှင်စာ ပါ။ နင့် ငါ့ကို'

ချို ငိုခဲ့ရသည်။

ဒေါသကြောင့် ငိုခဲ့ရသည်။

'နင် မပြောနဲ့ နော်၊ ငါ့ကို ဟိုကောင်နဲ့'

မှင်စာလို့ မင်းမင်းပြောသည့် အေးဝင်းနိုင်ဆိုသည့်ကောင်ကလေး။ မင်းမင်းနှင့် ချို့ဘဝကို ထွေးယှက်ရစ်ငင်စေသည့် အဖြစ်ကလေး။

အဖြစ်ကလေးလို့ပြောရသော်လည်း ခုတိုင်တွေးမိလျှင် အသည်း တုန်ရမြဲ။ တထိတ်ထိတ်နှင့် လမ်းတွေပေါ်မှာ မှင်စာကို တွေ့လေမလား။ ကြောက်လန့်မိခဲ့။

(၃)

ညနေပိုင်း ချိုအတန်းပြီးလာတော့ မာလာဆောင် ရှေ့မှာ ကောင်လေးတစ်ယောက်က စောင့်နေနှင့်ခဲ့သည်။ နာမည်ကို အမှတ်မထားမိပေမယ့် လူကိုတော့ မျက်မှန်း တမ်းခဲ့မိသည်။ ဆရာမ ပေါက်စလေး ချိုတစ်ယောက်ခြေလှမ်းမှားရလောက်အောင် အကြည့်ရဲခဲ့တဲ့ ကောင်ဆိုးလေးတစ်ယောက်ပဲ မဟုတ်ပါလား။ ခုလဲ ချို့ကို စူးစူးရဲရဲကြည့်လို့နေပြီ။

'မမချို'



ချို ခြေလှမ်းမှားအောင် နှုတ်ဆက်လိုက်မြန်ပြီ။

မမချို ကဗျာမရေးတော့ဘူးလားဗျာ၊ မနှစ်ကကျောင်း မဂ္ဂဇင်းထဲက မမချို ကဗျာလေးကိုလေ ကျွန်တော်အလွတ်မှတ်မိလောက်အောင်ကို စွဲသွားမိတာပဲ'

ကောင်းလေးက ရှိုးရှိုးသားသားပြောနေတာလား။ တမင်ရောချင်လို့စကားစ ရှာလာတာလား။ ဘာပဲဖြစ်ဖြစ် ကောင်လေးမျက်နှာကိုတော့ ချိုမကြည့်ရဲ။ ချိုကိုယ့်ကိုယ်ကို ဒေါသထွက်လာသည်။ ကောင်လေးကချိုကို စူးစူးရဲရဲလေး စိုက်ကြည့်ပြီး ပြုံးလိုက်သည်။ အားတင်းပြီး ဒေါသမျက်မှောင်နှင့်ပြန်ကြည့်ဖို့ ပြင်သောချို မျက်လုံးကလေးများက ဝိုင်းစက်စူးရှ လင်းလက်လှသည့် မျက်လုံးတွေအောက်မှာ သနားစဖွယ်မှက်လွှာလေးချလိုက်ရသည်။ အကြည့်ရဲ သလောက် မျက်လုံးလှသည့်ကောင်လေးပါပဲ။ ဖျတ်ခနဲ သူပြုံးလိုက်လျှင် ချို့စိတ်ထဲမှာ ရင်းနှီးရတော့မလို စိတ်ဆိုးရတော့မလို ယောင်ချာချာဖြစ်လို့သွားသည်။

'ကျွန်တော်လဲ ကဗျာရေးပါတယ်။ မမချိုတို့လို ပုံနှိပ်စာလုံးတွေနဲ့တော့ မဟုတ်ဘူးပေါ့ဗျာ'

သူ ငါ့ကိုစော်စော်ကားကား ပြောနေတာ မဟုတ်ပါလားလို့ ချိုသတိထားမိသည့်တိုင် စိတ်ထဲမှာ မကြည်လင်။သူ့အသံတွေက နူးညံ့သလောက်စူးရဲသော အကြည့်ကို ချိုကြောက်သည်။

'မမချို၊ ကျွန်တော့်ကို အထင်သေးလို့လားဟင်၊ စကားမပြောတာ'

လူတိုင်း၊ အပေါ်ကြင်နာတတ်ပြီး စိတ်ရှည်လက်ရှည် ရှိလှသည့် အေးငြိမ်ငြိမ်မို့ ချို့မျက်နှာပေါ်မှာအပြုံးကလေးတစ်ခု လင်းလက်သွားသည်။ ချို နှုတ်ဖျားမှ တုံ့ပြန်စကား တစ်ခု။

'ကဗျာဆိုတာ ပုံနှိပ်စာလုံးနဲ့ တိုင်းလို့မှ မရတာ'

ညနေဖက်အတန်းရှိလျှင် နည်းနည်းနောက်ကျတတ်သော

ချို့ကိုကားမှတ်တိုင် လိုက်ပို့တတ်သော ကောင်လေးနှင့် တွေ့လာရလေသည်။

(၄)

မီးတောင် ပေါက်ကွဲသလို ထက်မြက်စူးရှလှသည့် အတွေးတွေက ကဗျာကို လင်းလက်စေသော်လည်း စကားလုံးတွေက ထိုးထိုးထောင့်ထောင့်နိုင်လှသည်။ အေးဝင်းနိုင်ဆိုသည့် ကောင်လေး၏ ကဗျာတွေက ချစ်ခြင်းမီးလျှံဖြင့် ကြယ်တွေ လက်သလို လက်နေသည်။ ခေါင်းစဉ်လည်းမပါ။ အဆုံးအစရယ်လို့ မရှိသော ကဗျာတွေအားလုံးက ချို့အတွက် ရည်ညွှန်းလေသည်။

တစ်ခါတလေတော့လည်း-

'နင်ရေးတာ မြန်မာကဗျာ ဟုတ်ရဲ့လား'

ချိုက ရယ်မောနေမိသည်။

တစ်ခါတလေတော့လည်း သူတို့ကြားထဲမှာ ဘာရယ်လို့ မဖော်ပြနိုင်ဘဲ စိတ်ချင်းကွဲပြားတာတွေအများကြီးပင် နိုင်ငံခြားဝေါဟာရတွေ၊ သိပ္ပံ စကားလုံးတွေ ဇွတ်အတင်းသုံးမှ ခေတ်ပေါ်ကဗျာလို့ ထင်နေသလားမသိ။ ချိုကလည်း ရှင်းမပြတတ်။ ကိုယ်တိုင်ကလည်း အတတ်ပညာတစ်ခုလို လေ့လာသင်ယူတတ်မြောက်ခဲ့သည် မဟုတ်ဘဲ နှလုံးသားထဲက ဖွဲ့နွဲ့လိုလျှင်သာ ကဗျာအဖြစ် ရေးဖွဲ့တတ်ခဲ့၍ပင်။

သူတို့သည် နက်နဲသော စကားလုံးတွေနောက်သို့ လိုက်မနေဘဲ အိမ်အကြောင်း၊ ဟိုအကြောင်း၊ သည်အကြောင်း ပြောကြလျှင်တော့ အေးဝင်းနိုင်၏ မျက်လုံးများမှာ ဝမ်းနည်းရိပ် ညို့သန်းလျက် တစ်စုံတစ်ရာကို သိုဝှက်ထားသလို အတိတ်ဆိတ်ကြီး တိတ်ဆိတ်သွားတတ်သည်။

'မမချိုက ကျွန်တော့် မေမေ. . . မေမေလိုပဲဗျာ'



ကလေးဆန် လွမ်းမောစွာ အမှတ်မဲ့ပြောလိုက်လျှင်တော့ ချို့အသည်းဆိုင်ကို ဆွဲကိုင်လှုပ်လိုက်သည့်နှယ်ပင်။ ချိုသည် တစ်နေ့ထက်တစ်နေ့ ပိုလို့မှေးမှိန်လာနေသည့် သူ့အဝတ်များနှင့် ညိုးညိုးလာနေသော သူ့မျက်နှာကို ငေးကြည့်မိတတ်သည်။ သို့သော်အေးဝင်းနိုင်၏ နှုတ်ခမ်းအစုံသည် မာနဖြင့်ရှုတ်တရက် တင်းမာသွားပြီး. . .

'ကျွန်တော် ကဗျာစာအုပ် ထုတ်ချင်တယ် မမချိုရယ်။ ကျွန်တော့်စာအုပ်ဟာ ကဗျာလောကကို တုန်လှုပ်သွားစေရမယ်'

မျက်လုံးတွေက ရုတ်ခြည်း ဝင်းဝင်းလက်လာပြန်သည်။ ချို့အတွက် သူစိမ်းတစ်ရံဆံပမာ ဖြစ်သွားရလေသည်။ ချို နားမလည်။

အေးဝင်းနိုင်သည် ကလေးဆန်ချင်သည့်အခါ ဆန်လျက်ရင့်ကျက်အိုမင်းချင်သည့်အခါ အိုမင်းသလို ဖြစ်သွားတတ် လေ သည်။ ဘကယ် ရင့်ကျက်သည်ဟု ဆိုရမည်ကလည်း မသေချာ။ အတွင်းစိတ်၏ဖြစ်လိုသော ဆန္ဒတွေနှင့် ဘဝမှရိုက်ပုတ်လိုက်သော ဒဏ်ရာတွေအပေါ်မှာ ဘယ်လိုမာနတွေ ဝင်လာနိုင်သည်ကို ချိုမတွေးတတ်။

သည်လိုအကြီးအကျယ်တွေ ပြောလာတိုင်း "ဟိုကောင်တွေကို ကျော်သွားနိုင်ရမယ်"ဟု ဆိုလာတိုင်း သူ၏မျက်နှာဟန်ပန် အသံတွေကို ချိုမကြိုက်။

"ကျွန်တော် အရက်မသောက်တတ်ဘူး မမချို သိလား'

အရက်မသောက်တတ်သော အေးဝင်းနိုင်တစ်ယောက် မျက်လုံးကြီးတွေနီရဲလျက် ကြောင်စီစီအကြည့်နှင့် ချို့ကို ကြည့်လာပြန်လျှင်တော့ ချို့စိတ်ထဲတွင် "ဘာဖြစ်လာပါလိမ့် "တွေးရင်းကြောက်ရွံ့သွားမိသည်။

(၅)

'မမချိုရယ် မမကို မှီထားပါရစေနော်၊ ကျွန်တော့် မေမေကို

. . . ကျွန်တော် သိပ်ချစ်တယ်'

ချို့ခါးကို ဖက်တော့မလို လက်တွေက ဝေ့ဝဲလျက် ချို့ပခုံးကို မှီတော့မလို ကိုယ်ကြီးက ကိုင်းညွတ်လျက် ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ပုံမရသော သူကို ချိုထိတ်လန့်လာသည်။

'သိပ်သရုပ်မပျက်စမ်းနဲ့ ၊ မင်းဘာဖြစ်လာသလဲ'

ချို ကရုဏာဒေါသဖြင့် အော်ဟစ်မိသည်။ လူငယ်ကလေး တစ်ယောက် ကိုယ်ဘဝကိုယ် အမှည့်ခြွေ ခြွေမလို တေပေခြင်းသည် အနုပညာရှင် တစ်ယောက်၏ အသွင်လက္ခဏာလို့များယူဆနေပြီးလား။ ကမ္ဘာကြီး တုန်လှုပ်ချောက်ချားအောင် ကိုင်လှုပ်ပြတော့မ ယောင် ပြောဆို ကြိမ်းဝါးနိုင်သလောက် ကိုယ့်ဘဝကိုယ် မြေမှုန့် လောက်မှ တန်ဖိုးမရှိအောင် နိမ့်ကျစေတော့မှာလား။

'မမချိုရယ် . . . မအော်ပါနဲ့ဗျာ၊ ကျွန်တော့်ကို မစိမ်းပါနဲ့'

သူ့ ကိုယ်လုံးက ချိုအပေါ်မှီကျလာသည်။ ချိုသည် ရုပ်ပျက် ဆင်းပျက်လူတစ်ယောက်နှင့် တွဲလျှောက်လာမိသော အဖြစ် ကြောင့် နေရာမှအခိုးအငွေ့အဖြစ်နှင့် လွင့်ပျောက်သွားချင်စိတ် ဖြစ်မိသည်။ ကားမှတ်တိုင်ရောက်တော့. . .

'မင်း ပြန်တော့။ ငါ့နောက် လိုက်မလာနဲ့'

ချို့ပခုံးကို ကိုင်ထားသော လက်ကို အတင်းပုတ်ထုတ်ပစ်ပြီး ဘီးလိမ့်စ ကားပေါ်သို့ အတင်းပြေးတက်လာခဲ့သည်။

တစ်ညလုံး ဘယ်လူးညာလှိမ့်နှင့် အိပ်မပျော်နိုင်။ ငါမှားပြီလား သူ့ဘဝကို သူမပြင်နိုင်တော့ဘူးလား။ သူတကယ် လုပ်သင့်တာကို သူသိအောင် ငါမပြောနိုင်တော့ဘူးလား။

(၆)



နောက်နေ့တွေမှာတော့ အေးဝင်းနိုင်တစ်ယောက် ချို့ကို လာစောင့်မနေတော့။

ကားမှတ်တိုင်မှာ စိုးရွံ့စိတ်ဖြင့်ပင် မျက်စိဝေ့ရှာကြည့်မိသည်။ ရင်မောရသည်။ တွေ့လည်း မတွေ့ချင်။ မမြင်ပြန်တော့လည်း ရင်ထဲမှာ တစ်မျိုးကြီး။

ငယ်နုသော ဘဝတစ်ခုကို အိပ်မက်တစ်ခုနှယ် ပျက်သုဉ်းစေပြီး ဆုံးရှုံးသွားမှာကို ချို့အနေနှင့်မဆိုင်သလို ကြည့်နေရတော့မှာလား။

မှောင်ရီရီလမ်းထိပ်က တံတားအုတ်ခုံလေးပေါ်မှာ မမျှော်လင့်ဘဲ သူကိုတွေ့လိုက်ရသည်။

'မမချိုကို ကျွန်တော် လာစောင့်နေတာ'

ထိုင်ရာက ထလာသည်။

ချိုက အိမ်နားအထိ အေးဝင်းနိုင်လာလေ့မရှိသဖြင့် အံ့သြသွားမိသည်။ သူက ချို့ရှေ့မှာပိတ်ရပ်လိုက်သည်။ မျက်လုံးတွေက ရဲရဲနီလျက်၊ လွယ်အိတ်ထဲက ဓားတစ်ချောင်းကို လျှပ်စီးလက်သလို ဆွဲထုတ်လိုက်သည်။

'မမချို၊ ဟောဒီမှာဓား၊ မြင်လား။ အချစ်သွေးတွေနဲ့ နီဆွေးနေမယ့် ဓားလေဗျာ'

ဓားကို ချိုမျက်စိရှေ့မှာ ဝှေ့ယမ်းပြလိုက်သည်။ ချို့အသားတွေဆတ်ဆတ် တုန်သွားသည်။ ခြေတစ်ဘက်က အမှတ်မထင် နောက်ဆုတ်မိသည်။

'ဒါ . . . ဘာလုပ်တာလဲ'

ထိတ်လန့်နေသော်လည်း ချိုအသံက တင်းမာလျက် ထွက်လာသည်။

သူက ပမာမခန့် ပြုံးလိုက်သည်။

'မမချိုကို ချစ်လို့'

'ဘာ နင် ငါ့ကို နှောင့်ယှက်နေတာ။ သတ်ရဲရင်သတ်လိုက်'

မမရာ . . . မမကို အချစ်ဆိုတာ ဓားတစ်စင်းလိုပဲဆိုတာ ပြောပြမလို့ပါ။ ဝက်သတ်သမား လက်ထဲကဓားကတော့ ခုတ်မယ် ထစ်မယ် ပါးပါးလှီးမယ်ပေါ့။ ကျွန်တော့်ဓားက အချစ်ဓားပါ။ မမရဲ့ နှလုံးသားကို လှီးဖို့မဟုတ်ပါဘူး။ မကြောက်ပါနဲ့ဗျာ။ ကျွန်တော့်နှလုံးသားကို ခွဲပြမယ့်ဓားပါ။

ရှက်ကြောက်ခြင်းနှင့် ဒေါသကြောင့် ချိုမျက်ရည်တွေ စီးကျလာသည်။

'သွား၊ ပြန်တော့။ နင့်ဘာသာရူးကြောင်ကြောင် စကားလုံးတွေကြားထဲမှာပဲနေ။ ငါ့ကို . . .'

ချို ဆက်မပြောနိုင်တော့။

'မမရယ် မငိုပါနဲ့ဗျာ။ ကျွန်တော့်ဘဝကတော့ မှောင်သွားပြီဗျာ။ မမပြန်အိပ်တော့နော်၊ အိပ်တော့'

ဆွေးဆွေးမြည့်မြည့် အသံကြီးနှင့်ပြောရင်း ချို့ရှေ့မှလမ်းဖယ်ကာ ချို့ကိုစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ချိုကြောက်သည်။ ရှက်သည်။ ထိတ်လန့်နာကြဉ်းလျက် တန်ဖိုးထားသည့် အရာတစ်ခု ကွဲကြေဆုံးရှုံးသွားသလို ချိုငိုရလေသည်။ တစ်ပတ်လုံး ချို အပြင်မထွက်ရဲတော့။

သည်တုန်းက မင်းမင်းကို ချိုမတွယ်တာမိသေး။ ချို ကို ကျောင်းပို့ကျောင်းကြိုလုပ်ဖို့ အကူအညီတောင်းခဲ့ရသည်။ မင်းမင်းကတော့ ချို့ကို ကောင်လေးနှင့် အဆင်ပြေနေပြီလို့ တောင်ထင်ခဲ့သည်။ ချို့မှာ အဖော်ရှိနေပြီဟု သတ်မှတ်ကာချို့ထံမရောက်ဖြစ်သော မင်းမင်း



ကို ချိုအပြစ်တင်တော့. . .

'ငါက နင့်တို့ပစ်ထားတာ မဟုတ်ဘူး။ နင် ငပေါက်ကလေးနဲ့ ဟုတ်နေပြီလို့ ထင်နေတာ'

သည်ထက်ပို၍ ချို့ကိုအပြစ်မပြောရက်၊ ချို၏စိတ်ကို မင်းမင်းသိခဲ့သည်ပဲ။

သည့်နောက်မှာတော့ ချိုရဲ့သက်တော်စောင့်အဖြစ် မင်းမင်းအနားမှာ ရှိလာသည်။ မင်းမင်းနှင့် ငယ်က သူငယ်ချင်းဘဝကို ပြန်ပြောကြရင်းကြည်နူးမိရသည်။ အေးဝင်းနိုင်ကိုလည်း မတွေ့ရ။ ချို့ စိတ်ထဲမှာတော့ တစ်စုံတစ်ခုကို စိုးရွံ့နေမိသည်။

(၇)

ချို့အိမ်ဝက စာထည့်ရန်ဟု ချိတ်ထားသော ပုံးကလေးကို ကျောင်းကအပြန် ဖွင့်ကြည့်တော့ စာအိတ်တစ်အိတ်ကို တွေ့ရလေသည်။

စာအိတ်အပေါ်မှ လက်ရေးကို မြင်သည်နှင့်အေးဝင်းနိုင်လက်ရေးမှန်းသတိပြုမိသည်။ မဖတ်ဘဲနေရမည်လား ဝေခွဲမရစွာဖြင့်ပင် စာအိတ်ကို ဖောက်ဖတ်လိုက်မိပြန်သည်။

ရေးထားသည်က ကဗျာရှည်ကြီးတစ်ပုဒ်၊ မာသာထရီဆာ၊ ဒိုက်တင်ဂေး၊ ရှာလီဝေလင်၊ မဒ္ဒီ ၊ အမရာစသည့် နာမည်တွေအများကြီးနှင့် အမျိုးသမီးဖွဲ့စာပိုဒ်များ။ ထိုအရာများ ပေါင်းစည်းပါဝင်နေသော သူ့ကဗျာတွေကို ဖတ်ဖူးထားသဖြင့်သာ သူဘာကိုပြောနေသည်ကို ရိုးတိုးရိပ်တိတ် နားလည်ရသည်။

ချို့ရင်ထဲမှာ ကြောက်စိတ်ဖြင့် တဒိန်းဒိန်းခုန်လာသည်။

မင်းမင်းဆီကို ဖုန်းဆက်ပြီးပြောပြမိသည်။ မင်းမင်းက ရယ်နေ

သည်။

'ဒီကောင်သတ္တိမရှိပါဘူး။ စိတ်ပူမနေပါနဲ့.'

ချိုမှာတော့ သွားလေရာရာ ပူပန်မှုတွေကအပြည့်။ ညည လည်း အိပ်မပျော်။ အေးဝင်းနိုင်က ဓားနှင့်မင်းမင်းကို သတ်ဖို့လိုက် နေသည်ချည်း မြင်နေရသည်။ ဇောချွေးပြန်ပြီး နိုးလာတတ်သည်။ ငါနဲ့ သွားတုန်းမှာဆိုရင်တော့ ငါအသေခံလိုက်မှာပဲ။ မင်းမင်းကို ကျောင်း လိုက်ပို့ ကြိုမလုပ်ခိုင်းရင် ကောင်းမလား။ သည်လိုကျလည်း ချိုမသွား ရဲပြန်။ ချို သေချင်သည်။ ချိုမွေးမိသည့် မီးက မင်းမင်းကို လောင်မှာ စိုးသည်။ မင်းမင်းက ဂရုစိုက်ဟန်မပြ၊ ပို့မြဲကြိုမြဲ၊ မင်းမင်းက အငှား ကားဖြင့် လာလာကြိုတတ်သည်။

'ဘတ်(စ်)ကားနဲ့ပဲသွားမယ်ဟာ၊ နင်က သူဌေးလား'

'နင်က ဆရာမဆိုတော့ လူအထင်သေးမှာစိုးလို့' တဲ့။

အေးဝင်းနိုင်ကို တစ်ခါနှစ်ခါတွေ့သေးသည်။ မင်းမင်းနှင့်သူ ကို စူးစူးရဲရဲစိုက်ကြည့်နေသဖြင့် ချိုလက်ဖျားတွေ အေးလျက်ခြေလှမ်း တွေ ရပ်သွားရသည်။ မင်းမင်းက မိုက်ကြည့်ပြန်ကြည့်လိုက်သည်မို့ အေးဝင်းနိုင် နေရာမရွေ့ဘဲ ငိုင်တိုင်တိုင် ပြန်ကြည့်နေသည်။ ဘာမျှမ လှုပ်ရှား။ နောက်တော့အေးဝင်းနိုင်ကို မတွေ့ရတော့။

ချို့ရင်ထဲမှာ ဝမ်းနည်း နှမြောမိသည်။ သူ့ဘဝလေးကို သူ မ တည်ဆောက်နိုင်ခင်မှာပင် ချို့ကြောင့်များ အစိတ်စိတ် အမြွာမြွာပြိုကွဲ သွားရလေသလား။ ဘယ်အရာတွေက သူ့ကိုဖိစီးသွားလို့ပါလိမ့်။ သတ် ပြင်းပူတွေချမိသည်။

(၈)

ချို အိပ်ရာကနိုးတိုင်း ဖုန်းထဲ မင်းမင်းအသံလေးကြားရမြဲ သူ



အသံကအားအင်အပြည့်နှင့် ရွှင်ရွှင်လန်းလန်း၊ မှောင်သောညဉ်ယံမှ တ်ခြည်းဆိုသလို နေခြည်အလင်းတန်းတွေဖြာကျလျက် နံနက်ခင်းကို တွေ့ရှိရသလိုပင်။

'နင် နိုးပြီလား၊ ငါ စောစောလာခဲ့မယ်သိလား။ နင် သိပ်အ အိပ်ကြီးတာပဲ၊ ငါဆက်တာ နှစ်ခါရှိပြီ အန်တီနဲ့ချည်းတိုးတာပဲ'

မေမေ့ကို မင်းမင်းအပို့အကြိုလုပ်ပေးနေသည်ကို ပြောပြ သား၍ မေမေက မင်းမင်းကို ကျေးဇူးတင်နေသည်။ ချိုအစ်မကြီး တွေ လည်း မင်းမင်းကို မောင်လေးတစ်ယောက်လို ခင်ကြသည်။ ဒါပေ ယ့် ချိုတို့နှစ်ယောက်ကြားမှာ အရင်ကထက်ပိုသည့် သံယောဇဉ်ကြိုး လေးတွေ တွဲရစ်ပတ်နှောင်နေပြီဆိုတာတော့ မသိကြသေး။ ချို့တို့မိသား ပဲ့ဥစ္စာကြွယ်ပိုး ကြွယ်ဝမဟုတ်ပေမယ့် ပညာဘက်မှာကျ ချွန်ကြသည်။ မင်းမင်းကို ချိုစိတ်ကူးလိမ့်မည်လို့ ဘယ်ထင်ကြပါ လဲ။

ခုတော့ ချိုရှင်မောရပြီ။

မင်းမင်းတစ်ယောက် ဒီဇိုင်းတွေရေးနေသော်လည်း နာမည် သည်းမရသေး။ အလုပ်လည်းမဖြစ်လှသေးပေ။ ဘာအလုပ်ရယ်လို့ ရရေရာရာသည့် ပွဲစားအလုပ်လေးတွေမှာ ဝင်ငွေရရလာတတ်သည်။ လျှင်လည်းမင်းမင်း လက်ထဲမှာမမြဲ။ ချိုအတွက် ဟိုဟာဝယ်ပေး၊ သည် ဘာဝယ်ပေး။ ဘယ်သွားသွား အငှားကားနှင့် ငွေဝင်လမ်း မရှိသည့်အခါ ချို့ဆီက ပိုက်ဆံချေးလိုက်နှင့် ချစ်သူဘဝမှာ မင်းမင်းပျော်ရွှင်သ လောက် ချိုမပျော်နိုင်ခဲ့ပေ။ ချို့အစ်မကြီးတို့၏မျက်နှာများ အပြစ်တင် သာမည့် စကားများကို ချိုကြောက်သည်။ မေမေကတော့ ချို့ကိုအိမ် ထောင်ပြုတော့မည်ပုံမရှိဟု ထင်နေသည်မို့ ချို့ကို စိတ်ချလို့နေသည်။

ဒါငွေကိုတွေးမိတော့ မင်းမင်းကို အားမလို အားမရဖြစ် ပြီး. . .

'နင်က သိပ်ကလေးဆန်တာပဲ၊ ပိုက်ဆံဖြုန်းဖို့ပဲ သိတယ်၊ နင့်ကို ဘယ်လိုလုပ်ပြီး ငါယုံရဲရမှာလဲ'

'ချိုရာ နင်ငါ့ကို အထင်သေးနေတာပါကွာ'

မင်းမင်းရင်ထဲက ဘာတွေရှိနေသလဲ ချိုမသိခဲ့။ ချို အရင်တလိုပဲ နိုင်ဆဲ။ ပြောချင်တိုင်း ပြောပစ်မြဲ။ ဒါတွေကပဲ မင်းမင်းတို့ သူနှင့်ဝေးရာသို့ ပို့ပစ်ခဲ့လေသလား။

ခုတော့ သူသည် ချို့ကို စာတစ်စောင်ဖြင့် ထားရစ်ခဲ့ပြီ။

'ချို့ကို ပြည့်ပြည့်စုံစုံနဲ့ ထားနိုင်မှပြန်လာခဲ့မယ် 'တဲ့။

ဘယ်ကိုသွားမည်။ ဘာလုပ်မည် ဆိုတာလေးမှမသိရ။ မနေရာတဲ့ ဘဝခရီးကိုလျှောက်လို့ ချို့ကိုစောင့်ဖို့ ပြောခဲ့ပြန်လေပြီ။ ရုပ်ဝတ္ထုများပြည့်စုံဖို့က အဓိကလား။ ချို့အနားမှာ သူရှိနေမှသာ ချို့စိတ်တွေ လုံခြုံနွေးထွေးစေမည်ဆိုတာ သူမသိပါလား ချိုက သူ့ကို ချို့အနီးအနားမှာနေပြီး သူ့ဒီဂိုင်းဆွဲသည့် အလုပ်ကို စူးစူးစိုက်စိုက် ကြိုးကြိုးစားစားလုပ်စေချင်သည်။ ဘာကြောင့်များ ချို့ကို နားမလည်ခဲ့ပါလိမ့်။ စောင့်ပါဦး ဆိုသည့်စကားလုံးကို ချို မုန်းသည်။

ခြောက်သွေ့သော နေပူကွင်းပြင်ထဲမှာ ရေငတ်၍ ကျိုလှိုက်နေသည့် သစ်တစ်ပင်လို မျိုးဖြစ်နေရပြီ။ ချို့အပေါ်မှာ နားလည်ဖို့ ရေငတ်သလို ရွှတ်နေရပြီ။

လူမသိအောင် ရှိုက်ခဲ့တဲ့ ချို့ရှိုက်သံတွေ ဘယ်သူမှ မကြားခင် လူမမြင်အောင်ကျခဲ့ရတဲ့ ချို့မျက်ရည်စလေးတွေ ဘယ်သူမှ တွေ့မသွားခင် ချို့ဆီကို ပြန်လာခဲ့စေချင်သည်။ ဒါပေမယ့် ချိုစောင့်ရဦးမည်။ ဘယ်လောက်အထိများ စောင့်နေရနည်းမသိ။

စက်တင်ဘာလ/ ၁၉၉၁

ကလျာမဂ္ဂဇင်း



## အပူရောင်အရိပ်

၀၀၀၀၀

အပေါ်ထပ်ကို တက်လိုက်သည်နှင့် လေပူကြီးကဆီး၍ဟပ်သည်။ နံရံများမှာ ပူကြွပ်နေလောက်ပြီ။ အုတ်ဖုတ်သည့် ဖိုကြီးတစ်ခုထဲ တိုးဝင်နေရသည့်နှယ်။

တံခါးတွေ ပိတ်ထားသဖြင့် မှောင်သလောက်၊ အောက်ထပ်က ငါးပိအိတ်များဆီမှ အနံ့ကပုပ်အဲ့အဲ့။

အခန်းထဲမှာ အမှောင်၊ အပူနှင့် ပုပ်အဲ့အဲ့တို့ဖြင့် ပိတ်လှောင်နေသည်။

ပြတင်းတံခါးကို အမြန်လိုက်ဖွင့်လိုက်သည်။ နေရောင်က မှန်တင်ခုံကိုထိုးကျနေသဖြင့် မှန်မှပြန်လာသောအလင်းက သူမျက်လုံးများကို စူးရှစေသည်။

'ပူလိုက်တာ'

ရောမ တိုက်ခန်းကျယ်ကြီးထဲမှာ နေစရာမရှိ။

အောက်ထပ် ဆင်းပြေးပြန်တော့ ယောက္ခမကြီးနှစ်ယောက်၏မျက်လုံးများအောက်သို့ ရောက်ရပြန်ဦးမည်။

အိပ်ယာကြီးကလည်း ကြောက်စရာ။ တစ်တောင်လောက် ထူသော မွေ့ရာကြီးက ရောမနေအပူရှိန်ကို စုပ်ယူထားပြီး သူ့ဆီသို့အပူကူးစေရန် စောင့်လျက်သား။ ချွေးစေးတွေ ထွက်လာသည်။ အသက်ရှုကျပ်လာသည်။

လူကလည်းနေမကောင်းပြီးခါစမို့ ပူခြင်း၊ ကျပ်ခြင်းဒဏ်ကို သူမခံနိုင်တော့ပေ။ ဇနီးဖြစ်သူကလည်း ကျောင်းက ပြန်မလာသေး။

'ဂျူး'

သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိပြန်သည်။

ဘယ်မှာလဲ သူ့အတွက်နေရာ။

သူ့အတွက် ဘဝဆိုသောအရာ။

ရင်ထဲမှာ ဒဏ်ရာနှင့် အမာရွတ်ပဲရှိပါတော့သည်။

'အလင်းဓာတ်၊ နွေးထွေးမှုနှင့် ချစ်ခြင်းမေတ္တာ'တဲ့. . .

သူကြားဖူးခဲ့သော စကားလုံးများကို ပြန်စဉ်းစားသည်။

နိုင်နိုင်တစ်ယောက် ပြန်မရောက်သေးတာပဲကောင်းသည်။ နိုင်နိုင်ရောက်လာတော့လည်း ဘာထူးမှာလဲ။

ကျောင်းဆင်းတော့ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီးမှ ပြန်လာမည်။ ရောက်လာတော့ အကျီတွေဘာတွေလဲ။ သူ့ကို အမှတ်မထင်နှုတ်ဆက်ပြီးတော့ သူ့အမေဆီဆင်းသွားမည်။ ညစာစားဖို့ ပြင်ဆင်ချက်ပြုတ်နေမှာ ကူညီလုပ်ကိုင်နေလိမ့်မည်။ သူပါ မီးဖိုထဲသို့ ရောယောင်လိုက်သွားလျှင်လည်း မီးဖိုထဲမှာ သူ့အတွက် နေရာမရှိပေ။



သူ့အဒေါ်ထည့်ပေးလိုက်သည့် ကောင်မလေးရယ်၊ ယောက္ခမကြီးရယ်၊ နိုင်နိုင်ရယ် စည်းချက်ညီညီ ချက်ပြုတ်ရာသို့ သူဝင်ရှုပ်သလိုဖြစ်ဦးမည်။

ညနေဘက် စိတ်ပြေလက်ပျောက် ဆုတောင်းပြည့်ဘုရားဘက်လမ်းလျှောက်ရအောင်ဆိုတော့လည်း နိုင်နိုင်က မအားဘူးတဲ့။ ကြက်တောင်ရိုက်ကြစို့လား ဆိုတော့လည်း အိမ်ရှေ့ခြံကျယ်လူမြင်ကွင်းမှာ မကစားရဲပါဘူးတဲ့။

တစ်ကိုယ်တည်း အဝတ်လဲပြီး ဟိုနားဒီနား လျှောက်ဖို့ပြင်တော့ နိုင်နိုင်က. . .

'အိမ်မှာ နေဖို့ မစဉ်းစားဘူး၊ လျှောက်သွားဖို့ပဲ၊ ဒါပဲနော် . . . ထမင်းစားမစောင့်နိုင်ဘူး ဆရာ'

'အေး. . . စားနှင့် ၊ စားနှင့်'

သူ ထွက်သွားသည်နှင့် သားအမိနှစ်ယောက်သား 'ညည်းယောကျ်ားက ဘယ်ဇော်' ဆိုတာတွေကို ပြောနေကြပေမည်။

တစ်လောက သူရွာတွေကပြန်လာပြီး ဖျားသည်။ ရှီးရှီးဖျားတာကိုပင် 'ညည်းယောကျ်ားမှာ ပန်းနာရင်ကျပ်ရှိသလား' တဲ့။ သမီးလုပ်သူကလည်း 'မသိဘူး မေမေ၊ သူ့အဖေကြီးကတော့ ပန်းနာသည်ကြီးနဲ့တူတာပဲ'တဲ့။

မြို့ကလေးဆီးရွက်လောက်မှာ တစ်ယောက်နှစ်တစ်ယောက် ဆွေခုနှစ်ဆက်၊ မျိုးခုနှစ်ဆက်ကစလို့ အကြောင်းသိတွေချည်းပင်။ ဒါနဲ့များ ဒေါ်လေးစိတ်ကြိုက်၊ နိုင်နိုင်မိဘတွေစိတ်ကြိုက် သူ့ကို မျက်စိကျပြီး ရွေးချယ်ခံလိုက်ရသည်။

သူသည် နိုင်နိုင်ကို နှစ်ကိုယ်မေတ္တာနှင့် နားလည်သိသိအောင် စွမ်းဆောင်ဖို့ကြိုးစားဆဲကပင် ဖြုန်းဆိုလျှောင်ချိုင့်ထဲ ရောက်ခဲ့ရသည်။

သာမန် ရွက်ကြမ်းရေချိုအလှသာရှိပြီး ပညာတတ်မာန တွေနှင့် ပြည့်လျှမ်းနေသော နိုင်နိုင်ကို သူချစ်ခဲ့ပြီလား မတွေးခဲ့ဘဲ ချစ်နိုင်တယ်၊ လက်ထပ်နိုင်တယ်လို့ချည်း ဘာကြောင့် တွေးခဲ့မိပါသလဲ။

ဘဝကို တစ်ကစလို့ ပြောရလျှင် ချို့တဲ့ခြင်းနှင့် အားငယ်ရခြင်းတွေကစရမည်။

အဖေက အလယ်တန်းကျောင်းအုပ် ပင်စင်စားဖြစ်သည်။ လူလေးစားခံရပေမယ့် ပိုက်ဆံမရှိ။ မေမေ့ ညီမဒေါ်လေးက ကျောင်းထားပေးလို့သာ စီးပွားရေးဘွဲ့တစ်ခုသူရခဲ့သည်။ မေမေက သူငယ်စဉ်ကတည်းကဆုံးခဲ့သည်။ ဒေါ်လေးကလည်း လခစားဆိုတော့ လုံလောက်သည့် ထောက်ပံ့မှုတော့ မပေးနိုင်။ အဆောင်ကြေး နှင့်ကျောင်းလခဆိုသူနောက်ဆုံးက။ ကျောင်းလခ ကြွေးကျန်များကြောင့် စာမေးပွဲအောင်စာရင်းမှာ မပါသည့်အခါတောင် ရှိသေး။ သုံးနိုင်စွဲနိုင်မဟုတ်တော့ သူငယ်ချင်းတွေကြားမှာ ကိုယ့်ကိုယ်ကို သိမ်ငယ်သလို ခံစားရမြဲ။ အချစ်ဆိုတာလည်း မရှာချင်။ တွေ့လည်းမတွေ့ခဲ့။ စာအုပ်တွေပဲ အဖော်ပြုခဲ့သည်။

သည်တော့ ကိုယ့်ကို လူမော့ကြည့်သည့်ဘဝမျိုးကို လိုချင်မိသည်မှာ အမှန်။ နိုင်နိုင့်ကို လက်ထပ်ခဲ့တာ ငါးပိရှံကြောင့်ချည်း သက်သက်တော့ မဟုတ်။ ကိုယ့်လက် ကိုယ့်ခြေနှင့် ယောက္ခမဘက်က ပံ့ပိုးမှုလေးတွေပေါင်းပြီး ဖြစ်ဖြစ်မြောက်မြောက် စီးပွားရေးတစ်ခု ထူထောင်ချင်သည်။ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်မိသားစုနှင့် တင့်တောင့်တင့်တယ် နေချင်သည်။ နိုင်နိုင့်မှာ ရည်းစားမရှိခဲ့ဖူးသိလို၊ သူကလည်း ချစ်သူမရှာဖူးခဲ့သူမို့ သူတို့နှစ်ဦးကြားတွင် နားလည်မှုနှင့် အဆင်ပြေမည် ထင်ခဲ့သည်။

ခုတော့. . . လေတွင်ရေးသည့်အရုပ်မျှသာ။

သူက သမဝါယမဦးစီးဌာနစုမှူးတစ်ယောက်။ ရသည့်လခက



နိုင်နိုင့်မိဘတို့ မျက်ရယ်ပြုဖွယ်မျှသာ။ နိုင်နိုင်က အထက်တန်းပြဆရာမ။ သူက အမေလို့ခေါ်သည့် ယောက္ခမလုပ်သူက သူတို့နှစ်ယောက်လစာကိုလစဉ်ယူပြီး စုပေးသည်။ စားစရိတ်မပူရ၊ သူကကျွေးသည်။ သို့ပေမယ့် သူခေါ်လာသည့် ကလေးမလေးနှင့် ငါးပိထမ်းဖို့တောက်တိုမယ်ရခိုင်းဖို့ အိမ်မှာမွေးထားသည့် ချာတိတ်ကလေးတို့ရန်ဖြစ်ကြတိုင်း. . .

'နင်တို့နော်၊ ငါ ကျွေးတာစားပြီး ကောင်းကောင်းနေကြ၊ ချိုကြွမနေကြနဲ့'

သည်လိုပြောလျှင် သူ့ကို စောင်းတာလေလား ယုံထင်ကြောင်ထင်။ ငါးပိပွဲရုံလုပ်ငန်းကို သန်မာဆဲယောက္ခမကြီးနှင့် နိုင်နိုင့်အစ်မကြီး၏ယောက်ျား ကိုသက်လွင်တို့က ဦးစီးလုပ်နေကြသည်။ နိုင်နိုင့်အစ်မကြီးမှာ ကိုယ်ပိုင်တစ်ထပ်တိုက်တစ်လုံး၊ ဂျစ်ကားတစ်စီး၊ စတိုးဆိုင်နှင့် ဘာနှင့် ကိုယ့်စီးပွားနှင့်ကိုယ် ဖြစ်နေလေပြီ။

သူက 'ဆီရောင်းရအောင် အမေ' လို့စကားစလျှင် ယောက္ခမကြီးက ရယ်လေသည်။ နိုင်နိုင်ကလည်း ပြက်ရယ်ပြုသည်။

'ခွက်မှောက် ခွက်လှန်နဲ့အမြတ်ရှာမလို့လား၊ အေးအေးနေစမ်းပါ၊ ကိုစိုးသိန်းကတော့ အသေးအမွှားတွေပဲ လျှောက်စဉ်းစားနေတာပဲ'

'စီးပွားဆိုတာ အသေးကစပြီး တစ်စတစ်စ ကြီးပွားလာရတာပဲ အမေ'

'ဘယ်ဟုတ်ရမှာလဲ၊ သိန်းနဲ့ရင်းမှ သောင်းနဲ့မြတ်မှာပေါ့၊ ငါးမူးတစ်မတ်နဲ့ ဘာလုပ်ဖို့လဲ လူအထင်သေးအောင်'

'အဲဒါဆို ဘာလုပ်ရရင်ကောင်းမလဲအမေ'

'မင်း ကိုကြီးသက်လွင်ကို မြင်တယ်မဟုတ်လား။ မင်း အစ်ကို

ကြီးသက်လွင်ကို နည်းယူမှပေါ့။'

ယောက္ခမက ဆိုဆဲ. . .

'အလကားပါ။ သူက ကိုယ့်အိမ်စီးပွားရေးကျ စိတ်မှမဝင်စားဘဲ'

နိုင်နိုင်က ဝင်ပြောသည်။

သူက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ ကိုကြီးသက်လွင်ကို ဘယ်လိုနည်းယူရမည်ကိုတော့ ပြောမပြကြပေ။ ကိုသက်လွင်လို သူ လူရည်မလည်တော့အမှန်။ သည့်အိမ်သည်စီးပွားကို ခါးစောင်းတင်ပြီး ကိုယ့်အိမ် ကိုယ့်စီးပွားကို အသီးအပွင့်တွေစည်ပင်ဖို့ ဘယ်လိုလုပ်တယ်ဆိုတာ၊ လူကန့်လန့်လူခွစာ သူ့ယောက်ခထီးကြီးကို ဘယ်လိုသင့်တင့်အောင် ပေါင်းသလဲဆိုတာ သူတွေးမရ။

ကြည့်စမ်းပါဦး၊ တစ်နေ့ကအဘိုးကြီးနှင့် ကိုသက်လွင် စကားပြောနေပုံ။

ကိုသက်လွင်က ရွှေတိဂုံအနောက်မုခ်မှ စက်လှေကားအကြောင်းပြောစဉ်အဘိုးကြီးက ကြားဖြတ်ပြီး. . .

'မင်း စက်လှေကားက ဘယ်နှစ်ထစ်ရှိလဲကွ'

အားရပါးရပြောနေသူမှာ ကြောင်သွားသည်။

'မင်းတို့ကောင်တွေဘာအသုံးကျလဲ၊ ကိုယ်ရောက်ဖူးတဲ့ စက်လှေကားတောင် လှေကားဘယ်နှစ်ထစ်ရှိမှန်းမသိဘူး'

သူ့စိတ်ထဲက လှေကားအထစ်အဆင့် ရေတွက်သွားတာမှ မဟုတ်တာလို့ ပြန်ပြောလိုက်မိသည်။ ကိုသက်လွင်ကတော့ ဘာမှပြန်မပြော။ တဟဲဟဲ ရယ်နေသည်။

အဘိုးကြီးက ကိန်းဂဏန်းများကို စိတ်ဝင်စားသူ၊ သူက စီးပွားရေးဆင်းဆိုပေမယ့် ဘောဂဗေဒပညာကိုသာ သင်ယူလာခဲ့ သူမို့



ကိန်းဂဏန်းများကို အမှတ်မသားမရှိလှ။ ပွဲရုံနှင့်ပတ်သက်လည်း နိုင်နိုင်ပြောသလို စိတ်ဝင်စားခြင်း မရှိပါ။

နိုင်နိုင့်ကို မေးကြည့်တော့လည်း တစ်လ ကုန်ဘယ်လောက်ပို့တယ်၊ ရောက်တယ် နိုင်နိုင်မသိ။ ဈေးအတတ်အကျလည်း မသိ။ ဒါတောင်မှ ဘာကြောင့်များ ကံကွက်ကျားလို့ ဒီအိမ်စီးပွားရေးကို သူစိတ်မဝင်စားပါဘူးလို့ နိုင်နိုင်က ဆိုရသလဲ။ ငါးပိနံ့ကို သူမခံနိုင်တာတော့ အမှန်။

စိတ်ပြေလက်ပျောက် လျှောက်ရင်း ဒေါ်လေးအိမ်ကိုရောက်လာပြန်တော့လည်း ညီမဝမ်းကွဲကလေးတွေက . . .

'ဗွီဒီယို ကြည့်ချင်တယ် ကိုကိုကြီး'

ပူစာကြသည်။ သူက အိတ်ကပ်ထဲက ငါးကျပ်တန်တစ် ရွက်ထုတ်ပေးပြီး. . .

'သွားကြည့်ကြလေ'

'ဟင်. . . ကိုကိုကြီးကတော့ လုပ်ပြီး ညကျဝေဝေတို့ ကိုကိုကြီးတို့အိမ်လာကြည့်မှာ၊ ဝေတို့ ကြည့်ချင်တဲ့ခွေ ငှားပေးရမှာနော်'

'မလုပ်စမ်းပါနဲ့ဟာ'

'ဘာလို့လဲ၊ မမနိုင်က ဝေတို့လာတာ မကြိုက်လို့လား'

'မဟုတ်ပါဘူး'

သူက ဝေ့လည်ကြောင်ပတ် ဖြေဖို့ပြင်သည်။

'နင်တို့ကလဲဟာ လမ်းထိပ်မှာ တစ်ယောက်တစ်ကျပ်နဲ့ ကြိုက်သလောက်ကြည့်လို့ရစာများ သူများအိမ်မှာ အောက်ကျနောက်ကျကြည့်ချင်ရသလား၊ ငါတောင် မကြည့်ဘူး'

သူပြောပြီးမှ ဒေါ်လေးမျက်လွှာပင့်အကြည့် ကိုမြင်သည်။

ဒေါ်လေးက ဆေးလိပ်ဖွာရင်း သက်ပြင်းချနေသည်။

ညီမတွေကတော့. . .

'သိပါတယ်။ သိပါတယ်။ ကိုကိုကြီး မိန်းမကြောက်ရတယ်ဆိုတာ'

သူက ညီမများကို ခွင့်လွှတ်ပြုံးဖြင့် ကြည့်ဆဲ၊ ဒေါ်လေးက သူ့တူကို . . .

'မင်းမလဲ ပိန်လိုက်တာကွယ်'

'ဟုတ်တယ် ဒေါ်လေး၊ ကျွန်တော်ဖျားလို့'

'အေးကွယ်၊ ငါလဲ မသိလိုက်ဘူး၊ တကယ်ဆို နိုင်နိုင်ကျောင်းကအပြန် ဝင်ပြောဖို့သင့်တာပေါ့'

သူက မဲ့ပြုံးပြုံးနေမိသည်။

'မင်း ထမင်းစားပြီးမှပြန်'

သူက ခေါင်းခါတော့. . .

'နှမတော်မိမိ မျှော်နေမှာမို့ မဟုတ်လား'

ဝေဓေက ဝင်ပြောသည်။

သူက ရယ်ကျဲကျဲလုပ်နေလိုက်သည်။ တစ်လောဆီက အဖေ့နှမငယ်ဒေါ်လေးမိနှင့် ညီမလေးတွေ ရွာကလာတော့ သူ့ဆီလာတည်းကြသည်။ ညီမလေးတွေက အပျိုရွယ်လေးတွေ ၊ ရွာမှာလည်း ဗွီဒီယိုကိုမိုးအလင်းစွဲသူတွေမို့ သူကအခွေတွေငှားပြီး ပြမိသည်။ တီဗွီအပြီးမှာကြည့်ကြတာဆိုတော့ ညဉ့်ကတော့နက်ပြီ။ ည အိပ်မရလို့ဆိုပြီး ယောက္ခမကြီးက ဆူသည်။ တကယ်ဆို သူတို့ကွယ်ရာမှာဖြစ်ဖြစ်၊ သူတို့ပြန်မှဖြစ်ဖြစ် ဆူဖို့သင့်သည်။ ခုတော့. . .

'မတန်မရာတွေနဲ့ သာယာနေကြတာတဲ့။'



ထုံးစံအတိုင်း ခိုင်းသည့် ကလေးနှစ်ယောက်ကို စောင်းလို့ဆိုပါလေတော့သည်။ အဖေ့နှမဒေါ်လေးမိ မျက်ရည်စို့ရသည်။

'ငါ့တစ်သက် မင်းအိမ် မလာတော့ဘူး မောင်သိန်းရယ်'တဲ့။

'မင်းတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ကောရှိရဲ့မဟုတ်လား'

ဒေါ်လေး အသံကြောင့် အတွေးတို့ ပြတ်သွားသည်။

'ဟုတ်ကဲ့. .'

'အေးကွယ်. . . သည်းခံဟုတ်လား။ ကိုယ်က ယောကျ်ားလေးပဲ။ နိုင်နိုင်က အငယ်လိုနေလာတာ သူဆိုးလည်း သည်းခံရမှာပဲ အရေးကြီးတာက ဘယ်သူတွေဘာပြောပြော ကိုယ်တို့နှစ်ယောက်ချင်း အဆင်ပြေဖို့က အဓိကပဲ'

ဒေါ်လေးကို ပြန်ရှင်းပြမနေတော့ပေ။

အပြန်မှာ ဆုတောင်းပြည့် ဘုရားကိုဝင်ဖူးသည်။ မီးရောင်များ ဟပ်လျက်ဖိတ်ဖိတ် တောက်လက်ကာ သပ္ပာယ်ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ရင်း. . .

'အေးချမ်းတဲ့ ဘဝရရပါလို၏ ဘုရား'လို့ ဆုတောင်းမိသည်။ အလျင်ကတော့ သည်ရုပ်ပွားတော်ရှေ့တော်မှောက်မှာ 'ပြည့်စုံတဲ့ဘဝကို ရရပါလို၏ဘုရား' လို့ ဆုတောင်းခဲ့ဖူးသည်လေ။

နှစ်ကိုယ်တူ ချစ်သမျှကိုလည်း သူဘယ်လိုဆိုရမည် မသိပေ။ 'မင်းတို့ ချစ်ချစ်ခင်ခင်တော့ရှိရဲ့မဟုတ်လား'တဲ့။

ရခါစကတော့ နိုင့်ခေါင်းကို သူ့ညာလက်ရုံးမှာ အုံးစေပြီး 'ကိုယ်ဘဝကတော့ ဘယ်လို' အစချီလို့ သူ့ကိုနားလည်ဖို့ ကြိုးစားခဲ့သည်။

နိုင်ကတော့ သူ ဖြတ်သန်းခဲ့ရသည့် ဘဝသည် အစစချော

မွေ့ပြေပြစ်ခဲ့လို့ လေလား၊ သူ့လိုစီကာပတ်ကုံး မပြောတတ် လို့လားမသိ၊ တုံဏှိဘာဝေ။

'နိုင့်ကို ချစ်တယ်'

ပါးလေးကို ညင်ညင်သာသာ နမ်းရင်းပြောမိလျှင် နိုင့်က ပြုံးသည်။

'ကိုသိန်း ဒေါ်လေးက တခြားမိန်းကလေးတစ်ယောက်နဲ့ သဘောတူရင်လဲဒီလိုပဲပြောမှာ မဟုတ်လား'

သူ ပင့်သက်ရှိုက်လိုက်မိသည်။

သူက ချစ်ကျွမ်းဝင်စိတ်ဖြင့် ပြောမိသမျှ သူ့အားနည်းချက်၊ သူ့အပြစ်အနာတို့ကို လိုအပ်သလို အသုံးချလေသည်။

'ဘယ်တုံးကလဲ ဒီလိုပဲ'

သည်လို အပြောခံရပြန်တော့ သူစိတ်မကောင်း ဖြစ်ရပြန်သည်။ တကယ်ဆိုတော့ နိုင်သည် သူ့အပေါ်မပွင့်လင်းခဲ့။ စိတ်ထဲမှာ ကျိတ်မြိုကာ သူ့ချွတ်ယွင်းချက်ကိုသာ မြင်တတ်သူမဟုတ်လား။ အသက် ၃၀ ကျော်မှ အိမ်ထောင်ကျကြလို့လား မသိပေ။ သူကလည်း သူ့မာနနှင့် မို့နှစ်ယောက်သား ရင့်ကျက်ခိုင်မာနေသော တစ်ကိုယ်တော် စိတ်များကို ညှိလို့မရနိုင်။

သူက ပူပူလောင်လောင်ရာသီမို့ သင်ဖျာခင်းပြီး အိပ်ချင်သည်။ နိုင်က မွေ့ရာပေါ်မှမဆင်းနိုင်။ မွေ့ရာပေါ်မှာ သင်ဖျာခင်းသော်လည်း ပူတာက ပူတာပါပဲ။

နဂိုက မခိုင်မမာလမ်းလယ်မှာ စိုက်ထူခဲ့သော မေတ္တာသစ်ငုတ်သည် မကြာမကြာ ခလုတ်တိုက်ခံရတိုင်း ယိုင်လို့နဲ့လို့လာလေသည်။

ညီမလေး၏ မိသားစုဆီမှာသွားနေသော ဖေဖေရှိရာ



သူတို့မြို့နားက ရွာကလေးသို့ပင် သူမရောက်တာကြာပြီ။ လူကြုံနှင့်တော့ ဖေဖေ့ကို တစ်လနှစ်ရာကန်တော့မြဲ၊ ယောက္ခမကြီးက. . .

'မင့် အဖေကပင်စင်လဲရတယ် မဟုတ်လား၊ ပိုက်ဆံလိုလို့လား'

လစဉ်စုငွေမှာ သူအပြည့်မပေးနိုင်လျှင် သည်သို့ မေးချင်သည်။ ဖေဖေကသားကို မျှော်လေမည်။ သားကဇနီးကို ခေါ်လို့မရတော့ မသွားချင်။

'ကိုယ့်အဖေဆီသွားတာပဲ၊ ကိုယ်ဟာကိုယ် သွားပါလား'

နိုင်နိုင်၏ လက်သုံးစကား။ ဖေဖေကလည်း နိုင်နိုင်ပါမလာလျှင်. . .

'နိုင်နိုင်လည်း မပါပဲ့လား၊ ကောင်မလေး နေကောင်းရဲ့လား'

မေးဦးမည်။ ရွာက အမျိုးသားတွေကလည်း. . .

'မင့်မိန်းမက သွေးကြီးတယ်'

ဆိုကြဦးမည်။

ဒါကြောင့်ပဲ ဘဝဆိုတာအစစ ပြီးပြည့်စုံဖို့ခက်သည် လို့ဆိုကြတာပဲထင်သည်။ သူကဘဝကို အဆင်သင့်စပြီး ချောမွေ့သော လမ်းပေါ်မှ လျှောက်ချင်ခဲ့တာကိုး။ လမ်းက ချောမွေ့လွန်းသော်လည်း ကိုယ်တိုင် ဖောက်ခဲ့သော လမ်းမဟုတ်တော့ ဘယ်နားမှာ ဘယ်လိုကွေ့လို့ ဘယ်မှာ နားရမည်ကိုလည်း မသိ။ ရှေ့ကိုလည်း မမျှော်မှန်းတတ်နိုင်ပေ။

'မင်းတို့ ကလေးမရသေးဘူးလား တဲ့'

ယောက္ခမကြီးကတော့ ကလေးချီချင်လှပြီ။ သို့သော် သူသည် သူ့ကလေးဖြစ်မလာဘဲ ဒေါ်စိန်တင်၏ မြေးငယ်မျှသာ ဖြစ်ရမည့် ရင်သွေးကလေး၏ဘဝကို တွေးကြည့်လို့ပင် မရနိုင်ပေ။

နိုင်နိုင်ကလည်း ကိုယ်ဝန်ဆောင်ရမှာ မွေးဖွားရမှာကို ကြောက်နေသူ။ တွေးရင်း အိမ်သို့ ပြန်ရောက်လာပြီ။

ရောမ သံတံခါးကြီးဘေးက မလွယ်ပေါက်မှ ခေါင်းငုံပြီး ဝင်ခဲ့ရသည်။ မီးရောင်များက အပြင်သို့ ဖိတ်လျှံနေသည်။

လင်းကျင်းသော မီးရောင်အောက်မှာ အရာအားလုံးသည် သူစိမ်းပြင်ပြင် စောင့်စားလျက်. . .

မတ်လ/ ၁၉၉၂

ကလျာမဂ္ဂဇင်း



## ရှက်သူ

✚✚✚✚✚

ဟိုတုန်းကလောက်တော့ မရှက်တတ်တော့ပါဘူး။

စောက ပြောလျှင် သူငယ်ချင်း မာမာဝေက ရယ်လေသည်။

စောတစ်ယောက် ဘယ်လောက် အရှက်အကြောက်ကြီး ကြောင်းသူတို့အသိဆုံးပဲ မဟုတ်လား။ စော အရှက်လွန်ပြီး စောချစ်ခဲ့သော ကိုတင်စိုးနှင့် လွဲခဲ့ရတာလည်း ဝေ အသိပင်။

စော စိတ်ထဲမှာ ကိုတင်စိုးကို ကျိတ်ပြီး ချစ်နေလိမ့်မည်လို့ သူငယ်ချင်းအားလုံးက ယူဆပြီး သူတို့နှစ်ယောက်စလုံးကို ရှေ့မှာ ဘားကာ စောမျက်နှာမထားရဲအောင် နောက်ပြောင်ခဲ့ကြတာကြောင့် အရှက်သည်းသောစော ကိုတင်စိုးကို ဘယ်လိုမှ လက်မခံနိုင်ဟု ဆိုခဲ့ဘာ ဝေ ခုထိမမေ့သေး။

ခုတော့ စောသည် ကိုတင်စိုးနှင့်လွဲခဲ့ပြီးနောက် ဘယ်လိုဖူး

စာဆုံသွားသည်ဟု သူငယ်ချင်းများပင်တိတိပပ မသိလိုက်ရဘဲ အိမ်ထောင်ကျကာ သမီးတစ်ယောက်ပင်ရနေလေပြီ။ စော၏ ရှက်သွေးလွှမ်းသော ပါးမို့ရဲရဲများကို မဝေက အောက်မေ့ရင်း. . .

'မိစောရယ်၊ နင်မရှက်တတ်တော့တာ ငါသိပါတယ်'

'အိုး'

မဝေ သည်လိုပြောလိုက်မှ စောက ရှက်သွားရပြန်သည်။ စောမျက်လုံးကလေးများတွင် ငယ်မူငယ်သွေးအရိပ်တွေ ထင်လာပြီး. . .

'ကိုတင်စိုးကြီး တစ်ယောက်လည်း မိန်းမရသွားပြီတဲ့ ခင်ဗျာ'

မဝေကဆက်လို့စပြန်လျှင် စောသည်နှုတ်ခမ်းစူလိုက်ပြီး . . .

'သူ့ဘာသာသူရတာ ငါနဲ့ ဘာဆိုင်လဲ'

'ဆိုင်မဆိုင်တော့ မသိဘူးကွယ်၊ တို့ပစ်ကနစ်မှာရိုက်တဲ့ ပုံတွေတော့ ကိုတင်စိုးဆီမှာ တွေ့ခဲ့တာပဲ၊ နင်နဲ့သူနဲ့ အနီးဆုံးလေ။အဲဒီတုန်းကတောင် မိန်းမက ငါးရှဉ့်ပြုံးပြုံးနေတာပဲ'

စောသည် မခံချင်စိတ်ဖြင့် ပြောလိုက်သော်လည်း ကိုတင်စိုးတစ်ယောက် ဘယ်လိုမိန်းမမျိုးနှင့် ဖူးစာဆုံသွားရသည် ဆိုတာကိုသိတော့သိချင်သားပင်။ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်မှာ သူငယ်ချင်းတွေကြား၊ ပြန်ဆုံခဲ့ကြသော နေ့ကလေးကို ပြန်သတိရသည်။ ဘယ်ရောက်နေတာလဲ၊ ဘာလဲထက် ပိုလို့မပြောဖြစ်ခဲ့ကြ။ သည်တုန်းက စောလည်း အိမ်ထောင်မကျသေး။ စော ခင်ပွန်းဖြစ်လာမည့် ကိုနှင်းအောင်နှင့်တောင်ဆုံစပဲ ရှိသေးတယ်။

သည်တုန်းက ဘာပဲဖြစ်ဖြစ် စော ဝမ်းနည်းမိသည်။

သူငယ်ချင်းတွေက အရင်လို မစမနောက်ကြတော့ပါ။ ဣန္ဒြေတွေကိုယ်စီနှင့် အလုပ်အကြောင်းတွေပဲ ပြောနေကြသည်။ သူနှင့်ကိုတင်စိုး နှစ်ယောက်စလုံး သူငယ်ချင်းကောင်းအဖြစ်၊ မိတ်ဆွေအဖြစ်



ပါဆုံးရှုံးရသည့်လို့ သူက ထင်သည်။ ချစ်သူလည်း ဖြစ်မလာ မိတ်ဆွေလည်း မဖြစ်နိုင်ကြပြီ။ သာမန်အသိအကျွမ်းဘဝနှင့် လမ်းခွဲကြရုံပဲလား၊ ဘစ်ယောက်ကိုတစ်ယောက် နားလည်ဖို့ အခွင့်အရေးတွေဆုံးပါးသွားဘာက စောအရှက်တရားကြောင့်ပင်။

ကိုတင်စိုးက စောကိုရင်ဖွင့်ပါ၏။ စောပန်ဖူးသည့် ကုံကော်ပန်းခြောက်ကလေးကို (သူ ဘယ်လိုရမှန်းမသိ) သိမ်းဆည်းထားခဲ့တာ။ စောနောက်ကို အရိပ်လိုလိုက်တိုင်း စောဒေါသဖြင့် တုံ့ပြန်ခြင်းခံခဲ့ရဘာ။ သူငယ်ချင်းတွေက ရှက်လို့မူနေ တာပါလို့ အပြောခံရမှာကြောက်တိုင်း ပိုမိုအရှက်သည်းစွာဖြင့် သူ့အပေါ် ခွင့်မလွှတ်နိုင်တတ်ခဲ့တာတွေ။ ခုမှ ဒါတွေကိုပြန်သတိရ နေမိပြန်သည်။

က်ဖက်ရည်ဆိုင်မှာထိုင်ကြတော့ စောလက်ဖျား ခြေဖျားးတွေအေးစက်လို့နေသည်။ စောက သူ့ကိုတည့်တည့်မကြည့်ရဲ။ စောက မျက်လုံးချင်း ရင်မဆိုင်ရဲသေးပေမယ့် ကိုတင်စိုးက ပကတိသန့်စင်သောအကြည့်ဖြင့် ကြည့်နိုင်လေပြီ။ သည်အကြည့်ကို စောနားသည်မိတော့ တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို ခံစားခဲ့ရသည်။

'ခုတော့ သူ မိန်းမတောင်ရသွားလေပြီ။'

ဘယ်လို မိန်းမမျိုးပါလိမ့်။

မဝေက စပ်စပ်စုစု ဘယ်အချိန် သူ့အိမ်ရောက်သွားပါလိမ့်။ မဝေကတော့ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း။ သူတကာကို ကသိဘအောက် ဖြစ်အောင် လုပ်ရမှကျေနပ်လေ့ရှိသူ။ ယောကျ်ားလေးသူငယ်ချင်းတွေနဲ့လည်း စောလိုမဟုတ်ဘဲ ရင်းနှီးပွင့်လင်းသည်။ တစ်ခါဘလေသည်ကောင်တွေနှင့် နောက်ပြောင်ပြီး သားပြောမယားပြောပြောနေကြလျှင် နားထောင်ရသည့်စောတောင် နားရှက်ခဲ့ရသည်။

ကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်လာကတည်းက သူ့အိမ်ကိုမနေနိုင်မထိုင်နိုင် ရောက်လာပြီး သတင်းပို့လေ့ရှိသည့် မဝေကလွဲလို့

ဘယ်သူနှင့်မှမဆုံဖြစ်။ စော သည်ယောက္ခမအိမ်မှာ နေရသူဖြစ်ရာ မဝေက အော်ကျယ်ဟစ်ကျယ် နောက်တိုင်း အနားမှာမယောင်မလည် လုပ်လေ့ရှိသည့် ယောက်မလေးတွေကိုတွေ့ပြီး မျက်နှာမှာပူရှိမ်းသွားတတ်မြဲ။ မဝေကတော့ သူပြောချင်ရာ ပြောပြီးလျှင် 'ဘာရှက်စရာ ရှိလဲ၊ သဘာဝတရားတွေချည်းပဲဟာ ' ဟုပြောတတ်ပြန်သည်။

ရုံးပိတ်ရက်များမှာ သမီးနှင့်နေရသော စောသည် အိမ်မှုကိစ္စတစ်ဖက်နှင့်လူရောစိတ်ပါ ပင်ပန်းတတ်မြဲ။ သည်လိုအခါမျိုးမှာ တော့ သူငယ်ချင်းမဝေကြောင့်ပင် စိတ်အနည်းငယ် ပေါ့ပါးသွားရတတ်သည်။

သမီးသည် စာကျက်နေသော ယောက်မများအနား သွားရှုပ်မှာ၊ ချက်ပြုတ်နေသော ယောက္ခမနားသွားရှုပ်မှာစိုး၍ အမြဲတဟဲ့ဟဲ့လုပ်နေရမြဲ။ အိုးခွဲချက်ပြုတ်သဖြင့် ထမင်းဟင်းချက်သည့် အလုပ်ကိုကိုနှင်းအောင်သာမကူညီလျှင် ပြီးနိုင်မှာမဟုတ်ပေ။ လူပျိုဘဝက အမေ့မီးဖိုချောင်ကို ထမင်းစားဖို့ပင် မနည်းခေါ်မှ ရောက်လာတတ်သောသားအတွက် ခုမှအချိုးပြေနေပုံကိုကြည့်ကာ အမေက မျက်နှာညိုချင်သည်။ ကိုနှင်းအောင်မရှိသည့် အခါမျိုးတွင် အိမ်ခန်းကျဉ်းကလေးထဲမှာ စောသည် သမီးကိုတံခါး ပိတ်ထားရတတ်မြဲ။ သမီးက အပြင်ထွက်ချင်၍' ဘွားရေ . . ဘွားကြီးရေ. . 'နှင့် တတငိုတိုင်း စော စိတ်မောရမြဲ။ မဝေကတော့ သည်အပူတွေကို သိပ်မသိပေ။

ဘာပဲဖြစ်ဖြစ် စိတ်ရှည်၍သည်းခံတတ်သော ကိုနှင်းအောင်တစ်ယောက်သာ သူ့အတွက်အဖော်ဖြစ်ကြောင်း စောနည်းလည်ပါ၏။ သူစိမ်းတစ်ရံဆံဆန်လွန်းသော ယောက္ခမနှင့်ယောက်မတို့ အလယ်တွင် ကိုနှင်းအောင်သည်သာ သူ၏ကန္တာရရေကြည်အိုင် ကလေးပင်။ ကိုနှင်းအောင် ခရီးထွက်ရသော နေ့ရက်များသည် စောအတွက် ခြောက်သွေ့လျက်။ အိမ်ခွဲဖို့လည်း မတတ်နိုင်သေးရာ သူစိတ်ကျဉ်းကျပ်သောသည်အိမ်မှာပင် တစ်မိုးပြီးတစ်မိုးခိုလျက် သမီးပင်သုံးနှစ်ကျော်လို့ မူကြိုရောက်ခဲ့ပြီ။



ကလေးကို သူတို့ စိတ်ဖျော်ဖြေမှုအတွက်သာ ခဏပန်းချစ်ပြုတတ်သော သည်မိသားစုအလယ်တွင် စော၏သမီးငယ်သည် လူဆိုးစာရင်းဝင်ခဲ့သည်။ သမီးလေး၏ကလေးဆန်ဆန် တီတီတာတာ ဆိုးနွဲ့ဟန်ကလေးများကိုပင် သည်းမခံချင်ကြ။ နားငြီးသည်ဆိုကာ ပုံကြီးချဲ့ ဆူကြပြန်တော့ စောနှင့် မကျေမလည် ဖြစ်ရပြန်သည်။ ဧည့်ခန်းမှပစ္စည်းတွေသမီးကြောင့် အနေအထား မတော်တဆ ပျက်သွားရပြန်လျှင်လည်းမြည်တွန်တောက်တီး၍မဆုံး။ စောသည် မဝေနှင့် တစ်လတစ်ခါ ဈေးဝယ်လိုက်လျှင် ထိုအကြောင်းတွေကို မဝေအားရင်ဖွင့်မိသည်။

'ကိုနှင်းအောင်ကို ဘာဖြစ်လို့ယူခဲ့တာလဲ '

မဝေကအပြစ်တင်သလို ပြောစမြဲ။ တစ်ရုံးတည်းသားချင်းဖြစ်ပြီး၊ ဌာနခွဲချင်း မတူသော ကိုနှင်းအောင်က သူ့ကိုစိတ်ဝင်စားခဲ့တာတွေ ပြန်လည်မြင်ယောင်လာ၏။ စောအတွက် အမှတ်တရရှိခဲ့တာတွေ၊ စောကို အလိုလိုက်ခဲ့တာတွေ၊ ထားပါတော့။ သည်တုန်းက စောဘာလို့သည်အသိုင်းအဝိုင်းထဲဝင်ရမှာ မကြောက်ခဲ့ပါလိမ့်။ ကိုတင်စိုးကိုဆုံးရှုံးခဲ့လို့ပဲ ကိုနှင်းအောင်အချစ်ကို လက်ခံမိခဲ့လေသလား။ မဟုတ်။ အစားထိုးသည့် သဘောမျိုးမဟုတ်။ တကယ်လှိုက်လှဲစွာ ချစ်လာခဲ့တာဖြစ်ပြီး ဆုံးရှုံးရမှာကြောက်သည့် အချစ်မျိုးလည်းဖြစ်သည်။

စော၏ဘဝကို မဝေက စာနာနိုင်ပါ၏။ သို့သော် သူ့စိတ်ထဲမှာ သိပ်ကြီးတော့ လေးလေးနက်နက်မရှိလှ။ ဘာကြောင့် လည်းဆိုတော့ ဒါတွေအားလုံးသည် စော၏ ရွေးချယ်မှုပဲမဟုတ်လား။ မဝေက စော၏ မျက်နှာစာပိုင်းကိုသာ နားလည်နိုင်လေသည်။

အိမ်ကလေးတစ်ဆောင်နှင့် ကိုယ့်မိသားစုလေး အေးအေးချမ်းချမ်းနေချင်သော စောသည် ငယ်ငယ်ကလို အရှက်မသည်းတော့သလို ပိုပြီးသွက်သွက်လက်လက် ဖြစ်လာသည့် ဘဝတစ်ပိုင်း ကိုတော့ မဝေ မမြင်နိုင်။

စောသည် မြင်တတ်လာ၏။ လောဘရှိလာ၏။ သူများအိတ်ဖောင်းလျှင် ကိုယ့်အိတ်ထဲလည်း ဝင်လာရမည့် ဆိုသော သူ့အပေါင်းအသင်းများ၏ ဩဝါဒကို ခံယူသူဖြစ်လို့နေ၏။ ထိုအခါမျိုးတွင် ရှက်သော စောသည်မရှက်တော့ပြန်။ သူ့အတွက် ဝေစုမရသဖြင့် ဒေါသကြီးတတ်သော စော၊ နယ်မှ ရောက်လာသူတွေဆီက ဘာလက်ဆောင်ရမလဲ မျှော်လင့်တတ်သော စော ဖြစ်လာပြီ။ စော လိပ်ပြာက စောကိုရှက်စေသည့်အခါမျိုး။ ဒါကလည်း ဆိတ်ငြိမ်ရာ ညချမ်းမျိုး (ဖြစ်တောင့်ဖြစ်ခဲ) သည်အချိန်မျိုးကလွဲလို့ စောသည် ဝိညာဉ်သစ် လိပ်ပြာသစ်နှင့်စော ဖြစ်လို့နေ၏။

စောသည် မျှော်လင့်ချက် တစ်စုံတစ်ရာမရှိဘဲနှင့်ဆိုလျှင် လက်ကလေးတစ်ချောင်းပင် မလှုပ်တတ်သူဖြစ်လို့လာသည်။ ကူညီမှုသည် နားလည်မှုအတိုင်းအတာနှင့် ညီမျှ၏ဆိုသည့်ဂါထာကို စော မကြာမကြာ စိတ်ထဲရွတ်တတ်လာ၏။ လာဘ်ရွှင်စေသည်ဆို သော ဆုတောင်းစာများကိုလည်း စော စားပွဲမှာကပ်ထားတတ်လာပြီ။

မိုးခါးရည်ကိုချိုးဆဲ စောသည် ပါးမို့မို့တွင် ရှက်သွေးရှက်ရိပ်သန်းအောင် အရှက်သည်းသည့် မိန်းမငယ်လေး မဟုတ်တော့။ ကိုတင်စိုးပင် အလုပ်ကိစ္စဖြင့် စောထံရောက်လာလျှင် ရိုးသားစွာပင် တစ်စုံတစ် ရာမမျှော်လင့်ဘဲ စော ကူညီဖြစ်ပါ့ မလားမသိ။

စော၏ အရောင်တလက်လက်လက်စွပ်များကို ယောက်မလေးနှစ်ယောက်က အားကျစွာငဲ့စောင်းကြည့်သည်ကို စော ဂုဏ်ယူတတ်ခဲ့ပြီ ကန္တာရအလယ် ရောက်သွားလို့ပဲ စောလည်း ဆူးရှိုင်းပင်တစ်ပင်ဖြစ်လာခဲ့လေသလားတော့ မသိပေ။ စော၏ အပင်မှ ဆူးများသည် စောနှလုံးသားတိုင် ထိုးဖောက် နစ်စူးခဲ့ပြီကို စောမသိ။

ကိုနှင်းအောင်ကတော့ အရာအားလုံးကို ရေလိုက်၊ ငါးလိုက်ပင်။ စောသည် တောရိုင်းသစ်ပင်ဖြစ်လို့သွားပြီလား၊ သူ ရေရာစွာ နားမလည်နိုင်။ စော၏ လက်စွပ်များ၊ စော၏ လက်ကောက်များကို



သူဖန်တီးမပေးရဘဲ ရတာကိုပဲ ကျေနပ်နှစ်သိမ့်လို့နေ၏။

တစ်ခါက စောတို့ မိသားစုသည် ကိုတင်စိုးတို့နှင့် ဘတ်စ်ကားမှတ်တိုင်မှာ ဆုံဖြစ်လိုက်ကြသေး၏။ ကားမှတ်တိုင်မှာ ဆိုပေမယ့် စောတို့က အငှားကားတစ်စီးငှားဖို့ စောင့်နေခိုက် ကိုတင်စိုးတို့က မြောက်ဥက္ကလာပကိုပြန်ဖို့ ကားမှတ်တိုင်ဆီ အလာမှာ ဆုံဖြစ်ကြခြင်းပင်။ စော အလွန်တွေ့ဖူးချင်သော ကိုတင်စိုး၏ ဇနီးသည်ကိုလည်း မြင်ဖူးလိုက်ရ လေသည်။ နှစ်နှစ်သားအရွယ် ကလေးငယ်ကို ပွေ့ချီထားသော ပိန်ပိန်သွယ်သွယ်အသားဖြူဖြူ တရုတ်ပိတ်ဝမ်းဆက် တစ်ပတ်ရစ်နှင့် မိန်းမတစ်ယောက်၊ လှတော့လှသားပင်။ ပါးရိုးနားရိုး ကျနေပုံနှင့် မျက်ဝန်းအိမ်မှ အရိပ်များက အိမ်ထောင်မှုဒုက္ခတွေ ခံစားနေရပုံကို ဖော်ပြနေသည်။ သူ့ဘေးမှာ ရှပ်အကျီဖြူဝါဝါ၊ ပုဆိုးနွမ်းနွမ်းနှင့် ကိုတင်စိုး။

ခပ်လှမ်းလှမ်းမှ လှမ်းတွေ့လိုက်ရစဉ် ရှတ်တရက် စောစိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရသေးသည်။ သာသားနားနား သပ်သပ်ရပ်ရပ် ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကိုနှင်းအောင်၊ ဂျင်းစကတ်၊ ဂျင်းဂျက်ကက်နှင့် သမီးငယ်၊ ခန့်ထည်သော ပိုက်ဆံအိတ်နှင့် တောက်ပသော အရောင်အသွေးများနှင့် စော။ စောက အရင်ဦးစွာပင် ကိုတင်စိုးကို ပြုံးပြလိုက်ဖြစ်သည်။

'ဟာ. . . စောတို့ပါလား'

သိမ်ငယ်ရှက်ရွံ့ခြင်းကင်းစွာလှိုက်လှိုက်လှဲလှဲ နှုတ်ဆက်သံ နှင့် အတူမိသားစုချင်း မိတ်ဆက်ပေးနေသည့် ကိုတင်စိုးကို စောက ပြုံးကြည့်နေသည်။

စောတစ်ယောက် ယောက်ျားရ ကံကောင်းတယ်လို့တွေးနေဆဲစောမျက်လုံးတို့၏ တောက်တောက်ပပ ဂုဏ်ယူပြုံးကို တွေ့လိုက်ရသော ကိုတင်စိုးမှာ ဘာရယ်မသိတစ်ခါက စော၏ရှက်ရွံ့ရွံ့ မျက်လုံး

များကို ဖျက်ခနဲ သတိရမိသည်။

၁၉၉၄၊ခုနှစ်

ကလျာမဂ္ဂဇင်း



ရေပုံအိုင်

❖ ❖ ❖ ❖ ❖

နှလုံးအိမ်၌ ဆန်းကြယ်သော အိပ်မက်တစ်ခုသည် မြစ်တစ်စင်းလို လျှင်မြန်စွာ စီးဆင်းသွားလေသည်။ သူ့နှလုံးအိမ်မှာ နာလျက်။ ဆွတ်ကျင်တမ်းမောလျက်။ ထိုအိပ်မက်သည် သူ့အတွေး သူ့စိတ်ကူးတို့၏ အမှိုက်သရိုက်များကို မြစ်တစ်စင်းလို သယ်သွားလေသည်။

ထိုအိပ်မက် ထိုဝေဒနာတို့ကို သူ ထုတ်ဖော်၍ ပြောမပြတတ်။ ထုတ်ပြောပြရန် စကားလုံးများအဖြစ် ဖန်တီးဖို့ရန် မဝံ့မရဲဖြစ်နေ၏။

ညနေခင်းများစွာ၌ နီရှဒါ၏ကဗျာများကို သူသတိရနေတတ်သည်။ တစ်စတစ်စ မှောင်ရီသိပ်သည်းလာသော ညထဲတွင်သူ့ အသည်းနှလုံးကြားသို့ ဖြတ်သန်းတိုက်ခတ်သွားတတ်သော လေညင်းတစ်လုံးပြီတစ်လုံး ထွက်ပြူလာသော ကြယ်ကလေးများ၊ တိမ်မျှင်ပါးပါးတို့ ရွေ့လျားနေခိုက်တွင် သူသည် လူတစ်ယောက်မျှသာ မဟုတ်တော့ဟု ထင်ယောင်မိသော ကာလ။ နာကျင်ဆဲ နှလုံးသားသည် နားခိုရာမြစ်

ကမ်းပါးတစ်ခုကို ရှာဖွေဆဲ အချိန်မျိုး။

လွင်တီးခေါင်နှင့် တောင်ကတုံးများ။

ဆားကျင်းများ၊ လွင်ပြင်များ၊ တောမီးလောင်ပြီးသည့် တောင်ကတုံးများ။

သူသည် တစ်ကုန်းပြီးတစ်ကုန်း၊ တစ်လွင်ပြင်ပြီး တစ်လွင်ပြင် ဖြတ်သန်းခဲ့၏။ တမာနံ့သည် လေထဲဝယ်ပျံ့လွင့်လာလေသည်။ အိမ်လွမ်းသော ဝေဒနာကို ထပ်တူသယ်ဆောင်လာ၏။

သူ၏အိမ်သည် အမိုးနိမ့်နိမ့် ဖက်ကာဖက်မိုး မြေစိုက်တဲငယ်တစ်လုံး သို့မဟုတ် ကျူရိုးကာ ကျူလက်မိုးသည့် တဲငါတဲတစ်လုံးဖြစ်ဖွယ်ရှိ၏။ တကယ်တော့ သူ့၌ ထိုမျှသော အိုးအိမ်ကိုပင် ပိုင်ဆိုင်ခဲ့ဖူးခြင်းမရှိ။ သူ၏ခြေဖဝါးတို့၌ သမန်းမြက်ရှရာများနှင့် ကျောက်ချွန်ဆူးရှရာများဖြင့် ပြည့်လျက်။ သူ့လက်ထဲ၌ပလွေတို တစ်စင်းရှိမည်ဆိုလျှင် ဧရာဝတီမြစ်အား ချစ်ခဲ့ခြင်းကို ဖွဲ့ဆိုနိုင်ပါလိမ့်မည်။ ယခုတွင်မူ ပလွေတိုတစ်စင်းလည်းမရှိ။ သူ့ရင်၌ ဂီတတို့စီးဆင်းရာ မြစ်တစ်စင်းလည်း ခြောက်သွေ့လျက်။

ကျောက်ချွန် ကျောက်ဆူးတို့ကြားတွင် သူသည်တဖောင်းခါးပင်များကိုနှုတ်ခြင်းဖြင့် အသက်မွေးသူဖြစ်လို့နေ၏။ ထိုဘဝတွင် ပူပြင်းစွာတောက်လောင်သော နေလောင်ခြင်းဒဏ်ကို ခံနိုင်ရည်ရှိခဲ့ပြီ။ အညာနေ၏ ပူလောင်ခြင်းအောက်မှာ ကျောက်ကြီးကျောက်ကြားတို့တွင် ခွေနေသော မြွေပွေးတစ်ကောင်တလေကို မတွေ့ခဲ့လျှင်ဖြစ်၏။ မြွေသည် သူ၏ အသက်ရှင်မှု ကိုလိုချင်မျက်စိဖြင့် စောင့်ကြည့်နေတတ်၏။

တစောင်းခါးတစ်ပင် သို့မဟုတ် မြွေပွေးတစ်ကောင်၏ မျက်စိတစ်စုံ။ သူသည် တစောင်းခါးပင်များကို ရဲရင့်စွာပင်ရှာဖွေခဲ့၏။ ခါးပုံစထဲတွင် တစောင်းခါးပင်တို့ပြည့်လုပြီ။

မြွေပွေးထက်ပင် ဆိုးရွားအဆိပ်ပြင်းသော မြွေသိုက်အစုအဝေးသည် သူနှလုံးအိမ်ထဲတွင် အုံဖွဲ့စုခဲလို့ နေခဲ့ပြီးဖြစ်၏။ ဒါကြောင့်ပင် သူမြွေကို မကြောက်တတ်တော့။ မျက်ခမ်းပေမေ့းနှင့် သူက မြွေပွေးကို ပြန်၍ကြည့်လျှင် မြွေသည်ပင် သူ့ဝိဉာဉ်ကို လန့်ဖျပ်သွားနိုင်လောက်၏။

တစ်ညချမ်း၌ သူသည် ကျောက်တုံးများကြားတွင် နားနေသည်။ မြေဝပ်ငှက်တစ်ကောင်ကို တံကျင်လျှိုလျက် လက်တစ်ဖက်မှာကိုင်ထား၏။ သူ၏မာနတရားသည် ငှက်တစ်ကောင်အား အောင်သေအောင်သားအဖြစ်စားရန် မီးပုံတစ်ပုံအဖြစ် တဟုန်းဟုန်း လောင်မြိုက်တောက်လောင်လာ၏။ ငှက်မွေးတို့ မီးမြိုက်သည့်အနံ့ကိုရလျှင်မူ သူသည်သူ၏ဒုစရိုက်မှုအတွက် ငိုကြွေးတတ်ပြန်၏။ သူ့အား လူသာမန်တစ်ယောက်အဖြစ် စကြာဝဠာတစ်ခုလုံးက ခွင့်လွှတ်နားလည်ကြစေလိုသည်။ သို့ရာတွင် သူ့ဝိဉာဉ်၌မူ လူသာမန်မျှ မဟုတ်ကြောင်းလည်းပြသချင်နေ၏။ နှင်းရည်တို့စိုစွတ်နေသော ကျောက်တုံးများကြားတွင် ငိုကြွေးနေသော သူ့အားကြယ်တို့သည် မျက်ကွယ်ပြုထားကြ၏။

* * *

ပန်းချီကားတစ်ချပ်ရှေ့၌ သူရပ်နေခဲ့၏။

ထိုပန်းချီကားမှာ စုတ်ချက်ရာတို့ဖွာလျက် မီးသဂြိုလ်စက်၏ခေါင်းတိုင်မှ လွင့်မျောသွားသော မီးခိုးငွေ့များနှင့် သူ၏ရုပ်ပုံလွှာပါးပါးတစ်ခု။ အနတ္တနှင့်အတ္တဟု အမည်ပေးထားသော ကား။ သူ၏ မုတ်ဆိတ်ကျင်စွယ်တို့မှာ ထိုးထိုးထောင်ထောင် မျက်လုံးတွေကခပ်ကြောင်ကြောင်။ ထိုပန်းချီကားကို သူမအိပ်မနေ ကြိုးစားရေး ဆွဲခဲ့သော်လည်း သူသည် ပီပြင်သော ပန်းချီဆရာတစ်ယောက် မဖြစ်ခဲ့ပေ။ စုတ်ချက်လက်ရာမှာ ကြမ်းလှသည်။ သူသည် ထိုပန်းချီကားချပ်ကို သူ၏ဂန္ထဝင်လက်ရာတစ်ခုအဖြစ် ထုတ်ဖော်လိုခဲ့သည်။ အရောင်များများ အထပ်ထပ် စမ်းသပ်ရေးဆွဲ ထားသဖြင့် ဆေးရောင်များသည် ညစ်ထေးထူပိန်းလျက်။

တွန်းလိမ်ကွေးကောက်သော နှုတ်ခမ်းဖြင့် ကြိမ်ဖန်များစွာ ပြုံးပြီးပြီ ဖြစ်သော်လည်း သူထပ်မံ၍ ပြုံးပြန်လေသည်။

ကမ္ဘာလောက၏ လျှို့ဝှက်နက်နဲသော ကမ်းခြေလျှိုမြောင်း များကို ငါသာလျှင်နားလည်းခံစားနိုင်စွမ်းရှိသူ ဟူသည့် ဂုဏ်ယူပြုံးမျိုး။

ပန်းချီကား၏ တန်ဖိုးကို သူသာလျှင် သိနားလည်ပြီး သူ့အတွက် နှင့်သူ့ဝိဉာဉ်စိတ်ကို သူပြန်လည်ရှိကျိုးစေသော အပြုံးမျိုးလည်းဖြစ်၏။

သူ၏ပန်းချီကားချပ်ကို တပ်မက်စွာကြည့်ရင်း သူပြုံးနေဆဲ တရားရိပ်သာတစ်ခုဆီမှ အသံသဲ့သဲ့ ပျံ့လွင့်လို့လာ၏။ မိုးကုတ်ဆရာ တော်ဘုရားကြီး၏ သစ္စာလေးပါးတရားတော် တိပ်ခွေဖွင့်သံ။

'အဲဒါ အပါယ်ကျဖို့ပြုံးတာ၊ ဘယ်ရောက်ဖို့ပြုံးတာတုံး၊ (အပါယ်ရောက်ဖို့ပြုံးတာ) အတော်မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ် ဘုရား) ကိုင်း - ဒါဖြင့်ခင်ဗျားတို့ကို ပြုံးစေချင်လို့ သတိပေးလိုက်ပါ တယ်။ ဒါဖြတ်တဲ့အချိန် ပြုံးပါ၊ (မှန်ပါ့) ဒါမပြတ်လို့ရှိရင်ဖြင့် ငါကိုယ် ကျိုးနည်းပြီလို့ မဲ့ချည်းနေရမယ်၊ (မှန်လှပါ) ဒါပြတ်အောင် လုပ်နေ တော့ ဘယ့်နှယ်ဆိုကြမလဲ၊ (ပြုံးရမယ်)၊ ပြုံးရမယ်၊ သံသရာ စခန်းသတ် ပြီကွ၊ (မှန်ပါ့)ဒါမပြတ်သေးရင်(မဲ့ရမယ်)။

လင်းတက ခွေးသားစားပြီး ပြုံးနေတာ ဘယ့်နှယ်ဆိုကြမလဲ။

ကိုယ်ကလင်းတဆိုတော့ တိရိစ္ဆာန်-ခွေးသားကလည်း အပုပ် အစပ်၊ ဒါစားပြီး ပြုံးနေတယ်ဆိုတော့ ဒကာ ဒကာမတွေရဲ့ ခင်ဗျားတို့ ပြုံးနေပုံက ကြောက်စရာကြီး'

စီးပွားရေးတက္ကသိုလ်နှစ်လည်
၁၉၉၄/၉၅



## ယတြာနဲ့မိန်းမ

*****

မဖြူ ကုန်ရှုံးရှိသော ပိုက်ဆံများကား ဗေဒင်မေးပြီး ယတြာ ချေခြင်း အတွက်ပင်တည်း။ မဖြူတို့ လူဖြစ်လာရသော ခေတ်ကာလ ကြီးထဲတွင် လူ့ဘဝခရီးလမ်းဟူသည် ခြောင့်ဆူးတို့ အတိပြီးသော ခရီး ကြမ်းကြီးဟူသည့် စကားက ရှိုးသွားချေပြီ။ အဖုအထစ် အထေ့အငေါ့ ကလေးများဖြင့် အတိပြီးသော လူ့ဘဝခရီးကို ဒီတက်ဒီကျ စောင့်၍ သွားရသော လှေတွေ မော်တော်တွေ လိုသူက တင်စားချင်တော့သည်။ ရေမလာလျှင် လိုရာမရောက်ဘဲ မြစ်လယ်ချောင်းလယ်မှာပင် သောင် တင် နေတော့၍တည်း။

"တနင်္လာနေ့တိုင်း ငါးလွှတ်ပါ။ ဝက်သားမစားရ၊ တောင်အ ရပ်သို့ မသွားရ"ဟူသည့် ဟောကိန်းများကို တိကျစွာလိုက်နာဖို့ သူကြိုး စားရှာလေသည်။ တနင်္လာနေ့တိုင်း ငါးလွှတ်ဖို့အရေးသည် လဆန်း ရက်တည်းဟူသော ရက်သတ္တပတ်ကလေး တစ်ခုတွင်သာ လိုက်နာနိုင်

လျက် ထိုသို့ လိုက်နာနိုင်သောနေ့ရက်ကလေးများတွင်သာ မဖြူပိုက်ဆံအိတ်သည် ပြည့်ပြည့်ဖောင်းဖောင်းကလေး ဖြစ်နေတတ်၍ပေတည်း။ သို့ကြောင့်လည်း မဖြူသည် ဗေဒင်ယတြာအလိုအရ မဟုတ်လျှင် ခြေတစ်လှမ်းပင် ရွှေ့ချင်သူမဟုတ်။ ဒါကလွဲလျှင် သူ့ယောကျ်ား ကိုသက်ဦးကြီးကိုပင် မစွဲလန်း။ ဘုရားပန်းလဲလျှင်ပင် ဗေဒင်ကိန်းခန်းနှင့် မညီသော ပန်းတွေထိုးမိမည်စိုးသဖြင့် သောကြာသား ကျန်းမာရေးအတွက် သပြေပန်းပဲ ထိုးသည်။ မဖြူတို့အိမ်မှာ သီတင်းသုံး စံမွယ်တော်မူသော ဒက္ခိဏသာခါ ရုပ်ပွားတော်မြတ်သည် ပြီးခဲ့သည့် ၁၉၉၃-၉၄ ခုဘဏ္ဍာရေးနှစ်တစ်နှစ်လုံးယတြာအလိုအရ ဆွမ်းကို ပေါက်ပေါက်နှင့် သာဘုဉ်းပေးတော်မူရရှာလေသည်။

ဖိနပ် ပြတ်လျှင်ပင်နပ်အသစ် မဝယ်ရဲ၊ ငွေအစုလိုက် အပြုံလိုက်ဝင်မည်ဟုဗေဒင်က ဟောထားသဖြင့် စနေနံဝင်လိုက်လျှင် ထိမပေါက်မှာစိုးရိမ်သည်။ ဖိနပ်ကို စနေနံ ဟုဘယ်သူက ပြောသည်ကိုတော့ သူမမှတ်မိလေတော့။

ထိုကြောင့် ထင်သည်။ ၁၉၉၄-၉၅ ခု ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်ကာလ၏ပထမဆုံးလဖြစ်သော ဇူလိုင်လသို့သာ ရောက်လာသည် ကိုသက်ဦးကြီးတစ်ယောက်ထီးစုတ်ကြီးနှင့်ပင် နှစ်ပါးသွားရရှာဆဲ။

ခု တလောမှာတော့ မဖြူ၏ကလေးကို သောကြာနံ “သွား”က အစဉ် ဒုက္ခပေးလေသည်။ အံသွားမှာ အခေါင်းဖြစ်၍ အစာဝင်တိုင်းနာကာ မဖြူကို ဂျီကျနေလေသည်။

ထမင်းစားလည်းနာ၊ မုန့်စားလည်း နာမို့မဖြူသည် ကလေးကို သနားနေမိ၏။ အစာမစားနိုင်သဖြင့် ပိန်ကာမျက်နှာကလေး ချောင်ကျလာသည်လို့ ထင်မိ၏။

“အဲဒီသွားကို နှုတ်ပစ်မှကောင်းမယ်”

မဖြူတွေးစပြု၏။



မနှုတ်လျှင် ဒုက္ခပေးနေ၍သာ နှုတ်ရမည်။ ထိုသွားကို လတစ်လ၏ ပထမဆုံးရက်များမှလွဲ၍ မည်သည့်ရက်များတွင် နှုတ်နိုင်မည်နည်း။ နောက်လဆန်းအတွက် ခန့်မှန်းအသုံးစရိတ် လျာထားချက်တွင် သူ့သား၏ သွားနှုတ်ရေးသာမက မူကြိုတက်စဉ်က ဝယ်ပေးခဲ့သည့် မိုးကာမှာ စုတ်နေပြီဖြစ်၍ မိုးကာအသစ်ဝယ်ဖို့ အသုံးစရိတ်ပါထည့်သွင်းတွက်ချက်ရလေသည်။

လဆန်းတစ်ရက်၌ မဖြူသည် ပိုက်ဆံအိတ်ကို ချိုင်းမှာညှပ်ကာ တစ်ဖက်ကဈေးခြင်း၊ တစ်ဖက်က ချာတိတ်လေးလက်ကို ကိုင်လျက်ကော့ကော့ ကော့ကော့နှင့်ဈေးသို့သွားလေသည်။ မဖြူသည် တခြားမိန်းမများနှယ်ပင် ဈေးဝယ်သည့်အလုပ်ကို ဝါသနာပါ၏။ တစ်ခါက မဂ္ဂဇင်းတစ်အုပ်ထဲမှာ ဟောလိဝုဒ်က ဘယ်ရုပ်ရှင်မင်းသမီးဆိုလား ကုန်တိုက်ကြီး တစ်ခုလုံးကို ပိတ်ခိုင်းပြီး စိတ်တိုင်းကျဈေးဝယ်တာကို ဖတ်ရတော့ သည်သို့များ သူဝယ်နိုင်အောင် ဝင်ငွေရှာပေးလျှင် ကိုသက်ဦးကြီးကို ရွှေကလပ်ပေါ်တင်၍ ထားမည်လို့ အောက်မေ့မိလိုက်သေး၏။ ရံဖန်ရံခါတော့ တွေးမိတတ်သေးသည်။ မြန်မာပြည်မှာ မိန်းမဖြစ်လာရသည်မှာ အလွန်နာလေသည်။ ထို့ကြောင့်ပင် မဖြူတစ်ယောက် ဖြူဖြူခန့်ခန့်ချောချော လှလှကြီးဖြစ်သော်ငြား ရေနံတွင်းများပိုင်ရှင် သဘော်ကြီးများ ပိုင်ရှင်သန်းကြွယ်သူဌေးကြီးများနှင့် ဖူးစာမဆုံခဲ့ရခြင်း ဖြစ်လေ၏။

“မေမေ သား သွား မနှုတ်ဘူးနော်”

မဖြူ၏ အတွေးများသည် ကလေးက လက်ကလေးကို ဆောင့်ကာ ပြောလိုက်သဖြင့် ပြတ်တောက်သွားရသည်။

သမဆေးခန်းက သွားနှုတ်ဖို့ ကုလားထိုင်ပေါ်ရောက်တော့ ကလေးက ကန်ကြောက်ငိုယိုသည်။

“သား သွားမနှုတ်ဘူး”

ဆရာဝန်မက ကလေးမေးလေးကို ဆွဲပင့်ပြီး

"သားပါးစပ်ဟ၊ အန်တီက ကြည့်ရုံလေးပါ သားရဲ့"

ပါးစပ်ကလေးကို စေ့စေ့ပိတ်လို့ ဂျစ်ကန်ကန်လေးပြန်ကြည့်နေသဖြင့် မဖြူက သူ့သားကို မျက်မှောင်ကြုတ်ရင်း

"ပြလိုက်လေ သားရဲ့"

ထုံဆေး ထိုးဖို့ပြင်တော့ ချာတိတ်က ဆေးထိုးအပ်ကြီးကို ကြောက်လန့်ကာ အတင်းရုန်းကန် ငိုယိုသည်။

"နှုတ်ဖူး . . . နှုတ်ဖူး . . . နှုတ်ချင်ပါဘူး ဆိုနေမှ"

"သူ့အဖေ ပါလာရင်ကောင်းမှာ၊ မော့ထားသား၊ သားပါးစပ်လေး ဟပြီးမော့ထား အန်တီက ကြည့်ရုံလေးတင်နော် . . ."

"ဟင်း အင်း . . . ဟင့်အင်း . . . လုပ်ရဘူး၊ ကြည့်ရဘူး၊ သေနတ်နဲ့ကိုပစ်သတ်မယ်၊ သေနတ်ဝယ်ခိုင်းပြီးတော့ကို သတ်ပစ်မယ်"

ကလေးက ပြောရင်းငိုရှုန်းနေ၍ မဖြူ မနိုင်၊ အင်္ကျီကြယ်သီးတွေပင် ပြုတ်ကုန်သည်။ သနားလည်း သနား၊ စိတ်လည်းတိုမို့ ထုနှက်ပစ်ချင်စိတ်ပင် ပေါ်လာသည်။

"မနာပါဘူး သားရာ ခဏလေးပါဆို၊ သားကို နာအောင်မလုပ်ပါဘူး၊ မေမေအရုပ်ဝယ်ပေးမယ်နော် ၊ မငိုနဲ့၊ မဆိုးပါနဲ့ သားလေးရယ်"

"ဟင့်အင်း . . . ယူဘူးအရုပ် ယူချင်ဘူး"

ဆရာဝန်မကို အားနာသည်၊ ဆေးခန်းက စာရေးနှင့် ဆေးပေးသူတို့ပါ ဝိုင်းထိန်းပြီး ပါးစပ်ကလေးကို အတင်းဟအောင် ချုပ်ကိုင်ပေးမှ ထုံဆေးထိုး၍ရသည်။ သည်လိုဆိုတော့လည်း ကလေးရဲ့ အားမဲ့မှုကို ကြည့်ပြီး မဖြူသနားမိပြန်သည်။

"ကဲ . . . သားသားဘယ်မှာ နာလို့လဲ"



ဆရာဝန်မက မေးလျှင် မျက်ရည်ကဝဲလျှက်-

"သားကို လုပ်တာသေနတ်နဲ့ပစ်မယ် သားဖေဖေနဲ့ တိုင်ပြောမယ်"

"သားကလဲကွာ နာလဲမနာပဲနဲ့"

ထုံဆေး သတ္တိပြပြီဆိုလျှင်

"အန်တီ ခဏကြည့်မယ်နော်"

ပြောရင်း ပလာယာနှင့်မသိမသာ ဆွဲနှုတ်သည်။ အံသွားကပွဲ့နေပြီမို့ နှုတ်ရတာတော်တော်ခက်သည်။ ကလေးက မနာတော့သည်မို့ မရုန်းတော့

"အဲဒီသွားကြီး မရှိမှ သားစားချင်တာ စားလို့ရမှာ"

မဖြူသည် ကလေးသွားနှုတ်ပြီးလျှင် ဆေးခန်းမှဝိုင်းကူသူတို့ကို အားနာကျေးဇူးတင်ရ၏။ မျက်ရည်တွေက ပါးကွက်ဝိုင်းလေးများကို ဘစ်ဝက်တစ်ပျက် ပျက်စေခဲ့ပြီး ဆံရှည်ရှည် ညှင်းသိုးသိုးဖြစ်နေသော ချာတိတ်လေးသည်

"မေမေ့ စိတ်ချည်းပဲ"

"ဘာ ငါ့စိတ်ချည်းလဲ၊ နင်သွားနာနေလို့ နှုတ်ရတာ၊ မေမေတောင် ပိုက်ဆံကုန်သေး"

"သားကို အရုပ်ဝယ်ပေး"

"ဘာလို့ ဝယ်ပေးရမှာလဲ အိမ်မှာ အရုပ်တွေတစ်ပုံကြီး ရှိသားနဲ့"

"စောစောကပဲ သားကို အရုပ်ဝယ်ပေးမယ် ပြောပြီးတော့၊ မေမေ ညာတယ်"

"သားပဲ မယူချင်ဘူးဆို"

"ယူမှာပဲ အခုဝယ်ပေး"

မိုးကာဝယ်ရမယ်လေကွာ၊ သွားနှုတ်တာလဲ ပိုက်ဆံကုန်တာပဲ"

ကုန်ပစေပေါ့။ သားမှ မနှုတ်ချင်တာကြီးကို ဟီး. . . ဟီး. . . မေမေ့စိတ်ချည်းပဲ"

ဈေးလမ်းမ လယ်ခေါင်မှာ ငိုပြန်ပြီ။

နေကလည်း ပူ၊ မဖြူစိတ်တို ရှုပ်ထွေးစပြုလာသည်။ စိတ်ရှုပ်ပြီဆိုလျှင် လက်က ခေါင်းကလေးပေါ် ဝဲချင်လာသည်။ သွားနှုတ်ပြီးစ ယောင်နေသည့် ပါးဖောင်းဖောင်းလေးကို မြင်လိုက်လို့သာ။ မဖြူက စိတ်တိုသဖြင့် ကလေးကို မစောင့်ဘဲ ဘောက်ဆတ်၊ ဘောက်ဆတ် လျှောက်သွားသည်။ မိုးကာဆိုင်ရှေ့မှာရပ်သည်။ ကလေးဆောင်းထီး လူကြီးဆောင်းထီး ထီးရောင်စုံတွေတွေ့ရသည်။ မိုးကာတွေလည်း ချိတ်ဆွဲလျက်. . . ပြီးတော့ ပလက်စတစ်ပစ္စည်းတွေ၊ ကလေးဆောင်းထီး နီနီပြာပြာလေးတွေက မဖြူမျက်စိကို ဆွဲဆောင်လျက်အိတ်ထဲမှာ လေးရာပါခဲ့တာ သွားနှုတ်တာက တစ်ရာနီးပါး။ မိုးကာဝယ်ပြီးလျှင် ဈေးဖိုးပင် လောက်မလားမသိ။ မဖြူ ဈေးသွားပြီဆိုလျှင် အထည်တန်း အိမ်သုံးပစ္စည်းတန်းဘက်၊ ဘယ်တော့မှမရောက်။ အသီးအရွက်တန်း သားငါးတန်းတွင်သာ ရောက်လေ့ရှိသည်မို့ ဘာပစ္စည်းဘယ်လောက် ဈေးရှိလဲ သိပ်မသိ။ အသားတန်းဘက်တွင်လည်း ငါးတန်းတွင်သာ ဝဲလှည့်လေ့ရှိသော မဖြူမို့ အမဲသား၊ ကြက်သားဝယ်လျှင် ဈေးသည်တွေက ဖောက်သည်မဟုတ်လို့ မာရေကြောရေ ဆက်ဆံကာ တိုရေရှားရေ ထည့်ပေးတတ်သည်။ ငါးမဟုတ်ရင် ပုစွန်ဆိတ်၊ ပုစွန်ဆိတ်မဟုတ်လျှင် ငါး နှစ်ပါးသွားခဲ့ရတာကြာပြီမို့ မဖြူခြေထောက်များသည် ဟင်းသီးဟင်းရွက်တန်းနှင့်ငါးတန်းထိပဲ ယောင်လို့လှည့်တတ်တော့၏။ ခုလည်း မိုးကာက ဘယ်ဈေးမှန်းမသိ၍ယောင်နန ရပ်နေမိသည်။ ဈေးတင်ပြောလိုက်မှာလား ရင်ထဲတထိတ်ထိတ်။



"ကြည့်ပါ အစ်မ. . . လာပါ၊ မိုးကာတွေ အမျိုးစုံရှိပါတယ်။ ထီးတွေလည်း မျိုးစုံရှိပါတယ်"

"မိုးကာ ပြစမ်းပါ"

ချာတိတ်သည် မဖြူလက်ကို လာဆွဲသည်။ မဖြူက ဈေးသည် ကောင်မလေးဖြန့်ပြသော မိုးကာအနီလေးကို ယူကြည့်သည်။

"ဒါကလေးက ဘယ်လောက်လဲ"

"၁၄၀ ထဲပါအစ်မ"

"ဟင်"

မဖြူစိတ်တွက် တွက်ရလေပြီ။ ချာတိတ်က မိုးကာကို မကြည့်ဘဲ ထီးနီနီပြာပြာလေးများကို ကြည့်ပြီး

"သားက ထီးယူမှာ အမေ"

"မရှုပ်နဲ့၊ မိုးကာပဲယူ၊ ထီးက မိုးမလုံဘူး။"

"မိုးကာလဲ ရှိတာပဲ အမေရဲ့ သားမှ မလိုချင်တာ"

စနေနံထီးကိုတော့ မဖြူ လုံးဝမဝင်စေချင်။ သို့သော် မဖြူ သားငကြီလေးသည်

"ဝယ်ပေး ထီးဝယ်ပေး"

နားပူလွန်းသဖြင့် မဖြူမနေသာတော့ဘဲ

"ဒီ ထီးလေးက ဘယ်လောက်လဲဟင်"

"နှစ်ရာအစိတ်"

မဖြူ တွန့်သွား၏။

"သား မိုးကာပဲယူနော်၊ မိုးကာက တစ်ရာ့အစိတ်ပဲထား နော်"

"ကဲကဲ အမြတ်တော့ မကျန်ပါဘူး။ အစ်မရယ်၊ အရင်း

အတိုင်းလောက်ပဲ ရှိတာဈေးဦးမို့ ယူသွားပါ။

ပြောပြောဆိုဆို မိုးကာကို ခေါက်၍ အိတ်ထဲထည့်ဆဲ

"ဟင့်အင်း . . မိုးကာယူဘူး၊ မယူဘူး"

"သားက ထီးလိုချင်တာကြီးကို မေမေ့စိတ်ချည်းပဲ"

မဖြူလက်က ခေါင်းကလေးပေါ်သို့ ဝဲပျံသွားလျှင်

ကလေးက မျက်ရည်ရွဲသည့် မျက်လုံးများဖြင့် သူ့အမေကို ကြည့်နေ၏။ ပါးဖောင်းဖောင်းလေး . .

မဖြူသည် သူ့သားလေးကို သနားသွား၏။ ထီးဝယ်ခိုင်းတာက ကျောင်းဖွင့်စကတည်းကပင်။

"သား သူငယ်ချင်းတွေမှာ ထီးရှိတယ်အမေ။ သူတို့လည်း သူဌေးသား မဟုတ်ပါဘူး။ ထီးတော့ရှိတာပဲ"

သား ခဏခဏ ပြောခဲ့သည့် အသံလေးကို ကြားယောင်လာသည်မို့

"ထီးကိုလျှော့ပါဦး"

"အစ်မက ဘယ်လောက်ထားချင်တာလဲ၊ နှစ်ရာနဲ့ပဲပေးလိုက်မယ်လေ"

"၁၈၀ ပဲထားကွယ်"

မရပါဘူး အစ်မရယ် ဈေးဦးမို့အရင်းတိုင်း ပေးထားရတာ ၁၉၀ တောင်မပေးနိုင်ဘူး၊ အစ်မလဲဝယ်ဖြစ်သွားအောင် ၁၉၅ နဲ့ ထားပေးလိုက်မယ်"

မဖြူသည် ချာတိတ်ကိုလည်း စိတ်တို၊ ဈေးသည်ကိုလည်း ဆစ်လို့ မရတာကြောင့် ထီးရောမိုးကာရော ဘာမှမယူပဲ ထွက်လာခဲ့ပြီး လေးငါးလှမ်းရောက်တော့မှ သူ့ချာတိတ်ပါမလာမှန်း သိလေ၏။



ချာတိတ်သည် မိုးကာဆိုင်ရှေ့မှာ ထိုင်ပြီးငိုကျန်ခဲ့၏။ မဖြူ ပြန်လာရပြန်သည်။ ချာတိတ်၏ အဖေကတော့ မဖြူ၏ဒုက္ခတွေကို သိမည်မဟုတ်ပေ။ စနေနေ့အလုပ်ဆင်းရသော ပုဂ္ဂလိကအလုပ်သို့ သူသည် ကျိုးနွံစွာအလုပ်သွားရှာလေပြီ။ တစ်ခါတလေတော့ မဖြူစဉ်းစားမိ၏။ မဖြူနှင့် သူ့သားတို့၏ ပူသံဆူသံကို နားမခံသာ၍ စနေ၊တနင်္ဂနွေပါမကျန် အလုပ်ကြောင်းပြကာမြို့ထဲ ထွက်လေသလား။

"သားရယ်၊ လာပါကွာ ၁၉၅ တောင်တဲ့၊ မေမေနောက်တော့ ဝယ်ပေးမယ်နော်"

မဖြူက ချော့သည်။ ချာတိတ်က-

"သားက ထီးယူချင်တာကို၊ အမေကလဲ"

ချာတိတ်လက်ကိုဆွဲဆောင့်သည်။ ထိပ်ကလေးကို ခေါက်လိုက်မိသည်။

"ဟီး . . . ဟီး . . . အမေကလဲ သွားကျနွတ်ပြီး၊ အရှပ်လဲ ဝယ်မပေးဘူး ၊ ထီးလဲဝယ်မပေးဘူး . . ဟီး . . . ဟီး"

"ကဲပါ အစ်မရယ်၊ ကလေးကို သနားပါတယ်၊ ၁၈၀ နဲ့ပဲ ယူသွားပါ။ မိတ်ဖြစ်ဆွေဖြစ် ကျွန်မလျှော့ပေးလိုက်ပါ့မယ်။ နောက်လိုတာရှိရင်လဲလာပေါ့ အစ်မရယ်"

ဈေးသည်က ကလေးကို အကြောင်းပြပြီး ထီးပြာပြာလေးကို ထိုးပေးလိုက်သည်။

"ကဲ ပြော . . နင် ဘာရောင်ကြိုက်သလဲ။"

"အပြာရောင် အမေ"

ကလေးသည် ထီးကိုတွေ့လျှင် မျက်ရည်ကိုသိမ်းကာ ပြုံးရွှင်သွား၏။ ထီးကလေးကို ယူပြီးဆုပ်ကိုင်ထားလိုက်သည်၊ မဖြူသည် သူလခ ထုတ်စဉ်က ရလာသော လေးဆယ့်ငါးကျပ်တန် အသစ်ကလေး

များကိုစုထားမည်စိတ်ကူးပေမည့် ဈေးသည်လက်သို့ မပေးချင်ပါပဲလျက် လက်လှမ်းပေးလိုက်ရသည်။ မဖြူ လက်ကျန်ပိုက်ဆံနှင့် ဝယ်ရမည့်ဆီ၊ ကြက်သွန်ဖြူ နီ၊ ဟင်းလျာတို့ကိုတွေးရင်း စိတ်ရှုပ်ထွေးနေစဉ် ကလေး သည် ထီးကလေးကို ဖွင့်ဆောင်းကာ ပျော်ရွှင်မြူးတူးနေရာမှ

"အမေ အရုပ် ဝယ်ပေးဦး"

"အံမယ် ငါ့ပိုက်ဆံကုန်ပြီ၊ ဟင်းချက်စရာ ဝယ်ရဦးမယ်"

"အမေ သားကို သနားလို့ ထီးဝယ်ပေးတာလားဟင်"

"အေးပေါ့"

"သွားနှုတ်တာက သိပ်မနာပါဘူး မေမေ၊ သားက တအား နာမှာလားလို့ ငိုတာပါ"

"အိုး. . . ငါ အစကတည်းက ပြောသားပဲ၊ မနာပါဘူးလို့"

သူတို့ သားအမိသည် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးရလို့ သွားပြန်၏။ မဖြူ၏ လခသည် ကလေးလိုအပ်သမျှ ဖြည့်ဆည်းဖို့နှင့် ဆေးဖိုးလေးများနှင့်ပင် ရေစုန်မျောရှာသည်။ ကိုသက်ရှာလို့ ရသမျှက လဲ အိမ်စားရိတ်ပင် အနိုင်နိုင်မို့ သည်တစ်မိုးမတိုင် ခင်ပြင်မယ် ပြင် မယ် အားခဲထားခဲ့သမျှ မပြင်နိုင်သေးသမို့ မိုးရေထဲမှာ မဖြူတို့ အိမ်က လေးသည် ယိုင်လို့ပင်နေလေပြီ။

"ဟဲ့ မဖြူ နင်တို့အိမ်က ယိုင်နေပြီဟဲ့"

စပ်စုတတ်သော အိမ်နီးချင်း အဘွားအို ဒေါ်အာကျယ်က သူတို့အိမ်ကလေးကို ကြည့်ကာ ပြောလာလျှင် မဖြူသည်

"တိုက်ဆောက်မလို့ အဒေါ်ရေ"

ခပ်ရွဲ့ရွဲ့လေး ပြောလိုက်တတ်သည်။

မမြဲသော သဘောတရားထဲမှာ လူရယ် ပိုက်ဆံရယ် အိမ်ရယ်



အရာအားလုံး ပါသည်။ အချိုးနှီးမှုဖြစ်သော လောကကြီးထဲတွင် မဖြူသည် သူ့လက်ထဲမှာ နွေးအောင်မကိုင်လိုက်ရဘဲ ထွက်ခွာသွား လေ့ရှိသော ငါးရာတန်၊ နှစ်ရာတန်၊ တစ်ရာတန် ကိုးဆယ်တန်၊ လေးဆယ်ငါးကျပ်တန်၊ ဘယ်အရာပေါ်မှာမှ အာရုံ တွယ်ငြိခြင်း မရှိ။ ရလျှင်သုံးမည် မရလျှင်လည်း ဖြစ်သလိုပေါ့။ တစ်ခါတလေတော့လဲ ပဲပြုတ်၊ ငါးကျပ်သားဝယ်ဖို့အရေး တွေးချင်တွေးနေကာ တစ်ခါတလေ ကျ ဘဲဥ ခြောက်လုံးကြီးများတောင်ဝယ်၍ တစ်မနက်နှင့် စားပစ်လေ့ ရှိ၏။

သူ့ယောက်ျား ကိုသက်ဦးသည်လည်း မဖြူလိုလူစားပဲမို့ အသွင်တူကာ အဖော်သဟဲဖြစ်လျက် နက်ဖြန်ဆိုတာသည် သူတို့ ထောက်မီမြင်နိုင်စွမ်း မရှိသော မဟာသမုဒ္ဒရာ ဟိုမှာဘက်မှ အရာလို့ ယူဆထားတတ်ကြသည်။ ဗေဒင်တွေမေးကာ ယတြာတွေ ချေနေသည် မို့။

"မနက်ဖြန်ဆိုရင် ဒီထက် အဆင်ပြေမှာ"

ယုံမြဲပင် စနေနံအဝင်မခံချင်ခိုက်မှာ ကလေးကိုထီးဝယ် ပေးခြင်းသည် တစ်ဦးတည်းသော သားမို့မဖြူ၏ ရောမစွန့်စား အနစ် နာ ခံခြင်းပေတည်း။

ဈေးက အပြန်တွင် မဖြူလဲမော ကလေးလဲသွားနာလို့ငြိမ် ပြီးလိုက်လာ၏။မဖြူ သည် ကလေးကို သနားနေ၏။ မေးခိုင်ပိုးတော့ မဝင်ကောင်းပါဘူး တွေးနေသည်။ ချာတိတ်ငယ်စဉ်က ထိုးထားသော မေးခိုင်ကာကွယ်ဆေး၏ အာနိသင်များက သည်အရွယ်ဆိုလျှင် ပြယ်ပြီ လို့ ဆိုသည်။ တွေးရင်းမဖြူ နည်းနည်းလန့်လာ၏။ ဆေးခန်းမှာ ဝင်ဖြီး မေးခိုင်ဆေး ထိုးပေးရဦးမလား၊ ပိုက်ဆံကတစ်ဆယ့် ငါးကျပ်တန် တစ် ရွက်ပဲ ကျန်သည်။

"ကလေးရဲ့ ကံနဲ့ငါတို့ရဲ့ ကံပဲလေ၊ သူမသေနိုင်ပါဘူး။

မဖြူ အားတင်းလိုက်သည်။

"သား နာသေလား"

"နာတယ် အမေ နာတယ်"

"သားကို ဆေးထိုးဦးမှ ထင်တယ်"

မဖြူ စိတ်အတွေးက နှုတ်မှ ပွင့်ထွက်လာသည်။

"မထိုးဘူး၊ နာပါတယ်ဆိုမှ"

"ဟုတ်တယ် ဟုတ်တယ် မထိုးဘူး။"

ကုက္ကိုလ်ပင်အရိပ်များရှိရာ မြောင်းဘောင် လမ်းကြားလေးကို လွန်တော့နေပူပြင်ထဲ ရောက်လာသည်။ သည်လိုဆိုတော့ ချာတိတ်နဲ့ သူ့ ထီးတစ်လက်စီနဲ့၊ အဟုတ်သားပါလား။ ထီးအပြာရောင်လေးသည် နေခြည်ထဲတွင် အရောင်လွင်နေသည်။ ကြယ်ပွင့်လေးတွေနဲ့ လခြမ်းကွေးကလေးတွေ မဖြူငယ်ငယ်က ကလေးဆောင်း ပုသိမ်ထီးလေး တစ်လက်ဆောင်းပြီး အိမ်လည်ထွက်သွားတတ်တာ သတိရလာသည်။ မဖြူလဲ ဆိုးခဲ့တာပဲ။

သူ့သား ချာတိတ်ထက်တောင် ဆိုးခဲ့သည်။ မနာလိုစိတ်ကလဲ များသည်။ သူများထက်သာရမှ အမေတို့က ဝယ်ပေးနိုင်ခဲ့တာလည်း ပါသည်။ ကြည်ကြည်ဌေးကိုင်တဲ့ ယပ်တောင်မျိုးဆို ယပ်တောင်ကိုရမှ ထိုစဉ်က ဆီတစ်ပိဿာ သုံးကျပ်သာပေးရသည့် အချိန် မဖြူလိုချင်သည့် ယပ်တောင်ကလေးကျပ် ပေးရသည်။ မုန့်ဖိုးဆိုလျှင် ငါးကျပ်၊ တစ်ဆယ် အောက် လျော့လျှင်မယူ။ သည်လိုတွေး မိပြန်တော့လည်း ကလေးကို သနားသား။

"အမေ သားတို့ကဆင်းရဲသား မဟုတ်ဘူးနော်"

ထီးကလေးကို ကြည့်ပြီးကလေးကပြောချင် မဖြူသည် အတွေးစကို ဖြတ်လျက်-



အေး. . . အေး. . ."

ကလေးကို ပြောသာပြောလိုက်ရသည်။ ကလေးစကားကြောင့် မဖြူ တုန်လှုပ်သွားရသည်။ ဘာကြောင့်လဲဆိုတော့ စနေနံ ထီးက ဝင်ခဲ့ပြီမို့ ငွေအစုလိုက် အပြုံလိုက်ဝင်မှ ဝင်ပါတော့မလား၊ ဆင်းရဲခြင်းကမ်းပါးတွင် မဖြူရပ်ရင်း ယတြာချေဦးမှ ပါဟု အတွေး ဝင်လာပြန်သည်။

မေလ/၁၉၉၆ မြန်မာ့ခေ

မိန်းမနှင့်ဆေးလိပ်

○○○○○

ကားပေါ်က ဆင်းဆင်းချင်း

ကွမ်းယာဆိုင်လေးမှာ ဆေးလိပ်ဝယ်၊

မီးညှိ၊ လမ်းမှောင်မှောင်မှာ

ဆေးလိပ်မီးရဲရဲကလေးနှင့်

လျှောက်ခဲ့ရသည်။

မိုးအေးညမှာ ဆေးလိပ်ကလေး၏

နွေးထွေးမှုကို ဘယ်အရာနှင့်မှမလဲနိုင်။

"ကိုရေ၊ ထမင်းစားတော့မှာလား"

မိန်းမက ခေါ်လိုက်လျှင် သူပက်လက်ကုလားထိုင်ပေါ်တွင်



ခေါင်းမှီထိုင်ရာက တအံ့တဩ ခေါင်းထောင် ကြည့်မိသည်။

သည်အသံမျိုး မကြားရတာကြာပြီ။ သူ အိမ်ပြန်ရောက်သည်မှာ ည ၉ နာရီ။ ခါတိုင်း ထိုအချိန်ဆိုလျှင် သူတို့ သားအမိသည် ယောက္ခအိမ်က တီဗွီဖန်သားပြင်ရှေ့ ရောက်နေကြပြီ။ အိမ်သော့ ဖွင့်ပြီး သူ့ဘာသူခူးခပ်စား တစ်ခါတစ်လေလည်း ဟင်းအိုးရှာမတွေ့၍ ဖြစ်သလိုစား၊ မိန်းမကပြန်လာလျှင်၊ ဟင်းအိုးကို ရှာမတွေ့ရကောင်းလား အဆူခံရသေးသည်။ တီဗွီသွားမကြည့်သော ညဆိုလျှင်လည်း မိန်းမသည်ကလေးသိပ်ရင်း တစ်မှေးအိပ်လေပြီ။ တံခါးသော့က သော့ခလောက်ချိတ်ထားသည့် သံကြိုးကိုဆွဲကာ သစ်သားတန်းများကြားမှ လက်လျှိုဖွင့်လျှင်ရသည့်မို့ သူ့ဘာသာသူ ဖွင့်ခဲ့ရစမြဲ။ ကလေးမအိပ်သေးလျှင်တော့ ကလေးသည် သူအမေ ကျောမှာ ပုန်းကာ. . .

"သားသား မရှိဘူး၊ ကျောင်းကပြန်မလာသေးဘူးပြောလိုက်မေမေ"

တစ်ခွစ်ခွစ် ရယ်သံလေးနှင့် မလုံမလဲပုန်းတတ်ရှာသည်။

"ဟေ့ ဘာကောင်လေးလဲကွ"

ခေါင်းတုံးပြောင်နှင့် သားလေးသည် ပြုံးရွှင်စွာထွက်လာပြီး. . .

"တွတ်ပီ ဖေဖေ"

သူ့အမေငှား၍ဖတ်ပြရသော တွတ်ပီကာတွန်းတွေကို စွဲလန်းနေသော သားက ဖြေသည်။

သူသည် မောလာ၍ ထမင်းမစားနိုင်သေး။ ကလေးကို လည်း မကြည့်နိုင်သေးဘဲ ဆေးလိပ်ဖွာရင်း ပက်လက်ကုလားထိုင်မှာအပန်းဖြေရသည်။ အခန်းကလေးထဲမှာ မီးခိုးတို့မွှန်ကုန်လျှင် မိန်းမကအော်တော့သည်။

"မီးခိုးတွေနဲ့ မွန်နေတာပဲ။ ဒါကြောင့် ကလေးအဆုတ် အားနည်းနေတာ"

သူက မိန်းမအသံကို မကြားဟန်ပြုလျက် ဆေးလိပ်ကို ရှိုက်ဖွာမြဲဖွာသည်။ ကားပေါ်မှာ တစ်နာရီကျော်ကျော် ခံတွင်းချဉ်လျက် အောင့်ထားခဲ့ရသည်။ ကားပေါ်က ဆင်းဆင်းချင်း ကွမ်းယာဆိုင်လေးမှာ ဆေးလိပ်ဝယ်၊ မီးညှိ၊ လမ်းမှောင်မှောင်မှာ ဆေးလိပ်မီး ရဲရဲကလေးနှင့်လျှောက်ခဲ့ရသည်။ မိုးအေးညမှာ ဆေးလိပ်ကလေး၏ နွေးထွေးမှုကို ဘယ်အရာနှင့်မှ မလဲနိုင်။

"တော်တော့လေ၊ ထမင်းစားပါတော့လား၊ အဲဒီဆေးလိပ်ကြီးက ချထားစမ်းပါဦး"

'မိန်းမက ကလေးတင်ပါးလေးကို ပုတ်သိပ်ရာကထလာသည်။ ကလေးက မျက်လုံးလေးဖွင့်ကြည့်ပြီး. . .

"ဖေဖေ လူဆိုးကြီးနော် မေမေ"

"အေး. . အေး"

မိန်းမသည် ကလေးနှင့်ပူးပေါင်း၍ ဆေးလိပ်တွေကို တွေ့ရာမရှောင်နှိမ်နင်းသုတ်သင်ရေးလုပ်ခဲ့ရပြီ သူ အလုပ်က ပြန်လာလျှင် လွယ်အိတ်ထဲကဆေးလိပ်၊ ရှပ်အင်္ကျီအိတ်ထဲမှာ တန်းစီထည့် ထားသည့် ဆေးလိပ်၊ ဘယ်ဆေးလိပ်မဆို ချိုးဖဲ့ပြီးလွှင့်ပစ်ကြစမြဲ။ သို့သော်ထိုသားအမိ၏ ဆေးလိပ်နှိမ်နင်းရေးသည် ဘယ်တော့မှ မအောင်မြင်။ ၂ လိပ်ချိုးဖဲ့လျှင် ၄ လိပ်ဝယ်ထည့်သည်။ ကြာတော့ ဘတ်ဂျက်ထိ ခိုက်မှာစိုးပြီး မိန်းမလက်လျှော့သွားသည်။ သူ ရောဂါရမှာစိုးရိမ်၍ မိန်းမက ဆေးလိပ်သောက်ခြင်းကို ထားမြစ်နေမှန်းတော့ သူသိပါသည်။ ပြီးတော့ ကလေး အဆုတ်အအေးမိပြီး အဆုတ်ယောင်ထားသဖြင့် ခဏခဏချူချာလှသည်။ ဒါကိုဖအေ ဆေးလိပ်သောက်လို့ဟု ယူဆစမြဲ။ နောက် ဆေးလိပ်သောက် သူတစ်ယောက်ရဲ့ မိန်းမဟာ ၃ နှစ်ဆိုလား ၇ နှစ်ဆို



လား အသက်တိုသတဲ့။ ကြားဖူးသမျှ ဗဟုသုတလေးတွေနဲ့ ရန်ပွဲဆင်စမြဲ။ သူက လည်းအိမ်ထောင်သက် ၆နှစ်ကျော်လို့ ၇ နှစ်ထဲရောက်ခဲ့ပြီဖြစ်ရာ. . .

"နားငြီးတယ်ကွာ"

အနိုင်နှင့်ပိုင်းလိုက်လျှင် မိန်းမသည် စူဆောင့်တော့သည်။ မိန်းမကလည်း အညံ့မခံပါပေ။ သူက ကြင်နာစွာမွှေးမွှေး ပေးမိလျှင်-

"သွားပါ ဆေးလိပ်စော်နံလွန်းလို့"

တစ်ခါကတော့ မိန်းမသည်တော်တော်လေးလှခဲ့၏။ ကျော့ရှင်းသိမ်မွေ့ ယဉ်သွယ်နွဲ့နှောင်း၏။ ချစ်သူဘဝမှာတော့ မိန်းမ၏ရုပ်ပုံလွှာသည် သူ့ကိုထာဝရစိုးမိုးထားသည်။ ဆေးလိပ် "မီးခိုးငွေ့များကြား၌ ချစ်သူ၏ ရုပ်ပုံလွှာလေးကို တရေးရေး မြင်ကြည့်ရသည့် ပီတိကို ခံစားဖူးမှသိကြမည်။ သူကလေးကလည်း ခုလိုစူစူပုပ်ပုပ် အောက်သိုးသိုးမျက်နှာမျိုးရှိဖို့ဝေးစွ။ ယခု သူမကြီးနှင့်ယခင် သူကလေးတို့သည် အမြွှာညီအစ်မမပြောနှင့် ဖအေတူမအေကွဲပါပြောလျှင်ပင် ကျိမ်းကျိန်ရဦးမည့် အဖြစ်မျိုး။ ခုမှဖြင့် "မှားပါတယ်" ပြောရမည်ဆိုလျှင် အာဒမ်နှင့်ဧဝပေါ်ပေါက်ခဲ့ပြီးနောက် နှောင်းခေတ်တစ်လျှောက်လုံး သူ့လိုမှားခဲ့ကြသူတွေ အသင်္ချေအနန္တ။

ချစ်သူလေး ဘဝတုန်းကတော့ ရုံးကရသည့် ဒူးယားဆိုလျှင် ရောင်းမစားရက်ဘဲ သူ့အတွက် ယူလာတတ်သည်။ ချစ်သူပေးသည့် ဒူးယားကိုသောက်ပြီး ချစ်သူအကြောင်းတွေးရတာ ကြည်နူးစရာ။ ကိုယ့်အပေါ် ချစ်တတ်အလိုက်သိတတ်သည့် ချစ်သူအလိမ္မာမကလေး ဘဝတစ်လျှောက်လုံး သူ့အပေါ်သည်လိုပဲ ကြင်နာသွားမှာပဲ။ ဆေးလိပ်ဖွာရင်း ပီတိဖြာခဲ့ရသည်။ နောက်တော့ ကံဆိုးစွာ လှည့်ပြောင်းသွားခဲ့ရတာက ချစ်သူရဲ့သူငယ်ချင်းအမေ အဆုတ်ကင်ဆာရောဂါနဲ့ ဆုံးပါးသွားခြင်းကြောင့်ပင်။

ထိုအဘွားကြီးသည် ဆေးပေါ့လိပ်ကို လက်ကမချဘဲတစ်သက်လုံးသောက်သွားသတဲ့။ ချောင်းဆိုးပြီး ရင်ဘတ်အောင့်အောင့်နေရာကနေ ရှီးရှီးဖျားနာတာကစလို့ နာလန်မထူတော့ဘဲ အဆုတ်ကင်ဆာရောဂါသည်ဘဝဖြင့် ဆေးရုံမှာ ၁၀ လအတွင်း တက်လိုက်ဆင်းလိုက်လုပ်ရင်း ဆုံးပါးသွားရရှာသည်။ အဘွားကြီး၏ အသုဘကို သူတို့ ၂ ယောက်လုံး လိုက်ပို့ကြပြီးနောက် ရာဇသံစလာသည်။ သည်တုန်းက နူးညံ့ပျော့ပျောင်းညင်သာစွာ. . .

"ကိုရယ်၊ ဆေးလိပ်မသောက်ပါနဲ့နော်၊ ကို မရှိရင်ချိုလေးနေလို့ရမှာမဟုတ်ဘူး သိရဲ့လား"

"ကိုယ်မရှိရင် နောက်တစ်ယောက် အသစ်ရတာပေါ့ကွာ ပိုတောင်ကောင်းသေး"

"ဟင်း. . . ကို နော်"

'ချိုလေး' က မျက်စောင်းနနကလေးပြုရင်း ကျောကိုထုသည်။

သည်လိုနှင့် ရာဇသံအတည်ဖြစ်လာခဲ့ပြီးနောက် ချစ်သူရှေ့မှာ ဆေးလိပ်မသောက်မိဖို့ သတိထားခဲ့သည်။ သူ့ပါးစပ်က ဆေးလိပ်နံ့နံ့လျှင်ပင် ချစ်သူက ခွင့်မလွှတ်ချင်တော့။ ထိုနေ့တစ်နေ့လုံး သူ့ကို စကားမပြောတော့။

တစ်နေ့တော့. . .

သူတို့သည် ရုံးပိတ်ရက်တစ်ရက်မှာ လျှောက်လည်ကြပြီး ဥဇနာရီ အဆောင်ထဲသို့ 'ချိုလေး' ဝင်သွားလျှင်ပင် သူကတစ်နေ့လုံးခံတွင်းချဉ်လှပြီမို့ စိတ်လက်ပေါ့ပါးစွာဖြင့် လမ်းထိပ် ကွမ်းယာဆိုင်ကလေးဆီ လျှောက်သွားပြီး အိပ်စပို့ ဒူးယားတစ်လိပ်ကိုဝယ်ကာ ရင်ထဲထိရှိုက်ဖွာလိုက်သည်။ ရှုက်ဖွာလိုက် ပြန်ထုတ်လိုက်နှင့် ညချမ်းအေး၏ လေအေးလေနုထဲမှာ အခိုးငွေ့တန်းလေး ဝေ့ဝဲလို့သွား၏။ ကားစောင့်ရင်း ရှုရှိုက်လုပ်ရသည့် ပီတိဖြင့် ငြိမ်းချမ်းလို့နေ၏။



"ဟင်. . . ကို"

'ချိုလေး'သည် အံ့ဩတုန်လှုပ်သော မျက်နှာဖြင့် သူ့ရှေ့မှာ ရပ်လို့နေသည်။ အမြင်အာရုံမှားနေတာပဲလား။ တကယ့်ကို 'ချိုလေး' ပဲလား။ မဝေခွဲမိသေးခင် လက်လေးကို အမှတ်မဲ့နောက်ပစ်ကာ ဆေးလိပ်ကိုဝှက်လိုက်မိသည်။

"ဘာလဲ ချို ဘာလဲ"

'ချိုလေး'သည် မျက်လုံးတွေမီးဝင်းဝင်းတောက်လျက် ဘယ်ကဘယ်လိုရောက်လာသည်မသိ။ ရင်ထဲမှာ တဒိန်းဒိန်းခုန်လာကာ ဆေးလိပ်ကိုနှမြောစွာဖြင့် မြေမှာချနင်းချေပစ်လိုက်ရသည်။

"ဟင့်အင်း ဟင့်အင်း၊ မုန်းတယ် မုန်းတယ်၊ ရှင့်မျက်နှာကိုကျွန်မ မကြည့်ချင်ဘူး၊ ကတိမတည်တဲ့လူ၊ လူလိမ် လူညာ"

'ချိုလေး ချိုလေး'

သူသည် ငိုချင် ရယ်ချင် ဖြစ်လျက် ကျန်ရစ်ခဲ့၏။

* * *

"ကိုရေ၊ ထမင်းစားတော့မှာလား"

မိန်းမက ချိုသာစွာပြောကာ ဂလုံဂလွမ်နှင့် အိုးတွေခွက်တွေ လှုန်နေသံကြားရသည်။

ဪ. . .

ဒီနေ့ စနေနေ့ပဲ။

မိန်းမကို ပိုက်ဆံပေးရမယ်နေ့။

သူသည် ပင့်သက်ရှိုက်လျက် ပိုက်ဆံအိတ်ကိုနှိုက်၏။ မိန်းမကပြောဖူး၏ ခြသေ့်ရုပ်များသည် သူ့စိတ်ကို ကြည်လင်စေသတဲ့။ ဒါပေမယ့် တစ်ယောက်နှစ်ကောင်တည်းတော့ မကြိုက်။

ဒီတစ်ခါတော့ သူ ကူညီလုပ်ကိုင်ပေးသောကိစ္စအတွက် ခြင်္သေ့ ၃ ကောင်ရလာခဲ့သည်။ တစ်ကောင်ကိုထီထိုးဖို့ လှျိုထားရဦးမည် တွေးပြီးမှ ချိုသာကြည်လင်နေပုံရသော မိန်းမကိုကြင်နာသွားကာ ရှပ်အကျႌ အိတ်ထဲက ၃ ကောင်စလုံးနှိုက်ပေးလိုက်သည်။ မိန်းမသည် ပြုံးချို လျက်. . .

"ကလေးဖို့ ဖိနပ်ဝယ်ရမှာ၊ အတော်ပဲ ကိုရေ"

"ဒီနေ့ အာပြဲခြောက် ကြော်တယ်၊ ဘူးရွက်ဟင်းချို ငါးပိသုတ်လေးနဲ့ စားတော့မလားဟင်၊ ဟင်းချိုလေးပူတုန်း စားလိုက်ပါလား"

"နေဦးဟ့ော၊ မောလာလို့"

သူသည် စိတ်လန်းဆန်း လွတ်လပ်နေရလျက် ဆေးလိပ်ကို ဖွာရှိုက်သည်။

"ဟင် ကို ကလည်း ဆေးလိပ်တွေ သောက်ပြန်ပြီ"

ဒီဂရီလျော့သွားသည့် အသံ။

"မိန်းမရယ်၊ မောလွန်းလို့ပါကွာ"

"ရောဂါရမှာစိုးလို့ပြောတာ. ."

"ရောဂါရလောက်အောင်လည်း မသောက်ပါနိုင်ပါဘူးကွာ၊ ဆေးလိပ်ဖိုး ၂ ကျပ် ၃ကျပ်နဲ့ တစ်နေ့လုံး ဘယ်နှစ်လိပ် သောက်နိုင်မှာမို့လဲ"

"ရောဂါရရင် ငယ်ငယ်ရွယ်ရွယ်နဲ သေသွားမှာစိုးလို့ရှင်း သိရဲ့လား"

မျက်စောင်းကလေး ဝေ့လာသည်။ မုန်တိုင်းမဆန်သော မျက်စောင်းပြေပြေကလေး။

* * *



သူ့အလုပ်က တနင်္ဂနွေတစ်ရက်တည်း ပိတ်လို့တော်သေးသည်။ တနင်္ဂနွေတစ်ရက်မှာပင် အိမ်အလုပ်တွေက ဂျင်ခြေလည် လျက်။ ရေသယ်၊ ရေဖြည့် သစ်ပင်ရေလောင်း၊ ခြင်ထောင်လျှော်၊ ကလေးကိုရေချိုးပေး၊ ပုဆိုးအစို တစ်ပိုင်းနှင့်အေးလှပြီ။

သူသည် တစ်ခါတည်းရေမချိုးနိုင်သေးဘဲ အိမ်ရှေ့သရက်ပင်ရိပ်က ဝါးပက်လက်ကုလားထိုင်အိုပေါ်မှာ ပုဆိုးအစို တစ်ပိုင်းသာ အဝတ်ပါလျက် ကျောဗလာနှင့် ထိုင်ရင်းဆေးလိပ်ကိုရှိုက်ဖွာသည်။ ဆေးလိပ်ဖွာရသော အရသာက မနက်ခင်း အမောကလေးများကို ပြေသွားစေသည်။

"ဟင် ဒီရှပ်အကျႌအသစ်ကြီး မီးဖောက်ပစ်လိုက်ပြီ"

မီးပူတိုက်နေသော မိန်းမထံမှ စူးရှရှအသံက လွင့်ပျံလာ၏။ မိန်းမသည် အိမ်ထဲမှာ အေးချမ်းစွာ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ဖို့ မစဉ်းစား။ သက်သေခံပစ္စည်းအဖြစ် သူ့ရှပ်အကျႌကိုပါ ယူဆောင်လို့လာ၏။

"တွေ့လား တော်မီးဖောက်ပစ်တာ။ ရက်စက်ပါပေ့တော်။ သူများပေးထားတဲ့ ဖောရိန်းရှပ်လေး ၊ အကျႌဆိုလို့တော့မှာ ဒီတစ်ထည်အကောင်းရှိတာ၊ သိမယ်သိမယ်။ ဒီလောက်တောင်ရှိတာ ဓားနဲ့ကို နုပ်နုပ်စဉ်းပစ်မယ်"

မိန်းမအသံက ပြာလိုနေ၏။ ဒေါသနှင့် တုန်ယင်နေ၏။ တကယ်လုပ်ချင်လုပ်ပစ်မယ့်မိန်းမ။

"မလုပ်ပါနဲ့ကွာ ဘတ်စ်ကားပေါ်မှာ သူများမီးဖွားလွင့်လို့ပါ ကွာ"

မျက်နှာငယ်လေးဖြင့် လေပြည်ထိုးရင်း အကျႌကိုလုထားလိုက်သည်။ သည်အကျႌက ယောက်ဖသဘော်သားက လက်ဆောင်ပေးထားသော ပိတ်အင်ဘစ်ရစ်တိန်တရုတ်ဘူးရှပ် အပြာနုလေးဖြစ်သည်။

မိန်းမပြောတာလဲ မှန်ပါသည်။ သူကလည်း သူပါပဲ။ ဖြစ်ပြီးသွားမှတော့ ဘာတတ်နိုင်ပါ့မလဲ။

မိန်းမသည် သူ့ဘေးမှာ ခြေဆောင့်လျက် ပြစ်တောက်ပြစ်တောက် ဆက်လုပ်နေသေးသည်။ သူသည် မျက်နှာငယ်လေးဖြင့် ဆေးလိပ်ကိုချလျက် ရေသွားချိုးဖို့ပြင်လျှင် မိန်းမသည် ဆက်ပြောဖို့ မောသွားလို့လားမသိ အိမ်ထဲပြန်ဝင်သွား၏။

"စိုးစိုးရေ စိုးစိုးလာခဲ့ ထမင်းစားမယ်"

အတန်ကြာလျှင် အိုးသံခွက်သံဂလုံဂလွမ်း ကျယ်လောင်စွာ ကြားလိုက်ရပြီးနောက် စူးရှရှကလေးခေါ်သံသည် အင်မတန်ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဖအေနှင့်မအေက ဆိုးသွမ်းကလေးလို့ နာမည်ပေးထားသော တစ်ဦးတည်းသောသား 'မောင်စိုးထွေး'သည် ဘယ်ကမ္ဘာသို့ သွားရောက်ခြေစကြာဖြန့်ချီ လေသလဲမသိ။ မူကြိုကျောင်းသားချာတိတ်သည် အင်မတန်စူးစမ်း၏။ အမေးအမြန်းကလည်းထူလှ၏။ တစ်ခါသော် သူ့အဖေပြောဖူးသည့် စကားမှတ်ထားပြီး. . .

"ဖေဖေ့ ဆေးလိပ်မှာ မူးယစ်ဆေးဝါး မပါဘူး"လို့ သူ့အမေထံ အယူခံဝင်မိသဖြင့် ခေါင်းခေါက်ခံရဖူး၏။

"ဟင်၊ နင်က ဒီချောင်ထဲမှာ ဘာလုပ်နေတာလဲ"

မိန်းမ၏ ဒီဂရီမြင့်တင်လိုက်သည့် အော်သံက စူးရှကျယ်လောင်လွန်းသည့်မို့ အေးဆေးစွာ ထိုင်မနေနိုင်တော့ဘဲ ကုလားထိုင်ပေါ်မှထကာ အိမ်ပေါ်တက်လာရသည်။

"သားသား ဖေဖေလုပ်နေတာ မေမေ"

"ဘာ ဖေဖေလဲ၊ ဘာ ဖေဖေ လုပ်တာလဲ"

ဆေးလိပ်တိုကို ပါးစပ်မှာခဲလျက်၊ ဂက်စ်မီးခြစ်ကို မခြစ်တတ်ဘဲခြစ်နေသော သားသည် သူ့အမေလက်ထဲ တွဲလောင်းပါသွား၏။

'ကဲ ဖေဖေလုပ်ချင်ဦး၊ ဖေဖေလုပ်လိုက်ဦး"

နီးရာလက်နက် ရှာမတွေ့သည့်မို့ ကျောပြင်ကို ပြောတီးသလိုတီးလေတော့သည်။ သူ မနေနိုင်တော့. . .

"ချိုလေးကလည်းကွာ၊ ကလေးကို ရက်ရက်စက်စက်"

"မေမေ ရိုက်တယ်၊ ဖေဖေ၊ မေမေရိုက်တယ်"

"သတ်မယ်၊ သတ်ပစ်မယ်၊ ဖအေ့ဆီက အတတ်ကောင်းတွေ သင်နေတာ"

"သား လာ၊ သား လာ၊ ဖေဖေ ဆီလာ"

ကလေးကို သနားစွာဖြင့် ပွေ့ချီလိုက်ရင်း လွတ်မြောက်ရာ ဒေသဖြစ်သော ယောက္ခမအိမ်သို့ ချီတက်သွားရသည်။ သူ့ ယောက္ခမအမကြီးသည် စာကြည့်မျက်မှန်လေးတစ်လက်နှင့် ဆန်ရွေးနေရာက. . .

"ဟင် စိုးစိုး၊ ဘာလို့ငိုလာတာလဲ၊ လာ ငါ့မြေး၊ နင့်အမေ မိချိုဘာဖြစ်နေလဲ"

"ဘော့စနီးယား စစ်ဖြစ်နေတယ်"

ချာတိတ်ကလေး၏ အဖြေစကားကြောင့် ဘွားအေလုပ်သူ ကရယ်လိုက်ရင်း ဆန်ဇန်းကို သိမ်းကာ. . .

"လာ ငါ့မြေးလာ၊ ဘွားဘွားမုန့်ကျွေးမယ်"

သားကို ဘွားအေထံမှာထားခဲ့ကာ လှေကားပေါ်မှ ဆင်းမည်အပြု. . .

"မောင်စိုးသက်ရေ ခဏ"

ယောက္ခမအထီးကြီး၏ ခေါ်သံကြားလိုက်ရသည်။ ယောက္ခမကြီးသည် ခွေခြေခုံကလေးပေါ်မှာ သိုင်းစာအုပ် တစ်ထပ်တင်လျက် ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး သိုင်းစာအုပ်ကို ဖတ်နေ၏။ ပင်စင်စားတို့၏ စည်းစိမ်ကား သိုင်းစာအုပ်ပေတကားလို့တွေးဆဲ အဘိုးကြီးသည် နောက်ဖေးခန်းသို့ တစ်ချက်ငဲ့ကြည့်ရင်း အသံအုပ်လျက်။

"ငါ ခံတွင်းချဉ်လာလို့ကွာ၊ ဂျိုးသိန်းသွားဝယ်ပေးစမ်းပါ။ တိုင်ကရှပ်အကျႌ ထဲမှာ ပိုက်ဆံနှိုက်သွား"

သူသည် ပေါ့ပါးစွာ ထွက်လို့လာခဲ့၏။ စာဖတ်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတွင်တော့ သူတို့သားအဖနှစ်ယောက် တူညီကြသည်။ ယောက္ခမအတွက် ဆေးလိပ်နှစ်ကျပ်ဖိုးဝယ်လာခဲ့၏။ အဘိုးကြီးသို့ ဆေးလိပ်ကမ်းပေးဆဲ ဘွားအေနှင့်မြေးသည် နောက်ဖေးခန်းထဲမှ ထွက်လာကြ၏။ သားသည် ဝေဖာတစ်ချပ်ကိုကိုင်လျက် ပြုံးလာ၏။

"ဘွားဘွားပေးတယ် ဖေဖေ"

"ဟင် ဖအေကြီး ဆေးလိပ်တွေ သောက်ပြန်ပြီ"

အဘွားကြီး၏ အသံတုန်ခါနှုန်းကြောင့် သူ့လက်ထဲမှဆေးလိပ်တို့သည် အဘိုးကြီးလက်ထဲသို့ တုန်ယင်လျင်မြန်စွာ ရောက်ရှိသွား၏။ အဘိုးကြီး၏လက်တွေက ဝှက်စရာရှာမရသည်မို့ သိုင်းဝတ္ထုတွေနှင့် ဖိထားလိုက်ပြီး မချိသွားဖြဲဟန်လေးဖြင့်ရယ်ကျဲကျဲ။

"ဟဲ ဟဲ ဟဲ ခံတွင်းချဉ်လို့ပါကွ"

ဆေးလိပ်တွေမညီမညာ အောက်ကခံလိုက်သည်မို့ သိုင်းဝတ္ထုစာအုပ်များသည် ကြမ်းပြင်ပေါ်သို့ဝုန်းခနဲ ပြုတ်ကျသွား၏။

သူလည်း သိုင်းဝတ္ထုထဲမှ ဇာတ်လိုက်၏ လျင်မြန်ပေါ့ပါးခြင်းနှင့် အတူအိမ်အောက်သို့ ရောက်ရှိသွားခဲ့လေတော့သည်။

၁၉၉၇/ မဟေသီမဂ္ဂဇင်း



ဖျားသွေး

* * * */*

ညကမှောင်မည်းသလောက် တိတ်ဆိတ်သည့် ညမျိုး။

တိတ်၍ ငြိမ်နေသည်။

လေသည်ပင် အသက်ရှူ မဝသယောင်။

လေတိုက်သံမျှ မကြားရ။

အသက်ရှူကြပ်၍ မွန်းလျက်အိပ်ရာက နိုးလာရပြန်သည်။ အာခေါင်ခြောက်လျက် ရေငတ်လှသည်။

ရေကို ငတ်မွတ်ဆဲ၊ အာခေါင်ခြောက်ပြီး ပါးစပ်နှင့်အသက်ရှူရင်းကပင် လေကိုပါ ငတ်မွတ်ရပြန်သည်။ လေဘယ်မှာလဲ။

အိပ်မရသဖြင့် ထထိုင်မိသည်။

ဖျားပြန်ပြီ။

အဖျားနှင့်အတူ အပူရှိန်သည် အာခံတွင်းမှ တရှိန်ရှိန်တက်လာ၏။ စိမ့်၍ ချမ်းတက်လာပြန်သည်။ အိပ်ရာသည်မွန်းကြပ်လျက် . . .။

သည်တစ်နှစ်လုံး သည်လိုချည်းဖျားလို့ နေတော့မှာ လား. . .

ညစဉ်လိုလို ဖျားလျက် ဆေးလုံးတွေ၊ ဆေးပြားတွေ၊ ဆေးရည်တွေ၊ ထိုးဆေးတွေက အဖျားကို ဟန့်တားလိုက်၊ ပြန်ဖျားလိုက်။

အိပ်မက်တွေကလည်း ချောက်ချောက်ချားချား။ ဘယ်တော့မှ နားခိုရာမရ။

အိုဇုံးလွှာပေါက်သဖြင့် ရာသီဥတုကပို၍ ပူလာသည် ထင်သည်။ သစ်ပင်စိမ်းလန်းတို့ မဝေဆာသော ကတ္တရာလွင်ပြင် မိုးထိတိုက်များ ဆောက်လုပ်ဆဲတိုက်များ သေတ္တာပုံးလေးလိုအခန်းကျဉ်းကလေးတွေထဲမှာ ပြည့်ကျပ်ညပ်နေသော မိသားစုများအပူတို့ လှိုင်းထလျက်. . .

ဘတ်(စ)ကားစီးလျှင်လည်း အပူလှိုင်းသည် လူတစ်ဦးစီတစ်ဦးစီမှ ကူးစက်လျက်၊ ထပ်ကြပ်လျက်။ ရှုံးဆင်းချိန် မွန်းကြပ်သော ဘတ်(စ)ကားထဲမှာ ဟွန်းသံတို့ နားမခံသာဖွယ် ဆူညံဆဲ။ ကားတန်းကြီးက ရွေ့လျားကာ လမ်းတို့ပိတ်ဆို့လျက်။ လူတွေ ကားတွေလမ်းပိတ်ဆို့မှုတွေ ကြားထဲမှပင် ခြေတစ်နေရာအတွက် အတင်းကုပ်ကပ်ထားရင်း ဖျားသွေးတရှိန်ရှိန် တက်လာပြန်သည်။ လည်ချောင်းထဲက စူး၍နာလာသည်။ ဒူးတွေက မခိုင်ချင်။ လက်တွေက ခုံတန်းကို လှမ်းကိုင်ဆဲ။ လူတချို့က သူ့ ကိုယ်ပေါ်ပိကျလျက်။ ဆဲရေးသံများ ရန်ဖြစ်သံများ၊ ကားစပယ်ယာကို ကျိန်ဆဲသံများ၊ အားလုံးအိမ်ကို အမြန်ဆုံးရောက်ချင် သည့် ဆန္ဒမွန်းကြပ်မှုမှ လွတ်မြောက်လိုသည့် ဆန္ဒများမှ ဖရုသဝါစာစကားလုံးများအဖြစ် ပြောင်းလဲလာကြခြင်းကို သည်းခံလျက် သူကိုယ်တိုင်လည်း ထိုသူများနည်းတူ အော်ဟစ်ပစ်ချင်နေမိ၏။ သူတို့နှင့် မဆိုင်သလို ငိုက်မြည်းရင်း လိုက်ပါလာသော ထိုင်ခုံတစ်နေရာစာ ရထားသူအချို့။ အချို့က ပုတီးစိပ်ရင်း၊ အချို့ကဝတ္ထုဖတ်ရင်း၊ အချို့က သူတို့ကိုယ်ပေါ်သို့ ပိကျလာသည့် ထိုင်ခုံဘေးမှရပ်နေသူများကို ရန်လုပ်ရင်း၊ ငယ်ရွယ်သူ တချို့ကတော့စာနာစိတ်ဖြင့် နေရာမရသူများထံမှ ပစ္စည်းတွေကို ကူညီကိုင်ပေးထားတတ်ကြသည်။ ရုံဖန်ရံခါမှာတော့ ကားတွေက လေပေါက်ကလေးမျှမရ။ လေပေါက်ကလေး ရလျှင်မှ ခြေချစရာမရဘဲ မွန်းကြပ်လျက် လဲပြိုမတတ် အဖိအတိုးအတိုက်ခံနေရသည်ကို မေ့လျော့ထားနိုင်ဦးမည်။ ကားတစ်စီးပေါ် မရောက်မီကတော့ အိမ်ပြန်လိုဇောဖြင့် ကားပေါ်ရောက်ဖို့ပဲ စိတ်စောခဲ့မိသည်။ ကားပေါ်ရောက်လျှင်ဖြင့် သူ၏ကံကြမ္မာကို စပယ်ယာနှင့် ဒရိုင်ဘာက ပိုင်ဆိုင်သွားပြီ။ သူသည် စည်သွပ်ဘူးထဲမှ အရာဝတ္ထုတစ်ခုမျှသာ။ ကုပ်တွယ်လိုက်၊ ယိမ်းထိုးလိုက်၊ အဖိအတိုးခံလိုက်သည်လိုနှင့်သူပို၍ ဖျားလာသည်။

ဖျားလိုက် ချောင်းဆိုးလိုက်။ တစ်စုံတရာသော ပိုးတို့သည် သူ့ကိုယ်ထဲမှလှိုက်စားခဲ့ဟန် ရှိသည်။ ရုံဖန်ရံခါတွင် နှလုံးသားကိုများ ကိုက်ဝါးနေကြသလားမသိ။ သို့တိုင် နံနက်လင်းလာပြီဆိုလျှင်တော့ ဆေးလုံး၊ ဆေးပြားတို့ကို ဝါးမြိုလျက် အလုပ်ခွင်သို့ သွားရ၏။

အလုပ်ထဲမှာလည်း သူသည် ဖျားလျက်။

သူက အလုပ်ကို စိတ္တဇတစ်ခုလို စွဲလမ်းနေခဲ့သည်။ မစွဲလန်းလို့လည်းမရ။ သူတာဝန်ယူရသည့် နေရာကအထက်မကျ အောက်မကျ။ ဖိုင်ပုံတွေကြားမှာ တကုပ်ကုပ်တလှုပ်လှုပ်နှင့် ညနေလေးနာရီဘယ်လိုခွဲသွားသည် မသိခဲ့။ သူကတော့ သူ့လူတွေကို အတင်းဖိမခိုင်းချင်။ သူတို့လုပ်သမျှ စိတ်တိုင်းမကျလျှင် ကိုယ်ပဲပြန်လုပ်ရဦးမည်။ ကိုယ်လုပ်နိုင်သမျှ လုပ်ရင်းမောလို့ နေတတ်ပြန်သည်။ သည်လိုပြောလို့သူ့လူများ အရည်အချင်းမရှိလို့ ပျင်းလို့ဟုယူဆရန် အကြောင်းမရှိ။ ရှိသည့် အရည်အချင်းကို ထုတ်မပြကြသေးတာလဲလို့ သူထင်သည်။

သူတို့၏ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းထက် ဝမ်းဗိုက်ကသာ ပို မြင့်မြတ်သောအရာ ဖြစ်နေပေရာ ရုံးရောက်လျှင် ထမင်းဘူးဖွင့်စားမည်။

"ဒီနေ့ သတင်းစာထဲမှာ ဘာထူးသေးလဲ။ "

"ဖော်လင်း သေသွားပြီ"

"မနေ့ကတွေ့လိုက်လား ဟိုအလုပ်က ခေါ်ပြန်ပြီ"

"နင် မလျှောက်ဘူးလား"

အလုပ်စားပွဲမှာထိုင်ရင်း အလုပ်ရှာနေသူများ သည်တော့ သူ ကရာထူးလေးတစ်ဆင့်မြင့်ရုံနှင့် သူတို့ထက် ပိုလို့အဆင့်မြင့်သည်ဟု ဂုဏ်ယူဖွယ်ရာတော့မရှိ။ အားလုံးလိုပင် အသက်တွေက လေးဆယ်နီး ပါး လူ့ဘဝ၏ ပျော်ရွှင်ဖွယ်ကောင်းသည့် အရွယ်များကို ဖိုင်ပုံတွေ ကြားမှာ နစ်မွန်းမြုပ်နှံခဲ့ပြီးမှ ထပ်မံ၍ အလုပ်ရှာနေကြဟန်ရှိသည်။

ထမင်းဘူးကို ဖွင့်လိုက်တော့ ငါးခြောက် သို့မဟုတ် ပင်လယ် ငါးတစ်ကောင်က စောင့်စားလျက်။ ငါးအမျိုးမျိုး ပုံစံအမျိုးမျိုး ငါးစား ခြင်းသည် ကောင်း၏။ နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ် ပြီးသား ဖြစ်သွားစေသည်။ သူကတော့ ဘယ်တော့ မှငါးမကြိုက်။ သို့သော် ထုံးစံတစ်ခုလိုပင် အရိုးအမွှာမွှာနှင့် ငါးမြစ်ချင်းတစ်တုံးက သူ့ကိုကမ်းလင့်လျက်. . .။

အလုပ်များက သတ်မှတ်ရက်ထက်ကျော်သွားခဲ့သဖြင့် သူသည် ဖျားသွေးဖြင့်ပင် အိပ်မက်တွေ မက်ခဲ့ရသည်။ အိပ်မက်ထဲ မှာ စာမေးပွဲတွေ ဖြေနေခဲ့ရသည်။ မဂ္ဂဇင်းတစ်အုပ်တည်းမှာ သင်တန်းဖိုး ထားသည့် အရာများနှင့် လုပ်ငန်းခွင်ကိုက်ညီခြင်းရှိမရှိ၊ မေးခွန်းများ လုံခြုံမှု လူမှုရေးလေးစားမှု ဧရာမစကားလုံးကြီးများကို ဖတ်ရင်း ဖတ်ရင်းက အာခေါင်ခြောက်လာသဖြင့် မဂ္ဂဇင်းကိုချကာ ရေနွေးပူပူ တစ်ခွက်သောက်လိုက်ရသည်။



နာရှူဆေး ပရိတ်ကြီး(၁၁)သုတ် စာအုပ်နှင့် အဖျားပျောက် ဆေးအမျိုးမျိုး၊ ကျောရိုးထဲက အောင့်လာလျှင် အကိုက်အခဲပျောက် ဆေးတစ်ခုခု။

ဝါရော်ရော်ဝတ်စုံကို ဖြူစင်ဖို့ကြိုးစားဆဲကပင် ထိုနှလုံးသား ထဲမှာ အဖျားသွေးတို့သည် လည်ပတ်လှုပ်ရှားနေခဲ့သည်။ ထိုအဖျား သွေးနှင့်ပင် နှလုံးခုန်ခဲ့ရ၍ထင့် အသက်ရှု၍ မဝ။

သည်ညလည်း အိပ်ရာ၏မွန်းကြပ်မှုကို သူမခံနိုင်ပြန်။

ရေအေးအေးလေး တစ်ခွက်လောက် သောက်ချင်စိတ်က အောင့်၍မရ။ ဓာတ်ဘူးထဲမှာ ရေနွေးကကြွက်ကြွက်ဆူ ပူနွေးဆဲ။ သည်ရေကိုပဲ အအေးခံပြီးသောက်ဖို့ ဆုံးဖြတ်လိုက်သည်။ မှောင်သော ညကိုကြည့်ဖို့ သံတိုင်တို့တပ်ထားသည့် ပြတင်းပေါက်ကို ဖွင့်ရမှာ ပင်ကြောက်နေမိပြန်သည်။ ပြတင်းတို့ကို ဖွင့်၍ကြည့်လျှင် လမ်းမီးရောင် အချို့နှင့် လင်းတစ်ဝက်မှောင်တစ်ဝက်ရှုခင်းထဲတွင် ညသည် တိတ်ဆိတ် နေလေသည်။

ဖျားနေသော သူ၏ ကိုယ်ရန်တို့ကို သေမင်းသည် အဝေးမှ အနံ့ခံနိုင်စွမ်းရှိမရှိ သူတွေးကြည့်နေခဲ့သည်။ သည်လိုခြောက်ထပ်မြင့် သော တိုက်တစ်လုံးမှာကျဉ်းမြောင်းသော လှေကားကိုတက်လာပြီး မည် သည့်အခန်းကိုတံခါးခေါက်ရမှန်းမသိ တွေဝေသွားနိုင်သည်။ သေမင်း သည် အေးစက်သော ကိုယ်ငွေ့တို့ကိုလွှတ်လျက် တစ်ခန်းလုံး ထုံကျဉ် အောင် စိမ့်အေးစေကာသူ့ကို အလုံပိတ်သေတ္တာ တစ်လုံးတည်းသို့ ပို့ဆောင်တော့မည်လား။ ထိုအခါသူသည် အသက်ရှုမွန်းကြပ်မြကြပ် လျက် လန့်နိုးလာရပြန်ရဦးမှာလား။ မနိုးစတမ်းဆိုလျှင်တော့ အိပ်ချင် လှပါပြီ။

သေမင်း၏ အေးစက်စက်ချွဲကျိကျိ အရေတွန့်နေသော လက် များကို ဆွဲကိုင်လှုပ်ရမ်းရင်း ။

"တွေ့ရတာ ဝမ်းသာပါတယ်" သူကဆိုလျှင် အံ့ဩသွားမလား။ မင်းလိုလူစား အများကြီးပဲလို့ ခပ်မဆိတ်နေလေမလား။

သူကသေမင်းထံကပင် ဖော်ရွေမှုကိုလိုချင်နေသေးသည်။

"ဗွီဒီယိုကြည့်တိုင်း ရှင့်ကိုခဏခဏတွေ့နေရတာပဲ"

သူက ထပ်လို့ ကွန့်ချင်ကွန့်နိုင်ပါသေးသည်။ တစ်ခွေမှ နှစ်ဆယ့်ငါးကျပ်သာပေးရသည့် အငှားဆိုင်မှ အခွေအတော်များများထဲမှာ ရက်စက်သွေးဆာသည့် သရဲတစ္ဆေ ဝိညာဉ်များစွာသည် သေမင်း၏ ကိုယ်ပွားတွေပဲ မဟုတ်ပါလား။ ဒါကြောင့်ပင် သေမင်းနှင့် သူသည်စိမ်းကားခြင်း မရှိဘဲဖြစ်နေရလေသလား။ တချို့ကားတွေထဲမှ သေခြင်း၏ ဟိုမှာဘက်သည် မှန်သားပြင်တစ်ချပ်ကို ထွင်းဖောက်သွားရုံမျှ ရိုက်ပြထားသေးသည်။

ယမမင်းနှင့် သေမင်းသည် ညီအစ်ကိုဝမ်းကွဲတော်စပ်လေမည်လား။

သေမင်းနောက်သို့ သူမရွံ့မကြောက် လိုက်ပါခဲ့လျှင်လည်း ယမမင်းက ဆီးကြို၍. . .

'ဘာအတွက် လိုက်လာရသလဲ'

စွဲချက်တင်ချင် တင်နိုင်သည်။

အတွေးတွေ ဝေနေဆဲမှာပင် ဂစ်တာသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ဂစ်တာသံသည် တိုးသဲ့သဲ့ မဝံ့မရဲတီးခတ်ရာမှ ချိုမြသော တေးတစ်ခုအဖြစ် ထွက်ပေါ်၍ လာသည်။

သူသည် အံ့အားသင့်လျက်. . .

အသက်ရှူကြပ်ကာ ဖျားနေသည်ကိုမေ့လျက် ငြိမ်ကျသွား၏။

ဘယ်သူများ တီးနေတာပါလိမ့်။



တစ်ခန်းခန်းက ဖြစ်လိမ့်မည်။

ဂစ်တာသံသည် ဆူညံအောင်ကျယ်လောင်လွန်းခြင်းမရှိလှ။

သာယာကြည်လင်သော တေးသွားကြောင့် လေသည်ပင် ဂစ်တာသံနောက်မှ တစ်ဆင့် ပြတင်းပေါက်ဆီ တိုးဝင်လာခဲ့သည် နှယ်ပင် ထင်မှတ်လိုက်ရ၏။

သည်လိုညမျိုးထဲမှာ ဂစ်တာကို တီးခတ်နိုင်သူ လောက၏ အလှတရားတို့ကို ခံမင်ဝင်စားလျက် အိပ်မက်မက်နိုင်သူသည် သူ့လို အရွယ်လွန်ပုဂ္ဂိုလ်မဖြစ်နိုင်။ နုပျိုသော နှလုံးသွေးတို့ရှင်သန်ဆဲ လူငယ်တစ်ယောက်ပဲ ဖြစ်နိုင်၏။

မျှော်လင့်မှုတို့သည် ဂစ်တာကြိုးများအပေါ်မှ နိုးထရုန်းကန်နေ၏။

သေမင်းကိုပင် သူ မေ့လျော့သွားရဆဲ။ ဂီတသံသည် သူ့သွေးကြောများဆီသို့ တောင့်တခဲ့သော ဖျော်ရည်တစ်ခုပမာ စီးဝင်လာခဲ့ပြီ။

ဇွန်လ/ ၁၉၉၇

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း

## နံရံတစ်ဖက်က

*****

အိမ်နောက်ဖေးမီးဖိုးခန်း၏ တံခါးအဝင်ဝတွင် ခေါင်းအုံးချကာ သူမက နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေခဲ့သည်။ နေရောင်သည် သရပ်ပင်ရိပ်မှ ပြောက်တိပြောက်ကြားကျလျှက် ပျင်းရိငြီးငွေ့ဖွယ် ရာနေသာသော နေ့ခင်း နေ့လည်ဖြစ်သည်။

အပူအပင်ကင်းမဲ့စွာဖြင့် အိပ်စက်နေသောသူမကို ကြည့်ရင်း ကျွန်မသည် အားပဲကျရတော့မလိုလို အင်းသူတို့များတော့ အပူအပင် ကင်းပါဘိလို့ ပြောရမလိုလို ဖြစ်နေ၏။

ကျွန်မကား ရေချိုးခန်းထဲမှ လျှော်ပြီး အဝတ်များကို အိမ်ရှေ့ဝ ရံတာဆီသယ်ပြီး လှမ်းနေသည်။

နောက်ဖေးသို့ ပြန်ရောက်လာခိုက် အိမ်ရှေ့မှ ခွေးဟောင်သံ ကြောင့် ထမီရေစိုကြီး ဖတ်လတ်ဖတ်လတ်နှင့်ပင်၊ အိမ်ရှေ့သို့ ပြေး



ရပြန်သည်။ ပလက်စတစ်ကောက်သည့် ကလေးငယ်တစ်ယောက်ကို အိမ်ရှေ့မှ ခွေးများက ဟောင်နေကြခြင်းဖြစ်သည်။ ကျွန်မသည် အိမ် ရှေ့ဝရံတာမှ အကျီလုံချည်များကို လူရှုတ်သွားမှာ စိုးရိမ်နေပြန်သည်။

သည်တနင်္ဂနွေမှာတော့ . . . . . ။

ထိုမိန်းမကား ကျွန်မတို့၏တစ်ဖက်ခန်းမှ အိမ်းနီချင်းမိန်း မပင်။ သူ၏ ကလေးငယ်(၂)ယောက်မှာ အိမ်နောက်ဖေး ဇီးပင်ရိပ်တွင် ကစားနေကြသည်။

ပလတ်စတစ်ကောက်သည့် ကလေးပြန်ထွက်သွားတာ မြင်သ ဖြင့် အိမ်နောက်ဖေးသို့ ပြန်လာခဲ့၏။ အိမ်ရှေ့သို့ ထွက်သွားစဉ် နောက် ဖေးမှာ လျှော်လက်စလုံချည်များ ပျောက်သွားမှာကို စိုးရိမ်ရ၍ပင်။

သို့သော်သူမသည် အိမ်မောကျနေဆဲဖြစ်၏။ လူးလွန့်ဟန် မပြ။

အသားညိုညို၊ ကိုယ်လုံးပြတ်ပြတ် မျက်စိအနည်းငယ်စွေ သည်။ အသက်ကတော့ (၃၀) ပင်ပြည့်ပုံမပေါ်သေး။ စောင်နွမ်း တစ်ထည်က ကိုယ်ပေါ်မှာ လွှမ်းထားသည်။ သူမ၏ ယောကျ်ားသည် ညက (၁၂)နာရီလောက်မှပြန်လာခဲ့သည်။ သူတို့ လင်မယား၏ ဆူဆူ ညံညံအသံကြောင့် အိပ်ရာထဲမှာ ကျွန်မပြန်၍အိပ်မရခဲ့။

ကျွန်မသည် ကျွန်မ၏အဝတ်များအတွက် စိုးရိမ်နေရသော် လည်း၊ သူမကို သော်လည်းကောင်း၊ သူမ၏ကလေးများကို သော်လည်း ကောင်း မမုန်းတော့။

ထိုခံစားချက်မှာ အသက်အရွယ်ကြောင့် အာရုံခံစားမှုများ ထုံထိုင်းသွားခဲ့၍လားမသိခဲ့။

ကျွန်မသည် သူတို့ကို မမြင်လို မတွေ့လို။ သို့တိုင်မုန်းစိတ် နာကျည်းစိတ်ဖြင့် ပြစ်ပြစ်ခါခါပြုဖို့လည်း မဖြစ်နိုင်ပဲရှိရပြန်၏။

ကျွန်မအဝတ်လျှော်ရာမှ ရေချိုးတံခါးကို အနည်းငယ် 'ဟ' ၍ကြည့်လိုက်လျှင်ပင်၊ အိပ်ပျော်နေသော သူမ၏နောက်ဖက်မှ သစ်သားပန်းကန်စင်ကို မြင်နိုင်ခဲ့သည်။

ပန်းကန်စင်ပေါ်တွင် ကျွန်မအိမ်၌ ဘက်ပဲ့ခဲ့ရသော ကြွေပန်းကန်ပြားကြီးတစ်ချပ်၊ မုန့်ထည့်ပန်းကန်များနှင့် ကော်ဖီပန်းကန်လုံးတစ်လုံးကို လှမ်းမြင်နိုင်သည်။ ပြီးတော့ ပန်းကန်တို့၏ ဆွေမျိုးသားချင်းများဖြစ်ကြသော ဒန်ရောင်ပြောင်လက်နေသည့် ဒန်အိုး(၂)လုံး။

ထိုဒန်အိုးများသည် လည်းကောင်း၊ ပန်းကန်ပြားသည်လည်းကောင်းပိုင်ရှင်အသစ်နှင့် ရင်းနှီးယဉ်ပါးလျှက်။ ကျွန်မကို ခပ်စောင်းစောင်းပဲ ကြည့်လေသည်။ ကျွန်မကမူ၊ သူတို့ကို မှတ်မိနေဆဲ။ ကျွန်မတို့လင်မယားလက်ထပ်စဉ်က ရရှိခဲ့သည့် မင်္ဂလာလက်ဖွဲ့ ပစ္စည်းများထဲမှ အချို့ပင်တည်း။

ဒန်အိုးများကို မြင်လျှင် ကန့်ကော်ပန်းများကို သတိရမိပြန်သည်။ ကျွန်မတို့ မင်္ဂလာဆောင်ခဲ့သည်က ဖေဖော်ဝါရီလ၏ အနှောင်းပိုင်း ရက်တစ်ရက်ပင်။ ထိုရက်က ကံ့ကော်ပန်းများပွင့်ခဲ့သည်။ ထိုစဉ်က မင်္ဂလာလက်ဖွဲ့မခံဘဲ၊ ဘုန်းကြီးဆွမ်းကပ်ကာ၊ တတ်နိုင်သမျှနှင့် မင်္ဂလာဆောင်ခဲ့ကြသည်။

လူလည်း များများမဖိတ်ခဲ့။ မိတ်ကပ်ဆံပင်လည်း မလုပ်ခဲ့ဘဲ၊ ကံ့ကော်ပန်းတစ်ပွင့်နှစ်ပွင့်သာ ပန်ခဲ့သည်။ ရုံးမှသူငယ်ချင်းများ ကတော့ လက်ဖွဲ့မယူပါဘူး တောင်းပန်သည်ကိုမရဘဲ။ ဝါလုပ်ငန်း စက်ရုံအရောင်းဆိုင်မှ ဒန်အိုးကြီးကြီး၊ ငယ်ငယ်ရွယ်ရွယ်၊ လတ်လတ်တစ်စုံနှင့် ပန်းကန်များကို လက်ဖွဲ့ခဲ့သည်။ ထိုစဉ်က ဘုန်းကြီးပွဲမှကျသော ကျောက်ကျော၊ နန္ဒင်းမကင်း စသည့်မုန့်များကို ၊သူငယ်ချင်းများအား အဝကျွေးခဲ့စဉ် စိတ်ချမ်းမြေ့ပီတိကိုလည်း သတိရလိုက်မိသေးသည်။

ခုတော့ ထိုအိုးတစ်စုံလုံး (၆)လုံးနှင့် ပန်းကန်များသည် သူတို့၏ ပန်းကန်စင်ပေါ်သို့ လက်ပြောင်းရောက်ရှိသွားခဲ့သည်။ ပေါင်နှံထားခြင်းလည်းမဟုတ်။ လက်ဆောင်နှင့် ဆက်ထားခြင်းလည်းမဟုတ်။ ကျွန်မတို့ခရီးသွားစဉ်၊ အခန်းနှစ်ခန်းကို ကူးဆက်သွယ်ထားသည့် သုံးထပ်သားကိုခွာ၍ သူတို့ခိုးယူသွားခဲ့ခြင်းပေတည်း။

ခိုးရာပါ ပစ္စည်းများကိုမြင်တိုင်း ရင်ထဲမှာ ထုံကျင်သွားတတ်၏။ အိုးခွက်ပန်းကန်များမှာ ချိုကျိုး၊ နားရွက်ပဲ့များသာ ကျန်ခဲ့သည်။

ကျွန်မတို့ မိသားစုမှာ၊ စာအုပ်များကို မြတ်နိုးတတ်ရာ၊ ဘီရိုတစ်လုံးအပြည့်သာမက ဘုရားခန်း၊ အိပ်ခန်း၊ ဧည့်ခန်းပါမကျန် စာအုပ်များစွာ ပြည့်နှက်နေသည်။ စာအုပ်များကို ချစ်တတ်ပြီး အမှန်တရားကိုမြတ်နိုးသော်လည်း၊ သူတို့ခိုးကြောင်း ဖော်ထုတ်မပြောဖြစ်ခဲ့။ ခရီးသွားသည်မှာ ၊(၃) လနီးပါးကြာခဲ့ရာ၊ ပြန်လာမှသိရတော့ ပြောဖို့နောက်ကျခဲ့ပြီလား၊ တွေးမိ၍ပင်။ ထို့အပြင် အိုးများနှင့်ပန်းကန်များမှာ အမှတ်အသားမလုပ်မိခဲ့။

အိမ်ထောင်သက်ရှည်ကြာခဲ့ပြီဖြစ်၍ ယခုအခါမှ လက်ဖွဲ့ခဲ့ကြသော သူငယ်ချင်းများကို။ ပြန်လည်ခေါ်ယူကာ၊ သက်သေလည်း မလုပ်လိုတော့။

အမှန်တရားကို ဘုရားသခင်သာ သိသည်လို့ဆိုရမလိုပင်။

ထိုသို့ပင် စာအုပ်များကိုသာ မြတ်နိုးတတ်ပြီး စီးပွားမှာ မရှာတတ်ခဲ့သော ကျွန်မတို့မိသားစုသည် အလုပ်ရှိလိုက်၊ မရှိလိုက်ဖြင့်စခန်းသွားသော ပျံကျမိသားစုတို့နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် အခန်းချင်းကပ်လျက်နေခွင့်ရခြင်းပင်။

သူမသည် အိပ်ပျော်နေဆဲဖြစ်၏။

မှတ်ခြင်ယင်မသန်းပဲ ပကတိ မေ့စက်ဆဲဖြစ်၏။

သူမ၏ မျက်နှာတွင်သနပ်ခါး အစင်းစင်းကျားလျက်။

ကျွန်မက အဝတ်လျှော်ခြင်းကို လက်စသတ်နေသည်။

အခိုးခံရစက ဒေါသဖြစ်ခဲ့ကြသည့်တိုင် ဘယ်သူ့ကိုမှမတိုင်ခဲ့ကြ။ ဌာနတစ်ခု၏ ဝန်ထမ်းအိမ်ယာတစ်ခု၊ သူရောကိုယ်ပါ အိမ်ရှင်အသီးသီးနှင့် မကင်းရာမကင်းကြောင်း မှီခိုလာနေသူများဖြစ်၍ အငြင်းမပွားချင်တာလည်းပါသည်။

ခရီးသွားရာက ကျွန်မတို့ပြန်ရောက်လာလျှင်၊ သူတို့မိသားစုက ဝမ်းသာအားရကြိုဆိုခဲ့ကြ၏။ ယခင်က ထိုအခန်းတွင် စာဖတ်ဝါသနာပါသူ လူပျိုကြီးနှစ်ယောက်နေခဲ့ရာ၊ ကျွန်မတို့နှင့် ခင်မင်ရင်းနှီးခဲ့သည်။

'အမရေ ကန်စွန်းရွက်ကို ဘယ်လိုကြော်ရသလဲဗျာ'

ကြက်ဥပင် မကြော်တတ်ကြသည့် သူတို့နှင့် ကျွန်မတို့လင်မယားသည် ခင်မင်ရင်းနှီးလျက်-

'ကဲလာလာ ဒီဘက်မှာ လာစားတော့'

ရှိစုမဲ့စု ဟင်းများဖြင့် ထမင်းလက်ဆုံစားတတ်ကြ၏။ စာအကြောင်းပေအကြောင်း တောင်စဉ်ရေမရပြောကြရာ တစ်ယောက်က နိုင်ငံခြားသို့ သင်္ဘောသားဘဝဖြင့်သွားဖို့ ကြိုးစားဆဲကျန်အစ်ကိုဖြစ်သူက ကျူရှင်ဝိုင်းတစ်ခုတွင် ဆရာဘဝဖြင့်၊ ရှန်းကန်ဆဲဖြစ်သည်။ ခုတော့ သူတို့နှစ်ယောက်ကမြို့ထဲမှာ အခန်းတစ်ခန်းငှားလျက် ပြောင်းရွှေ့သွားခဲ့ပြီ။ သူတို့ရှိစဉ်က ဂရုပြုစရာမလိုခဲ့သော သုံးထပ်သားတံခါးကို ကျွန်မတို့ လင်မယားက သတိမထားမိခဲ့ကြ။ တစ်ဖက်မှ ခွာပြီးခိုးယူခံရခြင်းက ကျွန်မမျက်နှာကို ရေအေးတစ်ခွက်နှင့် ရွတ်တ ရက်အပက်ခံလိုက်ရသလိုပင်။

'လူသားအချင်းချင်း ဂုဏ်သိက္ခာနှင့် စာနာစိတ်လိပ်ပြာ'သူတို့မှာနှလုံးသားမဲ့လွန်းသူများပေတကား။ ဆင်းရဲခြင်းကပင် အသိဉာဏ်အဆင်ခြင်ကင်းမဲ့လေသလား။ ကျွန်မ၏ စာအုပ်များကို ခိုးယူမသွားခြင်းအတွက် ကျေးဇူးပင်တင်ရမလိုလို၊ ဖြစ်လို့နေခဲ့သည်။

ကျွန်မရုံးသွားသည့် တစ်နေ့မှာ ဖယ်ရီကားစောင့်နေစဉ် သူမကလည်း ဘတ်စ်ကားစောင့်ဆဲ ကားမှတ်တိုင်အနီးမှာ ဆုံကြခိုက် ကျွန်မကိုခိုး၍ ကြည့်လိုက်သော မလုံမလဲမျက်ဝန်းကလေးများက သူ့အပြစ် သူထုတ်ဖော် ဝန်ခံလိုက်သည့်နှယ်ပင်။

ဤသို့ဖြစ်ခဲ့ပြီးနောက် သူမဘက်ကလည်း သိသိသာသာနှုတ်နည်းသွားကာ၊ ဖာသိဖာသာနေခဲ့သည်။ ကျွန်မ၏ ခင်ပွန်းသည်ကလည်းလူအေး၊ လူပျော့မို့ သူတို့ကို ဟိုတိုင်သည်တိုင်နှင့် အပြတ်မလုပ်စေချင်။ သူတို့မှာ ကလေးနှစ်ယောက်ရှိသည်။ ယောက္ခမနှင့် မတည့်သဖြင့် အိမ်ခွဲဆင်းလာခဲ့ခြင်းဖြစ်ရာ ကျွန်မတို့၏အိုးများနှင့် ပန်းကန်များသည် သူတို့အတွက် နိဗ္ဗာနပစ္စယောလိုက်ရသည်မှာ ကုသိုလ်ရဖွယ်ရှိ၏။

သူမ ဘုရားရှိခိုးသံကြားတိုင်းတော့ ရင်ထဲမှာယားကျိကျိ၊ သူမကလည်း ဓါရဏပရိတ်တော်ကိုမှ ရွတ်ဖတ်တတ်လေသည်။

'သေဝေ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲမှီဝဲရသည်ဖြစ်၏။ အသေဝေသူတော်မဟုတ် သူယုတ်တို့နှင့် မပေါင်းဖော်မယှဉ်တွဲမမှီဝဲရသည်ဖြစ်၏။ ကာယေကောင်းသောကိုယ်ကို ဖြစ်စေ၏။ အကာယေ မကောင်းသော ကိုယ်ကိုမဖြစ်စေရာ၊ ဓါရဏေ ကောင်းသောကုသိုလ် အမှုကိုပြု ဆောင်ရာ၏။ အဓါရဏေမကောင်းသောအကုသိုလ်မှုကို မပြုဆောင်ရာ။ ကလ္လိကောင်းသော အိမ်မက်ကိုမြင်မက်ရ၏။ မိလ္လိမကောင်းသော အိပ်မက်ကို မမြင်မက်ရ . . .

မိမိ၏ အန္တရာယ်ကို စိုးရွံ့ကြောက်တတ်သူသည် အဘယ်ကြောင့် သူတစ်ပါးအပေါ် ဖောက်ဖောက်ပြန်ပြန် ပြုမူခဲ့ရသလဲ။ အသက်(၂၀)ကျော်လို့ (၃၀)နီးပါး ခေတ်လူအရွယ် လင်မယားအတွက် စိတ်မကောင်းဖြစ်မိ၏။ ကျွန်မတို့ကား အသက်(၄၀) ကျော်ခဲ့ပြီ။ ဘဝ၏

ခါးသည်းဒဏ်ချက်များသည် နှလုံးသားနှင့် ကျောပြင်မှာ အမာရွတ်များ ထင်လျက်။

ငယ်စဉ်က ကျွန်မတို့ ကြီးပြင်းခဲ့ရသည့် အဘိုး၏ အိမ်နံရံတွင် ဆရာတော် ဦးဝိစိတ္တသာ ရာဘိဝံသ၏ ဆုံးမစာကိုကပ်ထားခဲ့ရာ နေ့စဉ်မြင်နေကျမို့ မှတ်မိလို့နေ၏။

'သူတစ်ပါးအကျိုးပျက်စီးစရာကို

ဘယ်သောအခါမှ မပြောနှင့် မလုပ်နှင့်။

မေတ္တာနှင့်ယှဉ်သော စိတ်ကိုဖြစ်စေရမည်'

ကျွန်မသည် မေတ္တာသက်သက်သောကြောင့်ပဲ သူတို့ကိုသည်းခံဖို့ စဉ်းစားခဲ့လေသလား။

သို့မဟုတ် ဘာပဲဖြစ်ဖြစ် မတူပါဘူးဟူသည့် ထုံထိုင်းသွားသည့် အာရုံခံစားမှုတစ်ခုကြောင့်လား။ နှလုံးသားတွင်ရော၊ ကျောပြင်တွင်မှာ အမာရွတ်များ၊ ရရှိစေခဲ့သည့် နှစ်ပေါင်း(၄၀)သည် နိုင်လိုမင်းထက်ပြုမှုခံစားရခြင်းများနှင့် ယဉ်ပါး၍ နေခဲ့လေပြီလား။

သူမကမူနွေခင်းနေ့လည်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မော ကျနေဆဲ။

သူမမည်သည့်အိပ်မက်များမက်နေလိမ့်မည်နည်း။ စဉ်းစား၍မရပါ။ သူမသည် အိမ်ထောင်ရေးကံကောင်းသူတစ်ဦးတော့ မဟုတ်ချေ။

တစ်ပိုင်းတစ်စမျှ မြင်ရသမျှနှင့် ဘဝကိုပုံဖော်ရလျှင် ညဥ့်တော်တော်များများမှာ မူးရူးသောက်စားလာသည့် လင်သည်၏ အနိုင်ကျင့်ဆူပူခြင်း ကွဲမယ်ကွာမယ်ပြောခြင်းကို အမြဲလိုလိုခံရလေ့ ရှိသည်။ မိခင်နှင့်ဖခင်အိမ်လည်လာ၍ ထမင်းတစ်နပ်ပဲကျွေးလျှင်ပင် ယောကျ်ား၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရသည်ကို ကြားနေရတတ်၏။



အဝတ်များကား လျှော်ဖွတ်ပြီးစီးသွားသည်။

အဝတ်များကို လျှော်၊ အိမ်ကိုလှည်းကျင်းပြီးတိုင်း စိတ်သည် သန့်ရှင်းကျန်ရစ်ခဲ့တတ်၏။

'ကျွန်မသည် အဝတ်လျှော်ဝါသနာပါသူ' ဟုညီမတစ်ယောက် ပြောတတ်သည်။ ကျွန်မစိတ်ညစ်စိတ်ထွေပြားလျှင်၊ အဝတ်များကိုဘုန်းဘုန်းဒိုင်းဒိုင်းနှင့်ရိုက်၍ လျှော်ဖွတ်လိုက်ပါက စိတ်သက်သာရာရသွားတတ်၏။

အဝတ်များမှ ဆပ်ပြာနံ့အနည်းငယ်သင်းနေသည်။

အိပ်ပျော်နေသည့် သူမသည်လည်း ကျွန်မနည်းတူ အဝတ်များကို လျှော်ဖွတ်ရသူဖြစ်သည်။

လူတစ်ယောက်ချင်းစီ၏ ခန္ဓာကိုယ်မှာ ဖုံးလွှမ်းထားသည့် အဝတ်များကို ဆပ်ပြာဖြင့်စင်ကြယ်အောင် လျှော်ကောင်းလျှော်နိုင်မည်ဖြစ်သော်လည်း နှလုံးသားထဲမှ စွန်းထင်ညစ်ထေးမှုကို မည်သည့်အရာဖြင့် လျှော်ဖွတ်ယူရလေမလဲ။

ကျွန်မ၏ စိတ်ထဲတွင် ခွင့်လွှတ်ခြင်းနှင့် ခွင့်မလွှတ်ခြင်းသည် ဒွန်တွဲလာပြန်သည်။ တစ်ခါတစ်ရံတော့ သူတို့၏အိမ်ရှင်ကို တိုင်ချင်တတ်ပြန်၏။

ကျွန်မ၏ စိတ်ထဲတွင် ခွင့်လွှတ်ခြင်းနှင့်ခွင့်မလွှတ်ခြင်း သည် တပြန်တလှည့်စီဖြစ်ပေါ်နေ၏။ ထိုဝေဒနာက သူမကို မထိခိုက်စေနိုင်သော်လည်း ကျွန်မ၏စိတ်ကိုကား ပြင်းထန်စွာထိ ခိုက်ခဲ့ရကား၊ သူခိုးနှင့် အိမ်နီးချင်းဖြစ်ရသည်ဆိုသည့် ရင်နာရခြင်းသည် ကျွန်မ၏'စိတ်ကျရောဂါ' ကိုတိုးစေ၏။

အဝတ်လျှော်လိုက်သဖြင့် စိတ်ထဲတွင်ရိုက်ခက်နေသောလှိုင်းများအတန်ငယ်သက်သာသယောင်ရှိသွား၏။

သူမတို့၏ အဝတ်များကား၊ မည်မျှ လျှော်လျှော်ဖွဖွစင်စင်ပြောင်ပြောင်ရောင်ရောင် မရှိပေ။ အဖြူများမှာ ဝါညစ်နွမ်းဖတ်နေတတ်သည်။ သူမငယ်စဉ်ကပင် မိခင်နှင့်ဖခင် လင်မယားကွဲခဲ့ပြီး သူတစ်ပါးအိမ်မှာ ကပ်နေခဲ့ရ၏။ သူမ၏ အကျင့်စာရိတ္တနှင့်သူမ၏ ဗီဇကို မည်သည့်အရာကများ ပြုပြင်ပေးလိုက်လေသနည်း။ လူ့အဖွဲ့အစည်းတွင် သူမလိုစိတ်နှလုံးသားနှင့် လူတွေမည် မျှရှိနေခဲ့မည်နည်း။ ထိုလူများထဲတွင် သူမသည်မည်သည့်အဆင့်မှာ ရောက်နေသနည်း။ မဆိုးမကောင်းလား ဆိုးဆိုးရွားရွားပဲလား။

ရှုတ်တရက်ပင် သူမအိပ်ရာမှ နိုးလာဟန်ရှိသည်။

သူမက ကစားနေကြသည့် ကလေးနှစ်ဦးကို 'ဟဲ့ကလေးတွေ အိမ်ရှေ့တံခါးပိတ်မထားကြဘူးလား၊ သူခိုး ခိုးသွားဦးမယ်နော်'

အလန့်တကြားထ၍ အော်လေသည်။

၁၉၉၉/ရွှေပုစွန် မဂ္ဂဇင်း





* * * * *

(၁)

လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကျော်ကဆိုလျှင် သည်လိုနာရေးမျိုးမှာ လူစည်ကားလိမ့်မည်။ လေထန်ကုန်းမှစတင်၍ ထွက်ခွာမည့် ဘတ်စ်ကားကြီးများမှာလည်း ၃ စီးလောက်ရှိမလားမပြောနိုင်။ ခုတော့ ဆွေမျိုးသားချင်း ရင်းနှီးသူများသာမို့ ဘတ်စ်ကားဖြင့် လိုက်ပါပို့ဆောင်သူ အရေအတွက်ထက် တက္ကစီကား၊ ကိုယ်ပိုင်များဖြင့် လိုက်ပါပို့သူတွေက ပိုလို့များခဲ့သည်။

မီးသဂြိုလ်စက်ရှိရာ ခန်းမများကိုကျော်၍ ဟိုမှာဘက်မှ ဂူများရှိရာထိကားများက ဆက်လို့မောင်းနှင်သွားခဲ့သည်။ သူ့လို ဖြတ်လမ်းကလိုက်ပို့မည့် သူအဖို့ တော်တော်လေး ကသိကအောက်ဖြစ်ရသည်။

ရေဝေးမှာ ခပ်စောစောကပင် ရောက်နေခဲ့ပြီး ပို့က်ဘုတ်ပေါ်မှယနေ့သင်္ဂြိုလ်မည်သူများ စာရင်းတွင် သူလိုက်ပါပို့ဆောင်မည့် အမျိုးသမီးကြီး အမည်မပါသဖြင့် သတင်းစာပဲဖတ်တာ မှားသလား နဝေတိမ်တောင် ဖြစ်သွားရသည်။

မီးသင်္ဂြိုလ်စက်ရှေ့စားပွဲမှ စည်ပင်ဝန်ထမ်းတစ်ဦးကို မေးကြည့်မှ ဂူသွင်းသင်္ဂြိုလ်မည်ဖြစ်ကြောင်း သိရသည်။

"ဂူတွေက ဘယ်မှာလဲ"ဆိုတော့ သည်နောက်နားမှာ မဝေးပါဘူး"တဲ့၊

"ဒါဆို လိုက်ပို့တဲ့ လူတွေကရောဘယ်လိုသွားမလဲ"

"ကားတွေနဲ့ တစ်ဆက်တည်းသွားကြမှာပဲ"

"အဲဒါမှ ဒုက္ခ"

သူက တွေးလိုက်သည်။

မီးသင်္ဂြိုလ်သည့် ခန်းမရှေ့ကတ္တရာလမ်းပေါ်က စောင့်နေမိသည်။ ဘတ်စ်ကား၂ စီးဖြတ်သန်းသွားမှ သူလိုက်ပို့ရမည့် အသုဘချလာပြီဖြစ်ကြောင်းသိရသည်။

သူ့အနီးမှာ ထိုအသုဘကို လိုက်ပို့မည့် ကားပိုင် ၂ ဦး ၃ဦးလည်းစောင့်နေကြရာ ကားပိုင်ရှင်တစ်ဦးကိုတောင်းပန်ပြီး ဂူများရှိရာလိုက်ပါလာခဲ့သည်။

စောစောကလည်း ဆိုက်ကားဖြင့်ရေဝေးဝင်းထဲကို ဝင်လာခဲ့ရာ ငိုသံဆူဆူကို ကြားခဲ့ရသည်။

မိုးက ညို့ညို့

မိုးညို့ညို့မှာ ငိုသံဆူဆူကို ကြားရသဖြင့် ရင်ထဲမှာတစ်မျိုးကြီးဖြစ်သွားခဲ့ရသည်။



ဂူများဆီ လျှောက်လာခဲ့တော့လည်း မြေလမ်းကလေးမှာ ရွှံ့ထူထူ။

အသက်ရှင်စဉ် အနေတင့်တယ်ခဲ့ သူတို့၏ ဂူများတည်ရှိရာမှာ အထီးကျန်ဆန်လှပါဘိ။ ယခုလိုမိုးရာသီတွင် ဂူ၏အောက်ခံမြေသားမှာ စွတ်စိုနေမည်ဖြစ်ရာရွှံ့ထဲမှာ မွန်းလို့နေမလား။ သူသေရင်ဘယ်သူကမှ အုတ်ဂူလုပ်ကြမှာ မဟုတ်ပေမယ့် သေပြီးနောက် ဂူထဲမှာနေရဦးမှာတော့ ခပ်ကြောက်ကြောက်ပင်။ သို့သော်လည်း လူသားဟူသည် မြေ၏သားသမီးမို့ မြေကလာ၍ မြေမှာပင်ပြန်ကာ မြေဆီမြေနှစ်ဖြစ်ရခြင်းသည် တင့်တယ်သော သေခြင်းလို့ပင် ဆိုရလေမလား။

မိုးတဖွဲဖွဲကြားတွင် ခေါင်းကိုထမ်းလာကြသူများသည် ရွှံ့ထဲမှာခရိုခယိုင်။ ဆောက်လုပ်ဆဲ ဂူများနေရာကို အမိုးပြုလုပ်ထားရာ ဂူမသွင်းမီ ခေါင်းကိုခေတ္တချ၍ ဖွင့်ကြသည်။ သမီးများ၏ ကြေကွဲစွာငိုသံကြားရသည်။

ဘုန်းတော်ကြီးများက ခေါင်းဘေးမှာရပ်၍ သရဏဂုံတင်ကြသည်။ ရွှံ့ထူထူ မြေသားပေါ်က ယာယီအမိုးလေး အောက်မှာလိုက်ပို့သူများကရပ်နေကြသည်။ တချို့လည်း ခပ်လှမ်းလှမ်းဂူများ အနီးမှာထီးဆောင်းလျက်။

လိုက်သာပို့ရသည်။ သူသိသည့် သူတစ်ယောက်မှ မရှိ။

"ခဏလေးစောင့်ပါဦး ကိုဇော်ကို စောင့်ကြပါဦး" ကိုဇော်ဟုတ်သည်။

ဆရာဦးဇော်နိုင်ကြောင့် သူ လိုက်ပါပို့လာခြင်းဖြစ်ပါသည်။ ဆရာ ဦးဇော်နိုင်မှာ တစ်ခါက ထင်ရှားသည့် မဂ္ဂဇင်းကြီး တစ်စောင်၏ ထုတ်ဝေသူ အယ်ဒီတာ တစ်ယောက်ပင်။ ယခု ကွယ်လွန်ရှာသူမှာ ဆရာ၏မိခင်။

ဆရာလေဖြတ်နေသည်ဟု ကြားခဲ့ရသည်။

ဆရာ ဒီနေရာထိ ဘယ်လိုလာမှာပါလိမ့်။

ဆရာ လာပါပြီ။

ဆရာ့ကို လူငယ်တစ်ယောက်က ကျောပိုး၊ နောက် ၂ယောက်က ဘေးက ထိန်း၍ လာပါပြီ။

ဆရာ့မျက်နှာမှာလည်း မျက်ရည်တွေနှင့်။

ဆရာ ငိုနေခဲ့သည်။ ဘယ်သူ့ကိုမှ မမြင်တွေ့နိုင်။

ဆရာ့ကို မိခင်လဲလျောင်းရာခေါင်းအနီးသို့ သယ်ဆောင်သွားကြပြီး ကန်တော့စေပုံရသည်။

ဆရာ သူ့ကိုမြင်လျှင် မှတ်မိပါမည်လား။

ဆရာ့ကို နှုတ်ဆက်ဖို့လည်း မသင့်တော်။

ဆရာနှင့်သူ မတွေ့ဆုံခဲ့ကြသည်က ၁၄-၅ နှစ်မက၊ ဆရာမဂ္ဂဇင်းလုပ်စဉ်က စာမူအမြဲတောင်းခဲ့သည်။ သူကလည်း သူနယ်မှာနေစဉ် စတင်ကလောင် သွေးစဉ်ကပင် ဂရုတစိုက်ဖတ်ရှုဖော်ပြခဲ့သော မဂ္ဂဇင်း၏ အယ်ဒီတာမို့ ခင်မင်လေးစားခဲ့သည်။

အချိန်ကာလများသည် စီးဆင်းသွားခဲ့ပြီး ဥယျာဉ်ဟောင်းများသည် ကောသွားခဲ့ကြသည်။ ဆရာ့လက်ဖြင့် ပြုစုပျိုးထောင်ခဲ့သည့် အပင်တို့၏မျိုးစေ့တို့ကား အခြားဥယျာဉ်သစ်များတွင် ဖူးကြပွင့်ကြဆဲ။

ဆရာ့မျက်နှာဖြင့် ဘယ်သူများလာကြပါသလဲ။ ဩဘ်သည်နေရာမှာတော့ မတွေ့မမြင်ရ ၊ စိတ်မှာမကောင်းမိ။ ဟိုတုန်းက ဆိုရင်. . .

သို့တိုင် ဆရာအကြောင်းကို နောက်ဆုံးလာပြောခဲ့သူ သူငယ်ချင်းလည်း ဆုံးခဲ့ပြီ။

ဆရာ့မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်ခဲ့ကြဖူးသူ၊ စာရေးခဲ့ကြသူ၊



ကဗျာရေးခဲ့ကြသူနှင့် ခင်မင်သိကျွမ်းခဲ့သော မိတ်ဆွေများလည်းဆုံးခဲ့ကြပြီ။ ဆရာနှင့် သူတို့မိသားစုကြားတွင် ပေါင်းကူးတံတားသဖွယ် တစ်ဦးသတင်း တစ်ဦးဆီပို့ဆောင်မည့်သူ တော်တော်များများ မရှိကြတော့။

ဆရာ့ကိုမြင်တော့ သူငယ်ချင်းကို သတိရပြန်သည်။

မိုးသားက ညို့ညို့

ကောင်းကင်က မှိုင်းမှိုင်း။

ကောင်းကင်သို့ ထိုးထွက်နေသည့် မီးသင်္ဂြိုလ်စက်ကြီးနှင့် ခန်းမများ၏နောက်ကျောဘက်ကို လှမ်းမြင်နေရသည်။ မိုးက ဖွဲဖွဲ၊ မိုးသားအပြည့်ပါသည့် တိမ်တွေက ခပ်နှေးနှေးရွေ့လို့။ မိုးသက်လေကလည်း ဝှေ့ယမ်းလျက်။

သူငယ်ချင်းကတော့ ပြာမှုန်ပြာစ ဖြစ်သွားခဲ့ပြီ။

သူငယ်ချင်းက ဆရာ၏မဂ္ဂဇင်းမှာ သရုပ်ဖော်ပုံရေးဆွဲခဲ့သည့် ပန်းချီဆရာ။

(၂)

"အစ်မ ကျွန်တော့်ကို အရက်တိုက်ဗျာ"

ဒါမှမဟုတ် အရက်ဖိုးတောင်းတတ်သည်။

သူ့ဘေးနားမှာ အခြားသူငယ်ချင်းများ ရှိနေလျှင် သူမပြေလည်မှန်းသိသဖြင့် သူ့ကိုယ်စား ထိုသူငယ်ချင်းများက ထုတ်ပေးတတ်သည်။

တစ်နေ့မှာ လောကနတ်ခန်းမက ပန်းချီပြပွဲတစ်ခုမှာ သူနှင့်တွေ့ရာ အရက်တိုက်ခိုင်းပြန်သည်။

သူကလည်း စာမူခပူပူနွေးနွေးရလာသဖြင့် လောကနတ်အောက်ကစားသောက်ဆိုင်သို့ ချီတက်သွားကြသည်။

ရမ်တစ်ပက်မှာ၍ သူငယ်ချင်းက သောက်သည်။

သူ့အတွက်က အအေးတစ်ပုလင်း။

"နင်ကလည်း မုန့်ပါစားမှပေါ့"

"ရတယ် အစ်မ စားပါ၊ ကျွန်တော် မစားဘူး"

အာလူးကြော်မျှပင် မစားဘူးဆိုတော့ စိတ်မကောင်းဖြစ်ရသည်။

"အစာအိမ်ဖြစ်လိမ့်မယ်။ နည်းနည်းစားဟာ"

ဒီကောင်က သစ္စာရှိသူဖြစ်ရာ လုံးဝတို့ထိတော်မမူ။ လူကလေဖြတ်ထားသဖြင့် ခြေတစ်ဖက်ဆွဲနေခဲ့ပြီ။ မျက်နှာက ထူထူအမ်းအမ်း၊ ဝိုင်းစက်စက်။

ကြိုးသိုင်းဖိနပ်ကို စီးလျက်တုတ်ကောက်နှင့်။ ကဗျာဓာတ်တွေ ကွန့်မြူးသည့်နေရက်များတွင် သူ့ကိုယ်မှ ကဗျာဓာတ်တွေ တသွင်သွင်စီးဆင်းလာတတ်သည်။ အင်္ဂလိပ်လို မြန်မာလိုရေးထား သည့်ကဗျာများကို သူငယ်ချင်းများစု၍ပြသသည့် ပန်းချီပြပွဲမှာ အော်၍ရွတ်တတ်သည်။ ကဗျာမြတ်နိုးသူများထံ တစ်ပုဒ် ၂၀၀-၃၀၀ နှင့်ရောင်းလည်းရောင်းတတ်သည်။ ယခုသူ့ကို ပြောစရာ တစ်ခုခုရှိ၍လား။ ပြောစရာရှိလျှင်လည်း အရက်တိုက်ခိုင်းတတ်သည်။

သူငယ်ချင်းက ဂျာကင်အကျႌအိတ်ထဲမှ ဝါရော်ရော်စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

မဂ္ဂဇင်းဟောင်းများထဲမှ ဖြတ်ထားသည့် မဂ္ဂဇင်းသရုပ်ဖော်ပုံများပင်။

"နင့်လက်ရာက သိပ်ကောင်းတာပဲ"



လိုက်လိုက်လှဲလှဲ ပြောလိုက်မိသည်။

နာမည်ရ စာရေးဆရာများ၏ ဝတ္ထုသရုပ်ဖော်ပုံတွေ။ လေးရောင်လည်းပါ၊ Mono Tone တစ်ရောင်တည်းလည်းပါ။

"အခု ပြန်ရေးလို့ လုံးဝမရတော့ဘူးလား"

အရက်ကြောင့် လက်များတုန်နေပြီမို့ ပြန်ရေးလို့မရတော့ကြောင်း ပြောသည်။

သူငယ်ချင်း၏ လက်ရာများကိုနှမြောစွာကြည့်စဉ် သူငယ်ချင်းက အရက်ခွက်ကို မော့လိုက်ရင်းပြုံးနေသည်။ ဆရာကိုဇော်နိုင်၏ မဂ္ဂဇင်းမှာရေးခဲ့သည့်ပုံတွေက အများစုဖြစ်ရာ။

"ဆရာ့ကို တွေ့သေးလား"

မေးကြည့်မိသည်။

ဆရာ့အိမ်သို့ သူငယ်ချင်း ရောက်သွားရာ ဆရာကထပ်ခိုးမှာရှိစဉ် ကျန်းမာရေးမကောင်းသည့်ဆရာ စိတ်ထိခိုက်ပြီး ရောဂါတိုးမှာစိုး၍ ဆရာ့မိသားစုက မတွေ့စေချင်ခဲ့ကြောင်း ပြောပြသည်။

သူပြန်ထွက်လာတော့ ဆရာကဝရန်တာမှ လက်ယပ်ခေါ်ကြောင်း သူ့အသံကြားလိုက်ပုံရကြောင်း ပြောပြသည်။ ဆရာနှင့်သူတွေ့ကြလျှင်ဆရာ မျက်ရည်ကျကြောင်း ပြောပြသည်။

သူငယ်ချင်းက သူ့သရုပ်ဖော်ပုံလေးများကို ပြန်သိမ်းလိုက်သည်။

သရုပ်ဖော်ပုံလေးများက ဝါရော်ရော်။

ကျောင်းတုန်းက ကြောင်ပုံတွေ Sketch ရေးခဲ့တာ သတိရသည်။ သူငယ်ချင်း၏ လက်ရာတွေက ထိုစဉ်ကတည်းက ကောင်းခဲ့သည်။

သူငယ်ချင်းဆုံးတော့လည်း ပေါင်းဟောင်းသင်းဟောင်းများ ကလွဲလျှင် မဂ္ဂဇင်းစာစောင်များမှ လိုက်ပို့ကြသူတွေကို မတွေ့ရ။ သူ ပန်းချီမရေးဖြစ်သည့်နှစ်များစွာမှာ စာစောင်မဂ္ဂဇင်းတို့နှင့်ကင်း ကွာခဲ့သည်။

သူငယ်ချင်းမဆုံးမီ ပန်းချီဆရာမ သူငယ်ချင်းထံသို့ သူ့ဓာတ်ပုံ သူ့ယပ်တောင်မှာကပ်၍ အရက်ဖိုးသွားတောင်းကြောင်း သိရသည်။ အရက်ဖိုးလိုချင်တာထက် သူငယ်ချင်းများကို ဂျီကျချင် စချင်နောက်ချင်တာပဲလား၊ သူ့ကိုရှာဖွေဖို့လိပ်စာက အရက်ဆိုင်လိပ်စာ။

ယဉ်ကျေးမှု တက္ကသိုလ်မှာ ဆရာလုပ်ခဲ့စဉ်က စက္ကူဆေး၊ စုတ်တံတပည့်တွေလိုတာမှန်သမျှ ကူညီတတ်ခဲ့သူ။ စက္ကူဖိုးမရှိလို့ ပန်းချီမရေးဘဲကင်တင်းမှာ သွားထိုင်နေတတ်သည့် တပည့်များကို ပုံရေးဖို့အားပေးခဲ့သူ။ တပည့်များ၏ ပြပွဲများကိုလည်း ဦးဆောင်ပြီး လုပ်ပေးခဲ့သူ။

လေဖြတ်သွားစဉ်က ကူညီပြုစုပေးခဲ့သည့် သူနာပြုဆရာမလေးနှင့် ချစ်သူဖြစ်ခဲ့ရာ

"အရက်မသောက်ရင် လက်ထပ်မယ်"

ဆရာမက ပြောခဲ့သော်လည်း သူမဖြတ်နိုင်တော့။ ဘဝမှာ နေခဲ့ပြီးပြီပဲဟု သူယူဆနေသလား။

မိုးသားမှိုင်းမှိုင်းတွေကြားမှာ သူငယ်ချင်း၏ ခပ်ဝိုင်းဝိုင်း မျက်နှာကို မြင်ယောင်လာသည်။

(၃)

ဆရာ့မိခင်၏ ခေါင်းကို ဂူသွင်းဆဲမှာပင် ကားများဆီသို့ ပြန်လျှောက်လာကြသည်။



သူက ဘတ်စ်ကားတစ်စီးပေါ်သို့ တက်လိုက်သည်။

ဆရာဦးဇော်နိုင်ကို ကိုယ်ပိုင်ကားတစ်စီးပေါ်မှာ ထိုင်လျက်တွေ့ရသည်။ ဆရာ့ဘေးမှာ လူ ၂ယောက်က ဝိုင်းရံလျက်။

ဆရာဝမ်းနည်းကြေကွဲနေတုန်းမှာ နှုတ်မဆက်တော့ပါဘူး ဆုံးဖြတ်လိုက်မိသည်။

သူငယ်ချင်းဆုံးတာရော ဆရာကြားသိရဲ့လား။

တစ်ခါက နာမည်ကြီး စာရေးဆရာကြီးတွေ၊ ပန်းချီဆရာကြီးတွေ ဆရာ့စားပွဲဘေးမှာ ဝိုင်းရံလျက် စကားပြောနေကြတာ မကြာမကြာတွေ့ခဲ့ရဖူးသည်။ ထိုစဉ် သူက နာမည်ရစကလောင်သစ်ကလေး။

ထိုစကားဝိုင်းများမှာ သူမတွေ့မြင်ဖူးသည့် ဆရာကြီးများ ကို ငေး၍ကြည့်နေခဲ့သည်။

တစ်ခါက ဆရာနှင့် စာရေးဆရာမကြီးတစ်ဦးတို့ မဂ္ဂဇင်း ဝတ္ထုရှည်တစ်ပုဒ်ကို ဖြတ်တောက်၍ ထည့်သွင်းဖော်ပြသည့် ကိစ္စနှင့် အငြင်းအခုံ ပြင်းပြင်းထန်ထန် ဖြစ်ခဲ့ကြတာ သတိရသည်။

ဆရာ့ဘက်ကလည်း ထိုစာမူကို သုံးချင်၍ ကာလဒေသ ပယောဂ စသည့်အခြေအနေအရ ဖြတ်တောက်ခဲ့ရတာပါဟု ဆိုခဲ့သည်။ ဆရာမကြီးကလည်း ထက်မြက်သူဖြစ်သည်။ စာရေးဆရာဘက်က ကြည့်တော့လည်း တစ်ပုဒ်လုံးမပါချင်နေ။ ဖြတ်ထည့်ဖို့ကျ ခွင့်ပြုနိုင်မှာမဟုတ်။ အယ်ဒီတာဘက်ကျလည်း ဝတ္ထုကောင်းတစ်ပုဒ် မဆုံးရှုံးစေချင်ခဲ့။သည်လိုဖြင့် ကြေကွဲဖွယ် ငြင်းခုံမှုတွေ ဖြစ်လာခဲ့ရသည်။

သူ၏ ဝတ္ထုရှည်တစ်ပုဒ်ကိုလည်း ဆရာကတချို့အခန်းမှာ မလိုဘဲ ဖြတ်ပစ်ချင်သော်လည်း မဖြတ်ဘဲထည့်ပေးလိုက်ကြောင်း ၊ ပြောဖူးတာ သတိရသည်။ ထိုဝတ္ထုရှည်ဆရာ့မဂ္ဂဇင်းမှာ ဖော်ပြခံခဲ့ရပြီး ၁၅နှစ် အကြာမှာ (အသက် ၂၇နှစ်ကရေးခဲ့သည့် စာကို ၄၂ အရွယ်မှာ)

ပြန်ဖတ်ခဲ့တော့ ဆရာဘာလို့ဖြတ်ချင်ခဲ့သလဲ သူနားလည်လာရသည်။

ထိုစဉ်ကသာ ဖြတ်တောက်ခဲ့လျှင် သူလည်း နာမည်ရစပြို နည်းနည်းလေးမှ ခံနိုင်ခဲ့မှာ မဟုတ်ကြောင်း တွေးမိသည်။ သူ့ဝတ္ထုတွေလည်း အမြဲသုံးစာတော့မဟုတ်၊ ငှက်များအကြောင်းရေးသားသည့် ဝတ္ထုရှည်(သူ၏မဟာကြိုးပမ်းမှု)ကို သူ့ကိုပြန်ပေးလိုက်တော့ ဒေါသပင်ဖြစ်ခဲ့မိသလိုလို။ ၁နှစ်ခန့်အကြာမှာ ဝတ္ထုရှည်ဘဝက ဝတ္ထုတိုတစ်ပုဒ်အဖြစ် ပြန်လည်ရေးခဲ့သည်။ ဒဏ်ရာအနာတရ ဖြစ်လာပြီး သိုက်မြုပျက်စီးခဲ့ရသည့် ချိုးပိန်းတူးမလေး၊ ဘဝအပိုင်းလေးတစ်ပိုင်းကို အခြားမဂ္ဂဇင်းသို့ ပို့ဖြစ်ခဲ့သည်။ ထိုဝတ္ထုတိုလေးကို ဖတ်ရှုသူတချို့ ခံစားရသည် ဆိုတော့မှ 'ဒီလောက်ပဲ ရေးဖို့လိုတာပါလား၊ နားလည်ခဲ့ရသည်။ သည်အခါတွင် ဆရာပယ်ခဲ့သည့် ဝတ္ထုတချို့အတွက် ဝမ်းမနည်းတော့။ (အယူအဆ မတူတာ တချို့လည်း ပါကောင်းပါမည်။)

ဆရာနှင့်အငြင်းအခုံဖြစ်ကြသည့် ဆရာမကြီး မကွယ်လွန်မီ ဆရာလေဖြတ်နေသည်ဆို၍ သွားတွေ့ခဲ့ကြောင်း ကြားခဲ့ရဖူးသည်။ ဆရာ မျက်ရည်ဖြိုင်ဖြိုင်ကျရတော့

"မောင်ဇော်ရယ် အရင်ကဟာတွေ မစဉ်းစားပါနဲ့ကွယ် "တဲ့။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ မိုးသားတွေကလေနှင်ရာတညို့ညို့မှိုင်းဆဲ။

မိုးတိမ်တွေက လေနှင်ရာ တအိအိရွေ့နေကြသည်။

ဆရာမကြီးလည်း မရှိတော့ပေ။

ဆရာနှင့် တစ်ခါမှအငြင်းအခုံ မပြုခဲ့ဖူးသည့်သူကတော့ ဆရာဆီလည်းမရောက်။ နှုတ်သိမ့်မှုလည်း မပြုခဲ့စဖူး။

မိုးသားညို့ညို့အောက်မှာ ရွံ့နွံအတိမြေသားပေါ် ကြံ့ကြံ့ခိုင်ရပ်ဖို့ကြိုးစားရင်း ဆံပင်တို့လည်း ဖြူခဲ့ပြီ။



အရွယ်ကပေးသော အသိတို့ကြောင့်လည်း ငယ်စဉ်က ရှိခဲ့ဖူးသည့် ဆတ်ဆတ်ထိမခံ မာန်မာနများလည်း လျော့ကျ ကွဲကြေစပြုခဲ့ပြီ။

ဘဝမှာ နေခြင်း၏အဓိပ္ပါယ်ကိုရှာဖွေမရနိုင်ဘဲ နေထိုင်ရင်း မဂ္ဂဇင်းများမှာ ပေါ်လိုက် ပျောက်လိုက် ကြိုကြားကြိုကြား ရေးသား ဆဲ။ နီးကပ်လာသော သေခြင်းတရားရှိရာသို့ အပြစ်ကင်းစင်စွာ သွားနိုင်ပါမည်လား သံသယရှိဆဲ။

ဘတ်စ်စကား၏ ဘီးများက စတင်ရွေ့လျားလာခဲ့သည်။

မေ့လျော့ခြင်းခံရသည့် အယ်ဒီတာဟောင်းတစ်ဦးကို သယ်ဆောင်လျက်ကားအဖြူလေးတစ်စီးမှာ သူစီးသည့် ဘတ်စ်ကားကို ကျော်၍ ရေဝေးမှ ဆန့်ကျင်ရာသို့ မောင်းနှင်ထွက်ခွာသွားခဲ့ပြီ။

ဖေဖော်ဝါရီလ/၂၀၀၂-ခုနှစ်

မဟေသီမဂ္ဂဇင်း

## အစိမ်းရောင်ည

*****

စာတိုက်ပုံးလေးထဲမှာ စာတစ်စောင်မျှမရှိ။ သို့သော် ဖိတ်စာတစ်ခုဟုထင်ရသည့် စာအိတ်ကလေးတစ်ခု။

စာအိတ်ထဲမှာ ပန်းချီပြပွဲ ကက်တလောက်ကလေး တစ်ခု။

သူမက ကက်တလောက်လေးကိုဖြည်းညင်းစွာ ယူလိုက်သည်။

ကိုအေးနိုင်၏ ပန်းချီပြပွဲ ဖိတ်စာကက်တလောက်။

ရုတ်တရက် ရင်တွေခုန်သွားရသည်။

ကိုအေးနိုင် သေပြီပဲ။

ကိုအေးနိုင် သေဆုံးခဲ့သည်မှာ လေးငါးလရှိခဲ့ပြီထင်သည်။

သူမကတော့ ကိုအေးနိုင်၏ မိတ်ဆွေလည်း မဟုတ်။ သူငယ်ချင်းလည်း မဟုတ်ပါ။ သို့သော် ကိုအေးနိုင်၏ ပန်းချီကား တချို့ကိုဝယ်



သူခဲ့ဖူးသောဖောက်သည် တစ်ယောက်ဖြစ်ခဲ့သည်။

အိမ်တံခါးသော့ကို ဖွင့်လိုက်သည်။

အိမ်ထဲမှာအနည်းငယ်ပူ၍မှောင်နေသည်။ လေအေးစက်ကို အဝေးထိန်းကိရိယာဖြင့် (၁၇)ဒီဂရီမှာထားကာဖွင့် လိုက်သည်။

အိမ်ခန်းသည် သန့်ရှင်းသပ်ရပ်၍ သားနားသော ဧည့်ခန်းဆောင် တစ်ခုဖြစ်သည်။

မီးခလုတ်များ ဖွင့်လိုက်လျှင်အလင်းရောင်ထဲမှာ ပန်းချီကားဘချို့ကို မြင်ရသည်။

ကိုအေးနိုင်၏ ညကားများ။

မီးရောင်ထဲမှာ ဆေးရောင်စိုရွှန်းသော ညများက သူမကို ့ကြည့်နေသည့်အလား ထင်မှတ်မှားရသည်။

စိမ်းမြမှိုင်းမှိုင်းတွင် နီယွန်မီးရောင်တို့ ဟိုတစ်စ သည်တစ်စ ီးကျနေသော အစိမ်းရောင်ည ပန်းချီကားကို သူမမော့ကြည့်မိသည်။

ရင်ထဲကို တစ်စုံတစ်ရာဖြင့် ဆုပ်ဆွဲယူလိုက်သလိုအရောင် ားက ဖမ်းစားနိုင်ဆဲဖြစ်သည်။

"ဩော်- ကိုအေးနိုင်"

မောင့်ဘဝ ညအလားကွယ် ဆိုသည့် တေးသွားတစ်စကို သူမ ားယောင်လာသည်။

မိန်းမတစ်ယောက်နှင့်ယောကျ်ားတစ်ယောက် အသက်အ ယ်ချင်းက မကွာခြား။ ဖြတ်သန်းခဲ့ရသော ကာလတွေလည်း တူညီ ပါလျက်နှင့် မဆုံစည်းခဲ့ကြစဖူး။

အစိမ်းရောင်ည ပန်းချီကားကို သူမဝယ်ခဲ့စဉ်ကလည်း ိုအေးနိုင်၏ သူငယ်ချင်း ပန်းချီဆရာနှင့်သာ စကားပြောဖြစ်ခဲ့သည်။

နောက်ထပ်အဝါရောင်ညနှင့် အပြာရောင်ညကို ဝယ်တော့မှ သူနှင့် တစ်လုံးစနှစ်လုံးစ စကားပြောဖြစ်ခဲ့သည်။ အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ စကားနည်းနည်း ပန်းချီဆရာ၏ ရုပ်ပုံကိုမြင်ယောင်လာသည်။

သို့သော် စူးရဲတောက်ပသော အဝါရောင်ညကားကို ကြည့်မိ ပြန်တော့ အပူရောင်ကဲသော နွေလယ်ညပမာ ခံစားမှုကို သူမရရှိခဲ့ ပြန်သည်။

အပြာရောင်ညကတော့ အေးချမ်းငြိမ်သက်သော ညကား တစ်ကားပဲ ဖြစ်သည်။ အပြာရောင်ညထဲတွင် အပြာငွေ့တို့သည် သန္တိရ သကို ခံစားရစေသည်။ သုံးပေ၊ နှစ်ပေ၊ ပန်းချီကားတွေထဲမှာ သူ့ရဲ့ ကိုယ်ပိုင်ညတွေကိုပဲ ပိတ်လှောင်ထည့်ထားလေသလား။

သူမသည် ပန်းချီဆရာအတွက် ဝမ်းနည်းမိသလို ခံစားမိ သွားသော်လည်း သူမကွယ်လွန်မိ လက်ရာကောင်းတချို့ စုဆောင်း မိခြင်းအတွက် ပီတိဖြစ်ရသည်။

တကယ်က အပြာရောင်ညနှင့် အဝါရောင်ညကို ဝယ်ယူခဲ့ စဉ်က တစ်နေ့မှာ ပြန်ရောင်းလျှင် မြတ်စွန်းလေမလား ရည်ရွယ်၍ ဝယ်ခဲ့ခြင်း ဖြစ်သည်။

သူမ အစွဲလမ်းဆုံးက-

အစိမ်းရောင်ည ပန်းချီကားပဲဖြစ်သည်။

အစိမ်းရောင်ည ပန်းချီကားကို စူးစူးနစ်နစ် ကြည့်မိပြန် သည်။

ထိုပန်းချီကားကို ကြည့်တိုင်း သူမကိုထားရစ်ခဲ့သော ကိုဇော် ကို သတိရမိသည်။

သူမသာ ပန်းချီ ရေးဆွဲတတ်လျှင် ကိုဇော်နှင့်သူမကြားမှ စိမ်းကားပြတ်တောက်မှုများကို ရေးဆွဲ၍ ပြလိုက်ချင်ပါရဲ့။

သူမ ငူးခနဲ သက်ပြင်းရှိုက်လိုက်သည်။



သည်တစ်ခါတော့-

မေ့ဘဝ ညအလားကွယ်ပေ့ါလေ။

သူမက ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

ဆိုဖာပေါ်မှာ ခပ်လျော့လျော့ မှီထိုင်ကာ ကက်တလောက် ထဲက ပန်းချီကားကို ကြည့်မိသည်။

ခရမ်းရောင်ကဲသော Abstract ကားတစ်ကားပဲဖြစ်သည်။ Abstract ဟု သူမသိရှိခဲ့သည်မှာ မကြာသေးပါ။ ဆေးရောင်သည် ကက်တလောက်ထဲမှာ စို့ရွှန်းနေသော်လည်း သူမပိုင်ညကားများ လောက် အားမကောင်းသလို ခံစားလိုက်ရသည်။ သူမသည် ပန်းချီ ကားများကို နားလည်သူမဟုတ်၍ ဘာကြောင့်သည်လို ခံစားမိလိုက် သလဲမသိ။

သူမ၏အခန်းမှကြည့်တိုင်း ညများကို သည်လိုပဲမြင်ရလေ့ရှိ သည်။

သူမ နေထိုင်ရာတိုက်ခန်းမှာ ကားအသွားအလာများသည့် လမ်းမကြီးတစ်ခုကို မျက်နှာစာပြုထားရာ ည၏အမှောင်ထဲတွင် ဝင်း ပြက်၍ သွားလေ့ရှိသော ကားမီးရောင်များကို တွေ့မြင်ရလေ့ရှိ သည်။ အခြားတိုက်များဆီမှ မီးရောင်များ၊ ခပ်လှမ်းလှမ်းရှိ စတိုးဆိုင်စား သောက်ဆိုင် တချို့တို့ဆီမှ ပြိုးပြိုးပြက်ပြက် အလင်းများကို မြင်တွေ့ နေရသော်လည်း ည၏အမှောင်ထဲတွင် အထီးကျန်စိတ်သည် အသည်း နှလုံး၏ထောင့်ကြိုထောင့်ကြားမှ ထွက်ပေါ်လာပြီး ဆုံးစမထင်သော ကြေကွဲခြင်းသည် မျက်ရည်များအဖြစ်စီးဆင်း မလာအောင် ထိန်းသိမ်း နိုင်ခဲ့ပြီဖြစ်သည့်တိုင် ဆောက်တည်ရာမရအောင် နာကျင်မှုကိုတော့ ပေးစွမ်းနိုင်ဆဲ ဖြစ်သည်။

ကားရပ်နားရန် မြေညီထပ်မှာ ကားကိုထားခဲ့ပြီး သူမ၏ အခန်းရှိရာလေးလွှာသို့တက်လာတိုင်း မီးပြတ်သည့် ရက်များတွင် မီး

စက်သံ ဆူဆူနှင့်အတူ တိုက်ခန်းတော်တော်များများ မီးလင်းနေကြသော်လည်း လေ့ကား၏ထောင့်မှာ မှောင်၍နေရာ စိုးရွံ့မှုကိုခံစားရမြဲဖြစ်သည်။

မပျော်ရွှင်မှု၊ စိုးရွံ့မှုနှင့် အထီးကျန်စိတ်မှာ အိမ်ထဲသို့ရောက်သည်ထိ လိုက်ပါလာတတ်သည်။ တီဗီကိုဖွင့်၍ ကြည့်လျှင်လည်း စိတ်နှင့်ကိုယ် မကပ်သည်မို့ပြသနေရသည့် အရုပ်များ၊ အသံများကို ခံစားလို့မရနိုင်ဘဲ ရှိရသည်။ ရုံဖန်ရံခါမှာ ကြည့်သာနေရသည် တရုတ်ကားလား၊ ကိုရီးယားကားလားပင် သဲကွဲစွာမသိခဲ့။

ဆိုဖာရှည်ပေါ်မှာ လဲလျောင်းရင်းမျက်လုံးများ မှိတ်လိုက်တိုင်း နှလုံးသွေးတဒိတ်ဒိတ် တိုးနေသံကို ကြားရသည်။ စိုးရွံ့မှုနှင့်စိတ်ဓာတ်ကျမှုက သူမကို ဖိစီးနေခဲ့သည်။

(၂)

ဆောင်း၏ တစ်နေ့ခင်းမှာတော့ ညီမငယ် တစ်ယောက်ထံ မှ ထိတ်လန့်ဖွယ် သတင်းကို ကြားခဲ့ရသည်။

ကိုဇော်ကို ကောင်မလေး တစ်ယောက်နှင့်တွဲ၍ ဟိုတယ်တစ်ခု၏ စားသောက်ခန်းမမှာ တွေ့သည့်အကြောင်း။

ကိုဇော်က ရုပ်ရည်ချောမောသူလည်း မဟုတ်။ သို့သော်လက်ရှိလုပ်ငန်းက သူ့ကို အတန်အသင့် သုံးစွဲနိုင်စေသည်။

ညီမငယ်၏ အပြောအရဆိုလျှင် ထိုမိန်းကလေး၏ပခုံးကိုဖက်၍ ဟိုတယ်ခန်းမမှ ထွက်သွားခဲ့သည် ဆိုသောကြောင့် သူမရင်ထဲမှာ ထူပူစိုးထိတ်သွားခဲ့သည်။

သူမကတော့ အိမ်ပြန်နောက်ကျတိုင်း အရေးကြီးဧည့်သည် ဧည့်ခံရလို့(သို့)အလုပ်များလို့ဆိုလျှင် ယုံလိုက်မြဲ။ နှစ်ရက်၊ သုံးရက်



လောက် ပျောက်နေပြန်တော့လည်း ခရီးထွက်ရလို့တဲ့။

ကောင်မလေးတစ်ယောက်နှင့် တွဲနေကြောင်း လာပြောသူတွေ ရှိခဲ့ဖူးပေမယ့် ကိုဇော်ကက္ကန္တြေမပျက်ဘဲ ရှိခဲ့သည်မို့ သူမကိုတမင်လာ၍ နောက်ပြောင်ကြတာလား တွေးမိခဲ့မြဲ။

ရုံးအလုပ်နှင့်နယ်သို့ ခရီးထွက်တိုင်းလည်း သူမဖို့လက်ဆောင်တွေကပါမြဲ။

"မိန်းမကို ဘယ်လို သတိရတာ"

သည်လို အပြောတွေကြောင့်ပင် သံသယတို့ပြေချင်ချင်။ သူ၏အယုအယ အချော့အလှိုင်း အညာအခရာတွေက ပုံစံမပျက်။ သို့ပေမယ့် အိမ်ထောင်မပြိုကွဲခင် သုံးလလောက် အတွင်းမှာကိုဇော် အိမ်ပြန်မလာသည့် နေ့ရက်တွေစိပ်လို့လာသည်။

ထိုအချိန်ကစလို့ သူပြန်လာတိုင်းရန်ဖြစ်ခဲ့ရသည်။ မယုံတော့။ မျက်ရည်စများ၊ နာကြည်းစကားများ၊ စကားလုံးတွေက ရိုင်းရိုင်းကြမ်းကြမ်း။ သူမက သူ့ကိုနာကြည်းစွာဖြင့်တွေ့ရာပစ္စည်းများနှင့် ပစ်ပေါက်ခဲ့သည်။

နောက်ဆုံးတော့ သူ့ကို လုံးဝမတွေ့ရတော့။

သူ့ရုံးမှာ သွားတွေ့တော့လည်း ခရီးထွက်နေသည်တဲ့။

တကယ်က သူတို့သည် နှစ်ဖက်မိဘ သဘောမတူသည့်ကြားမှ ပညာတစ်ပိုင်းတစ်စဖြင့် လက်ထပ်ခဲ့ကြသူများဖြစ်သည်။ အိမ်ထောင်ကျစမှာ အတော် ကသီခဲ့ကြသည်။ နောက်မှ ကိုဇော်၏အစ်မကြီးရှိရာ ဂျပန်နိုင်ငံသို့သွား၍ အလုပ်လုပ်ခဲ့သည်။

ဂျပန်မှာ သူရောက်စက မပျော်ကြောင်း သူရေးသည့်စာများကို ဖတ်ပြီးငိုခဲ့ရတာ သတိရသည်။

ကိုဇော် မြန်မာပြည်ပြန်ရောက်လာပြီး ကွန်ပျူတာ၊ တီဗီ၊ ရေခဲ

သေတ္တာစသည့် ပစ္စည်းများရောင်းချသည့် ကုမ္ပဏီတစ်ခုမှာ ရှယ်ယာတချို့ဝင်ခဲ့သည်။ သူတို့ပိုင်တိုက်ခန်းနှင့် ကားနှစ်စီးမှာ သူမနာမည်ဖြင့် ဖြစ်သည်။

ယခုတော့ ကိုဇော်စီးနေကျကရီနာဘင်ကားကို ကိုဇော်ယူသွားခဲ့ပြီ။

သူမနေထိုင်ရာ တိုက်ခန်းနှင့် ကျန်ကားတစ်စီးကိုဘဝရပ်တည်မှုအတွက် ရောင်းပစ်ခဲ့ရသည်။ သူတို့အတူ နေထိုင်ခဲ့ကြသော ရေကျော်ရှိတိုက်ခန်းကို ရောင်းလိုက်ခြင်းမှာ အိမ်နီးဝန်းကျင် ခင်မင်ရင်းနှီးပြီး မျက်နှာများ၊ ဆွေမျိုးသားချင်းများကို မတွေ့လိုတော့၍လည်း ဖြစ်သည်။

"လင်းလင်းကမှ ဇော့်ကို မထိန်းတာ"

သည်အသံများကို မကြားလိုတော့၍လည်း ဖြစ်သည်။

သူမထံ ဖုန်းဆက်၍-

"ကိုဇော့်ကို ဘယ်မှာတွေ့ပြန်ပြီ၊ လိုက်မရှာတော့ဘူးလား။ ဒီလိုပဲ နေမှာလား"

အပြစ်တင်သံများကို မကြားရဲတော့၍လည်း ဖြစ်ပါသည်။

အဖြေ မရှိသည့် အမေးပုစ္ဆာတစ်ခုကို ဖြေကြားဖို့လည်း အင်အားမရှိသော မိန်းမတစ်ယောက်-

ဘုရားတွေ၊

မြို့လယ်ပန်းခြံတွေ၊

လမ်းတွေ၊

ခိုကလေးတွေ၊

မိုးရေစက်တွေ၊



မရေတွက်နိုင်စွမ်းသော ခြေရာများဖြင့် လိုက်ရှာခဲ့ပြီးပြီဆိုတာ ဘယ်လိုပြောရပါ့။

သူ့ကို သည်လိုဆင်းသွားရလောက်အောင် ဘယ်အရာတများ ဆွဲဆောင်ခဲ့ပါလိမ့်။

သူမကိုတော့ ကွာပေးခြင်းလည်းမရှိ။

သူမထံလည်း ပြန်မလာခဲ့။

(၃)

နေရာသစ်မှာ ဘဝကို ပြန်လည်စတင်ဖို့ ကြိုးစားခဲ့တာ သူမဘက်က အမှားများလားလို့ တွေးမိတော့ ဝမ်းနည်းမိရပြန်သည်။

သူမဘေးမှာ အခက်အခဲကြုံတိုင်း အပြုံးဖြင့် နှစ်သိမ့်မည့်သူလည်း မရှိ။ တိုးတိုးဖော် တိုင်ပင်ဖက်ကလည်း မရှိ။ ယခင်အိမ်မှာတုန်းကဆိုလျှင် နှစ်ယောက်အိပ်ခုတင်ပေါ်မှာ ဘယ်လူးညာလိမ့် အိပ်မပျော် ဖြစ်ခဲ့ရသည်။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မသောက်ခဲ့ဘူးသည့် အိပ်ဆေးတွေသောက်၍အိပ်ခဲ့ရသည်။ မထတမ်း အိပ်ပျော်သွားရင်သိပ်ကောင်းမှာပဲ။ အခန်းရှေ့မှ ခြေသံကြားတိုင်း၊ ကားတစ်စီးဝင်လာသံကြားတိုင်း ကိုဇော်များ ပြန်လာပြီလားလန့်၍ ထထိုင်တတ်သည်။

'သူ ဘာကြောင့် ဒီလောက် ရက်စက်သွားတာလဲ'

ပြတင်းပေါက်မှ မြင်ရသည့် ညရှုခင်းများကိုသာ မူးတူးမင်တင်နှင့် ကြည့်နေဖြစ်ခဲ့သည်။

မီးရောင် တလက်လက် မြို့၏ဆိတ်ငြိမ်မှုထဲတွင် ရံဖန်ရံခါ ထွက်ပေါ်လာတတ်သည့် အသံဗလံများ၊ လေထဲတွင်ည၏ ခပ်နွေးနွေး အငွေ့နှင့် ညငှက်တို့မြည်သံ၊ ကားသံများ၊ အိမ်ခေါင်မိုးတွေပေါ်မှ တီဗွီ

အင်တာနာများ ၊ ဂြိုလ်တုစလောင်းများနှင့် လခြမ်းရေးရေး။

ခပ်လှမ်းလှမ်း မီးရထားလမ်းပေါ်မှ ရထားတစ်စင်း၏ ဥသြသံများ၊ ကားတစ်စီးတလေ၏ မီးရောင်များ၊ လမ်းမီးတိုင်အောင်မှာ လမ်းလျှောက်သွားသူ လူငယ်တစ်ယောက်တလေ။

'ဘာကြောင့် ဒီအချိန်မှ အိမ်ပြန်လာပါလိမ့်'

နှင်းတို့ ကျချိန်က ဆိုလျှင် မီးရောင်နှင့် ထိတွေ့သည့် နှင်းငွေ့များကို ခရမ်းရောင် မှုန်ဝါးဝါးတွေ့ရသည်။

တစ်ညမှာတော့ သူမသည် ရင်နာရခြင်းနှင့် အထီးကျန်ခြင်း ငွေ့မှုကို မခံမရပ်နိုင်ဘဲဖြစ်ကာ ဝရန်တာမှ ခုန်ချဖို့စဉ်းစားခဲ့မိသည်။ ခုန်ချလိုက်လျှင် သူမသေဆုံးခြင်းအတွက် ဝမ်းနည်းမည့်သူလည်းရှိမည် မထင်။

တစ်နေ့နေ့ပေါ့. . .

ရှုတ်တရက် ခုန်မချရဲသဖြင့် စိတ်ပြန်လျှော့ကာ ငိုကြွေးမိခဲ့သည်။

ထိုသို့ နေ့မသိညမသိ နေထိုင်ခဲ့သည့် နေ့ရက်များ ကုန်ဆုံးလုလုအချိန်တွင် လက်ထဲမှာပိုက်ဆံလည်း ပြတ်သွားခဲ့သည်။

ထိုအချိန်က ကားဈေးမှာလည်း တက်နေရာ သူမလက်ရှိ ဆူပါရှုဗ်ကားကိုရောင်းဖို့စုံစမ်းရင်း မောင်ဝမ်းကွဲလေးတစ်ယောက် နှင့်အတူ ကားဝယ်ရောင်းအလုပ်တစ်ခု လုပ်မိလျက်သား ဖြစ်သွားခဲ့သည်။ မထင်မှတ်ဘဲနှင့် လေးငါးလအတွင်း ကားလေးငါးစီးဝယ်လိုက်၊ ရောင်းလိုက်လုပ်ရင်း လုပ်ငန်းသဘောကို နားလည်လာသည်။ ကားအရောင်းအဝယ် အေးသွားပြန်တော့ တိုက်ခန်းကိုပြန်ရောင်းခဲ့သည်။ သည်တိုက်ခန်းမှာ ဆက်နေလျှင် ညတိုင်းအထီးကျန်မှုကြောင့် ဝေဒနာဖြစ်ရလွန်း၍လည်း ဖြစ်ပါသည်။



သူမ ပြန်ဝယ်ခဲ့သော လေးလွှာတိုက်ခန်းက မြို့၏ဆင်ခြေဖုံးမှာမို့ဈေးလည်း သက်သာသလို အခန်းကလည်း ခပ်ကျဉ်းကျဉ်းပဲ ဖြစ်သည်။

သူစိမ်းတစ်ရံ ဆန်လွန်းလှသော နေရာလေးမှာ သူမအတွက် စိတ်ကျေနပ်စရာပဲ ဖြစ်သည်။

သူမ ဘဝထဲမှာ ကိုဇော်ရှိခဲ့ဖူးကြောင်း ဘယ်သူမှလဲမသိ၊ စပ်စပ်စုစုလည်းမရှိ။ သူမဘက်ကလည်း ကိုဇော်ပြန်လာ၊ မလာ ညစဉ်မျှော်လင့်စရာမလိုတော့။

ကိုယ်ပိုင်ဝင်ငွေ ရှာနိုင်ခဲ့ပြီဟု သူမကိုယ်သူမထင်မြင်ခဲ့ပြီမို့ စိတ်ကျသည့်ဝေဒနာမှ တစ်စတစ်စ သက်သာလာခဲ့သည်။ ထိုအချိန်မှာပင် အမှတ်မထင် ပန်းချီပြပွဲတစ်ပွဲသို့ ရောက်ဖြစ်ခဲ့သည်။

ဧည့်ခန်းသစ်မှာ ပန်းချီကားတချို့ချိတ်မည်ဟု စိတ်ကူးခဲ့၍ပင်။

ပထမက ရှုခင်းလှလှလေး(သို့)ပန်းရောင်စုံလေးများပုံ ပန်းချီကားချပ်တစ်ခုခု ချိတ်ဖို့ စဉ်းစားရင်း ဗိုလ်ချုပ်ဈေးမှာ ပန်းချီပြပွဲတစ်ပွဲ ဝင်ကြည့်ဖြစ်ခဲ့သည်။

လက်ရာစုံ ပါဝင်သော ပန်းချီကားမျိုးစုံအနက် ကိုအေး နိုင်၏ လက်ရာညကားများက သူမကို ဖမ်းစားခဲ့သည်။

အပြာရောင်ည

အစိမ်းရောင်ည

အနီရောင်ည

လိမ္မော်ရောင်ည

အဝါရောင်ည။

သူမ ပြတင်းမှ ကြည့်မိခဲ့သော ညများကို သတိရစေသည်။

ထိုအခါမှာ ပန်းချီကားဆိုသည် အလှအပကြည့်ဖို့သက်သက် မျှမဟုတ်၊ စိတ်နှလုံးသားကို နှစ်သိမ့်စေဖို့ဆိုတာ နားလည်လာရသည်။

သူမက 'အစိမ်းရောင်'ည အမည်ရှိပန်းချီကားကို ဝယ်ယူ ဖြစ်ခဲ့သည်။

ကင်းဘတ်ဖျင်ပေါ်တွင် စိမ်းမှောင်သော အရောင်များစီးကျ နေခဲ့သည်။ လ(သို့)ကြယ်ပွင့်များပင် စိမ်းလျက်လင်းနေလေသလား။

အလင်းပြိုးပြက် အစက်များသည် ကားများ၏ မီးရောင်(သို့) လမ်းမီးများ(သို့)တိုက်ခန်းပြတင်းများမှ အလင်းရောင်ပေပဲလား သဲကွဲစွာ သူမမသိခဲ့။

လျှို့ဝှက်သိပ်သည်း၍ သူစိမ်းဆန်သော စိမ်းမြမှိုင်းမှိုင်း ည ထဲတွင် သူမကိုယ်တိုင် ပျော်ဝင်ပျောက်ဆုံးသွားသလို ခံစားမှုကြောင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ကိုအေးနိုင်၏ သူငယ်ချင်းပန်းချီဆရာကတော့ ကိုအေးနိုင် သည် ထိုညကားများကို ရောင်းလိုသောဆန္ဒမရှိခဲ့ကြောင်း ပြောပြခဲ့ သည်။

ကိုအေးနိုင်သည်လည်း သူမလိုပင် အထီးကျန်ညများကို ခံစား ခဲ့ရလေသလား။ ဘာကြောင့် ပါလိမ့်။

သို့တိုင် သူမ မြတ်နိုးခဲ့ရသည်မှာ ပန်းချီကားများသာ ဖြစ်သ ဖြင့် ထိုပန်းချီကားများ၏နောက်ကွယ်မှ ပန်းချီဆရာ၏ဘဝကိုမသိလိုခဲ့။

ကိုအေးနိုင်၏ ပန်းချီကား တစ်ကားကို ဝယ်ယူမိခဲ့ဖူးသဖြင့် ပြပွဲပြုလုပ်တိုင်း သူမထံသို့ဖိတ်စာကတော့ ရောက်လာ တတ်ခဲ့သည်။

ကိုအေးနိုင်၏ ညကားနှစ်ကားကို ထပ်မံ ဝယ်ယူဖြစ်ခဲ့သည်။ သည်တစ်ခါတော့ ကြိုက်နှစ်သက်ရုံမက တစ်ချိန်ချိန်မှာ မြတ်စွန်းလေ



မလား ရည်ရွယ်ခဲ့၍ဖြစ်သည်။

ထိုအချိန်မှာပင် အစာအိမ်သွေးယိုသည့် ရောဂါဖြင့် ကိုအေး နိုင် ကွယ်လွန်သွားခဲ့သည်။

(၄)

ပြခန်းထဲသို့ သူမ ဝင်လာလျှင် သူမနှင့် မျက်မှန်းတန်းမိသည့် ကိုအေးနိုင်၏ သူငယ်ချင်းပန်းချီဆရာက ကက်တလောက် ကောင်တာမှ ထ၍နှုတ်ဆက်သည်။

"လာ အစ်မ၊ လာ ထိုင်"

သူ့ဘေးနားမှ ဖြူဖြူသွယ်သွယ်အသက်(၃၀)ကျော်ခန့် အ မျိုးသမီးနှင့်ပါမိတ်ဆက်ပေးသည်။ ကျန်ဧည့်သည်များ သူတို့ချင်းစကား ပြောနေကြသည်။

ဖြူဖြူသွယ်သွယ်နှင့် သွက်လက်ပုံရသည့် အမျိုးသမီးက သူမ ကိုပြုံးကြည့်သည်။ ကိုအေးနိုင်၏ဇနီး ဆိုပါလား။

"ထိုင်ပါ အစ်မ၊ ဘာသောက်မလဲ၊ အအေးလား၊ လက်ဖက် ရည်ပဲလား"

ခေတ်မီ၍ လှပသည့် အမျိုးသမီးက သူမကိုမေးလိုက်သည်။

'ကိုအေးနိုင် ဘာလို့အထီးကျန် စိတ်ကို ခံစားခဲ့ရပါလိမ့်'

သူမ ဖျက်ခနဲ တွေးလိုက်သည်။

စားပွဲမှာ ဧည့်သည်များ ရှိနေသဖြင့်-

"နေပါစေ"

ဟု ပြောရင်း ပန်းချီကားများကို လှည့်လည် ကြည့်မိသည်။

ကိုအေးနိုင်၏ ဘဝတစ်သက်တာ ရေးဆွဲသွားသည့် လက်ရာထဲမှ တချို့ကိုပြသထားသည်မို့ ညကားများသာမဟုတ် အခြား Modern ပန်းချီကားများနှင့် ပုံတူများပါတွေ့ရသည်။

ပန်းချီဆရာဇနီးက သူမဘေးသို့ရောက်လာသည်။

ခရမ်းရောင်ည ပန်းချီကားကိုပြရင်း-

"ဒီကားက သူနောက်ဆုံး ရေးခဲ့တာပါ"

ကက်တလောက်ထဲ တွေ့စဉ်က သူမမကြိုက်ခဲ့သော်လည်း အပြင်မှပန်းချီကားကတော့ သူမကို အတော်ပင်ဆွဲဆောင်နိုင်ခဲ့သည်။

အထီးကျန် ဆောင်းညများကို သတိရလာသည်။

နှင်းမှုန်တဖွဲဖွဲ အငွေ့များသည် ဝါကျင့်ကျင့် မီးရောင်တွင် ခရမ်းရောင်အမှုန်များ အသွင်သို့ပြောင်းသွားခဲ့သည်ကို သတိရစေသည့် ဆောင်းညပဲဖြစ်သည်။

"အဲဒီကားကို မရောင်းဘူးလား"

"ဘယ်ကားကိုမှ မရောင်းပါဘူး အစ်မ"

အမျိုးသမီး၏ မျက်လုံးများက မှုန်မှိုင်းသွားသည်။

"သူရှိတုန်းက သူ့ပန်းချီပြပွဲတွေကို ကျွန်မမရောက်ခဲ့ဘူး။ ကျွန်မသူ့ကိုပန်းချီဆရာတစ်ယောက် ဖြစ်လာအောင် အားပေးခဲ့ဖူးပေမယ့် ပုံတူတွေကလွဲလို့သူ့ပန်းချီကားတွေကို ကျွန်မနားလည်ခံစားလို့မရခဲ့ဘူး။ အဲဒီလို ကားတွေဝယ်တဲ့လူ ရှိတယ်ဆိုလို့ အံ့ဩနေတာ။ ဒီလိုကားမျိုးတွေကို သူကမရောင်းရက်ဘူး ဆိုပြန်တော့လည်း ကိုယ့်မိသားစုအခက်အခဲကို နားမလည်ရကောင်းလား အပြစ်တင်ခဲ့မိတယ်။ ခုတော့ အဲဒီလို သူ့အပေါ် နားမလည်ခဲ့တဲ့ ကျွန်မကိုယ်ကျွန်မ အပြစ်တင်မိတယ်။ အဲဒီ အပြစ်ကြွေးကို ဆပ်ချင်လို့ အခုပြပွဲလုပ်ဖြစ်တာပါ"

ကိုအေးနိုင်၏ ဇနီးသည် အသံကဆို့နစ် ဝင်သွားသည်။



ကိုအေးနိုင် သေဆုံးခြင်းအတွက် ထူးဆန်းသော ဝမ်းနည်းမှုက သူမကိုနာကျင်စေသည်။ သူ အသက်ရှင်စဉ် မိတ်ဆွေ တစ်ဦးအဖြစ် သိကျွမ်းရင်းနှီးဖို့ ဘာလို့ မကြိုးစားမိခဲ့ပါလိမ့်။

အဝါရောင်ညနှင့်အပြာရောင်ညပန်းချီကားများကို အရစ်ကျပေးပြီး ဝယ်ခဲ့စဉ်က

"ဒီလို ညကားတွေကို ဘာလို့ရေးခဲ့ပါလိမ့်"

မေးခဲ့မိသည်။

ကိုအေးနိုင်က ပြန်မဖြေဘဲ ယဲ့ယဲ့ပြုံးနေခဲ့သည်။

ယခုတော့ သူ့ညကားတွေ တစ်ချိန်ချိန်မှာ မြတ်စွန်းလေမလား ဝယ်ခဲ့မိသည့်အတွက် ရှက်သယောင်ယောင် ခံစားလိုက်ရသည်။

အမှတ်မထင်ပင် ကိုအေးနိုင်၏ ကိုယ်တိုင်ရေးပုံတူ အမည်ရှိ ပန်းချီကားရှေ့မှာ ရပ်မိလျက်သား ဖြစ်နေသဖြင့် ထိုပန်းချီကားကို ကြည့်လျှင် ပန်းချီကားထဲမှ ကိုအေးနိုင်က ခပ်မဆိတ်ပင် ခပ်စိမ်းစိမ်း အကြည့်ဖြင့် သူမကို ပြန်ကြည့်နေတာကို တွေ့မြင်လိုက်ရသည်။

ဒီဇင်ဘာ/ ၂၀၀၅

မဟော်သဓာ မဂ္ဂဇင်း

## နှလုံးသားထဲကဗိုင်းရပ်များ

✻ ✻ ✻ ✻ ✻

(၁)

တစ်ခါတုန်းက ကျွန်မသည် အိပ်ရာထဲမှာ လဲလျောင်းစဉ်မှာပင် အိပ်ရာဆီသို့ ပြန်မရောက်နိုင်ဘဲ ခရီးတစ်ခုကို သွားခဲ့ရသည်။

ထိုခရီးကို ယခု ကျွန်မပြန်တွေးကြည့်သောအခါ အစစ်အမှန်ခရီးပဲလား။ ဒါမှမဟုတ် ကျွန်မ၏စိတ်ဝိဉာဉ်ကသာ လိုက်ပါခဲ့ပြီး ခန္ဓာကိုယ်က အိပ်ရာထဲကျန်ရစ်ခဲ့လေသလား သို့မဟုတ်လျှင် စိတ်ဝိညာဉ်ဖြင့်သာ လိုက်ပါခဲ့သည့် ခရီးလေလား ဝေဝါးဆဲဖြစ်သည်။

ကျွန်မကို လာရောက်ခေါ်ဆောင်သူတို့၏ ရုပ်လက္ခဏာများကို ကျွန်မမမှတ်မိတော့ပါ။ ဂမ္ဘီရဝတ္ထုတစ်ပုဒ်မှ ဇာတ်ဆောင်တစ်ယောက်ပမာ ခံစားရလျက်၊ ကျွန်မကို လာရောက်ခေါ်ငင်ကြသူများသည် ပရလောကမှ မဟုတ်လျှင် အဆင့်မြင့် ဂြိုလ်တစ်ခုခုမှလေလား။



အသူရကယ်ဘုံစံသတ္တဝါတို့သည် ပကတိလူသားထက်ပို၍ အဆင့်မြင့်သည့် စွမ်းအင်များရှိကြောင်း ကြားဖူးပါသည်။ လူ့လောက အစစ်အမှန်နှင့် အတန်ငယ်အလှမ်းကွာသော နေရာဒေသတစ်ခုဖြစ်ဟန်တူပါသည်။

စီးစရာ ယာဉ်တစ်ခုခုပေါ်သို့ ကျွန်မကိုတင်ဆောင်သွားခဲ့ရာ ည၏တရိပ်ရိပ်မှောင်မိုက်နေသော အမှောင်ထုထဲသို့ တစ်စတစ်စတိုးဝင်သွားခြင်းဖြင့် ကျွန်မသည်လည်း အမှောင်ထုနှင့်တစ်သားတည်းဖြစ်ကာ ပျောက်ကွယ်သွားမယောင် ထင်ခဲ့မိပါသည်။

ကျွန်မသည် အသက်ကို ဖက်နှင့်ထုပ်ထားရမလောက် ကြောက်ရွံ့နေသော်ငြား စိတ်ကိုတည်ငြိမ်စွာထားနိုင်ဖို့ ကြိုးစားကာ ဗုဒ္ဓ၏ဂုဏ်တော်များကို အောက်မေ့နေမိပါသည်။ ထိုစဉ်မှာပင် ကပ်ဖ်ကာ၏ 'ရဲတိုက်' အမည်ရှိ ဝတ္ထုကိုပြေး၍ သတိရမိသည်။

တကယ်တော့ ကျွန်မ၏အိပ်ရာလေးမှာ နွေးနွေးထွေးထွေးရှိသည့်တိုင် ဖျော်မွေ့စရာကောင်းလှသည့်တော့ မဟုတ်ပါ။ ခင်ပွန်းဖြစ်သူ၏ ဆေးလိပ်နံ့သင်းလျက် ခုတင်ပေါ်တွင် အညာစောင်ပါးပါးကို ခပ်စုတ်စုတ် ဂွမ်းကပ်တစ်ခုပေါ်ခင်းထားပြီး အညာစောင်တစ်ယောက်တစ်ထည်စီခြုံကာ ခင်ပွန်းကလည်း သူ့ထောင့်မှာ သူကပ်၍အိပ်စဉ် ကျွန်မကလည်း စောင်ပါးပါးတစ်ထည် ရင်ဘတ်ပေါ်တင်ကာ ကျွန်မထောင့်မှာ ဝေဒနာကို ရှုမှတ်နေလေ့ရှိပါသည်။

သို့တိုင် စာအုပ်နံ့များ အောက်သိုးသိုးအနံ့များထွက်နေသည့် အခန်းကျဉ်းကလေးထဲမှ နှစ်ယောက်အိပ်ကုတင် တစ်လုံးပေါ်တွင် အိမ်ထောင်သက် နှစ်နှစ်ဆယ်ကြာ လူသားနှစ်ဦးတို့ တစ်ထောင့်စီမှာကပ်လျက် ကိုယ့်ရှုမှတ်နှင့်ကိုယ် ရှိနေကြခြင်းသည်ပင် ပြီးပြည့်စုံသော အိမ်ထောင်မှုဘဝ သို့မဟုတ် နှစ်လိုဖွယ် ညဥ့်ယံများအဖြစ် ကျွန်မအောက်မေ့မိလေ သလားမသိပါ။ ထိုယာဉ်ပေါ်တွင် လိုက်ပါစဉ် ကျွန်မ၏ အိပ်ရာလေးကို တမ်းတမိသေးသည်။

တကယ်တော့ ညစဉ်လိုပင် ကျွန်မတွေးမိနေသေးသည်မှာ ကျွန်တို့နှစ်ယောက်နှင့် သေခြင်းကြားတွင် ခပ်ပါးပါးနံရံလေးသာခြားနေပြီး လူ့ဘဝတွင်နေရဖို့ နှစ်ကာလများများစားစား မကျန်တော့ကြောင်းပင်။ ကျွန်မ မသေဆုံးမီ စိတ်ကြည်လင်စွာဖြင့် သေခြင်းကို ရင်ဆိုင်သွားချင်ပါသည်။ သို့ရာတွင် အချိန်မတိုင်မီ ကျွန်မမသိသော ဘုံတစ်ခုခုမှ လောကသားတို့က ကျွန်မအားလာရောက်ခေါ်ငင်ခြင်းဖြင့် ကျွန်မ၏စိတ်ဝိညာဉ်သည် အစွဲတစ်ခုခုကြောင့် မလွတ်မြောက်နိုင်မှာကို စိုးကြောက်မိပါသည်။ သို့တိုင် ယခုတော့ ဘာမှမတတ်နိုင်တော့ပါ။

ကျွန်မ၏သားကတော့ အိမ်ရှေ့ဧည့်ခန်းမှာ အိပ်လေ့ရှိသည်။ ညအိပ်ခါနီးလျှင် စာအုပ်ပုံများကို တွန်းရွှေ့ပြီးအိပ်ရာခင်းကာ ကျောချအိပ်လေ့ရှိသည့်တိုင် ခြင်ထောင်ထောင်ဖို့ အလွန်ပျင်းသောကလေးဖြစ်သည်။ သိုးတစ်ကောင်၏ အမွေးများပမာ ကောက်ကွေ့တွန့်လိန်မည်းမှောင်နေသည့် ရှုပ်ရှုပ်ပွပွသူ့ဆံပင်လေးများကို ကျွန်မကိုင်ရင်းသိုးမည်းကလေးဟုခေါ်တတ်သည်။ သိုးမည်းကလေးက အမေကိုမချစ်တော့ဘူးလား။ သူတို့နှစ်ယောက်စလုံး အိပ်မက်တွေပဲ မက်နေကြသလား။ သိုးမည်းကလေး ငယ်ငယ်လေးတုန်းက အမေဘယ်သွား သွားထဘီစဆွဲပြီးလိုက်ချင်ခဲ့သည်။ ခုတော့ သိုးမည်းကလေးက ဆယ်ကျော်သက်အရွယ် ရောက်ခဲ့ပြီဖြစ်ရာ ထောင့်မကျိုးသည့် ပုံစံကလေးနှင့်ဂျစ်ကန်ကန်လုပ်တတ်လာသည်။ သိုးမည်းကလေးသည် အမေကွယ်လွန်ပြီးမှ သားမိုက် နောင်တရသည့်အကြောင်း ကဗျာတစ်ပုဒ်ရေးထားရာ ကျွန်မမှာပြုံးမိပါသေးသည်။ ယခု အမေတစ်ယောက် အမည်မသိဘုံဆီသို့ ခရီးသွားနေသည့်ယာဉ်ပေါ်မှာ လိုက်ပါသွားရကြောင်း သူမသိလိုက်ဘူးလား။

ကျွန်မသည် ဘဝတွင် စာရေးဆရာအဖြစ်နှင့်လည်း အောင်မြင်သူမဟုတ်ခဲ့ပါ။

သူလိုကိုယ်လို လူတစ်ယောက်ပဲ ဖြစ်ပါသည်။ အိမ်ရှင်မတော်



ယောက်အနေနှင့်မူ လင်နှင့်သားအပေါ်တွင် ရံဖန်ရံခါအနိုင် ယူလိုစိတ်ပြင်းထန်ပြီး အငြင်းအခုန်သန်သူဖြစ်ပါသည်။

သို့အတွက် ကျွန်မအား ထိုသို့လာရောက် ခေါ်ငင်ကြခြင်းကို ခင်ပွန်းရောသားကပါ ကြည်ကြည်ဖြူဖြူထည့်ရက်နိုင်ခြင်း ဖြစ်လေသလား သို့မဟုတ်ပါက သူတို့ထက် အင်အားကြီးမားသည့် လောကသားတို့ကို မြင်နိုင်စွမ်းမရှိကြ၍ပဲလား။ သို့မဟုတ်လျှင် ထိုလောကသားတို့နှင့် ယှဉ်ပြိုင်ရန် အဆင်သင့်မဖြစ်ကြသေး ၍ဘဲလား။ အိပ်မွေ့ချပဲခံခဲ့ရလေသလား၊ ကျွန်မမသိပါ။ ကျွန်မကား ကျွန်မမသိသည့် လောကသားတို့ ခေါ်ဆောင်ရာယာဉ်ပေါ်တွင် လိုက်ပါခဲ့ရပါပြီ။

ကျွန်မအား တခြားဂြိုလ်မှ လာခေါ်လေသလား။

လနှင့်အင်္ဂါဂြိုလ်ပေါ်တွင် လူများနေထိုင်ရန် မြေနေရာများရောင်းချနေပြီဖြစ်ကြောင်း ကြားဖူးခဲ့သည်။

ယခု ထိုမြေကွက်များတွင် စမ်းသပ်နေထိုင်ခိုင်းစေရန် ကျွန်မကိုခေါ်ငင်သွားခြင်းလေလား။

ယာဉ်သည် မြေပြင်မှ လဆီသို့အတောင်ပံဖွင့်လျက် ပျံသန်းလေမည်လား။

သူတို့က ကျွန်မကို ပြာမြနက်ရှိုင်းသည့် အမှောင်ထုကြီးဘစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ပြာ၍နက်ရှိုင်းသော တွင်းဘစ်ခု၏ လေမှုတ်စွမ်းအားဖြင့် ယာဉ်သည်ဝဲ၍ တွင်းချိုင့်နှုတ်ခမ်းဝမှာ အတန်ကြာနားနေခဲ့သည်။

ပြီးလျှင် တွင်းဆီသို့ဝင်ခဲ့ရာ ယာဉ်၏အသံမကြားရသဖြင့် ကျွန်မအံ့ဩမိသည်။ မီးရောင်လေးများကို ဟိုနေရာသည်နေရာက တွေ့မြင်နေရပြီး ငြိမ့်ခနဲငြိမ့်ခနဲ နိမ့်ဆင်းသွားမှုကို ခံစားနေရသည်။ ခေါင်းထဲမှာလည်း တသိမ့်သိမ့်တုန်လာသည်။

ငရဲဘုံ သို့မဟုတ် အသူရကယ်ဘုံလေလား။

ထိုဘုံများသို့ အချိန်မတိုင်မီ ခေါ်ဆောင်သွားခြင်းခံနေရသူများအကြောင်း ကျွန်မတွေးနေမိသည်။ ဘာသာရေး မဂ္ဂဇင်းများတွင် ထိုသို့သောအကြောင်းများ မကြာခဏဖတ်ရပါသည်။

ယာဉ်သည် တွင်း၏နက်ရှိုင်းသော တစ်နေရာမှာရပ်တန့်ကာ မီးရောင်တဖျတ်ဖျတ်လင်းနေသော နံရံတစ်ခုထဲသို့ တိုးဝင်သွားခဲ့သည်။

ပြာမှိုင်းမှိုင်းမြူနှင့် သဏ္ဌာန်တူသည့်အရာများက မီးရောင်ထဲတွင် ဝေ့ဝဲနေကြသည်။

ယာဉ်၏တံခါးပွင့်သွားပြီး အေးစက်စက်လက်များက ကျွန်မကို ခေါ်ငင်သွားခဲ့သည်။ လူရိပ်ပုံသဏ္ဌာန်များသာ တွေ့မြင်ရသော်လည်း မြူလိုနှင်းလို ရစ်ဝဲနေသည့်အရာများကြောင့် ဘယ်သူဘယ်ဝါ ဘယ်လိုပုံသဏ္ဌာန်ဟု ကျွန်မမသိမြင်ဘဲ လက်များ၏အေးစက်မှုကိုပဲ ခံစားနေရပါသည်။

လူနာခုတင်နှင့်တူသည့် ခပ်ရှည်ရှည်ခုံတစ်ခုတွင် ထိုင်ခိုင်းပါသည်။ မီးရောင်များသည် ပြာလဲ့ပြီး ခပ်မှိန်မှိန်ဖြစ်ကာ အရိပ်လိုရှည်လျားသည့် အရာများက နံရံပေါ်တွင် လှုပ်ရှားနေကြသည်။

ဖြူဖြူရှည်ရှည်သဏ္ဌာန်တစ်ခုက ကျွန်မပခုံးကို ညင်သာစွာတို့လိုက်ပြီးလဲလျောင်းခိုင်းလိုက်ရာ နဂိုကမှ အသည်းငယ်နေရသည့်အထိတ်လန့်သွားရသည်။

ထိုသဏ္ဌာန်မှာ အမျိုးသမီးတစ်ယောက်ဖြစ်နေ၍ အတော်အတန်သက်သာရာရသော်လည်း

“ဘာလုပ်မလို့ပါလဲ”

ရင်ထဲမှာ တဒိန်းဒိန်း ခုန်နေပါသည်။



ဘုရားဂုဏ်တော်များမှတစ်ပါး ကျွန်မကို ကူကယ်ရာမရှိပါ။

ထိုအမျိုးသမီးသဏ္ဌာန်က ကျွန်မ၏ရင်ဘတ်ကို နားကြပ်လိုလိုအရာတစ်ခုဖြင့် ထောက်၍ကြည့်နေခဲ့ပါသည်။

မီးရောင်မှာ ပြာလဲ့လဲ့နှင့် ခပ်မှိန်မှိန်လင်းနေရာ အခန်းထဲတွင် ကျွန်မလိုလဲလျောင်းနေကြသော အခြားလူများကို တွေ့မြင်ရသည်။

ထိုသူများကိုကြည့်လိုက်ရာ စိုးရွံ့ဟန် ဖြူဖပ်ဖြူရော်မျက်နှာများနှင့် ဖြစ်နေသော ကျွန်မ၏မိတ်ဆွေများကို တွေ့လိုက်ရသည်။ ကျွန်မကိုလည်း တွေ့မြင်လိုက်ရသဖြင့် ပြုံး၍နှုတ်ဆက်ကြသည်ဟုထင်မိခဲ့သည်။ သို့တိုင် မီးကလည်းမှိန်မှိန် မျက်လုံးတွေကလည်း ခပ်မွဲမွဲဖြစ်ရာ ပြုံးသလား မဲ့သလားတော့ မသေချာလှပါ။

အမျိုးသမီးသဏ္ဌာန်က ကျွန်မ၏လက်နှင့် ခြေကျင်းဝတ်ကို ါယာကြိုးနှင့်ရစ်ပတ်ပြီး သူမက စက်တစ်ခုထဲမှအဖြေများကို တိတ်ဆိတ်စွာ စောင့်ကြည့်နေခဲ့သည်။

တစ်ခါက အသိတစ်ယောက် အီးစီဂျီရိုက်ခဲ့ဖူးတာကို သတိရသည်။

ယခုလည်း ကျွန်မကို အီးစီဂျီရိုက်နေတာပဲလား။

ကျွန်မ အသည်းယားလာသည်။

ယခုကျွန်မမသိသော ရောဂါအဖြေကို ရှာဖွေဖို့ ပရလောကရောက်ရှိနေကြသော ကျန်းမာရေးစောင့်ရှောက်သူများကပဲ ကူညီနေသလား။

ဒါမှမဟုတ် တခြားဂြိုလ်ကမ္ဘာမှ အဆင့်မြင့်သဘ္ဘဝါတို့က သားတို့၏ခန္ဓာကိုယ် အစိတ်အပိုင်းများမှ တုံ့ပြန်မှု အလုပ်လုပ်မှုကိုပဲ စူးစမ်းလေသလား။ မည်သို့ပင်ဖြစ်စေ စိုးရိမ်စိတ်က ပျောက်မ

သွား။

ကျွန်မ မျက်လုံးမှိတ်၍ တွေးနေခဲ့သည်။

ကြောက်၍မလှုပ်ဝံ့ပါ။

ခဏကြာလျှင် စက်ဖြင့်တိုင်းတာမှုက ပြီးဆုံးသွားပါသည်။

ခုတင်ပေါ်မှထထိုင်၍ရကြောင်း သူမက လေသံတိုးတိုးဖြင့် ပြောပါသည်။

သူမ၏မျက်နှာကို ကျွန်မမမြင်ရပါ။

လေသံကမူ ညင်ညင်သာသာပါ။

သူမက စက်ထဲမှအဖြေများကိုယူပြီးထွက်သွားပါသည်။

(၂)

တခြားခုတင်များမှ ကျွန်မ၏ မိတ်ဆွေများသို့ လှမ်းကြည့်လိုက်သည်။ သူတို့ရော သည်နေရာကို ဘယ်လိုရောက်လာသလဲ ကျွန်မ မသိပါ။

သို့တိုင် သူတို့သည် အသက်ရှင်ဆဲလူများမှ ဟုတ်မှဟုတ်ရဲ့လား ကျွန်မထိတ်လန့်မိပါသည်။ သစ္စာဖြူကို လှမ်းမြင်လိုက်ရမှ စိတ်သက်သာရာရသွားပါသည်။ နေ့လယ်ပိုင်းကပင် ကျွန်မထံ ဖုန်းဆက်ခဲ့ပါသေးသည်။ ခါတိုင်းခေါ်ပေးလေ့ရှိသည့် ဖုန်းဆိုင်ကတစ်ဆင့် ခေါ်ခြင်းဖြစ်ပါသည်။

အင်း. . . သူကတော့ဖြင့် သေပြီးသားလူမဖြစ်နိုင်ပါ။

ကျွန်မ ထထိုင်စဉ် သူတို့လည်း ခုတင်ပေါ်က ထလာကြသည်။ ကျွန်မအနီးသို့ လျှောက်လာကြပါသည်။ သစ္စာဖြူက . . .

"ခုမှရောက်လာတာလား"



"ဒါ ဘယ်နေရာလဲ"

"ရောဂါရှာဖွေရေးဌာနတစ်ခုပဲ"

"ရောဂါရှာဖွေရေး"

ကျွန်မသည် ပြာမှိုင်းမှိုင်းတွင်းဆီသို့ သယ်ဆောင်လာခဲ့သည့် ယာဉ်၊ ပရလောကသားဆန်ဆန် လူများနှင့်ကျွန်မကို စမ်းသပ်ခဲ့သော အမျိုးသမီးတို့အကြောင်းကို တွေးနေမိခဲ့သည်။

"ဘယ်နေရာမျိုးပါလိမ့်"

ကျွန်မ စဉ်းစား၍မရပါ။

သစ္စာဖြူ ကပြောလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့အားလုံး နှလုံးထဲမှာ ဖိစီးကိုက်ခဲမှုတွေ ရှိနေခဲ့တယ်လို့ယူဆပြီး အဲဒါတွေကို ကုစားပေးဖို့ ကြိုးစားပေးတဲ့ နေရာပဲ"

ကျန်လူများကို ကျွန်မကြည့်လိုက်သည်။

သူတို့ကလည်း ကျွန်မထက်ပို၍ ဘာမှသိကြပုံမရပါ။

"သူပြောတာပဲလေ"

တစ်ယောက်ကပြောသည်။

ဘယ့်နှယ် ကျွန်မနှင့်အနှစ် နှစ်ဆယ်နီးပါး သိကျွမ်းခင်မင်ခဲ့သည့် သစ္စာဖြူမှာ သည်လောကသားတို့၏ ကိုယ်စားလှယ်များလား။

နေ့လယ်က ဖုန်းခေါ်သံကို ပြန်တွေးကြည့်သည်။

"အစ်မ ဘယ်မှမသွားဘူးလား အိမ်မှာပဲရှိခဲ့တာလား"

"အင်း အိမ်မှာပဲ ဘယ်မှမထွက်ဖြစ်ပါဘူး"

ကျွန်မ ပင့်သက်ရှိုက်လိုက်သည်။

"ရှင်ရော ကုဖူးလို့လား"

"ကျွန်မ ကုဖူးတယ်၊ နှလုံးထဲမှာဖိနေတဲ့ အကျိတ်အမြစ်တစ်ခုခုကို ဆွဲထုတ်လိုက်တာပဲ။ အပြာရောင်မီးငြိမ်းပြီး အစိမ်းရောင် လဲ့လဲ့လင်းလာရင် အိမ်ကိုပြန်လို့ရတယ်"

"အဲဒါ ဘယ်တော့လဲ"

"ရှင့်ရောဂါ အခြေအနေပေါ်မူတည်လို့ပဲ"

သစ္စာဖြူက ပခုံးတွန့်ပြပြီး ပြောလိုက်သည်။

စိတ်ထဲမှာ သူ့ကိုမနှစ်မြို့ဖြစ်သွားရသည်။

ကျွန်မ စဉ်းစားနေမိသဖြင့် စောစောက အမျိုးသမီးသဏ္ဌာန် ပြန်ဝင်လာခဲ့ပြီး ကျွန်မဘေးမှလူများ အလျှိုလျှို သူတို့ခုတင်သူတို့ ပြန်သွားကြသည်ကို မသိလိုက်ပါ။

စောစောက အမျိုးသမီးသဏ္ဌာန်က ကျွန်မပခုံးကို ညင်ညင်သာသာဖိပြီး

"အိပ်လိုက်ဦး"

ခုတင်ပေါ်မှာ ပြန်အိပ်ရမှာကို ကြောက်နေမိသည်။

သစ္စာဖြူကိုလည်း ဒေါသဖြစ်နေသည်။

တစ်ဖက်ကိုစောင်းပြီး လဲ့နေရော နှင်းမြူငွေ့လို တရိပ်ရိပ်ထင်နေသော အခန်း၏ဟိုမှာဘက်တွင် လူရိပ်သဏ္ဌာန်တချို့ကို တွေ့ရပါသည်။

မျက်လုံးကို မမှိတ်ဝံ့ပါ။

မျက်လုံးမှိတ်ကာ အိပ်ပျော်သွားခဲ့လျှင် ထာဝရမနိုးတော့မှာကို စိုးရိမ်နေမိပါသည်။

ဘယ်နှနာရီရှိသွားပါလိမ့်။



ထိုအခန်းထဲမှာ နာရီနှင့်တူသော အရာရှိပုံမရပါ။

ကျွန်မ၏လက်မှာလည်း နာရီမရှိပါ။

နာရီပတ်တိုင်း အလာဂျီဖြစ်ရသဖြင့် နာရီမပတ်သည်မှာ ကြာပါပြီ။

သည်ကရှေ့ဆက်၍ ကျွန်မ၏ဘဝမှာ နာရီဆိုတာ လိုပါဦးမည်လား။

ဆရာကြီးရွှေဥဒေါင်း၏ဝတ္ထုတစ်ပုဒ်ထဲတွင် ဇာတ်ကောင်တစ်ယောက်က ကမ္ဘာမြေကြီး၏ ဗဟိုချက်ကိုဆင်းကာ ကမ္ဘာ၏စောင်းနေသည့်ဝင်းရိုးကိုလှည့်ဖို့ကြိုးစားခဲ့ပုံကို သတိရနေပါသည်။

ယခုတွေ့ရသူများသည်လည်း ပရလောကသားများ မဟုတ်ဘဲ ကျွန်မ ဖတ်ခဲ့ဖူးသည့် ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်ကောင်များပဲလား။

တွင်းနက်ထဲဆင်းသွားကြောင်း ရေးတတ်သည့်လူတွေထဲမှာ ဂျပန်စာရေးဆရာ မူရာကာမိကို သွားသတိရပါသည်။ မွန်ဂိုလီးယား စစ်မြေပြင်မှာ ဒုတိယကမ္ဘာစစ်တုန်းက ရေတွင်းဟောင်းထဲ ပစ်ချခံရသည့် ဂျပန်စစ်သားဒို့အပြင် ကြောင်ပျောက်ရှာရင်း ရေတွင်းဟောင်းထဲ ဆင်းသွားခဲ့သူ။ ဒါမှမဟုတ်ရင် တွင်းနက်ထဲမှာ သိပ္ပံ ဓာတ်ခွဲခန်းလိုလိုဝတ္ထုအင်း အဲဒီထဲကလူတွေနှင့်များ တူနေသလား။

တွေးကြည့်တော့လည်း မတူပါ။

သို့ရာတွင် အခြားစာရေးဆရာ တစ်ယောက်ယောက်၏ ကျွန်မမမှတ်မိသည့် ဇာတ်ဝင်ခန်းတစ်ခုမှာ ကျွန်မကိုယ်တိုင်ဝင်၍ သရုပ်ဆောင်မိနေခြင်းများလားတွေးရင်း ကျွန်မခေါင်းနောက်လာပါသည်။

"ရှူး"

ခေါ်သံကြောင့် လှည့်ကြည့်လျှင် တစ်ဖက်ခုတင်မှာ ကိုဒေဝါကို တွေ့လိုက်သည်။

ကိုဒေဝါမှာ ကဗျာဆရာတစ်ယောက်ဖြစ်သည်။

စောစောက သူ့ကိုကျွန်မ မမြင်မိပါ။

ကိုဒေဝါနှင့်ကျွန်မ လက်ဖက်ရည်ဆိုင် ထိုင်ဖူးပါသည်။

ကဗျာများအကြောင်း ငြင်းခုံဖူးပါသည်။

ဂျင်မောရစ်ဆန်၏ ကဗျာများအကြောင်း ပြောဖြစ်ဖူးသည် ထင်သည်။

သူရော နှလုံးထဲမှာ အကျိတ်ရှိသူလား။

ကျွန်မ တီးတိုးလှမ်းမေးလိုက်မိသည်။

"ရှင့်နှလုံးထဲက အကြိတ်ထုတ်ပြီးပြီလား"

ကိုဒေဝါက ခပ်တိုးတိုးရယ်နေပါသည်။ သူရယ်သဖြင့် ကျွန်မ လန့်သွားပါသည်။

"ရှင် ကဗျာရေးနေတာလား"

ကေန္တ သူ့ကဗျာတစ်ပုဒ်ထဲမှာ ကျွန်မရောက်နေလေသလား။ ရံဖန်ရံခါ သူက ကဗျာထဲမှာ လူနာမည်တွေ ထည့်ရေးတတ် သေးသည်။

"မဟုတ်ဘူး"

သူက ခပ်တည်တည်ဖြင့် တိုးတိုးဖြေပါသည်။ နောက်ကျွန်မကို မကြည့်တော့ဘဲ မျက်နှာကြက်ကိုသာ မော့ကြည့်နေသဖြင့် ဘာပြောရမှန်းမသိဖြစ်သွားပါသည်။

ကေန္တ အကျိတ်ဆိုတာရောတကယ် ဟုတ်ရဲ့လား။

သစ္စာဖြူ ဖြီးနေတာလား။

ဒါမှမဟုတ် လူတွေရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ လှီးထုတ်ရောင်းဝယ်တဲ့ နေရာတစ်ခုပဲလား။



အိုး ဘာမှမဖြစ်ပါစေနဲ့။

ပါရဂူဟု ထင်ရသူတစ်ဦး၏ရှေ့မှာ ကျွန်မထိုင်နေပါသည်။

ကျွန်မ၏ရုပ်ပုံကို ဖန်သားပြင်တစ်ခုတွင် မြန်မြင်နေရပါသည်။

ပီပီသသတော့ မရှိပါ။

ခဏကြာလျှင် ကျွန်မနှလုံး၏ဖြတ်ပိုင်းပုံ ပေါ်လာပါသည်။

"ခင်ဗျားမှာ အကျိတ်မရှိဘူး"

တိုးသော်လည်း သူ့အသံက ခပ်မာမာလေးလေးဖြစ်ပါသည်။ အကျိတ်ရှိမနေခြင်းကြောင့်ပင် ကျွန်မကို အပြစ်တင်ချင်သလိုလို။

ကျွန်မ စောစောကအိပ်ရာငယ်မှာပြန်၍ လဲလျောင်းရပြန်သည်။

ခြေကျင်းဝတ်နှင့် လက်ကောက်ဝတ်ရှိ သွေးကြောများနေရာတွင် ဝါယာကြိုးနှင့်ရစ်ပတ်လျက် ကျွန်မ၏ရင်ဘက်ကို ဂျယ်လီလိုအရည်တွေသုတ်လိမ်းကာ ကိရိယာတစ်ခုဖြင့် လှည့်မွှေပြန်ပါသည်။

ကျွန်မ မျက်လုံးများ မှိတ်ထားမိသည်။

စောစောက အမျိုးသမီးသူနာပြုပင် စက်ကိုစောင့်ကြည့် ခြင်း ကျွန်မ၏ခန္ဓာကိုယ်ကို ကိုင်တွယ်စမ်းသပ်ခြင်း ပြုလုပ်နေပါသည်။

ကျွန်မကို အသက်ရှူဖို့ပြောထားသော်လည်း ကျွန်မအသက်မရှူရဲ တောင့်တောင့်ကြီး ဖြစ်နေပါသည်။

ခဏကြာလျှင် သူမစက်မှအဖြေကိုယူ၍ ပြန်လည်ထွက်ခွာသွားပြန်သည်။

ကိုဒေဝါ၏ခုတင်မှာ ကိုဒေဝါမရှိပါ။

သူသည် ကဗျာများကို လက်ဟန်ခြေဟန်ဖြင့် အသံကျယ်ကျယ် ရွတ်တတ်သူဖြစ်သည်။

မိတ်ဆွေများကို ခင်မင်တတ်သူဖြစ်ပါသည်။

ရံဖန်ရံခါ အရက်ဖိုးတောင်းတတ်သည်။

ခုမှ သတိရသည်။

ယခုလို စမ်းသပ်မှုတွေအတွက် ကုသစရိတ်တွေပဲ တောင်းခံလာလေမလား။

ကျွန်မ မပြောတတ်ပါ။

အသက်ရှုမဝသလို ဖြစ်လာသည်။

စောစောက အမျိုးသမီးသဏ္ဌာန်ရောက်လာပြန်သည်။

ဘာကြောင့်မှန်းမသိ အခန်းထဲမှာ အေးစိမ့်လာသလို ခံစားရသည်။

"ရှင့်မှာ အကျိတ်မရှိဘူး"

သူမက ခပ်တိုးတိုးနှင့် ခပ်လေးလေး ပြောလိုက်သည်။

ကျွန်မ ဝမ်းသာသွားသည်။

"ဒါဆို ပြန်လို့ရပြီလား"

အရဲစွန့် မေးကြည့်မိသည်။

"မရသေးဘူး"

အကျိတ်မရှိဘဲ ပြန်လို့လည်းမရရင် ဘာလုပ်ရမှာပါလိမ့်။

"ဘာလို့လဲဟင်"

"ဗိုင်းရပ်စ်ရှိလို့"

"ဘယ်လို ဗိုင်းရပ်စ်မျိုးလဲ"

ကျွန်မရင်ဘတ်ထဲက နှလုံးသားတစ်ခြမ်းကိုပင် ခွဲစိတ်လှီး



ထုတ်ပစ်တော့မှာလား ကြောက်လာသည်။

ဗိုင်းရပ်စ်စားသွားပြီလို့ ပြောမှာလား ကျွန်မတွေးမရဲပါ။

မျက်ရည်ဝိုင်းလာပါသည်။

သိုးမည်းလေးနှင့် ကျွန်မတွေ့နိုင်ပါဦးမလား။

သူမက ခပ်တိုးတိုးခပ်မာမာလေသံဖြင့်. . .

"ဗိုင်းရပ်စ်က ဗိုင်းရပ်စ်ပဲ၊ ဆေးသောက်ရမယ် ခဏစောင့်"

သူမ ထွက်သွားပြန်ပါသည်။ ကျွန်မ ကျိတ်၍ငိုမိသည်။

တစ်ဖက်ခုတင်မှာ ကဗျာဆရာကိုဒေဝါကို တွေ့ရသည်။

"ရှူး"

သူက ကျွန်မကိုလေသံဖြင့် ခေါ်လိုက်သည်။

ကျွန်မ သူ့ကိုလှမ်းကြည့်လိုက်လျှင်

"ခင်ဗျား ဝတ္ထုရေးနေတာလား"

ကျွန်မ သူ့ကိုပြန်မဖြေပါ။

"ခင်ဗျားဝတ္ထုထဲမှာ ကျုပ်ကိုထည့်ရေးထားတာလား"

ကျွန်မ ငိုနေသည့်ကြားမှ သူ့ကိုညင်သာစွာ ခပ်ယဲ့ယဲ့ပြုံးပြလိုက်သည်။ ဒီလူဒီလောက် စိတ်ပျက်စရာကောင်းမှန်း ခုမှသိရသဖြင့် စိတ်မသက်မသာ ပြုံးပြမိခြင်းပါ။

(၃)

ကျွန်မ၏အိပ်ရာလေးပေါ်သို့ ကျွန်မပြန်ရောက်လာခဲ့သည်။

ဆေးလိပ်နံ့သင်းသည့်အိပ်ရာ။

ခုတင်ပေါ်တွင် ခပ်စုတ်စုတ်ဂွမ်းကပ်ပေါ်မှာ အညာစောင် ပါး

ပါးလေး ခင်းထားသည့် အိပ်ရာဖြစ်ပါသည်။

ကျွန်မ၏ခင်ပွန်းက ခါတိုင်းလိုပင်စောင်ကို ခေါင်းမြီးခြုံလျက် အိပ်ရာထောင့်မှာ ခပ်ကွေးကွေးအိပ်နေပါသည်။ သူ့ကိုတွေ့၍ ကျွန်မ ဝမ်းသာသွားပါသည်။

ကျွန်မ အသက်ရှူမှတ်နေသည်။

ရင်ဘတ်ထဲက မအောင့်တော့ပါ။

အသက်ရှူရတာ ပိုကောင်းလာပါသည်။

ကိုယ့်အိပ်ရာပေါ် ကိုယ်ရောက်နေသဖြင့်ရော အသက်ရှူရ အဆင်ပြေနေသဖြင့်ပါ စိတ်ချမ်းသာသွားရပါသည်။

ထိုနေ့ညမှစ၍ ကျွန်မနှလုံးသားထဲမှ နာကျင်မှုများ တဖြည်းဖြည်းလျော့ပါးလာခဲ့ပါသည်။ ကိုဒေဝါနှင့်ဖြစ်စေ အခြားမိတ်ဆွေများနှင့်ဖြစ်စေ မတွေ့လိုတော့ပါ။

ဘာကြောင့်မှန်းမသိ။ သူတို့ကို ခပ်လှမ်းလှမ်းကမြင်တွေ့လိုက်သည်နှင့် သူတို့နှင့်ဝေးရာသို့ ကျွန်မရှောင်သွားလေ့ရှိလာသည်။

စိတ်သစ်လူသစ် ဖြစ်သွားသလိုပင်။ သို့သော် စာရေးဆရာဖြစ်ခဲ့သော ကျွန်မ၏ဘဝသည် တစ်စတစ်စ ချုပ်ငြိမ်းသွားခဲ့ပါသည်။ စာတစ်လုံးမှပင် ချရေး၍မရပါ။စိတ်ကူးများ အိပ်မက်များ အရာအားလုံး ခြောက်ခမ်းသွား ခဲ့ပါသည်။

ကျွန်မ ကုသခံခဲ့ရသည့်ဆေးများ၏ ဘေးထွက်ဆိုးကျိုးကြောင့်ပဲလား ကျွန်မမသိပါ။

သစ္စာဖြူဆိုသည့်မိန်းမ ဖုန်းဆက်လာလျှင် ကျွန်မမရှိဘူးပြောဖို့ ဖုန်းဆိုင်ကလူများကိုတော့ မှာထားမိပါသည်။

၂၀၀၇-ခုနှစ်/ မဟေသီမဂ္ဂဇင်း



## ရွှေလျားတန်ဖိုး

❄ ❄ ❄ ❄ ❄

ဒေါ်သိန္တာအဖို့ ညများ၏ ခြောက်လှန့်ခြင်းကို ခံစားနေရသည်။ ည၏အမှောင်ထုအောက်တွင် သူမြင်နေကျအရာများသည်ပင် ခြောက်ချားဖွယ်ရာများအဖြစ် ပြောင်းလဲသွားမြဲ။

ကြောင်တွေက အိမ်ခေါင်မိုးပေါ်မှ မီးဖိုဆောင်အမိုးပေါ်သို့ တဝုန်းဝုန်းခုန်ချကာ သူ့ရင်ကိုကတုန်ကယင်ဖြစ်အောင် လုပ်ကြမြဲ။

ခြံဝင်းတံခါးမှာလည်း ဇရာမသော့ခလောက်ကြီး ခတ်ထားပြီး တစ်အိမ်လုံးလုံခြုံအောင် ပိတ်ဆို့ထားသည့်တိုင် ချောက်ချားစိတ်က မပြယ်။

နာကျင်ကိုက်ခဲသော ဝေဒနာများကလည်း ညစဉ်လိုလိုပင် သူ့ကို အိပ်မပျော်စေခဲ့ပြန်။

ညသည် နာကျင်မှုများနှင့်အတူ အမှတ်ရစရာများ မျက်ရည်စ

များကိုလည်း ယူဆောင်လာတတ်ပါသည်။

တစ်ဦးတည်းသောသားက နယ်မြို့တစ်မြို့မှာ အလုပ်တာဝန်နှင့်သွားနေရင်း အိမ်ထောင်ကျခဲ့သည်။ သူတို့က သင်္ကြန်ရက်များမှလွဲလျှင် မိခင်ထံသို့ မလာနိုင်ကြပေ။ မြေးများကိုတွေ့လျှင် ချစ်ခင်ယုယလိုသော်လည်း ဟိုဘက်က အဘိုးအဘွားလက်မှာ ခင်တွယ်လက်သာနေကြသည့်ကလေးများက သူ့အပေါ် ခပ်စိမ်းစိမ်းပင်။ ပြီးတော့ ဖအေကြီး၏စာအုပ်များကို ဖွတာ၊ ဗီရိုတွေ မွှေနှောက်တာလည်း သူမကြိုက်ချင်။ ၄ နှစ်သားနဲ့ ၇ နှစ်သား မြေးနှစ်ကောင်လုံးကလည်း မျောက်ရှုံးအောင် ဆော့တတ်သူတွေပင်။ ဖအေကြီး ၏ဝတ္ထုဟောင်းများပါသည့် မဂ္ဂဇင်းစာအုပ်ကို ဆုတ်ဖြဲကာ လေယာဉ်ပျံလုပ်ကြသဖြင့် ဒေါ်သန္တာ ခေါင်းကိုက်ခဲ့ရပြီးပြီ။

ဟိုဘက် အဘိုးအဘွားတွေက ဘယ်လောက်များ အလိုလိုက်ထားခဲ့ကြပါလိမ့်။

သို့တိုင် သင်္ကြန်နီးပြီဆိုလျှင် သားကိုလွမ်းဆွတ်မိသလို မြေးများကိုလည်း သတိအရသားပင်။ သူတို့ဘိုးအေကြီးသာ ရှိပါက ကလေးချစ်တတ်သူပီပီ မြေးများနှင့် ဘယ်လောက်ပျော်လိုက်လေမလဲ။ သားငယ်ငယ်က ပခုံးပေါ် ထမ်းပြီးပွဲတွေလမ်းတွေ သွားခဲ့ကြပုံတွေပင် မြင်ယောင်လာမိသည်။

ဒေါ်သန္တာအဖို့ ကလေးများကို အနွံ့အတာမခံနိုင်သည်မှာ ကျန်းမာရေးမကောင်း၍လည်းဖြစ်သည်။

ယခုလည်း အိမ်တွင် မနက်လာ၍ ချက်ပြုတ်ကျွေးဖွပ်လျှော်ပေးနေကျ မရင်လည်းသူ့သမီး၏စက်ရုံအဖွဲ့နှင့်အတူ ဘုရားဖူးလိုက်သွားရာနယ်မှသားနှင့်ချွေးမမလာမီ ဒေါ်သန္တာအဖို့ ခပ်ယဲ့ယဲ့ခန္ဓာကိုယ်ကို သယ်၍ဈေးသွားရသည်။ သူတို့ ဘယ်တော့များ လာကြမလဲမျှော်ဆဲ သားထံက စာရောက်လာခဲ့သည်။



"ဒီနှစ် အလုပ်ကိစ္စများ၍ မလာနိုင်ပါ မေမေ"

သားမလာနိုင်ဘူးဆိုတော့ သူ့ရင်ထဲမှာ ပို၍ဟာလာဟင်းလင်းဖြစ်ရပြန်သည်။

သားသည် ထိုစာလေး အမြန်ချောပို့နှင့် ပို့ပြီးနောက်ပိုင်း ဖုန်းကလေးတစ်ချက်မှ မဆက်ခဲ့ပေ။ သားထံ သူဖုန်းဆက်တော့လည်း ခေါ်လို့မရ။ သား၏မျက်နှာကို တစ်ရက်မျှ တစ်ခဏမျှဖြစ်ဖြစ် မြင်ခွင့်ရလျှင် သူ့နှလုံးသားထဲ နွေးထွေးလို့သွားလေမလား။

* * *

အမေသည် ညလယ်တွင်ပြတင်းပေါက်က တဒေါက်ဒေါက် အသံကြောင့် နိုးလာပြန်သည်။

သားများလာ၍ တံခါးခေါက်နေသလား။

အိပ်မက်ထဲမှာ သားကို မျက်နှာညိုးရော်စွာဖြင့် တွေ့နေခဲ့ရာက ရုတ်တရက်လန့်နိုးလာရခြင်းပင်။

အိပ်ရာထက်မှာ နားစွင့်ရင်း သားမဖြစ်နိုင်ကြောင်း နားလည်သွားရသည်။

"သူခိုးပဲလား"

"အဘွားကြီးတစ်ယောက်တည်းဆိုပြီး အနုကြမ်းစီးဖို့ လာလေသလား။"

ဒေါ်သန္တာက အိပ်ရာထက်မှ အသံမကြားအောင်ထကာ လက်နှိပ်ဓာတ်မီးကို စမ်းသပ်ယူငင်လျက် ပြတင်းပေါက်ဆီသို့ ထသွားခဲ့သည်။ တဒေါက်ဒေါက်အသံကပေါ် ထွက်ဆဲဖြစ်သည်။

သူက အရဲစွန့်၍ ပြတင်းကိုဖွင့်လိုက်သည်။

သရက်ပင်၏အကိုင်းများ ပြတင်းပေါက်ကို တိုက်ခဲ့ပုံရသည်။

လရောင်သည် သရက်ကိုင်းများကြားမှတစ်ဆင့် သံတိုင်များ ကာရံထားသည့် ပြတင်းပေါက်ဆီသို့ ဖြာကျလာခဲ့သည်။ လသည်ပင် အနောက်ဘက် သရက်ကိုင်းများကြားသို့ ခိုနားလေပြီ။ လေအေး တစ်ချက် ဝင်လာသည်။

သူက ခွေးခြေကို ဆွဲယူလျက် ပြတင်းပေါက်ဘေးမှာ ထိုင်နေသည်။ ပြတင်းမှ သံတိုင်များ၏အရိပ်နုနုက သူ့ကိုယ်ပေါ်မှာအစင်းမည်းများ ထင်စေသည်။ မျက်နှာက မှောင်ထဲမှာတစ်ဝက် လရောင်မှာ တစ်ဝက်။

အားလျော့သည့်မျက်လုံးများဖြင့် သရက်ကိုင်းများဆီသို့ ငေးကြည့်နေခဲ့သည်။

အဖေကြီး ကွယ်လွန်ခဲ့သည်မှာ ၈ နှစ်နီးပါးကြာခဲ့ပြီ။ အဖေကြီးသည်ပင် သူ့ထံသို့လာရောက်၍ ခြောက်လှန့်လေသလား။ အဖေကြီး၏ ဝိညာဉ်ဘယ်များရောက်နေပါလိမ့်။ အဖေကြီးရှိစဉ်ကလည်း သူ့ကို ခွဲ၍ခွဲ၍ မကြာမကြာ ခရီးဝေးသွားခဲ့ရသည်။ နှစ်များစွာ၊ လပေါင်းများစွာ ရှည်ကြာမောခဲ့သည့် ခရီးများဖြစ်ပါသည်။

သူ ပျိုရွယ်စဉ်ကတော့ ဖအေကြီးကို လက်ထပ်ခဲ့၍ မိဘများက စွန့်လွှတ်ခဲ့တာခံခဲ့ရသည်။ မရေရာသော စာရေးဆရာဘဝကို အဖေကြီးခင်တွယ်ခဲ့သည်။ သူက ပုံမှန်ဝင်ငွေရအောင် ရုံးအလုပ်လုပ်ခဲ့ရသည်။ ခုတော့ အလုပ်ကလည်း အလယ်အလတ်တန်း အရာရှိအဆင့်ဖြင့် ပင်စင်ယူခဲ့ပြီးလေပြီ။ တက္ကသိုလ်တွင် အတူတူ တွေ့ဆုံတွယ်တာခဲ့ကြသော်လည်း အဖေကြီးသည် ကျောင်းမပြီးခဲ့ပေ။

လက်ထပ်ကြဖို့လည်း ဖအေကြီးပြန်အလာကို ငါးနှစ်နီးပါး စောင့်ခဲ့ရသည်။ လက်ထပ်ပြီး သားနှစ်ယောက်ကို မွေးဖွားခဲ့ပြီး အဖေကြီးလည်း စာပေနယ်မှာ ဘာသာပြန်များ၊ ပင်ကိုယ်ရေးများဖြင့် နာမည်ရစပြုလာခဲ့သည်။



ပထမသားသည် အဖေကြီး ခရီးသွားစဉ်မှာပင် ၆ နှစ်သားအရွယ်၌ အဖျားကြီးပြီး ကွယ်လွန်သွားခဲ့သည်။ ဒုတိယသားငယ် သည် သူတို့၏ တစ်ဦးတည်းသောသား ဖြစ်လာခဲ့သည်။ သားကြီးသေဆုံးခဲ့စဉ်က အပူများကို သိပ်သတိမရနိုင်တော့ပေ။ သားငယ်ကို ဆုံးရှုံးမှာစိုးရိမ်ခဲ့ရပုံ။ အဖေ၏စာအုပ်များကို သားအား မဖတ်စေ ချင်ခဲ့ပုံ၊ ကျောင်းစာပဲ ကြိုးစားစေချင်ခဲ့ပုံကို ပြန်၍သတိရမိသည်။

"သားရယ် . . . သားကပါ မေမေ့ကို ခွဲသွားရင် မေမေရင်ကွဲမှာပါကွယ် စာကြိုးစားပါနော် သား"

သားသည်လည်း မေမေ၏သောကများကို နားလည်ခဲ့ပုံရပါသည်။ ဖအေကြီးခရီးရှည်သွားနေသည့် ကာလများ၌ သား သည်သာ မေမေ၏တိုးတိုးဖော်ဖြစ်ခဲ့ပါသည်။ သားသည် ယခင်ကုမ္ပဏီတစ်ခုမှာ လစာသိပ်မကောင်းသဖြင့် မေမေ့ကို မထောက်ပံ့နိုင်ခြား မေမေသည် ဖေဖေ၏ဘာသာပြန်စာအုပ်များကို ပြန်လည်ထုတ်ဝေခြင်းဖြင့် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။ (ဒေါ်သန္တာ၏မိဘများ သေဆုံးပြီး အမွေရသဖြင့် ယခုခြံနှင့်အိမ်ကို ဝယ်နိုင်ခဲ့ကြသည်။ )

သားသည် စာပေဝါသနာမပါခဲ့။

သား အလုပ်တစ်ခုပြီးတစ်ခု ပြောင်းရင်း ယခုကုမ္ပဏီမှာ နယ်သို့သွားရောက်နေထိုင်ရသော်လည်း လုပ်ပိုင်ခွင့်တော်တော် များများရလာသည်။ ထို့နောက် အိမ်ထောင်ကျခဲ့သည်။

သားသည် ဖခင်နှင့် ရုပ်ရောစိတ်ပါ မတူခဲ့ပေ။ ဖခင်က အသက်ထက်ရင့်ရော်နေပြီး ခပ်နွမ်းနွမ်းပဲ နေတတ်ခဲ့သည်။ အခြားဝတ္ထုပစ္စည်းများထက် စာအုပ်နှင့်မိတ်ဆွေများကိုပဲ ခင်တွယ်ခဲ့သူ။

သားကတော့ ရုပ်ရည်ကြည်လင်သန့်ပြန့်ကာ ကုမ္ပဏီ၏အရေးပါသည့် အရာရှိပုံ တစ်နေ့တစ်ခြားပေါက်၍လာခဲ့သည်။ယခုလုပ်သည့်ကုမ္ပဏီ၏ လုပ်ငန်းတော်တော်များများကို သားကကြီးကြပ်၍ စီမံခန့်ခွဲ

နေရသည်။ သား၏နယ်မြို့ကြီးမှ ခြံနှင့်တိုက်ဆီသို့ သူရောက်ခဲ့စဉ်က ခေတ်မီအသုံးအဆောင်ရုပ်ဝတ္ထုများဖြင့် ပြည့်စုံနေသည့် သားအိမ်ကို ကြည့်၍ဝမ်းသာခဲ့ရသည်။ ချွေးမလုပ်သူ၏နားမှ တဖျတ်ဖျတ်လက်နေသည့် စိန်နားကပ်၊ လက်စွပ်နှင့် အဆင်တန်ဆာများ၊ မိန်းမဘက်က ဆွေမျိုးတွေ တလှေကြီးတင်ကျွေးထားသဖြင့် သားပင်ပန်းမှာ စိုးရိမ်မိသည့်တိုင် အမေသည် သား၏ပြည့်စုံမှုကို ဂုဏ်ယူခဲ့မိသည်။ သို့တိုင် သားနှင့်အမေ၏ နီးစပ်မှုတို့ ဝေးကွာသွားခဲ့ရပြီဖြစ်ကြောင်းလည်း တစ်ဖက်က နားလည်ခဲ့ရပါသည်။

အကယ်၍သာ သားကို စာပေဝါသနာပါအောင် သူပြုစုပျိုးထောင်ခဲ့လျှင် ယခုအမေလုပ်နေသည့် အဖေ့စာအုပ်ပြန်ထုတ်သည့် အလုပ်တွေကို သားပဲ ဦးစီးလုပ်ကိုင်ကာ အမေနှင့်မခွဲဘဲ နေနိုင်ခဲ့လိမ့်မည်။ "အို. . . ဘာပဲဖြစ်ဖြစ် သားကိုတော့ စာရေးဆရာ မဖြစ်စေချင်။ သား၏ဘဝလမ်းကို မကြမ်းတမ်းစေချင်ပါ။ အမေ့နှလုံးသားမှာလည်း ဒဏ်ရာအနာတရတွေ ငြိမ်သက်မည်ကြံဆဲ။ ဖအေကြီးက ကွယ်လွန်သွားခဲ့ပြန်ရာ အထီးကျန်မှုသာ သူ့ဘဝအတွက် ထာဝရလက်ဆောင်ဖြစ်ခဲ့လေပြီလား။

ဖအေကြီး၏ တပည့်သားမြေးလူငယ်လူရွယ်လေးတွေက သူ့ကို ကူညီကြသဖြင့်သာ စာပေတိုက်ကလေး အသက်ဆက် ရှင်သန်နေခြင်းဖြစ်သည်။

သူသည် ယခုတိုင် မိခင်၏မာနဖြင့် 'သားလုပ်စာ ငါစားဖို့မလိုဘူး' ဟူသောမာန်ဖြင့် ချွေးမရှေ့မှာ မျက်နှာမညိုးငယ်ဘဲ ရပ်တည်နေထိုင်ခွင့်ရသဖြင့် သွားလေသူ ဖအေကြီးကို ကျေးဇူးတင်မိပါသည်။

သားကြီးသာမကွယ်လွန်ခဲ့လျှင် သူ့မှာအဖော်ရလေမည်လား။ သူသည်တွေးရင်း ပင့်သက်ရှိုက်လိုက်သည်။

လရောင်အောက်မှာ မျှော်ကြည့်လျှင် တစ်ဘက်ခြံ၏အုတ်တံ



တိုင်းမြင့်မြင့်ကိုတွေ့ရသည်။

သည်ရပ်ကွက်မှာ လွန်ခဲ့သည့်နှစ် ၃၀ခန့်မှစ၍ နေထိုင်ခဲ့သော်လည်း သူ၏အိမ်နီးချင်းဟောင်းများသည် သည်ရပ်ကွက်ကို စွန့်ခွာရောင်းချ၍ သွားကြလေပြီ။ တစ်ထပ်မျဉ်ထောင်အိမ်ကလေးများအစား သားနားကျယ်ပြန့်သည့် အိမ်ကြီးအိမ်ကောင်းများ ရောက်ရှိလာခဲ့ပြီ။

သူ့အိမ်နှင့်ခြံကို ရောင်းမှာလား ပွဲစားတွေ ခဏခဏလာမေးကြလွန်း၍ ခြံဝမှာ 'အိမ်ရောင်းရန်မဟုတ်ပါ'ဟု စာတန်းချိတ် ထားရသည်။

ဩော်. . . သည်လိုနေရာမျိုးမှာမှ သူက သူခိုးကိုကြောက်နေပုံမှာ ရယ်ရွှင်ဖွယ်ကောင်းလေမလား။

သူတို့၏ကားများနှင့် ခွေးများရန်ကိုကြောက်၍ ညနေဘက်လမ်းပင်မလျှောက်ဝံ့ခဲ့ပုံ။ ကုမ္ပဏီပိုင်ကားကိုစီး၍ နယ်မှသားအလည်လာခဲ့လျှင် သူ့ဘုသာကျိတ်၍ ဂုဏ်ယူခဲ့ပုံကို ပြန်သတိရလေသည်။

ယခုတော့ ခပ်ကုပ်ကုပ် တစ်ထပ်တိုက်အိုလေးထဲက အဘွားအိုတစ်ဦးကို သူ၏အိမ်နီးချင်းတို့ သတိမှုပြုမိပါလေစ။ လမ်းထိပ်ဆေးခန်းမှ ကြင်နာတတ်သည့် ဆရာဝန်လူရွယ်လေးကလွဲလျှင် သူတစ်သက်တာနေလာခဲ့သည့် ရပ်ကွက်ထဲမှာပင် အသိအကျွမ်းက ခပ်ရှားရှား။

တစ်ခါက သူသည်ပင်စင်ထုတ်ရန် ဘဏ်သို့သွားခဲ့ရာ လမ်းဘေးမှဓာတ်ပုံဟောင်းများ၊ အသုံးအဆောင်ပစ္စည်းဟောင်းများကို ချရောင်းနေသည့် အဘွားအိုတစ်ယောက်ကို တွေ့ခဲ့ရဖူးသည်။

ဓာတ်ပုံများမှာ ထိုအဘွားအို၏ မိသားစုပိုင်လား၊ တခြားသူများ၏ ဓာတ်ပုံတွေပဲလား။ ရင်ထိုးဟောင်းနှင့် အသုံးအဆောင်ဟောင်းလေးများကိုလည်း ခင်းကျင်းပြထားခဲ့သည်။ ထိုအဘွားအို၏ အတိတ်ဘဝဇာတ်ကြောင်းနှင့် ဘယ်လိုသက်ဆိုင်ခဲ့သည့် အရာများ လဲ။

ဒေါ်သန္တာတွေးရင်း တွေဝေသွားခဲ့ရဖူးသည်။

ဒါတွေကို အမွေဆက်ခံစရာ သားသမီးတွေပဲ မရှိတော့လို့လား။ အဘွားအိုမှာ ကြည့်ရှုစောင့်ရှောက်မည့်သူပဲ မရှိခဲ့လို့လား။

သူက ထိုအဘွားအိုကို စာနာစိတ်ဖြင့် ပန်းခြောက်များကပ်ထားသည့် ပန်းချီကားတစ်ချပ်ကို ဝယ်ယူခဲ့သည်။ ပန်းခြောက်တို့မှာလည်း အလှအပတို့ ပျက်ပြယ်စပြုနေခဲ့ပါပြီ။ ဘောင်ကလည်း ဟောင်းနွမ်းနေခဲ့ပြီ။

ထိုပန်းချီကားချပ်လေးကို ဧည့်ခန်းမှာ သားကမြင်တွေ့သွားတော့. . .

"မေမေ ဘာစိတ်ကူးနဲ့ ဒီပန်းပုံကြီး ချိတ်ထားရတာလဲ"

ဒေါ်သန္တာက သားကို ရှင်းပြလျှင်. . .

"မေမေဟာ ဖေဖေ့လို စာသာမရေးခဲ့တာ စိတ်ကူးကယဉ်ပုံ့ဗျာ။ မေမေ့ကိုသားက ဘယ်လိုလုပ်ပြီး ပစ်ထားမှာလဲ။သားမှာဒီအမေတစ်ယောက်ပဲရှိတာ"

သူ့ကိုယ်လုံးကိုဖက်ကာပြောခဲ့သည်။

သူကလည်း သား၏ဆံပင်များကို ပွတ်သပ်ရင်း. . .

"အမလေး. . . အပြောတော့ ဖြင့်ကွာ"

ရယ်မောခဲ့ရဖူးသည်။

ပြတင်းအပြင်မှ မြင်နေရသည့် လရောင်သည် သူ့အားအိပ်မပျော်စေအောင်ဖန်နေခဲ့သည်။

* * *

ညက အိပ်မပျော်ခဲ့သဖြင့် အိပ်ရာထဲကထဖို့ ဝန်လေးနေခဲ့သည်။ ခြံဝမှ ခေါင်းလောင်းသံကြားလိုက်သလိုလို ရှိသဖြင့် နားစွင့်



နေမိသည်။

ဟုတ်သည်။ ခြံဝမှ ခေါင်းလောင်းသံပါပဲ။

"သားတို့ လာကြပြီလား"

မလာနိုင်ဘူး ပြောပြီး အမေကို ဝမ်းသာသွားအောင် ရုတ်တရက် ရောက်လာကြပြီလား။

အိပ်ရာထဲက လူးလဲထသည်။

ပြေကျသည့် ဆံပင်ကို ဘီးဆံပတ်ပြန်ပတ်သည်။

"လာပြီ လာပြီ"

အိမ်ပြင်သို့ ခပ်သုတ်သုတ်လေး ထွက်လာခဲ့သည်။

ခြံဝင်းတံခါးအပြင်ဘက်မှာတော့ သူမမြင်ဖူးသည့် ကားတစ်စီးနှင့် လူစိမ်းများ၊ လူစိမ်းသုံးယောက်အနက် တစ်ယောက် ပြုံးပြလိုက်သည်။

"ဦးရဲအောင်ရဲ့အမေပါလား"

သား၏နာမည်ကို မေးလိုက်ခြင်းပင်။

လူလိမ်တွေပဲလား။ သား၏မိတ်ဆွေတွေပဲလား။ ရင်ထဲမှာ ထိတ်စပြုလာသည်။

"ကျွန်တော်တို့က ဦးရဲအောင်တို့ကုမ္ပဏီ ရန်ကုန်ရုံးချုပ်က ပါ။ သည်တော့မှ ကားမှတံဆိပ်ကို သတိပြုမိသွားသည်။ ခြံဝင်း တံခါးကို ဖွင့်မပေးဘဲ. . .

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

"အေးအေး ဆေးဆေးပြောမှ ရမှာမို့ အိမ်ထဲဝင်ခွင့်ပြုပါ အန်တီ"

"ဩော်. . . အေးအေး"

"ဘုရား ဘုရား . . . သား ဘာများဖြစ်လို့ပါလိမ့်။ ဆောက်လုပ်ရေးဆိုက်တွေ စစ်ဆေးရင်း ပြုတ်များကျလိုလား"

မကြားဝံ့မနာသာတွေ မဖြစ်ပါစေနဲ့။ ဒေါ်သန္တာ ရင်တထိတ်ထိတ်ဖြင့် ခြံတံခါးကိုဖွင့်ပေးလိုက်သည်။ ကားကခြံထဲသို့ ဖြည်း ညင်းစွာ မောင်းဝင်လာခဲ့သည်။

ဧည့်ခန်းမှာ ထိုင်ကြသည်။ သူတို့မျက်စိတွေက အငြိမ်မနေ။ အိမ်၏အနေအထားကို စိတ်ဝင်တစားကြည့်နေကြသည်။

သားသားနားနား ဝတ်ဆင်ထားသည့် အသက်ခပ်ကြီးကြီး ခပ်ပုပု လူက. . .

"အမေ ဒီမှာနေတာကြာပြီလား"

"အင်း . . . နှစ် ၃၀ ရှိပြီပေါ့။ သား အသက်နဲ့အမျှပဲ"

"ခုအချိန်ဆို ဒီနေရာက တော်တော်တန်ဖိုးရှိနေပြီပေါ့လေ"

"ဟိုတုန်းကတော့ နားအေးပါးအေးနေလို့ရအောင် ဝယ်ခဲ့ကြတာပါပဲ။ ခဏလေးနော်။ အန်တီ ကော်ဖီလေးဖျော်လိုက် ပါရစေဦး"

"နေပါစေ အန်တီ။ နေပါ။ အန်တီတစ်ယောက်တည်းပဲ လား"

"ဟုတ်ကဲ့။ လာကူလုပ်ပေးတဲ့ ကလေးမလေးကလည်း ခရီးသွားနေတယ်လေ။ တစ်ယောက်တည်းဆိုပါတော့။ ဒါနဲ့ ဘာကိစ္စများ . . ."

"ကိစ္စအထူးရယ် မဟုတ်ပါဘူး။ ဒါနဲ့ ဒီအိမ်ဆောက်တာရော ကြာပြီလား"

"၁၅ နှစ်လောက်ရှိပြီလေ။ ဖအေကြီးရဲ့ ဘာသာပြန်လုံးချင်း တစ်အုပ်က လေးခါလောက် ပြန်ရိုက်ရတယ်။ အဲဒီတုန်းက ပြန်ပြင်



ဆောက်ခဲ့တာ"

"ဒါဆိုရင် ကြာပြီပေါ့။ ဦးရဲအောင်ကရော အန်တီ့ကိုမကြည့်ဘူးလား အိမ်ပြင်စရိတ်တို့ စိတ်အေးလက်အေးစားရအောင် ဘဏ်အပ်ပေးတာတို့"

လူပုပုက ညင်သာစွာပြောနေစဉ် ကျန်နှစ်ယောက်က စပ်စုလိုစိတ်ဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ တကယ်ကတော့ သန့်ရှင်းသပ်ရပ်သည့် စာအုပ်ဗီရိုများနှင့် တယ်လီဖုန်းတစ်လုံးကလွဲလျှင် သူ့အိမ်မှာ ခေတ်မီအသုံးအဆောင်ဆို၍ တီဗွီသေးသေးလေး တစ်လုံးပဲရှိပါသည်။

ဒေါ်သန္တာ တစ်စုံတစ်ရာ တွေးမိသွားပါပြီ။

သူတို့သိလိုတာက သားကများသူ့အတွက် ဘဏ်ငွေစာရင်းဖွင့် ပေးထားလေသလား။ ငွေလုံးငွေရင်း တစ်လုံးတစ်ခဲများ ပေးထားလေသလား။

သူသည် ဌာနတစ်ခုမှာ အရာရှိအဖြစ် လုပ်ကိုင်ခဲ့စဉ် ဒေါ်သန္တာကိုယ်တိုင်လည်း ဌာနတွင်း စစ်ဆေးရေးအဖွဲ့မှာ တာဝန်ကျခဲ့စဉ် သည်လိုမေးခွန်းမျိုးတွေမေးခဲ့ဖူးတာ သတိရသွားသည်။

သား ဘာဖြစ်လို့ပါလိမ့်။

ရှုတ်တရက် နှလုံးသွေးရပ်မတတ် တုန်လှုပ်သွားရသည်။ သို့သော် သူကလည်း စိတ်ကိုထိန်းရင်း ညင်သာစွာဖြင့်ပင်. . .

"သားမှာ သူ့အိမ်ထောင်နဲ့သူလေ။ အန်တီက စာအုပ်ထုတ်ဝေရေးလုပ်ငန်းလည်းလုပ်တော့ ကိုယ့်ဘာသာ ရပ်တည်နိုင်ပါတယ်"

ထိုသူက ဒေါ်သန္တာ၏မျက်နှာ တင်းသွားပုံကို ရိပ်မိဟန်ဖြင့်. . .

"ဘာစာအုပ်တွေများ ထုတ်ပါလိမ့်အန်တီ"

"ဦးရဲအောင်အဖေရဲ့ စာအုပ်တွေပါပဲ"

"ဒါနဲ့ အန်ကယ်ကြီးကရော ဘယ်နာမည်နဲ့ စာရေးပါလိမ့်"

ဒေါ်သန္တာက စာအုပ်ဗီရိုပေါ်မှ အဖေကြီး၏ဓာတ်ပုံကို အမှတ်မထင်လှမ်းကြည့်ရင်း အဖေကြီး၏ကလောင်နာမည်ကို ပြောပြလိုက်သည်။

"ဩော် . . . အန်ကယ်က နာမည်ကြီးပဲ။ ကျွန်တော်တို့ ဖတ်ဖူးပါတယ်"

"သား ဘာများဖြစ်လို့လဲကွယ်"

လူပုပုနှင့် ခပ်ညိုညိုလူက တစ်ဦးမျက်နှာတစ်ဦး ကြည့်ရာက လူညိုညိုက အေးဆေးသော အသံဖြင့် . . .

"ဦးရဲအောင် ပြဿနာတစ်ခုထဲမှာ ငြိနေပါတယ် အန်တီ။ ကုမ္ပဏီပိုင် ငွေတော်တော်များများ ဆုံးရှုံးရတဲ့ကိစ္စမှာ ပါဝင်ပတ်သက်နေပါတယ်။ ဒီလိုပြောရတာလည်း အင်မတန်အားနာပါတယ်။ သူ့အနေနဲ့ ပြန်လျော်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့က အမှုမဖွင့်ပါဘူး"

"ဘုရား . . ဘုရား . . . ဘယ်လောက်များမို့လို့ပါလိမ့်။ သားအနေနဲ့တော့ ဒီလိုပရမ်းပတာလုပ်လိမ့်မယ်လို့ အန်တီမထင် . . ."

"ဟုတ်ကဲ့။ ကျွန်တော်တို့လည်း မမျှော်လင့်ပါဘူး။ ဒါပေမယ့် . . ."

ဒေါ်သန္တာ ဘာမှမကြား၊ မမြင်နိုင်တော့ပေ။ ထိုသူတို့ ဘယ်လိုပြန်သွားသည်ကိုပင် သူမသိတော့။ ဧည့်ခန်းမှာ ငူငူကြီးထိုင်နေမိသည်။

သားသည် မယားငယ်လည်းယူထားသည့်အကြောင်း . . . ပြီးတော့ . . . ပြီးတော့ . . .

အမေအတွက် ဆေးဝါးဝယ်ပေးလျှင် ယူခဲ့သော်လည်း သားဝန်ပိမှာစိုး၍တစ်လုံးတစ်ခဲတည်းတစ်ခါမှ မယူဝံ့ခဲ့ပုံ၊ မိန်းမမသိအောင် သားကလည်း အမေကို ပေးလေ့မရှိပုံ ပြန်မြင်လာသည်။



သားအတွက် ဘဝ၏တန်းဖိုးဆိုတာ ဘာများပါလိမ့် ဒေါ်သန္တာ ရင်ကွဲရလေပြီ။ နင့်ထိုက်နဲ့ နင်ကံဆိုရအောင်ကလည်း တစ်ဦးတည်းသော သား။

ငယ်စဉ်က ကျောင်းစာမှလွဲ၍ ဘာမှမသိခဲ့သောသားသည် လုပ်ငန်းခွင်ထဲမှာ ဘယ်လိုပညာတွေ သင်ယူခဲ့ပါလိမ့်။ ရိုးရိုးကျင့် မြင့်မြင့်ကြံဖို့ သွန်သင်ဆုံးမတတ်သော အဖေနှင့်လည်း မကြာမကြာဝေးခဲ့ရသော သားကို မိခင်ကဘဝပုံသဏ္ဌာန်တစ်မျိုးဖြင့် မြင်တွေ့ချင်ခဲ့သည်။

ဖအေနှင့်မတူ ခန့်ညားခန့်ထည်သော ဂုဏ်ရှိန်မြင့်တင့်တယ်သောသားကို မြင်တွေ့တိုင်း ဂုဏ်ယူခဲ့မိပုံကို သတိရနေသည်။

သူ့ဇနီး အသုံးအစွဲကြီးလွန်း၍ပဲလား၊ သားကိုယ်တိုင်က စီမံခန့်ခွဲမှုမှာ ညံ့ဖျင်းခဲ့လို့လား၊ ဒါမှမဟုတ် တစ်ယောက်ကများသားကို ဒီလိုဖြစ်ဖို့ ထိုးချလိုက်တာလား။

ရှုပ်ထွေးသည့်လောကကြီးထဲတွင် သားသည် သိုးငယ်ပမာ ရိုးအလွန်းခဲ့၍လား။

မိခင်အုပ်၍ ကြီးခဲ့ရသောသားသည် လောက၏ပရိယာယ်များကို နားမလည်ခဲ့၍လား။

ဒေါ်သန္တာ သက်ပြင်းပူများ ချလိုက်မိသည်။

"မယားငယ်လည်း ယူထားသေးသတဲ့"

"မအေကိုတောင် မကျွေးနိုင်တဲ့ကောင်ကများ မယားငယ်ယူထားရသေးသတဲ့လား"

ဒေါ်သန္တာရင်မှာ ဆတ်ဆတ်ခါ နာကျင်သွားရသည်။ သို့တိုင် သားကို သည်အရှုပ်ထွေးကြားကလွတ်အောင် ဘယ်လိုလုပ်ပေး ရပါ့မလဲ။ တစ်ဘက်ကလည်း တွေးနေခဲ့သည်။

အိမ်နှင့်ခြံ။

သည်အိမ်နှင့်ခြံ၏ ကာလတန်ဖိုးသည် သား၏ဘဝကို အရှုပ်အထွေးကြားက လွတ်စေနိုင်လေမလား။သူက အဖေကြီး၏ဓာတ်ပုံကို မျက်ရည်ဝိုင်းသော မျက်လုံး များဖြင့် မော့ကြည့်လိုက်သည်။

မတ်/ ၂၀၀၇ ကလျာမဂ္ဂဇင်း



မဒ္ဒီအေဝီဝေဿန်ထုံးလို

* * * * *

ကျွန်မအမေသည် အလွန်အားနာတတ်သူဖြစ်သည်။ သူသည် အမြဲချိုသာကြည်လင်ပြီး လူတစ်ဖက်သားကိုလည်း ပျော့ပျောင်းသိမ်မွေ့စွာ ဆက်ဆံခဲ့သူဖြစ်ပါသည်။

မေမေအိမ်ရှင်မအဖြစ်ဖြင့် နှစ်ငါးဆယ် အိမ်ထောင်ထိန်းသိမ်းပြီးလာခဲ့သည့် ဘဝတစ်လျှောက်လုံး ဘယ်ဈေးသည်နှင့်မှ ရန်ဖြစ်သည်ဟု မကြားခဲ့ဖူးသလို ခေါင်းရွက်ဗျက်ထိုးဈေးသည် ကလေးများကိုလည်း သနားလို့ဆိုပြီး ဈေးဆစ်လေ့မရှိပါ။ အိမ်ရှေ့မှာ ဗန်းနှင့်လည်ရောင်းသည့် အသားသည် ငါးသည်များ၏ ဖောက်သည်ကောင်းကြီးလည်း ဖြစ်ပါသည်။ ဈေးသည်တွေက အိမ်ရှေ့မှဖြတ်သွားကြတိုင်း . . .

"ဘွားဘွားကြီး ငါးယူဦးမလား ကြက်သားယူဦးမလား"

အော်သွားလေ့ရှိကြပါသည်။ ဤသို့ဖောက်သည်ဖြစ်နိုင်ဖို့

လည်း ညီမအပျိုကြီးက လုံလောက်အောင်ရှာဖွေ ပေးထားပါသည်။ ညီမပေးသည့်ငွေဖြင့် မလောက်လျှင်လည်း အခြားသားသမီးတွေဆီက ကန်တော့လို့ရရှိသည့် ရန်ပုံငွေလည်းရှိတော့ အမေဈေးမဆစ် တတ်တာ ဖောက်သည်ဖြစ်တာ မဆန်းပါ။ ပင်ကိုအေးဆေးတာလည်း ပါမည်ပင်။

ဈေးမဆစ်တတ်သူ နောက်တစ်ယောက်က ကျွန်မသူငယ်ချင်း အပျိုကြီးအသက်၄၀ကျော်လို့ ၅၀ကိုချဉ်းကပ်နေပေမယ့် သိက္ခာရှိရှိ လှလှပပသိမ်သိမ်မွေ့မွေ့။ သူနှင့်ကျွန်မခြောက်ထပ်ရုံးနားက ဈေးက လေးကိုသွားကြပြီး ငါးကြင်းဖြူရောင်းနေသည်ကိုတွေ့၍ ဝယ်ကြသည်။ ငါးသည်က ၂၅ ကျပ်သားလောက်သာရှိမည့် ငါးကိုအလေးဖက်က ချိန်ခွက်ထဲမှာ ၃၅ ကျပ်သားအလေးထည့်ပြီး ချိန်လိုက်သည်။

"အစ်မ ၃၅ ကျပ်သားရှိတယ်"

ကျွန်မက အလေးခိုးမှန်းသိသဖြင့်

"နည်းနည်းပိုထည့်ပါဦး" ဟုပြောလိုက်သော်လည်း သူငယ်ချင်းကတော့ ဘာမှမပြောပါ။ ဈေးသည်က ငါးခေါင်းတစ်ခြမ်းကို ကောက်ထည့်လိုက်ပြီး

"ဒီမှာ အသာကြီးပဲ"

အမှန်က ခေါင်းမပါဈေးနှင့် ဝယ်တာမို့ထည့်ချိန်စရာမလိုပါ။ အပျိုကြီးက ဘာမှမပြောသဖြင့် ကျွန်မလည်းမပြောဖြစ်တော့။

တကယ်တော့ သူလည်း ပိုလျှံသူမဟုတ်ပါ။ သူ့လခနှင့်သူ မနည်းကြံဖန်သုံးနေရသလို အပြင်အလုပ်ကလေးတွေလည်း တစ်ဖက်က လုပ်ပြီး အသက်မွေးနေရသူပါ။ သူက ပြုံးပြုံးအေးအေးဖြင့်-

"ထည့်လိုက်ပါရှင်" ဟုဆိုပါသည်။

"သူငယ်ချင်းရယ်တို့နဲ့အတူနေတဲ့ မချိုကလေ ဈေးသည်တွေ အလေးခိုးလည်း မပြောပါနဲ့ မမာရယ် သူတို့ယူတာ ၁၀၀-၁၅၀ ထက်



ပိုမရှိပါဘူး။ အလှူလို့သဘောထားလိုက်ပါတဲ့။ ဒါနဲ့မမာလည်း ဈေးဝယ်ရင်ဘာမှမပြောတော့ဘူး"

သူ့စကားကိုကြားတော့ မချိုအကြောင်း တွေးမိသွားသည်။ မချိုမှာရင်သားတွင် အကျိတ်ဖြစ်၍ ခွဲစိတ်ထားရာ ကျွန်မသူငယ်ချင်း အပျိုကြီးမမာက တစ်ဆောင်တည်းအတူနေသူမို့ ချက်ပြုတ်ကျွေးနေရသည်။ ကျွန်မသူငယ်ချင်း၏ အပြောအေးအေး အပြုံးအေးအေးကြောင့် လေးစားမိသွားရသော်လည်း ကျွန်မကသူတို့ကဲ့သို့ ခန္တီပါရမီနှင့် ပြည့်စုံသူမဟုတ်။

သို့သော် ကျွန်မရုံးမှာ အလုပ်လုပ်စဉ် ညနေဖက် အလုပ်က အပြန် မိုးချုပ်ချုပ် အလေးပြည့်ပြည့် မပြည့်ပြည့်ဝယ်ခဲ့ရသည်ပင်။ ဈေးမှန်မမှန်လည်းမသိ။ မနက်ရုံးအမီ ချက်စရာရလျှင်ပြီးရော ဝယ်ခဲ့ရသည်များကို အမှတ်ရသည်။ တစ်ဆိုင်မကြိုက်တစ်ဆိုင် မေးမြန်းပြီး ဝယ်ဖို့လည်း အချိန်မရှိခဲ့ပါ။ ဘတ်စ်ကားနှစ်ဆင့်စီးပြီး ရုံးကပြန်လာခဲ့ရာ လူကလည်း ဖလှက်ပြနေခဲ့ပါပြီ။

ခုတော့ ကျွန်မအလုပ်က ထွက်လိုက်ပြီဖြစ်ရာ ဈေးထဲကို နှစ်ပတ်သုံးပတ်လှည့်၍ စနည်းနာနိုင်ပါပြီ။ ဟိုဟာ ဝယ်ရမလိုလို သည်ဟာဝယ်ရမလိုလိုလည်း လုပ်တတ်နေပါပြီ။

ခင်ပွန်းသည်၏ ပုံမှန်ဝင်ငွေပေါ်မှာပဲ မှီခိုနေရရာ ဟိုငါးနှင့် သည်ငါး၊ ဟိုဈေးသည်နှင့် သည်ဈေးသည် ဘယ်ဟာက ပိုသက်သာမလဲ တွေးတတ်လာပါပြီ။

နူးညံ့သိမ်မွေ့သော မေမေကပတ်ဝန်းကျင်နှင့်ဖြစ်စေ ဈေးသည်များနှင့်ဖြစ်စေ ရန်မဖြစ်ရ သွန်သင်ထားရာ ကျွန်မမှာ ရန်ဖြစ်တတ်သူတော့ မဟုတ်ပါ။

ဟိုငါးသည် အလေးခိုးသည်ထင်လျှင် တစ်ဆိုင်ပြောင်းဝယ်။ သည် အသားသည် အလေးနှင့်ဈေးမမှန်ဘူးထင်လျှင် တစ်ဆိုင် ပြောင်း

ဝယ်နှင့်တစ်ဈေးလုံးသာ ကုန်သွားရော အတူတူနှင့်အနူနူပဲမို့ သူငယ်ချင်းမမာပြောသလို စိတ်ထားတတ်လျှင်အလှူပဲမို့ သူ့လောက်စိတ်မရှည်သည့် ကျွန်မမှာတော့ ကျွဲမြီးတိုတိုနှင့်ပင်မနိုင်၍ သည်းခံခြင်းဖြင့်သည်းခံတတ်ခဲ့ပါပြီ။

တက္ကသိုလ်တက်စဉ် ဘောဂဗေဒဘာသာရပ်မှာ ဝယ်လိုအားနှင့်ရောင်းလိုအား မျဉ်းကွေးများကို သင်ကြားခဲ့ရရာ ဝယ်လိုအားတွေပဲ ပိုများနေလို့များဈေးသည်တွေ တင်းမာနေကြသ လားတွေးမိရသည်။

သူတို့အလေးချိန်တာကို မယုံသလိုကြည့်လျှင် ဈေးနှုန်းကို နည်းနည်းလျှော့ပါဦးပြောမိလျှင် မတူသလိုမတန်သလို ဆက်ဆံခံရခြင်း ကတော့ ရိုးလို့နေပါပြီ။ ကိုယ်မဝယ်လည်း တစ်ချိန်ချိန်မှာတော့ ကုန်သွားမှာပဲမို့လား ဒါမှမဟုတ် သူတို့ဖက်ကကြည့်တော့လည်း ကဂျီကဂျောင်ဝယ်သူတွေ ပိုများလာသဖြင့် ဒေါသကုမ္ပဏီတွေပဲ ဖြစ်ကုန်ကြသလား။

အင်း . . အိမ်ရှင်မဆိုတာတော့ အိမ်မှာစားမည့် ပါးစပ်ကလေးတွေက . .

"ဟင် တစ်နေ့လာလည်း ဒီဟင်းချည်းပဲ " အပြောလေးတွေကိုလည်းသည်းခံ၊ ဟင်းမထပ်အောင်စဉ်းစားရ၊ ဘာဝယ်လို့ ဘယ်လိုချက်ရပ့ါ တွေးရင်းပိုက်ဆံအိတ်ကလေးလည်း ငုံ့ကြည့်ရ၊ ပိုပိုသာသာ မဟုတ်တောင် မှန်မှန်ကန်ကန်လေး ချိန်ပြပေးအောင် ဈေးသည်တွေကိုလည်း မျက်နှာချိုသွေးရ။

လဆန်းလျှင် ကျွန်မကပဲဆီစစ်စစ် သုံးပိဿာဝယ်လေ့ရှိသည်။ ယခင်က ဘာပဲဆီသန့် ညာပဲဆီသန့်တွေ ဘူးနှင့်ဝယ်ပြီးသုံးဖူးသော်လည်း ဒယ်အိုးထဲမှာကြော်လိုက်လျှင် အသားနှင့်ငါးကို မမြင်ရအောင် အမြှုပ်တစီစီဝေနေတတ်သည်မို့ အညာသူဖြစ်သည့် ကျွန်မအဖို့ ပဲဆီစစ်မှစစ်ရဲ့လား တွေးမိမြဲပင်။ ပြီးတော့ တစ်ပိဿာဘူး တစ်ဘူး



ကို သွန်ပြီးပြန်ချိန်ကြည့်လျှင် ငါးကျပ်သားကျော်ကျော် လောက်လျော့မြဲ။ သည်တော့ ပဲဆီသန့်သန့် ရှယ်စစ်စစ်တွေနှင့် လမ်းခွဲကာဈေးထဲက လှည်းကူးပဲဆီစစ်စစ် မြင်းခြံပဲဆီစစ်စစ်ဆိုတာ မျိုးတွေပဲဝယ်ဖြစ်တော့သည်။

ပထမ တစ်ခါတော့ ဗမာဆိုင်တစ်ဆိုင်က လှည်းကူးပဲဆီစစ်စစ်ကို ဝယ်လာခဲ့သည်။ သူလည်းလေ ဘူးပဲဆီများကဲ့သို့ ဒယ်အိုးထဲမှာ အမြှုပ်တစီစီ ဝေနေပြန်တော့သည်။ ဈေးကတော့ ပဲဆီစစ်စစ်ရှယ်ဈေး။ ပဲနည်းနည်း နှမ်းများများပဲ ရောလေသလား။

ဗမာဆိုင်က ပဲဆီနှင့်ကံမလိုက်သည်မို့ အိန္ဒိယနွယ်ဖွားတစ်ဦး၏ဆိုင်သို့ပြောင်းကာ ဝယ်ပြန်တော့လည်း နှမ်းရောတာအတူတူ ပဲနှမ်းဆီပဲ ဈေးလည်းသက်သာအောင် ဝယ်ပါတော့မည်ဆိုကာ ဝယ်လာခဲ့သည်။

ထိုပဲနှမ်းဆီက မနက်စောစောဆောင်းနှင်းအေးအေးမှာ မလိုင်လေးတွေခဲနေတော့သည်။

ဧကန္တ ဈေးသည်မာမူကြီး မလိုင်ပုံးနှင့်ဆီပုံးများခတ်ပြီး ရောင်းလိုက်လေသလား။ နောက်ဆိုဆီပုံးကို မလိုင်ပုံးနှင့် ခပ်ဝေးဝေးမှာထားဖို့ အကြံပေးရလျှင်ကောင်းမလား။ သူ့ဆိုင်က ဆီမို့သူ့သွားပြန်ပြလျှင်လည်း-

"အမာ. . . ဒါကျွန်တော့်ဆိုင်က ဆီမဟုတ်ဘူး"

ဆိုပြန်လျှင် ကိုယ်ပဲဒုက္ခရောက်မှာမို့ သည်တစ်ခါတော့ ဘေးကင်းအောင် တရုတ်ဆိုင်က မျက်နှာချိုချိုပေါက်ဖော်ကြီးကိုပဲ အားရပါးရပြုံးပြကာ-

"ပဲနှမ်းရှယ်လေးပေးနော်၊ တချို့ဆိုင်တွေက စားအုန်းဆီရောလို့ ပေါက်ဖော်ရယ်"

"အား. . . ပစ္စည်းမန် ဈေးမန်လယ်နော် အီမကီး"

ပစ္စည်းမှန်ဈေးမှန် ပဲနှမ်းရှယ် စစ်စစ်ကလေးသည်လည်း ဆောင်း၏နံနက်ခင်းမှာ အစိုင်အခဲဘဝသို့ ပြောင်းနေပြန်သဖြင့် နှလုံးသွေးကြောကျဉ်းရောဂါရှိ၍ ပါဆင်တင်အမြဲ မှီဝဲနေရသော ခင်ပွန်းသည်အတွက် ဘယ်လိုဆီမျိုး ဝယ်ရမှန်းမသိအောင်ဖြစ်ရပြန်သည်။

ကျွန်မမှာလည်း လေးဘက်နာ၊ ရောဂါကြောင့် ဟိုကနာ၊ သည်ကနာ၊ တစ်ကိုယ်လုံး ကိုက်ခဲနေသည့်အထဲ ခြေဖနောင့်ကလည်း အကြောရောင်နေပြန်ရာ သို့ဂလို ဆီသည်များကို ရန်ဖြစ်ရဲဖို့ဝေးစွ၊ ရန်ဖြစ်လျှင် ကိုယ်ပဲပြေးပေါက်မှားရမှာမို့ သူငယ်ချင်း မမာပြောသလို အလှူလို့သဘောထားကာ ဒါနလေးမြောက်အောင် တွေးကြည့်ရင်း ဈေးကအပြန်မှာ. . .

"အသွေးကိုလှူ အသားကိုလှူ
စိတ်တူတယ် ရယ်ရယ်ပြုံးပြုံး
မဒ္ဒီဒေဝီ ဝေဿန်ထုံးလို
နှလုံးပြုကာ ကြည်ဖြူမှာဆွေ"

သီချင်းလေးကိုပဲ ညည်းလိုက်မိရာ၊ ဘာမှမသိရှာသော ကျွန်မ၏ ခင်ပွန်းကိုလူအေးကြီးက သူ့ကိုများရည်ရွယ်၍ ဆိုလေသလားတွေးရော့ထင့် ကျွန်မကိုပြုံးပြုံးကြီးကြည့်နေပါတော့သည်။

၂၀၁၀/ ရယ်စရာရသစုံမဂ္ဂဇင်း



## သံသရာခရီးသွားအမေနဲ့သားများ

* * * * *

ရွှမ်မြစ်၏ရေစီးသံက ညင်ညင်သာသာတော့ မဟုတ်ပါ။ ကျောက် တုံး ကျောက်ဆောင်တွေက ရေစီးကြောင်းကို တားဆီးနေခဲ့သည်။

ကျောက်တုံး ကျောက်ဆောင်တွေပေါ် ရေစီးသွားပုံက သံတောင်မြို့နယ်မှ ပသီချောင်းနှင့် တူသယောင်ယောင်။

ထိုင်းနိုင်ငံ ဆီဆတ်ချန်ဒရာရီမြို့ဟောင်းရှိ ရွှမ်မြစ်ကမ်းဘေးမှာတော့ အယုဒ္ဓယခေတ်မတိုင်မီ အနှစ် ၂၀၀ ခန့်စောသည့် ဆူခိုထိုင်းခေတ်လက်ရာ(၁၁ ရာစု)ဗုဒ္ဓဘုရားကျောင်းကန်များရှိသည်။

တစ်ခါက ဘုရင်တစ်ပါးသည် ထိုမြစ်ထဲသို့ ခုန်ဆင်းသွားကာ နဂါးမဖြစ်နေသော မိခင်ကိုရှာဖွေခဲ့သည်လို့ဆိုသည်။

ဘုရင်သည် ရေထဲမှ ပြန်တတ်မလာတော့ပေ။

မိခင်နဂါးမကြီး၏အမည်က "နံနက်ခင်းကျက်သရေ" ဖြစ်သည်။

သားသည် မြစ်၏အောက်ခြေရှိ နဂါးနန်းတော်တွင် မိခင်နှင့်တွေ့ဆုံခြင်းရှိမရှိ ကျွန်မ မသိပါ။

မိခင်ကိုချစ်သော သားတော်ဘုရင်ကလေး မြစ်ထဲသို့ခုန်ချခဲ့သောနေရာတွင် ကျောက်စာတစ်ခု မှတ်တမ်းတင် ရေးထိုးထားခဲ့သည်။

ထိုမြစ်ကမ်းနှင့် မလှမ်းမကမ်းတွင်ရှိသည့် စေတီတစ်ဆူ၏ ပရဝုဏ်တံတိုင်းကြီးကို မိခင်နဂါးမကြီးက ကိုယ်လုံးနှင့်ဝန်းရံသည့် ကာလမှာမှ ရွှမ်မြစ်ထဲသို့ ခုန်ဆင်းကာ မိခင်ကိုရှာဖွေခဲ့သူ ဘုရင်ကလေးသည် လူသားအဖြစ် ပြန်လည်မွေးဖွားလာလိမ့်မည်ဟုဆိုသည်။

မိခင်ကို အသက်စွန့်၍ပင်ချစ်သော သားအတွက် လွမ်းမောမိသွားသည်။ ယခုအခါ ထိုဘုရင်လေးသည် ထိုင်းနိုင်ငံ၏ ဘုရင်တစ်ပါးဖြစ်သည်။ ရာမ(၉)Rama(9)အဖြစ် ပြန်လည်ဝင်စားခဲ့သည်ဟုဆိုပါသည်။

ရွှမ်မြစ်နှင့် မဝေးလှသော ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဝပ်မဟာသက် (Wat Phra Si Rattena Chalieng) ဖြစ်သည်ဟုသိရသည်။ ဘုန်းကြီးကျောင်းပေါင်း (၃၃)ကျောင်းကို ကြာပွင့်ပုံသဏ္ဍာန်တည်ထားခဲ့ကြောင်းသိရပြီး ရှေးဟောင်းကျောက်တိုင်တို့တည်ရာများကို တွေ့ရသည်။

ပင်း၊ ရွှမ်၊ ဝန်နှင့် နမ်မြစ်(၄)စင်းတို့သည် ကျောက်ဖရားမြစ်ထဲသို့ စီးဝင်ပေါင်းဆုံကြသည်ဟုဆိုပါသည်။

ရွှမ်မြစ်ကမ်းအနီး ဈေးဆိုင်တန်းလေးမှာ ကြွေထည်များ အုန်းမှုတ်ခွက်နှင့် ပြုလုပ်သည့်လက်ရာများနှင့် လက်မှုပညာပစ္စည်းဆိုင်များနှင့် အမှတ်တရပစ္စည်းဆိုင်များ တွေ့ရသည်။



မြစ်ကိုဖြတ်၍ သွယ်တန်းထားသည့် ကြိုးတံတားတစ်ခုရှိပါသည်။

ကြိုးတံတားပေါ် လျှောက်ရင်း ငယ်စဉ်ဖြတ်လျှောက်ခဲ့ဖူးသော ကျောက်ဆည်မြို့ဇော်ဂျီမြစ်ပေါ်က ကြိုးတံတားကို သတိရမိပါသည်။ အလယ်တန်းကျောင်းသူဘဝ မကြောက်တတ်သူလို့ ထင်အောင်လှုပ်ရမ်းနေသည့် ကြိုးတံတားပေါ် ခပ်မြန်မြန်လေးလျှောက်ခဲ့တာ သွားသတိရသည်။

ရွှမ်မြစ်၏ အကျယ်မှာလည်း ဇော်ဂျီမြစ်ပမာဏမျှသာရှိပါသည်။

ကျောက်တုံး ကျောက်ဆောင်များနှင့် သစ်ပင်ခြုံပုတ်များကို ဖြတ်သန်းစီးဆင်းလာခဲ့သောမြစ်သည် ကြိုးတံတားကိုလွန်သော် အတားအဆီးနည်းသွားပြီး တငြိမ့်ငြိမ့်သာစီးဆင်းတော့ကြောင်းတွေ့ရသည်။

ကျွန်မကနဂါးမမိခင်ကို ရှာဖွေဖို့ကြိုးစားသူ ဘုရင်လေးအကြောင်းပြောပြသော သူငယ်ချင်းထိုင်းအမျိုးသမီးလေးကို . . .

- ဘုရင်လေး၏ ဖခင်သည်လည်း ဘုရင်ပဲလား။
- နဂါးမမိခင်နှင့် ဘယ်လိုဆုံစည်းခဲ့ကြသလဲ။
- ဘုရင်လေးကို ဘယ်လိုမွေးဖွားလာသလဲ၊ နဂါးမဥမှပေါက်ဖွားလာခဲ့သလား။

ကျွန်မ၏ မေးခွန်းများကို ထိုင်းအမျိုးသမီးလေးက မသိလို့ပဲဖြေပါသည်။

သူ့ စိတ်ထဲမှာတော့ ဒီမိန်းမကို စာရေးဆရာမဆိုပြီး ပြောလိုက်မိတာမှားပြီလို့ ခံစားရလေမလားမသိပါ။ ကျွန်မကတော့ စာရေးသူပီပီ ကိုယ့်ဖာသာပဲ ဆက်စပ်ပြီးတွေးကြည့်မိပါသည်။

“တစ်ခါတုန်းက ရွှမ်မြစ်ကမ်းနားကို ဧရာမဥကြီးတစ်လုံး မျောပါလာပြီး. . .”

ဒါဆို ဘုရင်လေးဟာ ဘုရင်တစ်ပါးပါးနှင့် နဂါးမသား ဖြစ်နိုင်ပါ့မလား၊ ဘယ်သူ့ သားလဲ. . .

သူ့ကို သူ့အဖေဘုရင်ကြီးက မေးစားခဲ့တာလား။

သူ့ဖခင်နှင့် မိခင်တို့အကြောင်းပါသိလိုလှပါဘိ။

ကျွန်မ၏ သားကို ပြောပြချင်လို့ပါ။

## (၂)

ကျွန်မက ဘယ်နေရာရောက်ရောက် သားဆိုသည့် သတ္တဝါ လေးကို သတိရနေမြဲ။

ထိုင်းနိုင်ငံ ဘောနုတ်ကမ်းခြေကိုရောက်တော့ ခရုများကို သားအတွက်ကောက်ရတာအမော။

မနက်ခင်းဆိုလျှင် ပင်လယ်ကမ်းခြေက ဒီရေကျသွားသဖြင့် ခပ်စိုစိုသဲသောင်ပေါ်မှာ တင်ကျန်ရစ်သည့် ခရုခွံကလေးတွေ ကလည်း၊ ငွေရောင်၊ ပန်းသွေးရောင်လက်လို့နေသည်။

ညအချိန်ဆိုလျှင် ဒီရေကတဟဲဟဲ တဟောဟောမြည်သံဖြင့် ကျွန်မတို့တည်ရာ ဘန်ဂလိုလေးများအထိ ရောက်လာတော့မည့်နှယ် လှိုင်းသံတို့ ဆူညံစွာတတ်လာတတ်စမြဲ။

မနက်ပိုင်းကျတော့ တချို့နေရာတွင် ရေစပ်စပ်လေးတင် ကျန်ရစ်ခဲ့ကာ ရေသတ္တဝါကလေးတို့၏ သဘာဝတရားကပေးသည့် အလှအပအခွံလေးများကို ချန်ရစ်ထားခဲ့သည်။

မနက်ခင်း၏ နေခြည်နုနုအောက်တွင် အသက်ရှူမှတ်ရင်း လမ်းလျှောက်စဉ် ပင်လယ်လှိုင်းယဉ်ကလေးများက၊ ကမ်းစပ်ကို တဖြတ်



ဖြတ်ရိုက်ခတ်နေခဲ့သည်။ သဲသောင်ပြင်ပေါ်မှာ လှိုင်းထိပ်မှရေတို့က ညင်သာစွာပင်ဖြန့်ကွဲကာ ဘေးသို့ခပ်ဝိုင်းဝိုင်း ရွေ့လျားသွားခဲ့သည်။ ဖိနပ်ဦးကိုလာထိဖို့ကြိုးစားသည်။ ခပ်ဝိုင်းဝိုင်း ရေစီးကြောင်းကလေးမှာ မထိတထိကြည်စယ်ဟန် ခပ်မြန်မြန်လေး စီးဆင်းရွေ့လျားလာစဉ် ခြေထောက်ကို မြန်မြန်လေးအဆုတ်။

ဒီလိုဆိုတော့လည်း ဆူနာမီလှိုင်းတွေ ပင်လယ်က ဖြစ်လာခဲ့ တယ်ဆိုတာ မယုံနိုင်လောက်အောင်ပင်။

ဘောနုတ်က ဖူးခက်တို့လို အထင်ကရ အပန်းဖြေစခန်း မဟုတ်ပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွေ အကူအညီ ဖြင့် ပိုင်ရှင်ကဆောက်ထားသည့် အပန်းဖြေအိမ်ကလေးများသာ ရှိပါ သည်။ ဘောနုတ်မှာ ဘန်ကောက်မြို့မှ တစ်နေ့ခရီးနီးပါး သွားခဲ့ရသည့် ထိုင်းနိုင်ငံတောင်ဖက် ထိုင်းပင်လယ်ကွေ့မှ တံငါရွာကလေးတစ် ရွာသာ ဖြစ်ပါသည်။ တည်းခိုဆောင်ပိုင်ရှင်မှာ  အသက် ၃၀ ခန့်အရွယ် အမျိုးသမီးငယ်ဖြစ်ပါသည်။ သူ့နာမည်ပြောင်က ကလော(ပိုးကောင် ကလေး)လို့ နာမည်ရသည်။

သူသည် မုဆိုးမလေး တစ်ဦးဖြစ်ပါသည်။ သူတို့ရွာမှာကျောက် မီးသွေးစက်ရုံ လာရောက်တည်ထောင်မည်ကို ကန့်ကွက်သည့်ထဲတွင် ခင်ပွန်းကခေါင်းဆောင်ပါဝင်သဖြင့် သူ့ခင်ပွန်းဘန်ကောက်မြို့ကအပြန် ကားဂိတ်မှာ ကြေးစားသေနတ်သမား၏ ပစ်သတ်မှုကိုခံခဲ့ရသည်။

ယခုအခါ ကလော၏စီးပွားရေးမှာ သူ့ဖခင်ပိုင် အုန်းခြံထဲ တွင် တည်းခိုအိမ်လေးများ ဆောက်ထားခြင်းဖြစ်သည်။ ကျွန်မသူငယ် ချင်းကချင်မလေးက အင်္ဂလိပ်လို မတောက်တခေါက်နှင့် ခပ်ဖြည်းဖြည်း မေးခဲ့ရာ ကလောကလည်း ဖြေးဖြေးပြန်ဖြေရင်း သိခဲ့ရခြင်းပင်။ သူငယ်ချင်း ထိုင်းအမျိုးသမီးလေးကလည်း ထိုင်းလိုမေးပြီး ဘာသာပြန် ပြောပြခဲ့ပါသည်။

ယခင်ခင်ပွန်းရှိစဉ်က နာနတ်ခြံလုပ်ငန်းလုပ်ခဲ့သည်။ ကျောက်မီးသွေးစက်ရုံကိစ္စဖြစ်တော့ သူတို့ နာနတ်သီးများကို မည်သူမှမဝယ်ကြတော့။

ယခုအခါ ခင်ပွန်းသည်လည်းမရှိ တည်းခိုအိမ်လုပ်ငန်းကို ငွေချေးပြီးလုပ်ခဲ့ရာ ဆူနာမီဖြစ်ပြီးနောက်ပိုင်း တည်းသူသိပ်မရှိသဖြင့် ကြွေးဆပ်ဖို့ပင် ခပ်ခက်ခက်ပါလို့ ပြောခဲ့သည်။

ကလော၏မျက်နှာလေးမှာ အခြယ်အသမရှိ မျက်နှာပြောင်ကလေးနှင့် ခပ်ညိုးညိုးလေးဖြစ်သည်။ သူက ကျွန်မသူငယ်ချင်းကချင်အမျိုးသမီးလေး ဒူးရင်းသီးကြိုက်သည်ဆို၍ ဒူးရင်းသီးများယူလာကျွေးသည်။ အမွှာမှာ တော်တော်အရသာရှိပြီး အနှစ်အသားထူထဲကာ အစေ့သေးသည့် ဒူးရင်းသီးပင်။ သူတို့မှာ ကလေးမကျန်ရစ်ခဲ့ပါ။ ကလောသည် စိတ်ရင်းစေတနာကောင်းသူလေး ဖြစ်ပါသည်။ သူချက်ကျွေးသည့် ဟင်းလျာများမှာ အရသာရှိလှပါဘိ။

ဆူနာမီ(၂၀၀၄-ခုနှစ် ဒီဇင်ဘာ)တက်စဉ်က ဘောနုတ်မှာပင်လယ်ကွေ့လေးမှာ ရှိသဖြင့် လှိုင်းများဒဏ်မှလွတ်ခဲ့ပါသည်။ ကျောက်မီးသွေးစက်ရုံလာရောက်မဆောက်ဖြစ်သဖြင့် ပင်လယ်ကမ်းခြေသဲတို့မှာ သဘာဝအတိုင်းဖြူဖွေးနေပါသည်။ မနက်လင်းဆိုလျှင် ရောင်စုံအလံကလေးများ တလူလူ(ရေစူးမှတ်သည့်ဘောများထိပ်မှအလံငယ်များ)နှင့် တံငါလှေများပင်လယ်ပြင်သို့ ထွက်ခွာသွားကြသည်။

ကလော၏မောင်ဖြစ်သူ တံငါသည်တစ်ဦးဖြစ်ရာ ညက ဒီအတက် ရေစပ်မှာဆိုက်ထားခဲ့သည့် လှေလေးသည် (စက်လှေခပ် သေးသေး) ယခုတော့ သဲသောင်ပြင်ပေါ်မှာကျန်ရစ်ခဲ့ရသည်။ လှေကလေးကို ရေထဲသို့ ဝိုင်းတွန်းနေကြသံတွေကြားသဖြင့် ကျွန်မလည်း သွားကူတွန်းပေးမိသည်။

လှိုင်းနှင့်မုန်တိုင်းများကြားတွင် ဝမ်းတစ်ထွာ အတွက်ရှာ



ဖွေကြရသည်မှာ ထိုင်းနှင့်မြန်မာလူမျိုးတို့ဘဝ မကွာခြားလှပါလားဟု တွေးမိပါသည်။ သို့သော် တံငါရွာလေးမှာဝါး၊ ဓနိတို့ဖြင့်ခပ်ယိုင်ယိုင်တည်ဆောက်ထားသည့် အိမ်တစ်လုံးမှမရှိဘဲ တောင့်တင်းခိုင်မာသည့် အုတ်တစ်ထပ်တိုက်ငယ်များသာတွေ့ရပါသည်။

ပင်လယ်ကမ်းခြေတွင် လမ်းဆက်လျှောက်ရင်း ယခုနေသော ဆူနာမီလို ဧရာမလှိုင်းတွေတက်လာပါက ကျွန်မသည်လည်းရေအောက်နဂါးပြည်သို့ ပဲရောက်သွားလေမလား။ ဒါမှမဟုတ် သစ်တုံးတစ်တုံးလို ရေမှာပေါလောမျောကာ တင်လိုရာကမ်းမှာ သွားတင်လေမလား။

(၃)

ထိုင်းနိုင်ငံ ဘောနုတ်ကမ်းခြေမှ ပြန်လည်ရောက်ရှိလာခဲ့သည်မှာ (၅)နှစ်ခန့်ကြာခဲ့ပါပြီ။ တစ်ခါက သားကိုပင်လယ်ကို မြင်ဖူးစေချင်သော ကျွန်မသည် သားနှင့်အတူ ချောင်းသာကမ်းခြေသို့ရောက်ရှိနေခဲ့ပါသည်။ ပြန်ခါနီးတစ်ရက်မှာ တည်းရာအိမ်မှ မနက်အစောကြီးထကာ ကျောက်မောင်နှမသို့သွားရောက်ကြပါသည်။

ဆိုင်ကယ်ခက တစ်ယောက်(၃၀၀၀)မို့ ပန်းချီဆွဲစရာပစ္စည်းများကိုသယ်ကာ မနက်စောစော လမ်းလျှောက်သွားကြပါသည်။ ပင်လယ်ကမ်းခြေအတိုင်းသွားလျှင် ခရီးတိုသည်လို့ပြောသော်လည်း အသက်ရပြီဖြစ်သည့် ကျွန်မကပင်လယ်လှိုင်းတို့ တဖျတ်ဖျတ်ရိုက်ခတ်နေသည့် ကျောက်တုံးကျောက်ဆောင် ထူပြောရာလမ်းကိုမရွေးခဲ့ပါ။ သားကတော့ အသက်(၂၀)မျှသာရှိသေးရာ ပင်လယ်ကမ်းခြေလမ်းက သွား လိုခဲ့ပါသည်။

ကျွန်မက နေလိုသေးသော်လည်း သားကပြန်ချင်နေခဲ့ပါပြီ။ ကျွန်မတို့ လခပေးထားသည့် ထမင်းဆိုင်ပိုင်ရှင်မှာ ပထမကကျွန်မတို့

တည်းအိမ်ရှင်၏မိတ်တွေဖြစ်သဖြင့် မျက်နှာချိုသွေးခဲ့သော်လည်း (၁၀) ရက်ကျော်လာသည့်အခါ သားအမိ(၂)ယောက်စာ တစ်လစာကြို တင်ပေးထားပါလျက်နှင့် မျက်စိမျက်နှာမကောင်းတော့ပါ။ ဟင်းများမှာလည်းတစ်ပတ်လောက်စားလျှင် အဆင်ပြေသော်လည်း တစ်ပတ်ကျော်လာတော့ ငြီးငွေ့လာပါသည်။ ပန်းချီရေးဆွဲကြရင်း တစ်လခန့်နေမည် စိတ်ကူးကြရာ ငံလွန်းသည့်ဟင်းများနှင့် ကျွန်မတို့တို့လာစားလျှင် မမြင်သလို၊ မသိသလို လုပ်နေဟန်တို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

အမှန်မှာ ပန်းချီရေးဖြစ်စေချင်သည့် မိတ်ဆွေပန်းချီဆရာက သူ့အိမ်မှာ တည်းဖို့နှင့်ခရီးစရိတ်ပါ ကျွန်မတို့ကိုကူညီခဲ့သဖြင့် သွားဖြစ်ခဲ့ခြင်းပါ။ မိတ်ဆွေကိုလည်း ပြန်မပြောလိုပါ။ အစက ကိုယ့်ဘာသာကိုယ်ချက်စားကြမည်စီစဉ်ခဲ့ရာ အလုပ်ရှုပ်မှာစိုးရိမ်ပေးသည့် မိတ်ဆွေက သူ့အသိထမင်းဆိုင်မှာစားစေခဲ့ခြင်းပါ။ ထမင်းစရိတ်က မတန်ဘူး မဟုတ်ပါ။ သူ့ စားစရိတ်နှင့်သူ့ဟင်း၊ ထမင်းကတော့တန်ပါသည်။ လိုအပ်တာက ရင်ထဲကလာသည့် စေတနာလေးတစ်ခုပါ။

၁၇ ရက်နေ့မှာပင် ပြန်ဖို့ပြင်ကြပါသည်။ နဂိုကတည်းက တစ်လမပြည့်ရင် ပိုငွေကိုပြန်ပေးမှာလားမေးခဲ့ရာ ပြန်မပေးနိုင်ပါလို့ ပြောခဲ့သည်။ ပြန်အမ်းငွေလည်းမလိုချင်ပါ။

ကိုယ့်ဘက်က အားနာတတ်သူမို့ ဆိုင်ကျန်ဟင်း ဘာဟင်းနဲ့ဖြစ်ဖြစ် မငြီးမငြူစားခဲ့ပါသည်။

ဩော် ဘောနုတ်ရွာက ကလောလေးကိုသတိရလိုက်ပါဘိ။ ချောင်းသာမှာ တစ်ခုဆိုးတာက ဧည့်သည်ရာသီသို့ ရောက်တိုင်း ဈေးနှုန်းတွေကို တချို့ဆိုင်တွေက ပိုတင်ထားတတ်ကြသည်။ တစ်ရာနှစ်ရာကျပ်တန်ပြန်အမ်းလျှင် တစ်ရှူးနှင့်ပစ္စည်းတစ်စုံတစ်ရာနှင့်ပဲ အမ်းဖို့ကြိုးစားပါသည်။ လမ်းမကဆိုင်တွေထက် ရွာထဲလမ်းတွေကဆိုင်တွေက ပို၍ဈေးသက်သာသည်။ လမ်းမဆိုင်တွေက နေရာအတွက်



ဈေးပိုပေးခဲ့ကြရသည်။ သူတို့ဘက်က ကြည့်ပြန်တော့ သကြံန်ရယ်၊ ဆောင်းရာသီကာလတို့ လေးရယ်ပဲ ဧည့်သည်ကလာသည်။

နောက်ပြီး ချောင်းသာလိုနေရာမျိုးမှာ ငွေကြေးတတ်နိုင်သူ၊ သုံးနိုင်၊ ဖြုန်းနိုင်သူတွေပဲ အလာများရာ ဂဏန်းရောင်းသည့် ကလေးတွေကပင် သူတို့ဂဏန်းလေးတွေကို'ဝယ်ပါ၊ ဝယ်ပါ' လို့ တစာစာပူဆာရင်း တစ်ကောင်စ၊ နှစ်ကောင်စပဲဝယ်လျှင် 'အန်တီတို့က သူဌေးတွေပဲ အကုန်လုံးယူပါ' လို့ပြောတတ်သည်။

သားနှင့် ကျွန်မတစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ပြုံးမိသည်။ ချောင်းသာသို့မလာမီ စက်ရုံတစ်ရုံ၏ စာရင်းများကို နေ့မအား ညမအား ပိတ်ရက်နားရက်မရှိ(၄)လနီးပါးဝင်ခဲ့ရပုံ။ ထိုစာရင်းကိန်းဂဏန်းတို့ကြောင့် သူ့မေမေတစ်ယောက်ကဏန်းကြောက် ရောဂါရနေပုံကို သားကသိနေသဖြင့်ပါ။

ကလေးတို့ရောင်းသည့် ကဏန်းလေးတွေကိုဝယ်ကာ လူတွေပြန်မဖမ်းအောင်ကျောက်ပုထိုးဘုရားအနီးက ကျောက်ဆောင် ပေါ်မှ လှိုင်းတို့ တပွမ်းပွမ်းရိုက်ခတ်ရာ ရေနက်ထဲသို့ 'ဂဏန်းတွက်ရခြင်းဘဝမှ လွတ်ပါလို၏' ဆုတောင်းဖြင့်လွှတ်ခဲ့မိပါသည်။ ကဏန်းလေးများသည် ပင်လယ်လှိုင်းတို့ဒဏ်ကိုခံနိုင်ပါလေစ ကျွန်မမသိပါ။ ဘာကြောင့်လဲဆိုတော့ ချောင်းသာရွာကလေးကို ကွေ့ဝိုက်စီးဆင်းနေသည့် ဒီရောက်ချောင်းကလေးထဲမှ ဂဏန်းလေးများဖြစ်ကြောင်း ကြားဖူးထားလို့ပါ။ ကျောက်ဆောင်တို့ကြားမှာပဲ ခိုကပ်လို့နေလေမလား။ ချောင်းကလေးဆီသို့ ပြန်မှပြန်တတ်ပါလေစ။ ချောင်းကလေးထဲသို့ ပြန်ရောက်လျှင်လည်း ပြန်၍အဖမ်းခံရပြီး ကလေးတို့ဘဝဝမ်းစာ ရေပုန်းကလေးတွေထဲမှာ လက်မကလေးတွေ ကြိုးနဲ့ပူးချည်ထားရာကဖြေပြီး ကျွန်မသို့ ကံကောင်းချင်သူများ၏ စေတနာဇောကြောင့် ပင်လယ်လှိုင်းတို့ကြားပြန်၍ မွန်းနစ်လေမလား။

ကဏန်းလေးတွေ၏ ဘဝအမှန်က ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ

ကတော့ နှင့်အသက်တစ်ခါလွတ် ငါ့အသက်ဆယ်ခါလွတ် လုပ်တတ်သူ ဖြစ်ခဲ့ပြန်ပါသည်။ ကုသိုလ်ယူခြင်းသည်ပင် လောဘမကင်းနိုင်သည့် ကျွန်မပါကလား။

သားက နက်ဖြန်ချက်ခြင်း ရန်ကုန်ပြန်တော့မည်ပြောရာ ကျွန်မက တစ်ပတ်ခန့် ဆက်၍နေလိုသေးသဖြင့် ငြင်းကြရပါသည်။ ပိုက်ဆံကတော့ လက်ကျန်နည်းနေပါပြီ။

သို့မို့ကြောင့် ဟိုတစ်ကွေ့တော့ ရောက်မှာပါနှင့် တောတောင်တို့ဘေးက လမ်းကွေ့လေး (ပင်လယ်ကမ်းခြေနှင့်ယှဉ်သည့် လမ်းပတ်) တွေပေါ်မှာ ဟိုနေရာငေး သည်နေရာငေး တစ်ထောက်နားလိုက်ဆက်လျှောက်လိုက်လုပ်ကြရင်း ကျောက်မောင်နှမသို့ ဆိုင်းဘုတ်တွေ့တော့ ဝမ်းသာသွားမိပါသည်။

ကျောက်ဆောင်တစ်ခုကပုပု၊ ကျောက်ဆောင်တစ်ခုက မြင့်မြင့်။ ရေလှိုင်းများက ကြည်လင်လှသည်။ လှိုင်းတို့တဝုန်းဝုန်း ရိုက်ခတ်နေပုံမှာ လှိုင်းလုံးတို့သည် စိမ်းလဲ့လဲ့နှင့် ထုထည်ကြီးမားလှသည်။ ရေထဲဆင်းရမှာ လန့်လျက်ကပင် ရေထဲဆင်းချင်စိတ် ပေါက်လာသည်။ ကမ်းခြေက ဆိုင်ကလေးတွေမှာတော့ ကော်ဖီမစ်၊ အုန်းရည်နှင့် ဘီယာရသည်။ ဘီရာကိုနေရာတိုင်းလိုလိုမှာ တွေ့ရသည်။ ခရီးသွားအပမ်းဖြေယဉ်ကျေးမှု၏ အမှတ်အသား တစ်ခုအလား။

သားက အုန်းရည်၊ ကျွန်မက ကော်ဖီသောက်ပြီး ဘုရားလေးတစ်ဆူရှိသည့် ကျောက်ဆောင်ပေါ်သွားကာ ပန်းချီရေးကြသည်။ နေက ခေါင်းတည့်တည့်မှာ ပူနေခဲ့ပြီ။

ကျွန်မတို့ဘေးမှမြက်တွေက ခြောက်သယောင်းဝါယော်ယော်။ မြက်တို့ကြား ခပ်ညိုညိုတောရိုင်းခြုံပင်၏ အသီးလုံးလုံး လေးများနှင့် ခရမ်းရောင်ပန်းပွင့်သေးသေးလေးများ၊ အစိမ်းရောင် ပန်းပွင့်လေးများကို တွေ့ရသည်။ နေကပူလွန်းသဖြင့် ဆက်မရေး နိုင်တော့ ကျောက်



မောင်နှမ ကမ်းခြေနေရာလေးက ခပ်ကျဉ်းကျဉ်းပင်။ လွမ်းမောဖွယ် အတိတ် ဒဏ္ဍာရီတစ်ခုခုရှိခဲ့လေသလား ကျွန်မ မသိပါ။

အကယ်၍ ကျွန်မတို့သားအမိ အမှတ်မထင်ရေဆင်းကူးရင်းသေဆုံးခဲ့လျှင် ကျောက်မောင်နှမနှင့် တစ်စုံတစ်ရာပတ်သက်သည်လို့ထင်ကြလေမလား။ ကျောက်မောင်နှမမှသည် မပြောကောင်းမဆိုကောင်း ကျောက်သားအမိလို့များ ပြောင်းသွားလေမလား။ ဒါမှမဟုတ် ကျွန်မနှင့်သားသည် ရေအောက်နန်းတော်မှ အခေါ်တော်ဆိုက်သည့် ရတနာမျိုးစုံခြယ်သထားသည့် လှေတော်ပေါ်မှာ နဂါးမလေးတို့တေးသံမှာ ကြည်နူးနေကြလေမလား။ ကျွန်မသာပင်လယ်ထဲမှာ သေဆုံးသွားပြီး သားကျန်ရစ်ခဲ့လျှင် ရွှံမြစ်ကမ်းက ဘုရင်လေးလို ပင်လယ်ထဲခုန်ဆင်းပြီး အမေနဂါးပြည်ရောက်နေမလားဟု လိုက်ရှာလေမလား။

ထိုအရာအားလုံးမှာ စက္ကူပေါ်တွင်ရေဆေးတို့ပြီး စုတ်တံဖြင့် ရေးမခြယ်ဖြစ်ဘဲနေပူလွန်းသဖြင့် နေရောင်မှာ တဖျတ်ဖျတ်တလက်လက်၊ တလှုပ်လှုပ်ရိုက်ပုတ်နေသည့် လှိုင်းများကိုကြည့်ရင်း ပေါ်လာသည့် အတွေးများ စိတ်ကူးစများဖြစ်ပါသည်။

ရောဝတီတိုင်းတွင် နာဂစ်မုန်တိုင်းတိုက်ခက်စဉ် အမိတကွဲသားတကွဲ ရွာအလိုက် မိသားစုအလိုက် သေဆုံးကြသူများကိုလည်း တွေ့မြင်၍ စိတ်မကောင်းဖြစ်လိုက်မိပါသည်။ ချောင်းသာ နှင့်ငွေဆောင်တွင် ရေနစ်ကြသည့် သတင်းများကြားသူ မိတ်ဆွေအချို့က သားကို ရေမကူးစေနဲ့ သတိထားနော် ပြောလိုက်ကြသေးသည်။

'ခြော် သေဖို့ကံပါလာရင် ရန်ကုန်မှာလည်းသေနိုင်တာပါပဲ။ ဘဝမှာ ဘာတွေများ မြဲလို့လဲ"

ကျွန်မက သေလျှင်ပင် စိတ်ကူးလေး ခပ်ယဉ်ယဉ်ဖြင့် သေချင်သူဖြစ်နေပြန်ပါသည်။

ကျွန်မတို့သည် ခရီးတိုလေးများစွာ ကိုဖြတ်သန်းရင်း သံသရာ

ခရီးကိုသွားနေကြသူများမဟုတ်ပါလား။ သံသရာခရီးမှာတော့ သည်သားနှင့် သည်အမိသည် တစ်ဖန်ထပ်၍ ဆုံတောင်းမှဆုံနိုင်ပါမည်။

ပင်လယ်၏ ကမ်းခြေတွင် တဖျတ်ဖျတ်ရိုက်ခက်နေသော လှိုင်းတို့သည် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ ပင်း၊ ရွှန်၊ နန်၊ ဝမ်၊ ကျောက်ဖရား၊ မဲခေါင်စသည် စသည့်မြစ်များစွာမှ ရေတို့ပေါင်းစည်းလျက် ရေစီးကြောင်းများရွေ့လျားရာက ဖြစ်လာသည့် လှိုင်းများဖြစ်ကောင်း ဖြစ်လိမ့်မည်။

မြစ်တို့နှင့်ပင်လယ်တွင် ဒဏ္ဍာရီလာ သံသရာခရီးသည် တို့၏ ဘဝပုံရိပ်အမျိုးမျိုးကိုလည်း လူတို့စာဖွဲ့ခဲ့ကြပေလိမ့်မည်။ စူဠာသမ္ဘာဝနှင့် မဟာသမ္ဘာဝတို့ ဘီးလူးမနှင့် တွေ့ကြပုံဒဏ္ဍာ ရီမျိုးဖြစ်စေ၊ ကမ်းခြေမှဧရာမဥကြီးကို ရသေ့ကြီးက ကောက်ယူမွေး ခဲ့ပုံဖြစ်စေ၊ ကျွန်မတို့ ဒဏ္ဍာရီလာပုံပြင်များသည်လည်း ရေလှိုင်းတို့၏ တဖျတ်ဖျတ်လှုပ်ရှား ရိုက်ခတ်သံနှင့်အတူခေတ်များ၊ ရာစုနှစ်များစွာကို ဖြတ်သန်းကျန်ရစ်ခဲ့ပြီ။ ကျွန်မတို့ကတော့ ဘဝသံသရာမဆုံးသရွေ့ ခရီးသွားကြလျက်ပင်။

၂၀၁၀/ဧပြီစတား

ခရီးသွားမဂ္ဂဇင်း



## မြောက်ပြန်လေနှင်အတွေးများ

✿ ✿ ✿ ✿ ✿

(၁)

မြောက်လေသည် အေး၍လာ၏။

ကျွန်မတို့၏အိမ်ကလေးမှာ အရှေ့ဖက်သို့လှည့်ထားသည့် တိုင်သစ်ရိပ်များကြောင့် နေရောင်မှာ ပြောက်ပြောက်ကြားကြား သာရသည်။ မြောက်ဖက်မှလေအေးများမှာ ညောင်ခန်းသံဇကာကွက်များကို ဖြတ်သန်း၍ဝင်ရောက်လာတတ်သည်။

နေရောင်သည် ဖြေးဖြေးပင်နူးညံ့စွာဖြင့် သစ်ရိပ်များပေါ် တွင် လှုပ်ရှားနေသည်။

မနှစ်ကဆိုလျှင် ထို့ထက်ပို၍ သစ်ရိပ်တို့သိပ်သည်းခဲ့သည်။ အိမ်ရှေ့က သက်ရင်းကြီးပင်မှာ နာဂစ်မုန်တိုင်းတွင်လဲပြိုခဲ့သည်။ မျက်နှာချင်းဆိုင်အိမ်မှသရက်ပင်များလည်း အကိုင်းတွေကျိုးခဲ့၏။ သရက်

သီးစိမ်းများကိုကောက်ပြီး ပျော်ခဲ့ကြသော်လည်း သစ်ပင်တို့ကို ဆုံးရှုံးခဲ့ရပုံကိုတော့မမေ့နိုင်။ ကျွန်မတို့လမ်းကလေးကို သစ်ရိပ်စိမ်းစိမ်းတို့ကြောင့် နေပူကွင်းပြင်ကိုဖြတ်ပြန်လာသူတိုင်း သဘောကျကြမြဲ။

ယခုတော့ ဟိုတုန်းကလောက်မစိမ်းတော့သည့်တိုင် သစ်ပင်တို့ကျဲနေသေးဆဲ။ သက်ရင်းကြီးပင်မှာ မအိုသေး မကြီးရင့်သေးပေ။ ပင်ပျိုဘဝနှင့် ပင်လဲပြိုခဲ့ရသည်။ မနှစ်ကမှပန်းများစ၍ ပွင့်ခဲ့သည်။ သက်ရင်းကြီးပွင့်များသည် ရှိုးတံရှည်ပေါ်မှာ ဝါဖန်ဖန်အရောင်ဖြင့် သင်းပျံ့ခဲ့သည်။ သည်အပင်စတင်၍ပွင့်လာတော့ ကျွန်မဝမ်းသာခဲ့မိသည်။ သက်ရင်းကြီးပင်သည် ကြီးသည်ထက်ကြီးထွားကာ ဧရာမအပင်ကြီးအဖြစ်ပြောင်းလဲသွားမည်ထင်ခဲ့သည်။

ထိုအပင်မှာ ကျွန်မတို့လိုဆင်းရဲသော ရပ်ကွက်နေသူများအတွက် အားထားစရာဖြစ်ခဲ့သည်။ ခြေလက်တို့ နာကျင်ကိုက်ခဲသူများ ထိမိခိုက်မိ၍ အတွင်းကျေကျေသူများအဖို့ အားထားစရာလည်းဖြစ်သည်။ တစ်ခုခုထိမိခိုက်မိတိုင်း သက်ရင်းကြီးရွက်ဖြင့် ကျပ်စည်းဖို့လာတောင်းကြစမြဲ။ တချို့ကတော့ လိုသလောက်သာခူး ယူကြသော်လည်း တချို့ကတော့ တပင်လုံးပင်ချိုင်တော့ မလိုလို။ သစ်ပင်ကိုမှ အားမနာအကိုင်းများကိုချိုးယူကြသည်။ ကျွန်မစိတ်ထဲ မှာလောဘကြီးလိုက်တာဟု အောက်မေ့မိသော်လည်း နှုတ်ကတော့ ဖွင့်မပြောဖြစ်ခဲ့ပါ။ ထိုသို့ခူးလေ့ရှိသူများမှာ ကျွန်မနှင့်ရင်းနှီးသူများ ဖြစ်လေ့ရှိသည်။ ဘယ်လိုလူတွေပဲ ဖြစ်ဖြစ်ခွင့်လွှတ်နိုင်ဖို့ စိတ်ကိုမွေးရမြဲ။ တကယ်တော့သူတို့မှာဆေးရုံဆေးခန်းသွားလေ့ရှိသူများမဟုတ်။ သူတို့၏တစ်နေ့တာဝင်ငွေမှာလည်း ဆေးခန်းသွားဖို့မတတ်နိုင်။ တချို့ကျတော့လည်း အားနာပါးနာဖြင့် ခပ်ရွံ့ရွံ့။ ထိုသူများကိုတော့ ကျွန်မကိုယ်တိုင်ခူးပေးမိမြဲ။

သက်ရင်းကြီးပင်မှအပွင့်တို့၏ ဝတ်မှုန်လေးများမှာ ရေတွင်းပေါ်ကျလေ့ရှိသည်။ တွင်းရေတို့ပင် ဆေးဖက်ဝင်လေမလား အောက်မေ့မိသည်။ နူးညံ့သက်သက်ပွင့် ရှိုးတံတို့လေမှာ လှုပ်ရှားဟန်မှာချစ်စရာ။



ပင်ပျိုမှာ သစ်ညွန့် သစ်ရွက်များအပွင့်များဖြင့် မိုးယံသို့ချိဖို့ကြိုးစားဆဲ နာဂစ်မုန်တိုင်းက သူ့ပင်စည်ကိုနှစ်ခြမ်းကွဲစေပြီး အမြစ်တို့ကို မြေမှဆွဲယူနှုတ်လိုက်သလို ကျွတ်လျှက်လဲပြိုခဲ့လေပြီ။ ဆက်၍ရှင်သန်လေမည်လားထင်မိသဖြင့် လမ်းပေါ်သို့ကျိုးသည့် အကိုင်းများကိုသာခုတ်ကာ ကျန်သည့်ပင်စည်ကို ပြန်၍ထောင်ခဲ့သည်။ သို့သော်မိုးရာသီမှာ အညွန့်လေးတစ်ညွန့်နှစ်ညွန့် မြင်ခဲ့ရသော်လည်း ယခုဆောင်းအဝင်မှာတော့ အပင်ကသေခဲ့ပြီ။

ထိုနေရာတွင် သစ်ပင်တစ်ပင်ရှိခဲ့ခြင်းကို ဘယ်သူကများဘယ်လောက်ကြာ မှတ်မိကြမှာလဲ။ သက်ရင်းကြီးပင် ရွက်တို့ကို ချိုးယူဆေးကုခဲ့ဖူးသူ တချို့ကတော့ သတိရကောင်းရပေလိမ့်မည်။ သို့တိုင်ထိုသစ်ပင်ရှိခဲ့ကြောင်း သတိရနေမည့် ကျွန်မပင်ဘယ်လောက်ကြာ အသက်ရှင်သန်နိုင်မှာပါလိမ့်။

ထိုသစ်ပင်၏တန်ဖိုး သစ်ပင်၏အရိပ် ပန်းပွင့်တို့၏ရနံ့နှင့်အရွက်တို့၏ ဆေးဖက်ဝင်မှုစသည်၊ ထိုအပင်၏ ဂုဏ်ရည်များသည်လည်း နှစ်ကာလကြာသည်နှင့်အမျှ မြေသို့လဲပြိုဆွေးမြေ့ခြင်း နှင့်အတူမေ့လျော့သွားကြလိမ့်မည်။ သို့သော် တစ်ခုပြောစရာရှိတာက သက်ရင်းကြီးပင်ပေါက်ကလေးတချို့ကို ကျွန်မတို့ ခြံထဲမှာတွေ့မြင်ရခြင်းပင်။

(၂)

နာဂစ်မုန်တိုင်းသည် ကျွန်မ၏အသက် ၅၂ နှစ်ပြည့်မွေးနေ့ကိုဂုဏ်ပြုတေးဆို၍ ဟစ်ကြွေးတိုက်ခတ်သွားခဲ့ရာ လောလောဆယ်သေခြင်းတရား မေ့လျော့နေခဲ့မိသမျှ ဘုရားဘုရား တမိပါသည်။ နာဂစ်ကပေးသည့် မွေးနေ့လက်ဆောင်ကလည်း တုန်လှုပ် ခြောက်ခြားစရာ။ မုန်တိုင်းဆိုလျှင် တစ်နာရီမိုင် ၄၀-၅၀ ထက်ပို၍ မကြုံခဲ့ဘူးသူမို့နာဂစ်ကိုလဲသည်လိုပဲထင်ခဲ့သည်။

'ငါသည်မှုချသေရမည့် အချိန်ပိုင်းသာလိုတော့သည်' ဆိုသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားဆောင်ပုဒ်ကိုလဲ သတိရမိပါသည်။ ဩော် အသက် ၅၀ ကျော်သည့်တိုင် တရားမရနိုင်သမျှ လေပြင်းလေရိုင်းက တရားပြခဲ့ပြီ။

နာဂစ်လွန်သော် ဘယ်ကဘယ်လိုကူးစက်ခဲ့သည် မသိသော လေပွွန်ယောင်ရောဂါဖြင့် ကျွန်မသည် ညတိုင်လျှင်အိပ်မရပဲထ၍ ထိုင်နေရ၏။ ချောင်းဆိုးကလည်း မပျောက်နိုင်။ ဆေးမြီးတိုပေါင်း စုံခဲ့ပြီ။ အထူးကု ရှိုးရှိုးကုကုသမျှမှန်သမျှကို ရောဂါကတင်းခံနေခဲ့ရာ ကြာသော် ကင်ဆာရောဂါလားပင်ထင်မိသည်။ ကင်ဆာဆိုပါတော့ ကျွန်မဘာတတ်နိုင်ပါမည်လဲ။

၃ လလား၊ ၄ လလား၊ တစ်နှစ်လား။ မရေရာသော အသက် ရှင်နေထိုင်ရမည့် ကာလတာ။ ကျွန်မ ဘာတွေလုပ်ပြီးပြီးလဲ ရေရာခြင်း မရှိသော အတွေးများထဲတွင် နစ်နေမိ၏။ ဘဝတာတွင် သေခြင်းဘယ် နှခါမြင် တွေ့ဖူးခဲ့ပြီလဲ။ မြတ်စွာဘုရားရှင်က ကိသာဂေါတမီကို မသေခဲ့ဖူးရာ အိမ်မှလက်တစ်ဆုပ်စာ မုန်ညင်းစေ့ကို တောင်းခိုင်းခဲ့ဖူး လေပြီ။

ကျွန်မတို့၏ မိသားစုထဲကဆိုလျှင် ပထမဆုံး မေမေကြီးသေဆုံးခဲ့သည်။ မေမေကြီးမှာ ကျွန်မမေမေ၏မိခင် ကျွန်မ၏အဖွားဖြစ်သည်။ မေမေကြီးကို ကျွန်မတို့က 'အမေ'လို့ခေါ်ခဲ့ကြသည်။ ကျွန်မမှာ အဒေါ်များနှင့်အတူ နေခဲ့ရသူဖြစ်ရာ အဖွားကို အဒေါ်များခေါ်သည့် အတိုင်း'အမေ'ဟုသာခေါ်ခဲ့သည်။ အမေဆုံးတော့ အသက် ၇၄နှစ် ခန့်ရှိခဲ့ပြီ။

ကလေးဘဝကပင် မိခင်ရင်း၏ရင်ခွင်မှာထက် အဖွား၏ ရင်ခွင်မှာ ကြီးပြင်းခဲ့ရသည်။ အဖွား၏အဖွားမှာ နန်းတွင်းအပျိုတော် ဖြစ်ခဲ့ဖူးသည်ဟု ဆိုကြသည်။ အခြားအကြောင်းအရာတွေကတော့ မသိပါ။ ဓါးပြရန်ကြောင့် ထွက်ပြေးရာတွင်ပြန့်ထမီမှာ ခြံနှင့်ညိ၍ကျန်



ခဲ့သည်ဟုဆိုကြသည်။

ငယ်စဉ် ဇာတ်ပွဲများကြည့်ခဲ့ရာ 'အပျိုတော် မရှုပ်တေးထွက် ပါတော့လေး' ဆိုတိုင်း ထိုအဘေးမကြီးကိုသွား၍ သတိရမိသည်။ အဘေးမကြီး၏ဘဝတာတွင် မည်သို့အသက်ရှင်နေထိုင်ခဲ့သလဲ။ ဘာတွေ ကြိုးပမ်းသွားခဲ့သလဲ ကျွန်မမသိပါ။

ရေရေရာရာ အမှတ်ရစရာများ ချန်မထားခဲ့နိုင်ပဲ လူ့လောကထဲက ပျောက်ဆုံးသွားခဲ့ကြသည့် ဘိုးဘေးများ. . .

(၃)

အမေဟုကျွန်မကခေါ်သည့် အဖွားကတော့ အမှတ်ရစရာ တွေအများအပြားပင် ချန်ထားရစ်ခဲ့ပါသည်။ အိပ်ရာဝင်ပုံပြင်တွေကို ပြောပြတတ်ခဲ့သူ ဇိနတ္ထပကာသနီ ငါးရာ့ငါးဆယ်စသည့် မြတ်ဗုဒ္ဓ၏ ဖြစ်တော်ပေါင်းများကို ညစဉ်ပြောပြခဲ့သူ။ နူးညံ့သိမ်မွေ့သလောက်စိတ် ဓါတ်ခိုင်မာခဲ့သူဖြစ်သည်။ စားစရာရှိလျှင် မြေးများ ကိုဦးစားပေးတတ် သူချေးတောင်း ခေါင်းရွက်ပြီး သားသမီးများကို ရှာဖွေကျွေးမွေးခဲ့သူ တဖက်ကလည်း စက်ချုပ်မုန့် လုပ် လယ်ထဲယာထဲမုန့်နှင့်ငရုတ်နှင့်လဲ ကာ အဖိုးအမေပိုင် အိမ်ဝိုင်းထဲက ခွဲထွက်နိုင် ဖို့ကြိုးစားခဲ့သူဖြစ်သည်။

အဖိုးကတော့ လိမ္မာသည့် သားအကြီးဆုံးမို့ မြေပိုင်ယာပိုင်ရှင် မိခင်မုဆိုးမကြီးကိုပဲ ရှာဖွေကျွေးမွေးခဲ့သည်ဟုဆိုသည်။ ပြီးတော့ အဖိုး ကနိုင်ငံရေးလည်း ဝါသနာပါသူဖြစ်သည်။ သားသမီးများကို ကျွန်စိတ် ဝင်မှာစိုးသဖြင့် အင်္ဂလိပ်စာကိုပင် မသင်စေခဲ့သူဖြစ်သည်။ ဂျပန်ခေတ် မှာ ရဲဘော်သုံးကျိတ်က ခန့်သွားသဖြင့် လူကြီးဖြစ်ခဲ့ရာ လူကြီးဘဝ မှာလည်း စားသာပုံမရပါ။ ဆွေမျိုးသားချင်းတွေပင် ချွေးတပ်ထဲရောက် သူရောက်ခဲ့ပြီး စစ်ပြီးတော့လည်း အင်္ဂလိပ်အစိုးရက ဖမ်းကာဆူးစည်း ရိုးခတ်ထားခံရသဖြင့် အဖွားခမျာ ထမင်းထုပ်ပို့ရရှာသည်။ စစ်အ

တွင်းဂျပန်ခေတ်တ လျှောက်လုံး အင်္ဂလိပ်သွေးတစ်ဝက်ပါသော ညီဝမ်းကွဲများကို ဝှက်ထားပေးခဲ့ရသော်လည်း ကျေးဇူးတင်မခံရှာပဲ ဒေါက်တာဘမော်ပုံ အိမ်မှာချိတ်ရကောင်းလားသာ အပြစ်တင်ခံရလေသည်။

အသက် ၄၀ ကျော်ရုံမျှနှင့်ပင် စီးပွားရေးမလုပ်တော့ပဲ အိမ်ထိုင်အစုရှင်သာလုပ်ခဲ့ရာ သားသမီးများ၏ ညှိညင်စရာ ဖြစ်ခဲ့ရသည်။ သို့တိုင် ကောင်းကွက်ကိုရှာမည်ဆိုလျှင် စစ်ပြီးစမှာ ကျောက်ရောဂါတွေဖြစ်လိုက်ကြရာ သေသူသေမသေ ကျန်သူတို့မှာလည်း ကျောက်ပေါက်မာတွေနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ကြရသည်။ ထိုအချိန်မှာ ဘဘကမိုးနံမြစ်တွေတူး ထန်းလျှက်နှင့် သုံးခွက်တစ်ခွက်တင်ကျိုတိုက်ခဲ့သဖြင့် သားသမီးနှင့်ဇနီးတို့ ရောဂါမရခဲ့ကြ။ ကျောက်ရောဂါကိုကြောက်သဖြင့် ဘဘ၏နှမမိသားစုမှာ တခြားရွာသို့ထွက်ပြေးခဲ့ကြသည့်တိုင် ရောဂါဘေးမှ မလွတ်နိုင်ခဲ့ပေ။ ကျွန်မအတွက်တော့ ဘဘကိုစတင်မှတ်မိသည်မှာ အသက် ၃-၄ နှစ်အရွယ်မြေးမ-ကျွန်မကို သူ၏ခြေဖမိုးတွေပေါ်တင်ကာ ခြေထောက်တွေကို လှုပ်ခါရင်း'မြိုင်ကြီးဟောမာ' သီချင်းကို သီဆိုခဲ့ပုံပဲဖြစ်ပါသည်။

မူလတန်း ကျောင်းသူကျောင်းသားတွေဖြစ်ကြသော မြေးတို့ကျောင်းဆင်းချိန်တွေမှာ မိုးရွာတိုင်း ဇရာမထီးကောက်ကြီးကို ကိုင်ကာလာကြိုခဲ့ပြီး မြေးတို့မိုးစိုမှာ စိုးရိမ်ခဲ့ပုံများကို သတိရမိပါသည်။ အိမ်နောက်ဖေးမှာ ဘဘစိုက်ထားသည့် သလဲပင်၊ ဩဇာပင်တို့ကို ရှဉ့်မလာအောင် နို့ဆီဗူးခွံသံပုံးခွံများကို 'ကလောင် ကလောင်' လှုပ်ခဲ့ကြပုံများကို အောက်မေ့ရပါသည်။

အမေနှင့်ဘဘ နှစ်ယောက်စလုံးတူညီကြသည့် အချက်မှာ သလဲသီး၊ ဩဇာသီးတို့ကို၊ သူတို့မစားရက်ကြပဲ ကျွန်မတို့ကျောင်းကပြန်လာတိုင်း ကျွေးလေ့ရှိခြင်းပင်။ အမေက အသက် ၇၄ နှစ်ဘဘက အသက် ၇၈ နှစ်ခန့်မှာ ကွယ်လွန်ခဲ့ကြသည်။

အမေမှာ အပြစ်ဆိုစရာဆို၍ ဆေးလိပ်ကြိုက်တတ်လွန်းခြင်း



ပင်။ ကိုယ်တိုင်လုပ်သည့် ပြောင်းဖူးဖက်ဆေးလိပ် ဒါမှမဟုတ် ဆေးပေါ့လိပ်တခုမဟုတ်တခုတော့ သောက်နေလေ့ရှိသည်။ ရဲရဲဝံ့ဝံ့တော့မဟုတ်ပါ။ သမီးများရှေ့မှာတော့ မသောက်ရဲရှာ။ ကျွန်မတို့မြို့မှာ မိုးကုတ်တရားရိပ်သာစတင်တည်ထောင်တော့ ဘဘရောအမေပါ တတ်တက်ကြွကြွ ဦးဆောင်ခဲ့ကြသည်။ နောက်တော့ ဘဘမသွားတော့။ အမေကတော့ ကွယ်လွန်ခါနီးထိ ပုံမှန်သွားခဲ့သည်။ သေဆုံးတော့ပင် တရားရှုမှတ်ရင်းဆုံးခဲ့သည်။ ယခုအသက် အရွယ်မှာ ဘဘအကြောင်းတွေးကြည့်တော့ ဘဘနေပုံထိုင်ပုံနှင့်တွေးမြင်ပုံတွေက အနုပညာရှင်တစ်ယောက်၏ နေထိုင်ပုံနှင့် ခပ်ဆင်ဆင်။ သူတပါး၏ ထင်မြင်ယူဆမှုကို အလေးမထား သူနေချင်သလိုသာနေသွားခဲ့သူ။

မိန်းမသားဘဝကတော့ သည်လိုနေ၍မရပြန်။ အမေသည် ဘဘလိုအိမ်ဦးခန်းမှာ ဆီစိမ်လွှာက်ရည်တစ်ပွဲရေနွေးကြမ်း တစ်အိုးနှင့်နေခွင့်မရရှာ။ မျက်မှန်ထူထူတပ်ကာ ထီးစုတ်ကိုဖာ ချင်ဖာ မဖာလျှင်မြေပဲကိုထု၍အခွံချွတ်လျှင် ချွတ်အဆံချွေချင်ချွေ မချွေလျှင်တော့ မန်ကျည်းမှည့်ကို ထု၍အစေ့ထုတ်နေတတ်သည်။ နေ့စဉ် အထူးဝတ္ထုရားတစ်ခုမှာ ဇရာမကျောက်ပြင်ကြီးနှင့်အပြည့် မြေများလိမ်းရန်သနပ်ခါးတွေ သွေးထားရခြင်းပင်။ အမေ့ကိုသတိရတိုင်း သင်းပျံ့ခဲ့သောထိုသနပ်ခါးရနံ့လေးကိုပါ လွမ်းဆွတ်မိရပါသည်။

(၄)

ခြောက်သွေ့သေဆုံးသွားသည့် သက်ရင်းကြီးပင်ကိုကြည့် ရင်းကွယ်လွန်ရှာကြပြီဖြစ်သော ဘဘနှင့်အမေကို သတိရမိသည်။ သူတို့၏ဘဝရုပ်ပုံအလုံးစုံကို ကျွန်မမသိမြင်နိုင်ခဲ့။ ကျွန်မသိမြင် မှတ်မိသမျှကိုသာ စိတ်အာရုံထဲတွင် ထင်မြင်လာသမျှ ဖော်ပြရ ခြင်းသာ။ သူတို့ကိုမသိမမှီလိုက်သည့် ကျွန်မ၏သားစိတ်အာရုံတွင် ရုံဖန်ရုံခါ ကျွန်မပြောသမျှနှင့်ပုံဖော်ကြည့်မိလျှင် ဘယ်လိုရုပ်ပုံတွေ ပေါ်လာမှာပါလိမ့်။ ဘေး

မကြီးကို ကျွန်မမြင်ယောင်မိသလို ဆူးပင်ခြုံမှာညိသည့်ပြန့်. ထမီကို ရှက်ကိုးရှက်ကန်းဆွဲခွာနေသည့် ပုံမျိုးဖြစ်လေမည်လား။

သက်ရင်းကြီးပင်နှင့် ပတ်သက်၍မူ ထိုနေရာတွင် တစ်ခါက သစ်ပင်တစ်ပင်ရှိခဲ့သည်လို့ပဲ ဆိုရမလား။ သားသိမှတ်လိုက် သော ကျွန်မ၏မေမေကို ကျွန်မအနေဖြင့် ထူးထူးထွေထွေပြောစရာမလိုပဲ သားနားလည်နိုင်ပေမည်။ ထို့ဖြင့် သူရင်သွေးများကိုပါ လက်ဆင့်ကမ်း၍ပြောပြနိုင်ပေလိမ့်မည်။ တဖန် သား၏မြေးများလက်ထက်တွင် သားအမှတ်မထင်ပြောပြမည့် ကျွန်မ၏ရုပ်ပုံသည် ဘယ်လိုရှိလေမည်လဲ။

၂၀၁၀/ပန်းအလင်္ကာမဂ္ဂဇင်း



## ငန်းငှက်နှင့်သူ၏တောင်ပံ

✿ ✿ ✿ ✿ ✿

(၁)

ငှက်တစ်ကောင်၌ တောင်ပံများရှိခြင်းသည် အထူးအဆန်း မဟုတ်။

သို့ရာတွင် ထိုတောင်ပံများမှာ ရွှေသား ရွှေမျှင်များပမာဖြစ်နေခြင်းက အလွန်မှထူးဆန်း လွဲမှားသော အရာပင်၊ ရွှေကိုခုံမင်သော လူသားတစ်ယောက်ပင် သူ၏ခန္ဓာကိုယ်မှာ ရွှေဖြင့်သွန်းထုဖွဲ့ စည်းထားသောအရာဖြစ်လိုစိတ် မရှိကြဟုဆိုလျှင် ကောင်းကင်မြင့်မှာ လွတ်လပ်ပေါ့ပါးစွာ ဘောင်ဖြန့်ဝဲပျံမည့် ငှက်အဖိုကား ဆိုဖွယ်ရာမရှိ။

သူ၏ရွှေရောင်တောင်ပံများအတွက် ထာဝစဉ်အရှက်ရနာကြည်းရလေသည်။

သူ့အမေကပင် သူ့တောင်ပံတွေကို ထိုးဆိတ်ပစ်ကာ. .

'နင် ငါ့သား၊ မဟုတ်ဘူး'

ရက်စက် စိမ်းကားစွာဆိုခဲ့သည်။

သူတို့တစ်မျိုးလုံး တစ်ဆွေလုံးမှာဖြူဖွေးသော တောင်ပံများ သာရှိကြပြီးကန်ထဲမှာ လွတ်လပ်စွာကူးနိုင်ဖို့ နီစွေးသော ရေယက်ပြား ခြေပြားတွေရှိကြသည်။ သူ့မှာမှ ထူးခြားစွာတစ်ကိုယ်လုံး ထိန်ထိန် ဝင်းလျက်. . .

အမေကတော့ ငန်းငှက်သားချင်းများကြားတွင် သူ့ကို ပေါက် ပွားစေခဲ့ခြင်းအတွက် ခေါင်းမဖော်နိုင်အောင် အရှက်ရစေခဲ့ သည်ဆို သည်။

သူ့အဖို့ အမေရင်ခွင်မှာလည်း တစ်ခြားညီအစ်ကိုတွေလို တိုးဝှေ့ဝင်ခွင့်မရခဲ့။ အမေကခွေးများနှင့် အခြားငှက်ဆိုးကြီးများ၏ ရန်မှသူ့ကို ကာကွယ်ပေးဖို့ မကြိုးစားဘဲ. . .

'သွား. . . သွား. . . နင် ငါ့သားမဟုတ်ဘူး'

ခါးခါးသီးသီး နှင်လွှတ်ခဲ့သည်။ သူသည်အမေ့ကို မုန်းတီး ကြောက်ရွံ့သွားကာ ကိုင်းတောထဲမှာ သွားပုန်းနေသည်။

ငယ်စဉ်ကတည်းက ကောင်းကောင်းသင်ကြားခြင်း မခံခဲ့ရ သဖြင့်သူသည် ငါးလည်းမရှာတတ်လှပေ။ တစ်ကောင်တည်းခွေခွေ အိပ်နေတတ်သည်။ သဘာဝလောကဓာတ်ကြီးကသာ သူ့ကိုလုံခြုံနွေး ထွေးမှုမပေးခဲ့လျှင် သည်လောကထိ အသက်ရှင်ခွင့်ရမည်မထင်။

တခြားငှက်မိခင် ဖခင်များနှင့်အတူ သူတို့သားသမီးများကို မြင်ရလျှင် သူဝမ်းနည်းကြေကွဲနေမိတတ်သည်။ တောင်ပံများကို သူ့ ဘာသာဆိတ်ကာ ကန်ရေပြင်ထဲမှ သူ့အရိပ်သူငုံ့ကြည့်သည်။ ရက်စ ဖွယ်ဟု အနိုင်ယူလှောင်ပြောင်နေသည်နှယ်။

သူသည် ရေညှိထူထပ်သော ကန်စပ်ကြာတောနှင့် ဗေဒါအုပ် တွေကြားမှရေမှော် ရေညှိများပေါ်မှ ပိုးကောင် မွှားကောင် ကလေးတွေ



ကိုသာ ရှာစားနေရသည်။ ကစားဖော် ကစားဖက်မရှိ၍ ပျင်းရိနေသည်။ အားကိုးစရာ မိခင်ရင်ခွင်ထဲ မခိုလှုံရ၍ ရင်ထဲမှာတဖျပ်ဖျပ်တုန်တာ ထူးခြားသော အသံဗလံတစ်ခုခုကြားတိုင်း လန့်နေတတ်သည်။

သို့သော် သူသည် ထိုကြာတောကန်စပ်မှ လွန်အောင်သွား နိုင်လျှင် သူ့ကိုရှက်စရာဖွယ်ဟု လှောင်ပြောင်နေသည့် မျက်လုံးများနှင့် ဝေးရာသို့ရောက်နိုင်မည် ထင်နေသည်။ ကိုင်းတောထဲမှထကာ စမ်းသပ် ပျံသန်းကြည့်သည်။ လပြည့်ဝန်းကို မြင်လျှင်လနှင့်. . . . . . ထိလုထိ ခင် သူပျံနိုင်မည်ထင်သည်။

မနက်ခင်း နေရောင်အောက်မှာ နှင်းစက်နှင်းပေါက်ကလေး တွေသီးနေသော ကိုင်းပွင့်များကို လှုပ်ရမ်းသွားအောင် တိုးဝှေ့ပျံသန်း ကြည့်သည်။ ကိုင်းတောနှင့်ရေကန်ကြီးကို လွန်တော့တောအုပ် ညို့ညို့ ကြီးကို တွေ့ရသည်။ တောအုပ်ထဲမှာ နားခိုရာ သစ်ပင်တွေက ပင်ချင်း ယှက်ကိုင်းချင်းပူးကာ မျက်စိလည်လမ်းမှားဖွယ်ရာ၊ ထို့ကြောင့်သူ့ ရေကန်ဆီသို့ဝင် ပြန်လာခဲ့သည်။ တောအုပ်ညို့ညို့ဆီသို့ ရောက်ခဲ့ ကြောင်းပြောပြစရာ အဖော်လည်းမရှိသဖြင့် သူ့မှာ အထီးတည်းဖြစ်ရ သည်။

သူသည် ကန်ထဲမှာကိုယ်ဖော့မျောကာ ဟစ်ကြွေးစွာလည် တိုင် ကျော့ချီနေကြသည့် ငန်းငှက်ပျိုမများကိုမြင်သည်။ သူဝမ်းသာ အားရ ကန်ထဲသို့ဆင်းကာ ငှက်ပျိုမများအနားမှာ လှည့်ပတ်ဟန်ရေးပြ မိသည်။ အထွေးဆုံး ငန်းငှက်ပျိုမက လည်တိုင်ငဲ့ကာ သူ့ကိုကြည့်လျှင် ရင်ဖိုလျက်အသက်ရှူမှားသွားပြီး ရှက်စနိုးဖြင့် ပျံပြေးလာမိပြန်သည်။ ကိုင်းတောထဲတိုးဝင်း ပုန်းအောင်းလျက်။

'ငါ့ တောင်ပံတွေကို သူမြင်သွားပြီ'

ဝမ်းနည်း အားငယ်စွာတွေးသည်။ မျိုးမစစ်တဲ့ ငှက်တစ် ကောင်အဖြစ် မွေးဖွားလာခဲ့ခြင်းမှာ ဘာကြောင့်ဆိုတာသူမသိ။ သူ့

အကိုများကိုပင် အုပ်ခွဲလွှတ်လိုက်ပြီမို့ သူ့ကိုသားဟုမယူဆသော အမေ့ဆီကိုလဲသူမသွားချင်။သူ့အကြောင်းကိုလည်း မေးလို့ဖြေမည် မထင်။

လည်တိုင် ကျော့ချီသော ငန်းငှက်ပျိုမကို မြင်ယောင်ကာ ကန်ထဲက လရိပ်ကိုပင် ထိုငှက်ပျိုမ၏ ပြည့်ဝန်းသောလည်တိုင်ဟု ထင်နေမိပြန်သည်။ နေ့စဉ်လိုပင် ငှက်ပျိုမအုပ်ကို စောင့်ကြည့်နေမိသည်။ စောင့်ကြည့်သော်လည်း ဟိုတစ်ခါကလို ဟန်ရေးမပြဝံ့ပဲကိုင်းတောထဲမှာသာ သူ့ခန္ဓာကိုယ်ကို ကွယ်ဝှက်ရင်းလည်ကို ဆန့်မျှော်နေ၏။ ငှက်ပျိုမက ရေသောက်ကာ တောင်ပံကို သူဖွနေလျှင် အလိုလိုရင်ဖိုထိတ်လန့်နေပြန်၏။ ထိုငှက်ပျိုမတို့ အနားသို့ သူတိုးသွားချင်သော်လည်းမသွားဝံ့ဘဲ ရှက်ရွံ့အားငယ် ချောက်ချားလျက်အဝေးမှသာ ကြည့်နေရသည်။

ငှက်ပျိုမ၏တောင်ပံများသည် နှင်းခဲနှင်းဖတ်လို ဆွတ်ဆွတ်ဖြူလျက်၊ မွေးညှင်းနုကလေးများနှင့် လည်တိုင်ကျော့ကို ငုံ့လျက် ကြည်လင်သော မျက်လုံးကလေးများနှင့် ကိုင်းတောဘက်ကို ကြည့်နေသည်ကို တွေ့ရလျှင် သူ့ကိုမြင်သွားလေမလားဟု တွေးမိပြန်ပြီး ငုံ့လျှိုပုန်းကွယ်ရတတ်ပြန်သည်။

တစ်နေ့တွင် ဆူးပေါက်နွယ်ပင်များ မျောနေသော ရေထဲတွင် ငန်းငှက်ပျိုမခြေမှာ ဆူးနွယ်ငြိလျက် မဖြေနိုင်ဘဲစူးရှစွာဟစ် အော်နေ၏။ သူ၏အဖော်များလည်းကြောက်လန့် ချောက်ချားစွာ ကိုင်းတောကိုဖြတ်လျက် ပျံသန်းပြေးကြသည်။ ငှက်ပျိုမမှာ ရှုန်းလေငြိလေဖြစ်၍ကြောက်လန့်စွာ အော်ဟစ်နေစဉ် ရွှေရောင်တောင်ပံနှင့် ငှက်က ငှက်ပျိုမ၏ခြေကိုငြိသော ဆူးနွယ်တွေကို နှုတ်သီးဖြင့် ကိုက်ဖြတ်ပေးလေသည်။ သူ့နှုတ်သီးတွေမှာတော့ သွေးချင်းချင်းနီလျက်။

ရုတ်တရက် ငှက်ပျိုမက ကြောက်လန့်စွာ သူ့ကို တိုးဆိတ်လွှတ်လေသည်။ သူ့ခြေမှ ဆူးနွယ်များကို ကိုက်ဖြတ်ပေးမှန်းသိမှ ငြိမ်



သွားကာ သူ့ကိုစူးစိုက်ကြည့်နေလေသည်။ ငှက်ပျိုမသည် ဆူးနွယ်လွတ်လွတ်ချင်း ရုတ်ချည်းထပျံပြေးလေသည်။ သူက ဆူးနွယ်တို့ကို ကြည့်ကာ မလှုပ်မယှက်ကျန်ခဲ့၏။

နေ့ပေါင်းများစွာ ကိုင်းတောထဲက စောင့်ပါသော်လည်း ငှက်ပျိုမတို့ တစ်သိုက်ရောက်မလာခဲ့။ ငန်းများသားပေါက်ချိန် ရောက်သောအခါ ငှက်ပျိုမတို့ကို သားတစ်အုပ်နှင့်တွေ့ရလေသည်။ ငှက်ပျိုမနှင့် ငန်းငှက်ဖိုတို့သည် တောင်ပံများကိုဖြန့်ကာ ရေချိုးပြီ နေစာလှုံကြရင်း သူတို့ကလေးများကို ရေငုပ်သင်ပေးနေကြ၏။

သူသည် ကိုင်းတော ရေစပ်မှ ရုတ်တရက်ခွာကာ ဝေးသည် ထက်ဝေးရာသို့ ပျံပြေးလေသည်။ ရင်ထဲမှာနာကျင် စူးရှလျက်၊ ဆူးတို့ငြိသော နှုတ်သီးမှ ဒဏ်ရာဟောင်းတို့ပင် ရုတ်ခြည်းနာကျင်လာသည့်နှယ်ခံစားမိသည်။ တောအုပ်ညို့ညို့ထဲတွင် သူ့တောင်ပံတို့မှာ သစ်ကိုင်းသစ်ခက်တို့နှင့်ငြိကာ စုတ်ပြတ်ကုန်လေသည်။

ထိုအဖြစ်ကြောင့်ပင် သူ့ကို မြတ်နိုးတန်ဖိုးထားသည်ဟု ယူဆရန်ရှိသော လူသားများလက်သို့ သက်ဆင်းခဲ့ရခြင်းပေတည်း။

ရွှေကိုမက်သော လူသားတွေကြားထဲတွင် ရွှေငှက်အဖြစ် ကြော်ကြားခဲ့ရလေပြီ။ တစ်ကိုယ်လုံးရွှေမွေး ၊ ရွှေရောင်၊ ရွှေမျှင် တဝင်းဝင်းနှင့် ငန်းငှက်တစ်ကောင် သူ့ကို အိမ်မွေးတိရစ္ဆာန်တစ်ကောင်အဖြစ် လူတွေက မြတ်နိုးကြလေသည်။

(၂)

ငန်းငှက်မှာ လှောင်အိမ်နံရံများကိုနှုတ်သီးဖြင့် ထိုးဆိတ်ရင်း ဒေါသဖြင့် တဆွဆွခုန်နေ၏။ ငါးသေး ငါးနုံ့များကိုလည်း သူမစား။ ရေညှိရေမော်များကိုလည်း သူမစား။ ကျဉ်းမြောင်းသော ကန်လေးထဲမှာ ရေငုတ်နေရသော်လည်း သူမပျော်။

လူတွေက တစ်နေ့တစ်လုံးကျ ဥဥပေးနိုင်သော ငန်းငှက်အကြောင်းကြားဖူးခဲ့ကြပုံရသည်။ သူ့ဆီသို့ ရောက်ရောက်လာကာ ကြည့်နေ ကြသည့် မျက်လုံးများက 'ဘယ်တော့ ဥချလဲ' ဟုစူးစမ်းမေးမြန်းနေကြ သည်နှယ် တကယ်တော့သူ့ကို ငှက်ဖိုတစ်ကောင်အဖြစ်မသိကြ။

သူသည် ငယ်စဉ်ကပင် ငှက်ဖိုငှက်မရယ် မပီသသောအမျိုးမစစ်သတ္တဝါဖြစ်ခဲ့ပြီထင်သည်။ ငန်းငှက်မှာ အားငယ်ခြင်း၊ ချောက်ချားခြင်းကြောင့် ပိန်ချုံးလာသည်။ လောဘရမ္မက်ကြီးသော လူသားတွေက သူသေသွားမှာကို စိုးရိမ်ကြသည်။ သဘာဝ မဟုတ်သောနည်းများဖြင့် သူ့ကို အာဟာရကျွေးကြသည်။ သို့သော် ငန်းငှက်မှာ ပိန်ချုံးလာမြဲ။

လူသားတို့သည် အမျိုးမျိုးဇမ်းသပ်ရင်း သူ့ကိုငှက်ဖိုတစ်ကောင် အဖြစ်သိရှိသွားသောအခါ အံ့ဩတွေဝေ သွားကြလေသည်။ ငွေကုန်ကြေးကျခံပြီးယုယစွာ မွေးမြူထားသည်မှာ ငန်းငှက်ဥလာမည့် ရွှေဥများကို ရယူလို၍သာတည်း၊ ခုတော့ သူတို့ထင်သလိုမ ဖြစ်နိုင်တော့ပြီ။

တကယ်တော့ ငန်းငှက်၏ ရွှေရောင်တောက်ပသော အမွေးအတောင်များသည် ရွှေစင်ရွှေသားမဟုတ်သဖြင့် တန်ဖိုးမရှိ၊ သူတို့လိုချင်သည်က ရွှေသားအတိပြီးသော ရွှေဥများသာ။

တစ်နေ့တွင် လူတို့သည် ငန်းငှက်မတစ်ကောင်ကို ယူလာခဲ့ကြသည်။ ရွှေရောင်ငန်းငှက်မှာ နေခြည်၌ ဝင်းလျှံသောတောင်ပံများကိုဖြန့်ကာ ရေချိုးနေခိုက် သူ့ဘေးနားသို့ ကူးခတ်ရောက်လာသော ငှက်မတစ်ကောင်ကိုမြင်သည်။

နီမြန်းသော နှုတ်သီးကလေးများနှင့် ငန်းငှက်မတစ် ကောင်။ သူမသည် တစ်ခါကငန်းငှက်ပျိုမလိုပင် လှပကျော့ရှင်းလေသည်။ ရွှေရောင်ငန်းငှက်အဖို့ ငှက်မများကို မမြင်ခဲ့ရသည်မှာကြာပြီဖြစ်၍ စိမ်းစိမ်းကြီးစိုက်ကြည့်နေမိသည်။ ငှက်မက လည်တိုင်ကိုပင့်ရင်း အသံပြုသည်။

သူကငှက်မ၏ ချိုစွာစွာအသံကြောင့် မနှစ်မြို့စိတ်နှင့်အတူ ရှက်ရွံ့စွာမျက်လွှာချလေသည်။

ထပ်၍ကလူမြူသည့်နှယ် ပြုလာသည့် အသံများကို သူက နားမခံသာသည်နှင့် ကန်စပ်သို့ ကူးခတ်သွားလေသည်။ ငန်းငှက်မက သူ့နောက်သို့ သူ့ထက်လျှင်မြန်စွာ ကူးခတ်လိုက်လာပြီ။ သူ့တောင်ပံများကို နှုတ်သီးဖြင့် ထိုးဆိတ်၍ကျီစယ်သည်။ နောက်မှခေါ်သံတစာစာပြုသည်။ တစ်ဖန်ကန်ထဲမှာ အရှက်မဲ့စွာလှည့်ပတ် ကူးခတ်ပြနေသည်။ သူမအလှကို တမင်ဖော်ပြနေသည့်နှယ်။

ငန်းငှက်မ၏ အပြုအမူကို သူကရွံရှာစက်ဆုတ်သည့်နှယ် အနားမှ ဖွဲ့ကြဉ်ထွက်ခွာခဲ့မိပြန်သည်။ ငန်းငှက်မက မသံစူးစူးဖြင့် သရော်သည့်နှယ်ပြောလိုက် သံကိုသူကြားလိုက်ရသည်။

'ရှင်က ကျုပ်ကို မလိုမုန်းထားဖြစ်ရအောင် ဒီရေကန်က ရှင်ပိုင်လို့လား။ လူတွေတူးထားတာတော်ရေ. . .၊ ကျုပ်ကိုလဲ ငါးစိုင်းစိမ်းကျွေးကြတယ်။ တော်နဲ့နေဖို့ ခေါ်လာတာပဲ။ ကျုပ်မွေးကတည်းက လူတွေကြားထဲ နေလာခဲ့တာ သူတို့အကြောင်းတော့ နောကျေနေပြီ။ တော့်ကို ကောင်းကောင်းထားတယ်ဆိုတာများ အဟုတ်မှတ်နေသလား။ သတ်မစားခင်လေးတင်တော်ရေ၊ သတ်စားချင်ရင်တစ်ခဏပဲ၊ ဒါနဲ့များဘာမာနတွေထားနေရသေးလဲ'

ငန်းငှက်မ စကားကြောင့် သူသည်သူ့ကိုယ်သူ ပို၍ရှက်ရွံ့နာကျည်းသွားလေသည်။ သူ့အတွက် ကမ္ဘာမှာ ပိုကျဉ်းမြောင်းလာသည်ဟု ထင်လာမိသည်။

သူ့ရေကန် သူ့ကိုင်းတောကို ပြန်လည်လွမ်းဆွတ်မိသွား

သည်။ တစ်ကောင်တည်း ထီးတည်းနေရခြင်း၏ ကျေနပ်နှစ်သိမ့်မှုများကို ပြန်၍တောင့်တမိသည်။

ရေကန်လေးမှာ ငန်းငှက်မရောက်လာသဖြင့် ပိုမိုနောက်ကျိသွားသည်ထင်သည်။ သူ့တောင်ပံများမှာ အဖြတ်ခံထားရသဖြင့် ပျံလို့မရသဖြင့်သာ ငြိမ်နေရသည်။ ရေညှိရေမှော်ပင်များကိုသာ စိတ်ပျက်လက်ပျက်ဆိတ်ဆွနေရသည်။

မှောင်စပျိုးသော အခါသူတို့နှစ်ကောင်ကို လှောင်အိမ်ထဲသို့ ပြန်ခေါ်သွားကြသည်။ ငှက်မနှင့်ဝေးရာထောင့်မှာ အိပ်မပျော်ပဲမှေးငိုက်နေမိသည်။ ငှက်မက ကောက်ရိုးများကို ကန်ကြောက်လျက် အသံစူးစူးဖြင့် တစ်ချိန်လုံးအော်ဟစ်နေသည်။

'ကောင်းကောင်း အိပ်စမ်းပါ။ နင့်အသံချည်းပဲ'

'အံမာ ဒီလောက်ကျဉ်းတဲ့ကြပ်တဲ့နေရာမှာ ဘယ်လိုအိပ်မလဲ၊ ပျော်လို့များမှတ်မနေနဲ့. စိတ်ညစ်လွန်းလို့ အော်နေတာ တော်ရေ'

မိုးလင်း၍ ကန်ထဲဆင်းလိုက်သည်နှင့် လန်းဆန်းသလိုဖြစ်သွားကြပြန်သည်။ ငန်းငှက်မက မနေ့ကလောက် သူ့အနားမကပ်တော့ပဲ သူတစ်ယောက်တည်း လှုပ်ရှားနေသည်များကို မလှမ်းမကမ်းက ကြည့်နေသည်။ သူတို့သည် တစိမ်းဆန်စွာဖြင့် ရက်အတန်ကြာနေလာခဲ့ကြသည်။ ငန်းကျောင်းသူ၏တုတ်ကို ကြောက်သဖြင့် ငန်းငှက်မကသူ့ဘေးသို့ ကြောက်ရွံ့စွာ တိုးကပ်လာသောအခါ ရွှေရောင်ငန်းငှက်မှာ ကြင်နာစိတ်ဝင်လျက် ကာကွယ်ပေးမိပြန်သည်။ ငန်းငှက်မသည် သူကအခွင့်အရေးတစ်ခုပေးမိသည်နှင့် စကားပလပ်ပလပ်ပြောကာ နားမခံသာဖြစ် စေပြန်သည်။

အနေကြာတော့လည်း ငန်းငှက်မကို မုန်းတီးလျက်ကပင် တွယ်တာလာခဲ့သည်။ ငန်းငှက်မ၏ တောင်ပံဖြန့်သံများ။ လှပကျော့ရှင်းသော လည်တိုင်များကို ငေးမောတတ်လာသည်။ နောက်ဖိုသတ္တဝါ



တစ်ကောင်၏ တပ်မက်စိတ်ဖြင့် ငန်းငှက်မကို နမ်းရှုတ်မိတော့သည်။ ငန်းငှက်မက လည်တိုင်စင်း၍ သူ့အနမ်းကို တုံ့ပြန်သည်။

ထိုညက သူတို့ လရောင်ဖြာသည်အထိ ကန်ထဲမှာနေခဲ့ကြသည်။

(၃)

ငန်းငှက်မ၏ လေးလံမှုက သူ့ကိုယ်ထဲမှာ ဥများပြည့်နေကြောင်းပြောပြနေသလို ရှိသည်။ ငန်းငှက်မက စူးစူးရှရှအော်တာသူ့အပေါ် ရန်လိုနေသည်။ သူကတော့ ငှက်မကို အံ့ဩဖွယ်တွယ်တာခဲ့မိပြီဖြစ်သည်။

သူ့ရင်သွေးဖြစ်လာမည့် ဥငယ်လေးများအတွက်လည်း သူစိုးရိမ်ကြီးစိုးရိမ်လာသည်။ ငှက်မကမူ ပူပန်ပုံမရ။ သူကတော့ ပေါက်ကာစငှက်ငယ်လေးများကို ရေကူးသင်ဖို့ပင် တွေးတောနေမိသည်။ ကိုင်းတောစပ်ရေကန်တွင် တစ်ခါကမြင်ခဲ့ရဖူးသော မြင်ကွင်းကို ပြန်လည်မြင်ယောင်ရင်း အတွေးတို့ပျံ့လွင့်နေဆဲ ငှက်မ၏အသံစူးစူးက သူ့စိတ်ကူးတို့ကို လွင့်ပြယ်သွားစေခဲ့သည်။

'ဒီလိုပဲ ကျုပ်တို့ ကြည့်နေတော့မှာလား၊ ဟိုဘက်က ရေညှိလေး တစ်စထလေတောင် ကျုပ်အတွက် ယူမပေးတော့ဘူးလား။

သည်လိုနှင့်ပင် ရွှေရောင်ဥကလေးတစ်လုံး ပေါက်လာခဲ့သည်။

ငှက်မအဖို့ဝပ်ကျင်းထဲမှာ နာကျင်စွာ အကြာကြီးအော်နေဟစ်နေပြီးမှပေါက်ခဲ့ရသည့် ဥလေးတစ်လုံးဖြစ်သည်။

ငှက်မ ဥအုပြီဆိုသည်ကို ကြားသည်နှင့် လူတွေအပြေးအလွှားရောက်လာကြသည်။ ငန်းငှက်မက ထိုးဆိတ်လွှတ်နေသည့်ကြားမှပင် လူတွေက လုယက်ယူငင်နေကြသည်။ ရွှေရောင်ငန်းငှက် က

လည်း သူ့သွေးသားကို ယုငင်နေသည့် သူများကို ဝင်၍ထိုးဆိတ်သော်လည်းမရ။ ငန်းငှက်မ၏ ရွှေဥမှာလေးလံနေရမည့် အစားပေါ့ပါးလျက်။ ငန်းငှက်မကတောင်ပံဖြင့် ပုတ်လိုက်သဖြင့် ဥကိုင်ထားသောသူ၏လက်မှလျှောကျသွားသည်။ ဥမှာ အက်ကွဲသွားပြီး ဝါရော်ရော်အရည်များ စီးဆင်းသွား သည်ကိုမြင်လိုက်ရလျှင် ရွှေရောင်ငန်းငှက်က စူးစူးဝါးဝါးအော်ဟစ်လိုက်သည်။

'ဟင် . . . သောက်သုံးမကျတဲ့ ငှက် အလကားငှက်လာခဲ့'

ကွဲသွားသော ဥကိုစူးစမ်းကြည့်ရှုနေသော လူကသူ့ခြေနှစ်ချောင်းကို ဖမ်းဆွဲကာ နံရံမှာကိုင်ရိုက်လိုက်သည်။

ရွှေရောင်ငန်းငှက်ကား အော်ပင်မအော်နိုင်တော့ပဲ သေဆုံးခဲ့လေပြီ။ ငန်းငှက်မကတော့ စူးရှစွာအော်နေဆဲ။

သူ့တွင် ရွှေရောင်တောင်ပံတို့ရှိခဲ့ခြင်းကြောင့် လူတို့မျှော်လင့်ကြီးစွာအစာဖိုး၊ နေရာထိုင်ခင်းဖိုးကုန်ကျခံကာ မွေးမြူခဲ့သော်လည်း ရလာသော ဥမှာရွှေရောင်သာရှိသော်လည်း သာမန်ငန်းဥမျှသာ ဖြစ်ကြောင်း သိလိုက်ရသောကြောင့် နှမြောတသ စိတ်ပျက်စွာ တတ်ခေါက်လိုက်သော လူသားတို့၏ အသံကိုရွှေရောင် ငန်းငှက်မကြားနိုင်တော့ပြီ။

၁၉၉၆ ခုနှစ်

ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း